
yoe.com

SAMPLE BOOK

Mo Yan

# RED SORGHUM




红高粱家族

莫言

# ဆန်ပြောင်းနီမိသားစု

တော်ကောင်းမင်း



mgyoe.com SAMPLE BOOK

# Mo Yan

# RED SORGHUM



# 红高粱家族



## 莫言





K0314
mgyoe.com

mgyoe.com SAMPLE BOOK



## မော့ယန်

အမည်ရင်း ကွမ်မောယဲ့။ ၁၉၅၅ ခုနှစ်တွင် တရုတ်နိုင်ငံ၊ ဆန်းတုန်းပြည်နယ်၊ ကောင်းမိမြို့နယ်၌ မွေးဖွား။ ဆန်ပြောင်းနီ မိသားစု၊ သေပြည့်ကြီး၊ ရင်ထွား တင်ကား၊ စန္ဒကူးဒဏ်၊ နွမ်းလျသေရှင်၊ ဖား အစရှိသော ဝတ္ထုရှည် ၁၁ ပုဒ်၊ အလင်းဖောက် မုန်လာဥအနီ၊ တပ်မှူး၏မိန်းမ အစရှိသော ဝတ္ထုတို၊ ဝတ္ထုလတ် အပုဒ်တစ်ရာကျော် တို့အပြင် ပြဇာတ်၊ အက်ဆေး များစွာကိုလည်း ဖန်တီး ရေးဖွဲ့ခဲ့။ ထိုစာပေလက်ရာများထဲက အတော်များများ ကို အင်္ဂလိပ်၊ ပြင်သစ်၊ ဂျာမန်၊ အီတာလျံ၊ ဂျပန်၊ စပိန်၊ ရုရှား၊ ကိုရီးယား၊ ဒပ်ချ်၊ ဆွီဒင်၊ နော်ဝေး၊ ပိုလန်၊ ဟန်ဂေရီ၊ အယ်ဘေးနီးယား၊ ဘူဂေးရီးယား၊ ဟီဗရူး၊ အရဗီ၊ ဗီယက်နမ်နှင့် မြန်မာ အပါအဝင် ဘာသာပေါင်း များစွာသို့ ပြန်ဆိုပြီးဖြစ်။ Prix Laure-Bataillon (ပြင်သစ်)၊ International Nonino Prize (အီတလီ)၊ Fukuoka Grand Prize (ဂျပန်)၊ Dream of the Red Chamber Award: The World's Distinguished Novel in Chinese (ဟောင်ကောင်)၊ Newman Prize for Chinese Literature (အမေရိကန်) အစရှိသော ဆုများအပြင် ၂၀၁၁ ခုနှစ်တွင် တရုတ်ပြည်၏ အမြင့်ဆုံးစာပေဆုဖြစ်သော 'မော်တွန်းစာပေဆု' နှင့် ၂၀၁၂ ခုနှစ်တွင် ကမ္ဘာ့အဆင့် စာပေဆုကြီးတစ်ခုဖြစ်သော 'နိုဗဲစာပေဆု' တို့ကို ရရှိ။

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

**ပုံနှိပ်မှတ်တမ်း**

ထုတ်ဝေသူ - ဦးကျော်ဇင်၊ ကံ့ကော်ဝတ်ရည်စာပေ
၅၁၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ပထမအကြိမ် - ဖေဖော်ဝါရီလ၊ ၂၀၁၈ ခုနှစ်။ ကံ့ကော်ဝတ်ရည်။
အုပ်ရေ - ၁၀၀၀
မျက်နှာဖုံးပုံနှိပ် နှင့် - ဦးလင်းဇာနည်၊ သီရိဂုဏ်ဝေပုံနှိပ်တိုက်(၀၁၄၃၇)
အတွင်းပုံနှိပ် ၃၂၊ ၅၃ လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးပန်းချီ - ဘဌေးကြည်
တန်ဖိုး - ၇၈၀၀ ကျပ်

**Copyright © MO YAN, 1987**

mgyoe.com

mgyoe.com SAMPLE BOOK

# RED SORGHUM

## Mo Yan

紅高粱家族

莫言

# ဆန်ပြောင်းနီမိသားစု

**တော်ကောင်းမင်း**

မူရင်း တရုတ်ဘာသာမှ ပြန်ဆိုသည်

ကံ့ကော်ဝတ်ရည်စာပေ

အမှတ်-၂၂၊ မဟာဗန္ဓုလလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း- ၀၉ ၂၅၀၀၁၂၃၄၈ ၊ ၀၉- ၇၇၀၄၁၁၃၇၊ ၀၉ ၄၄ ၃၀ ၄၁၁၃၇

email: kantkawwutyee@gmail.com

http://kantkawwutyee.myanmaronlinesales.com

www.facebook.com/KantKawWutYeePublishing

တို့တွင် ဝင်ရောက်ကြည့်ရှု မှာယူနိုင်ပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

## ဘာသာပြန်သူ၏ အမှာ

**ဆန်ပြောင်းနီမိသားစု** ဝတ္ထုရှည်၏ လက်ရာရှင် စာရေးဆရာကြီး မော့ယန်ကို တရုတ်နိုင်ငံ၊ ဆန်းတုန်းပြည်နယ်၊ ကောင်းမိမြို့နယ်(ယခု ဆန်းတုန်းပြည်နယ်၊ ကောင်းမိမြို့)၌ ၁၉၅၅ ခုနှစ်တွင် ဖွားမြင်သည်။ အမည်ရင်းမှာ ကွမ်မောယဲ့ ဖြစ်သည်။ ကလောင်အမည် 'မော့ယန်'မှာ တရုတ်ဘာသာတွင် 'စကားမဆိုနှင့်'ဟု အဓိပ္ပာယ်ရသည်။

မော့ယန်သည် ၁၉၈၁ ခုနှစ်တွင် ဝတ္ထုတိုများဖြင့် စာပေလောကထဲသို့ စတင်ဝင်ရောက်လာခဲ့သည်။ ၁၉၈၄ ခုနှစ်တွင် 'အလင်းဖောက်မုန်လာဥအနီ'ဖြင့် နာမည်ကျော်လာခဲ့သည်။ ၁၉၈၆ ခုနှစ်တွင် ပြည်သူ့စာပေမဂ္ဂဇင်း၌ ဖော်ပြခြင်းခံရသော'ဆန်ပြောင်းနီ' ဝတ္ထုလတ်ကြောင့် တရုတ်စာပေလောကတစ်ခုလုံး သိမ့်သိမ့်တုန်သွားခဲ့သည်။ ဆန်ပြောင်းနီမှာလည်း မော့ယန်၏ ကိုယ်စားပြုလက်ရာတစ်ပုဒ် ဖြစ်လာခဲ့လေသည်။ ၁၉၈၇ ခုနှစ်တွင် 'ဆန်ပြောင်းနီ'နှင့် 'ဆန်ပြောင်းအရက်' ဝတ္ထုတိုနှစ်ပုဒ်ကို **ဆန်ပြောင်းနီ** အမည်ဖြင့် ထိုစဉ်က ဒါရိုက်တာ ဖြစ်ခါစ ကျန်းယိမိုးက ရုပ်ရှင်ရိုက်ခဲ့သည်။ ထိုဇာတ်ကားသည် ၃၈ ကြိမ်မြောက် ဘာလင်နိုင်ငံတကာရုပ်ရှင်ပွဲတော်တွင် ရွှေဝက်ဝံဆုနှင့် ၁၉၈၈ ခုနှစ်တွင် တရုတ်နိုင်ငံရုပ်ရှင်အစည်းအရုံးက ချီးမြှင့်သော ရွှေကြက်ဖဆုတို့ကို ရရှိခဲ့သည်။

မော့ယန်သည် တရုတ်ပြည်တွင်းစာပေဆုများသာမက နိုင်ငံတကာစာပေဆုများစွာကိုလည်း ရရှိခဲ့သည်။ ထိုအထဲက အထင်ရှားဆုံး ဆုနှစ်ခုမှာ ၂၀၁၁ ခုနှစ်တွင် **ဖား** ဝတ္ထုဖြင့် ရရှိသည့် တရုတ်ပြည်၏ အမြင့်ဆုံးစာပေဆုဖြစ်သော 'မော်တွန်းစာပေဆု' နှင့် ၂၀၁၂ ခုနှစ်တွင် ရရှိသည့် ကမ္ဘာ့အဆင့်စာပေဆုကြီးတစ်ခု ဖြစ်သော 'နိုဗဲစာပေဆု'တို့ ဖြစ်ပေသည်။

မော့ယန်သည် **ဆန်ပြောင်းနီမိသားစု**၊ **သေပြည်ကြီး**၊ **ရင်ထွားတင်ကား**၊ **စန္ဒကူးဒဏ်**၊ **ရှမ်းလျှသေရှင်**၊ **ဖား** အစရှိသော ဝတ္ထုရှည် ၁၁ ပုဒ်၊ **အလင်းဖောက်မုန်လာဥအနီ**၊ **တပ်မှူး၏မိန်းမ** အစရှိသော ဝတ္ထုတို၊ ဝတ္ထုလတ် အပုဒ် တစ်ရာကျော်တို့အပြင် ပြဇာတ်၊ အက်ဆေး များစွာကိုလည်း ဖန်တီးရေးဖွဲ့ခဲ့လေသည်။ သူ၏ လူသိများ ထင်ရှားသော ဝတ္ထုရှည်များထဲက **ဖား** နှင့် **ရှမ်းလျှသေရှင်** တို့ကို မြန်မာဘာသာသို့ ပြန်ဆိုပြီးပြီ

mgyoe.com

mgyoe.com SAMPLE BOOK

ဖြစ်ပါသည်။

**ဆန်ပြောင်းနီမိသားစု** မှာ မော့ယန်ဝတ္ထုများထဲက တတိယမြောက် မြန်မာပြန်ဆိုသည့် ဝတ္ထုရှည် ဖြစ်ပါသည်။ မြန်မာပြန်အနေဖြင့် တတိယမြောက် ဆိုသော်ငြားလည်း ၁၉၈၆ ခုနှစ်တွင် ထုတ်ဝေခဲ့သည့် ယင်းဝတ္ထုရှည်မှာ မော့ယန်၏ နစဉ်အခါက အစောပိုင်း လက်ရာမွန်တစ်ပုဒ် ဖြစ်ပါသည်။ 'နစဉ်အခါက လက်ရာ ဖြစ်သည့်အလျောက် အတတ်ပညာပိုင်းတွင် လစ်ဟာမှုများ ရှိမည် ဖြစ်သော်လည်း ဝတ္ထုထဲက သူရဲကောင်းသာမက လူမိုက်ပါ ဆန်သည့် အငွေ့အသက်များမှာမူ သွေးဆူလွယ်သည့် ပျို့ရွယ်စဉ်အခါ နှားပို့ သန်တုန်း မာန်အားကိုးဖြင့်သာ ရေးထွက်လာနိုင်ခဲ့ခြင်း ဖြစ်သည်'ဟု နောင်အခါတွင် မော့ယန်က ဆိုခဲ့ပေသည်။

**ဆန်ပြောင်းနီမိသားစု** မှာ 'ဆန်ပြောင်းနီ'၊ 'ဆန်ပြောင်းအရက်'၊ 'ခွေးလမ်း'၊ 'ဆန်ပြောင်းအသုဘ'၊ 'အသေဆန်း'ဟူသော အပိုင်းငါးပိုင်းဖြင့် ဖွဲ့စည်းတည်ဆောက်ထားသော ဝတ္ထုရှည် ဖြစ်ပါသည်။ အပိုင်းတစ်ပိုင်းစီကို ၁၉၈၆ ခုနှစ်အတွင်းတွင် မဂ္ဂဇင်းအသီးသီး၌ ဝတ္ထုလတ်များအနေဖြင့် သီးခြားရေးခဲ့ခြင်း ဖြစ်၏။ ၁၉၈၇ ခုနှစ်ကျမှ ထိုဝတ္ထုလတ် ငါးပုဒ်ကို ပေါင်းစည်း၍ **ဆန်ပြောင်းနီမိသားစု** ဟု အမည်ပေးကာ လုံးချင်းဝတ္ထုရှည်အဖြစ် လွတ်မြောက်ရေးတပ်မတော်စာပေတိုက်က ထုတ်ဝေခဲ့ခြင်း ဖြစ်ပေသည်။

**ဆန်ပြောင်းနီမိသားစု** မှာ မော့ယန်က တရုတ်စာပေလောကထဲသာမက ကမ္ဘာ့စာပေလောကထဲသို့ပါ တင်ဆက်လိုက်သည့် ဩဇာလွှမ်းမိုးမှုကြီးမားသော လက်ရာတစ်ပုဒ် ဖြစ်ပေသည်။ ဝတ္ထုမှာ ဇာတ်ကြောင်းပြောသူ 'ကျွန်တော်'က တစ်ဆင့် ဂျပန်ခုခံရေးစစ်ပွဲကာလအတွင်း 'ကျွန်တော်'၏ ဘိုးဘွားများက ကောင်းမိတုန်းပေတိုက်နယ်တွင် ရဲဝံ့စွန့်စား၊ ကြေကွဲလှိုက်လှဲဖွယ်ကောင်းစွာ ခြိမ့်ခြိမ့်သဲ ကပြအသုံးတော်ခံခဲ့ကြသည့် ဇာတ်လမ်းအကြောင်းကို ပြောပြထားပေသည်။ ဇာတ်ကြောင်းပြောသူ၏ ဘိုးဘိုး၊ ဘွားဘွား၊ အဖေ၊ အရီးလေး အစရှိသော ရေးလူကြီးသူမများသည် တစ်ဖက်မှာ ကျူးကျော်သူ ဂျပန်တို့ကို ခုခံတိုက်ခိုက်ရင်း တစ်ဖက်မှာလည်း နောင်လာနောက်သားမျိုးဆက်သစ်များ မယှဉ်သာလောက်သည့် ဂန္ထဝင်မြောက် အချစ်ပွဲများကို ဆင်နွှဲခဲ့ကြပေသည်။ စိတ်ကူးအတွေး နယ်ချဲ့နိုင်စရာများစွာတို့ ထုံမွမ်းနေသော ဤဝတ္ထုဖြင့် မော့ယန်က 'ကောင်းမိတုန်းပေတိုက်နယ်'ကို ကမ္ဘာ့စာပေထဲသို့ ဆောင်ကြဉ်းမိတ်ဆက်ပေးလာခဲ့ပေသည်။

မော့ယန်ဝတ္ထုများကို မြန်မာဘာသာသို့ စတင်ပြန်ဆိုစဉ်ကတည်းက **ဆန်ပြောင်းနီမိသားစု** ကို မြန်မာဘာသာသို့ ပြန်ဆိုရန် ဆန္ဒရှိသော်လည်း အကြောင်းကြောင်းကြောင့် မပြန်ဖြစ်သေးဘဲ ရှိနေခဲ့ရာ တစ်နေ့သ၌ ကုံကော်ဝတ်ရည် ထုတ်ဝေသူနှင့် စကားစမြည်

mgyoe.com

mgyoe.com SAMPLE BOOK

ပြောဖြစ်ရာက ထိုဝတ္ထုကို ဘာသာပြန်ဖို့ ဖြစ်လာခဲ့ပါသည်။ ယခုအခါ **ဆန်ပြောင်းနီ မိသားစု** ကို မူရင်းတရုတ်ဘာသာမှ မြန်မာဘာသာသို့ ပြန်ဆိုပြီးပါပြီ။ ဤစာအုပ်ကို ထုတ်ဝေပေးသော ကံ့ကော်ဝတ်ရည်ကို ကျေးဇူးတင်ပါသည်။

တော်ကောင်းမင်း
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ။

mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


| | |
|---|---|
| အခန်းတစ် | ဆန်ပြောင်းနီ |
| အခန်းနှစ် | ဆန်ပြောင်းအရက် |
| အခန်းသုံး | ခွေးလမ်း |
| အခန်းလေး | ဆန်ပြောင်းအသုဘ |
| အခန်းငါး | အသေဆန်း |


mgyoe.com

mgyoe.com SAMPLE BOOK

ဤစာအုပ်ဖြင့်
အနားသတ် မရှိသော၊ အနီရောင်တစ်ပြင်ဖြစ်သော
ကျွန်တော့်ဇာတိ ဆန်ပြောင်းတောထဲက
ရဲရင့်သော၊ မတရားခံခဲ့ရသော
ဝိညာဉ်များအား နှုတ်ဆက်လိုက်ပါ၏။
ကျွန်တော်သည် အသင်တို့၏ သားဆိုးမြေးမိုက် ဖြစ်ပါ၏။
ကျွန်တော့်နှလုံးသားကို ကျွန်တော်
ကြာညို့နှင့်စိမ်၊ နုပ်နုပ်စဉ်းပြီး
ပန်းကန်လုံး သုံးလုံးထဲ ထည့်၍
ဆန်ပြောင်းတောထဲ တည်ခင်းပူဇော်ပေးပါမည်။
သုံးဆောင်တော်မူကြပါကုန်။ သုံးဆောင်တော်မူကြပါကုန်။

mgyoe.com

mgyoe.com SAMPLE BOOK

ဆန်

အခန်းတစ် ပြောင်း

နို

mgyoe.com

mgyoe.com SAMPLE BOOK

# ၁

၁၉၃၉ ခုနှစ်၊ ရိုးရာပြက္ခဒိန် ရှစ်လ ၉ ရက်။ ဆယ့်လေးနှစ် ရှိတတ်ခါစ ကျွန်တော့်အဖေ မားပြသားလေးဟာ နောင်အခါမှာ နာမည်ကျော် ဂဠုဝင် သူရဲကောင်းကြီးဖြစ်လာမယ့် တပ်မှူးယွီကြဲ့အောင်ရဲ့တပ်ဖွဲ့နဲ့အတူ ကျောင်းဖိန်မော်တော်ကားလမ်းမှာ ရန်သူတွေကို ချုံခိုတိုက်ဖို့ လိုက်လာခဲ့တယ်။ ဘွားဘွားက ငွမ်းကပ်အင်္ကျီခြုံလျက် သူတို့ကို ရွာထိပ်အထိ လိုက်ပို့တယ်။ တပ်မှူးယွီက "ဒီအထိပဲ ပို့တော့" ပြောလို့ ဘွားဘွားက ရပ်လိုက်တယ်။ ဘွားဘွားက ကျွန်တော့်အဖေကို "တို့ကွမ်း၊ မင်းမွေးစားအဖေ ပြောစကား နားထောင်နော်"လို့ မှာတယ်။ အဖေက အသံမထွက်၊ ဘွားဘွားရဲ့ ဒေါင်ကောင်းကောင်း အရပ်အမောင်းကို ကြည့်ရင်း၊ ဘွားဘွားရဲ့ငွမ်းကပ် အင်္ကျီထဲက ထွက်လာတဲ့ ပူနွေးနွေးမွှေးရနံ့ကို ရှူရင်း ရုတ်တရက် စိမ့်ခနဲ ချမ်းသလို ဖြစ်လာလို့ ဆတ်ခနဲ တစ်ချက်တုန်သွားပြီး ဗိုက်ထဲက ဂလူ ဂလူ မြည်လာတယ်။ တပ်မှူးယွီက အဖေ့ခေါင်းကို တစ်ချက်ပုတ်ပြီး "သွားစို့ သားကြီး"လို့ ပြောလိုက်တယ်။

မိုးလားမြေလား မကွဲပြား၊ ပုံရိပ်တွေက မှုန်ဝါးဝါး။ တပ်ဖွဲ့ရဲ့ မညီမညာ ခြေသံတွေ ဟိုးအဝေး ရောက်သွားပြီ။ ရှေ့မှာ အုံ့ဆိုင်းနေတဲ့ ဖြူပြာပြာ မြူတွေ ကွယ်နေလို့ အဖေဟာ တပ်ဖွဲ့ရဲ့ ခြေသံကိုသာ ကြားရပြီး အရိပ်အယောင်ကိုတော့ မမြင်ရဘူး။ အဖေဟာ တပ်မှူးယွီရဲ့ အင်္ကျီစကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ရင်း ခပ်သုတ်သုတ် လိုက်လာခဲ့တယ်။ ဘွားဘွားဟာ ကမ်းစပ်ပမာ ဝေးသထက် ဝေးသွားပြီ။ မြူတွေဟာ ပင်လယ်ရေပမာ လှိုင်းထန်သထက် ထန်လာတယ်။ အဖေလည်း လှေနံကို ဆုပ်ကိုင်ထားသလို တပ်မှူးယွီကို ဆုပ်ကိုင်ထားမိတော့တယ်။

mgyoe.com

mgyoe.com SAMPLE BOOK

ဒီလိုနဲ့ အဖေဟာ ဇာတိမြေက ရဲရဲနီ ဆန်ပြောင်းတောထဲမှာ သူ့အတွက် စိုက်ထူဖြစ်လာမယ့် စာမဲ့ကျောက်ကမ္ပည်းတိုင်ဆီ ပြေးသွားခဲ့တယ်။ ခုတော့ သူ့မြေပုံထက်မှာ မြက်ခြောက်တွေ တလူလူ ဖြစ်နေပြီ။ တစ်ခါတုန်းက ဖင်ပြောင်ချာတိတ်တစ်ယောက် ဆိတ်ဖြူတစ်ကောင်ဆွဲပြီး ဒီနေရာကို ရောက်လာခဲ့ဖူးတယ်။ ဆိတ်ဟာ မြေပုံထက်က မြက်တွေကို မနေးမမြန် မှန်တမ်းလေး ကိုက်ဝါးနေတုန်း ချာတိတ်က သင်္ချိုင်းကမ္ပည်းကျောက်တိုင်ပေါ်မှာ မတ်တတ်ရပ်ပြီး ဒေါမာန်အပြည့်နဲ့ သေးပန်းပြီးတော့ ဟောဒီလို အကျယ်ကြီး အော်ဆိုခဲ့ဖူးတယ်။

'ဆန်ပြောင်းနီပြီ… ဂျပန်တွေ…လာပြီ… သွေးချင်းတို့ရေ အသင့်ပြင်… သေနတ်တွေ၊ အမြောက်တွေ ပစ်ကြဟေ့…'

အဲဒီ ဆိတ်ကျောင်းသားဟာ ကျွန်တော်ပဲလို့ တချို့က ပြောကြတယ်။ ဟုတ်၊ မဟုတ်တော့ ကျွန်တော်လည်း မသိ။ ကျွန်တော်ဟာ ကောင်းမိတုန်းပေတိုက်နယ်ကို အဆုံးစွန်ထိအောင် ချစ်ခဲ့ဖူးသလို အဆုံးစွန်ထိအောင်လည်း မုန်းခဲ့ဖူးတယ်။ အရွယ်ရောက်လို့ မာ့က်စ်လီနင်ဝါဒကို ကြိုးစားလေ့လာဖြစ်တဲ့အခါကျမှ ကောင်းမိတုန်းပေတိုက်နယ်ဟာ ကမ္ဘာပေါ်မှာ အလှဆုံးနဲ့ အကျည်းတန်ဆုံး၊ အမြင့်မြတ်ဆုံးနဲ့ အယုတ်နိမ့်ဆုံး၊ အသန့်စင်ဆုံးနဲ့ အညစ်ပတ်ဆုံး၊ သူရဲကောင်းအဆန်ဆုံးနဲ့ ခွေးမသားအဆန်ဆုံး၊ အရက်အသောက်နိုင်ဆုံးနဲ့ အချစ်နိုင်ဆုံး နေရာဆိုတာ ကျွန်တော် သဘောပေါက်လာခဲ့တယ်။ ဒီမြေပေါ်မှာ နေကြတဲ့ ကျွန်တော့်အမျိုးတွေဟာ ဆန်ပြောင်းကို ကြိုက်လို့ နှစ်တိုင်းအများကြီး စိုက်ကြတယ်။ ဆောင်းဦးချိန်ခါ ရှစ်လရာသီရောက်ရင် ဆန်ပြောင်းတွေ ကမ်းမမြင် လမ်းမမြင် သွေးပင်လယ်ကြီးပမာ နီရဲတွတ်လာပြီ။ ငွားစွင့်ကြွားဝင့်တဲ့ ဆန်ပြောင်း။ လွမ်းဆွေးကြည်နူးစဖွယ် ဆန်ပြောင်း။ ချစ်စိတ်ပြင်းထန်တဲ့ ဆန်ပြောင်း။ ဆောင်းလေအေးအေး၊ နေခြည်နွေးနွေး၊ ကောင်းကင်ပြာပြာထက်မှာ ဖြူလွလွတိမ်တိုက်တွေ မျောလွင့်။ ဆန်ပြောင်းတောထက်မှာ ဖြူလွလွ တိမ်တိုက်တွေရဲ့ နီညိုညိုအရိပ်တွေ ရှပ်ပြေး။ ဆန်ပြောင်းပင်တွေကြားထဲ နီညိုညို လူတွေ တစ်အုပ်ပြီးတစ်အုပ် ကွန်ရက်သဖွယ် လွန်းပြန်ပြေးနေခဲ့တဲ့ ဆယ်စုနှစ်ပေါင်း မြောက်မြားစွာဟာ တစ်ခဏပမာမျှသာ။ သူတို့တစ်တွေဟာ လူသတ်၊ ဓားပြတိုက်ခဲ့ကြတယ်။ တိုင်းပြည်အပေါ် သစ္စာစောင့်သိကာကွယ်ပေးခဲ့ကြတယ်။ ကြေကွဲဖွယ် ရဲရဲတောက် ကဇာတ်တွေ တစ်ခန်းပြီး တစ်ခန်းကပြခဲ့ကြတဲ့ သူတို့တစ်တွေနဲ့ ယှဉ်လိုက်တဲ့အခါ ရှင်သန်နေဆဲ သားဆိုးမြေးမိုက်ကျွန်တော်တို့ဟာ ခပ်ရှော်ရှော်တွေ ဖြစ်လာကြကုန်တယ်။ တိုးတက်လာတဲ့ တစ်ချိန်တည်းမှာ ဆုတ်ယုတ်တဲ့ ခံစားချက် တစ်မျိုး ကျွန်တော် နှစ်နှစ်ကာကာ ခံစားလာမိတယ်။

ရွာပြင်ထွက်လာပြီးတဲ့နောက် တပ်ဖွဲ့ဟာ မြေဝါလမ်းကျဉ်းတစ်လျှောက် ချီတက်လာခဲ့တယ်။ ခြေသံတွေကြားထဲမှာ လမ်းဘေးပေါင်းမြက်တွေရဲ့ တရှဲရှဲ မြည်သံတွေ ရောပြွမ်းနေတယ်။ အံ့ဖွယ်မြူထုတွေက သွက်သွက်လက်လက်နဲ့ အပြောင်းအလဲမြန်တယ်။

mgyoe.com

mgyoe.com SAMPLE BOOK

ကျွန်တော့်အဖေမျက်နှာပေါ်က ရေမှုန်ရေမွှားကလေးတွေဟာ ရေစက်ရေပေါက်ကြီး တစ်ခုအဖြစ် စုစည်းလာတယ်။ လက်တစ်ဆုပ်စာ ဦးစွန်းဖုတ်ဟာ ဦးရေထက်မှာ ကပ်နေတယ်။ လမ်းဘေးဝဲယာနှစ်ဖက်မှာရှိတဲ့ ဆန်ပြောင်းတောဆီက ပျံ့လွင့်လာတဲ့ ပရုတ်နံ့သင်းသင်းနဲ့ ဆန်ပြောင်းမှည့်ရဲ့ ဖန်ခါးချိုယဲ့တဲ့ ရသာရနံ့တို့ဟာ ကျွန်တော့် အဖေအဖို့တော့ ရင်းနှီးပြီးသားမို့ အသစ်အဆန်း မဟုတ်တော့။ ဒီတစ်ကြိမ် မြူတွင်း ချိတက်မှုအတွင်း ဆန်းသစ်တဲ့ ဝါနီစပ်ကြား ညှီအိမ့်အိမ့်အနံ့တစ်မျိုးကို ကျွန်တော့်အဖေ ရှူခဲ့ရတယ်။ အဲဒီ အနံ့က ပရုတ်နံ့နဲ့ ဆန်ပြောင်းနံ့ကြားထဲကနေ မသိမသာ ထိုးဖောက် လာပြီး ကျွန်တော့်အဖေနှလုံးသားရဲ့ နက်ရှိုင်းတဲ့ အတွင်းတစ်နေရာက အလွန်ဝေးလံတဲ့ မှတ်ဉာဏ်တစ်ခုကို နှိုးဆွပေးလိုက်တယ်။

ခုနှစ်ရက်အကြာ၊ ရှစ်လ ၁၅ ရက်၊ လမုန့်ပွဲတော်နေ့။ လပြည့်ဝန်းကြီး တဖြည်းဖြည်း ထွက်ပြူလာချိန်မှာ မြေပြင်တစ်ခွင် ဆန်ပြောင်းပင်တွေ ငြိမ်သက်စွာ မတ်ရပ်လျက်။ လရောင်ထဲမှာ စိမ်ထားတဲ့ ဆန်ပြောင်းနှံတွေဟာ ပြဒါးသုတ်ထားသလို ဖိတ်ဖိတ်တောက်။ ကျိုးတိုးကျဲတဲ လရိပ်အောက်မှာ ကျွန်တော့်အဖေဟာ အခုအခါ ထက် အဆပေါင်းများစွာ ပိုပြင်းတဲ့ ညှီအိမ့်အိမ့် အနံ့ကို ရှူမိတယ်။ အဲဒီတုန်းက တပ်မှူးယွီဟာ ဆန်ပြောင်းတောထဲ အဖေ့လက်ကို တွဲထားတယ်။ လက်မောင်း ခေါင်းအုံးပြီး မရှုမလှ ပုံနေတဲ့ ရွာသားသုံးရာကျော်ရဲ့ အလောင်းတွေကနေ စီးထွက်လာတဲ့ သွေးသံရဲရဲက ဆန်ပြောင်းတောကြီး တစ်ခုလုံးကို ရွှဲစိုသွားစေခဲ့လို့ ဆန်ပြောင်းတော အောက်က မြေသားနက်ပေါ်မှာ ဗွက်ထလာတာကြောင့် သူတို့ခြေလှမ်းတွေ နှေးကွေး လာခဲ့ရတယ်။ ညှီအိမ့်အိမ့် အနံ့ကြီးက မွန်းကျပ်ဖွယ်ကောင်းတယ်။ လူသား လာစား ကြတဲ့ ခွေးတစ်အုပ် ဆန်ပြောင်းတောထဲ ထိုင်လျက် အဖေနဲ့ တပ်မှူးယွီကို သင်းတို့ရဲ့ ဖိတ်ဖိတ်တောက်နေတဲ့ မျက်လုံးတွေနဲ့ စိုက်ကြည့်နေကြတယ်။ တပ်မှူးယွီက ပစ္စတို ဆွဲထုတ်ပြီး ဒိုင်းခနဲ တစ်ချက် ဖော့လိုက်တာ ခွေးမျက်လုံးတစ်စုံ ငြိမ်းသွားတယ်။ နောက်တစ်ချက် ထပ်ဖော့လိုက်တော့ မျက်လုံး နောက်တစ်စုံ ထပ်ငြိမ်းသွားပြန်တယ်။ ခွေးအုပ်လည်း တစ်ခါတည်း ကစဥ့်ကလျား ကွဲသွားပြီး ခပ်ဝေးဝေးမှာ ထိုင်လျက် တဝုတ်ဝုတ်ဟောင်ရင်း အလောင်းတွေကို အာသာငမ်းငမ်း လှမ်းကြည့်နေကြတယ်။ ညှီအိမ့်အိမ့်အနံ့က ပြင်းသထက် ပြင်းလာတယ်။ တပ်မှူးယွီက "ခွေးဂျပန်တွေ၊ ခွေးမသားဂျပန်တွေ"လို့ အကျယ်ကြီး အော်ပြီး ခွေးအုပ်ဆီကို ကျည်ဆန်အကုန် ပစ်ထည့်လိုက်တာ ခွေးတွေလည်း ကြက်ပျောက်ငှက်ပျောက် ပျောက်သွားကြတယ်။ တပ်မှူးယွီက ကျွန်တော့်အဖေကို "သွားစို့ သားကြီး" လို့ ပြောတယ်။ သားအဖ နှစ်ယောက် လရောင်ဘက် မျက်နှာမူကာ ဆန်ပြောင်းတောနက်ပိုင်းဆီ ဝင်သွားကြ တယ်။ ယာတောအပြည့် ခြုံလွှမ်းနေတဲ့ အဲဒီ ညှီအိမ့်အိမ့် အနံ့က ကျွန်တော့်အဖေရဲ့

mgyoe.com

mgyoe.com SAMPLE BOOK


ဝိညာဉ်ထဲ ထိုးဖောက်စိမ့်ဝင်သွားခဲ့တယ်။ အဲဒီနောက်ပိုင်း ပို၍ ပြင်းထန်တဲ့၊ ပို၍ ရက်စက်တဲ့ နှစ်ကာလတွေတစ်လျှောက်လုံး အဲဒီ ညှီအိမ့်အိမ့် အနံ့ကြီးက သူ့ကို အဖော် ပြုလာခဲ့တယ်။

ဆန်ပြောင်းရိုးတံရွက်တွေက မြူထဲမှာ တကျည်ကျည် အော်မြည်။ မြေနိမ့် လွင်ပြင်ကို ဖြတ်သန်းစီးဆင်းနေတဲ့ မင်ရည်မြစ်ရဲ့ ရေစီးသံ တဝေါဝေါဟာ မြူထဲမှာ တအိအိနဲ့ ပြင်းတစ်ခါ ပျော့တစ်လှည့်၊ ဝေးတစ်ခါ နီးတစ်လှည့်။ တပ်ဖွဲ့ကို မီလာပြီ။ အဖေ့ရှေ့မှာရော နောက်မှာပါ တဖျပ်ဖျပ် ခြေသံတွေ၊ ဟောဟဲ ဟောဟဲ အသက် ရှူသံတွေ။ ဘယ်သူ့သေနတ်ဒင်က တခြား ဘယ်သူ့သေနတ်ဒင်ကို ဆောင့်မိလို ဆောင့်မိ။ ဘယ်သူ့ ခြေထောက်က ဘယ်မသာရဲ့ အရိုးခေါင်းလား ဘာလားကို တက်နင်းမိလို တက်နင်းမိ။ အဖေ့ရှေ့ကလူ တဟွပ်ဟွပ် ချောင်းဆိုးတယ်။ အဲဒီလူရဲ့ချောင်းဆိုးသံကို အဖေ အတော်ကလေး ရင်းရင်းနှီးနှီး ရှိတယ်။ ချောင်းသံကို ကြားရတော့မှ ဒေါသထွက်ရင် ချက်ချင်း နီရဲတက်လာတတ်တဲ့ အဲဒီလူရဲ့ နားရွက်ကြီးကို အဖေ သတိရလာတယ်။ ပါးလျှာပြီး အလင်းဖောက်တဲ့၊ သွေးကြောမျှင်တွေ ပြည့်နှက်နေတဲ့ နားရွက်ကြီးဟာ ဝမ်ဝင်းအိရဲ့ မြင်သာထင်ရှားတဲ့ ကိုယ်အင်္ဂါပေပဲ။ သူ့ကိုယ်က ညှက်စိ၊ ခေါင်းကြီးက ပခုံးနှစ်ဖက်ကြားထဲ မပြုနိုင်ဘဲရှိနေတယ်။ အဖေ ကြိုးစားပြီး လှမ်းကြည့် လိုက်တယ်။ ချောင်းဆိုးရင်း လှုပ်တုတ်တုတ် ဖြစ်နေတဲ့ ဝမ်ဝင်းအိရဲ့ ခေါင်းကြီးကို မြူထူထူကြားထဲက ထွင်းဖောက်ပြီး မြင်လိုက်ရတယ်။ ဝမ်ဝင်းအိ လှေကျင့်ကွင်းမှာ အရိုက်ခံရတုန်းက အဲဒီ ခေါင်းကြီး သနားစဖွယ် လှုပ်တုတ်တုတ် ဖြစ်နေခဲ့တာကို အဖေ ပြန်သတိရလာတယ်။ အဲဒီတုန်းက သူ တပ်မှူးယွီရဲ့တပ်ထဲ ဝင်ခါစ၊ တပ်ရေးရင်က လှေကျင့်ကွင်းမှာ သူ အပါအဝင် တခြားလူတွေကို အမိန့်ပေးနေတယ်။ ညာလှည့်··· ဝမ်ဝင်းအိက ပျော့ပျော့ကြီး ဖနှောင့်ဆောင့်ပြီး ဘယ်ဘက် လှည့်သွားမှန်း မသိဘူး။ တပ်ရေးရင်က ဖင်ကို ကျာပွတ်စာ တစ်ချက်ကျွေးလိုက်တော့ သူက ပါးစပ်ကြီးဖြဲပြီး အမေကြီးရဲ့ ထအော်တယ်။ မျက်နှာ အမူအရာက ငိုနေတာလား၊ ရယ်နေတာလား မကွဲပြားဘူး။ တံတိုင်းအပြင်ဘက်ကနေ ဝိုင်းကြည့်နေကြတဲ့ ကလေးတွေ တဝါးဝါး ပွဲကျသွားတယ်။

တပ်မှူးယွီက ဝမ်ဝင်းအိရဲ့ ဖင်ကို လှမ်းကန်ထည့်လိုက်တယ်။

"ဘာချောင်းဆိုးတာလဲ"

"တပ်မှူး···"

ဝမ်ဝင်းအိက ချောင်းဆိုးချင်တာကို အောင့်ထားရင်း ပြောတယ်။

"လည်ချောင်းယား···"

"ယားလည်း မဆိုးနဲ့၊ ငါတို့ကို တွေ့သွားလို့ကတော့ မင်း ခေါင်းအပြတ်ပဲ"

"ဟုတ်ကဲ့ တပ်မှူး"

mgyoe.com

mgyoe.com
SAMPLE BOOK

ဝမ်ဝင်းအိက ပြန်ထူးပြီး ဟွပ်ခနဲ ဆိုးမိပြန်တယ်။

ဝမ်ဝင်းအိရဲ့ လည်ကုပ်ကနေ တပ်မှူးယွီရဲ့လက် ဖြေလွှတ်ပေးလိုက်တာ အဖေ သိလိုက်တယ်။ ဝမ်ဝင်းအိရဲ့ လည်ကုပ်မှာ စပျစ်သီးမှည့်နှစ်လုံးပမာ ညိုမည်းစွဲ ကျန်ရစ်ခဲ့တာကိုလည်း အဖေ သိလိုက်သေးတယ်။ ဝမ်ဝင်းအိရဲ့ ထိတ်လန့်တုန်လှုပ်နေတဲ့ နက်ပြာရောင် မျက်လုံးထဲကနေ ကျေးဇူးတင်ခြင်းနဲ့ မတရားခံရခြင်းတို့ရဲ့ အရိပ်အယောင်တချို့ ထုတ်လွှတ်လာတယ်။

မကြာပါဘူး၊ တပ်ဖွဲ့လည်း ဆန်ပြောင်းတောထဲ ရောက်လာပြီ။ တပ်ဖွဲ့ဟာ အရှေ့တောင်အရပ်ဆီကို ဦးတည်ချီတက်နေမှန်း အဖေ အလိုလို သိနေတယ်။ ခုနက ဖြတ်လာခဲ့တဲ့ မြေလမ်းဟာ ရွာနဲ့ မင်ရည်မြစ်စပ်ကို ဆက်သွယ်ပေးတဲ့ တစ်ခုတည်းသောလမ်းပဲ။ အဲဒီ မြေလမ်းကျဉ်းကလေးဟာ နေ့အလင်းရောင်အောက်မှာ ဖြူဖျော့နေတယ်။ မူလက မည်းမည်းတူးတူး မြေသားနက်နဲ့ပြီးတဲ့ အဲဒီလမ်းဟာ နှစ်ပေါင်းများစွာ နင်းလျှောက်ခံထားရလို့ အနက်ရောင်ဟာ အောက်ခြေဆီကို အနည်ထိုင်ကျသွားပြီ။ လမ်းပေါ်မှာ နွားတွေ ဆိတ်တွေရဲ့ ခြေရာတွေ၊ မြင်း၊ လား၊ မြည်းတွေရဲ့ ခွာရာတွေ မနည်းခတ်နှိပ်ထားပြီးပြီ။ မြင်းချေး၊ လားချေး၊ မြည်းချေးတွေဆိုတာ အမှည့်လွန်လို့ ခြောက်နေတဲ့ ပန်းသီးတွေအတိုင်းပဲ။ နွားချေးဟာ ပိုးထိုးထားတဲ့ မုန့်ပြားနဲ့ တူတယ်။ ဆိတ်ချေးဟာ ပြန့်ကျဲကျနေတဲ့ ပဲနက်တွေနဲ့ တူတယ်။ ဒီလမ်းကို အဖေ လျှောက်နေကျ။ နောက်ပိုင်း ဂျပန်မီးသွေးဖိုထဲ အောင်းနေခဲ့ရတဲ့ ကာလအတွင်း သူ့မျက်စိထဲ အဲဒီလမ်းကို မကြာခဏ မြင်ယောင်မိခဲ့တယ်။ အဲဒီ မြေလမ်းပေါ်မှာ ကျွန်တော့်ဘွားဘွားတစ်ယောက် အချစ်အလွမ်းဇာတ်တွေ ဘယ်လောက်တောင် ကခဲ့ဖူးတဲ့အကြောင်း အဖေ မသိခဲ့ပေမဲ့ ကျွန်တော်သိတယ်။ ဆန်ပြောင်းရိပ်တွေ အုံ့ဆိုင်းနေတဲ့ အဲဒီမြေသားနက်ပေါ်မှာ ကျောက်စိမ်းပမာ အပြစ်ကင်းဖြူစင်တဲ့ ဘွားဘွားရဲ့ ခန္ဓာကိုယ် လဲ့စက်ခဲ့ဖူးတာကိုလည်း အဖေ မသိခဲ့ပေမဲ့ ကျွန်တော် သိတယ်။

ဆန်ပြောင်းတောထဲ ချိုးဝင်လာပြီးတဲ့နောက် မြူတွေ ပိုထူ ပိုဆိုင်းလာတယ်။ လူ့ခန္ဓာကိုယ်နဲ့ လူ့ခန္ဓာကိုယ်ပေါ်က ပစ္စည်းတွေ၊ ဆန်ပြောင်းရိုးတံတွေနဲ့ ပွတ်တိုက်မိလို့ ဆန်ပြောင်းတွေဆီက တရှပ်ရှပ် ညည်းညူသံတွေ ထွက်လာတယ်။ ရေစက် ရေပေါက်ကြီးတွေ အပေါက်လိုက် အပေါက်လိုက် ကြွေကျလာတယ်။ ရေစက် ရေပေါက်တွေက အေးမြတယ်၊ ရှင်းသန့်တယ်။ ကျွန်တော့်အဖေ ခေါင်းမော့လိုက်ချိန်မှာ ရေစက်ကြီးတစ်ပေါက် သူ့ပါးစပ်ထဲ တည့်တည့်ကျလာတယ်။ ညင်းတွဲ့တွဲ့ မြူနှင်းထဲမှာ တလှုပ်လှုပ် ဖြစ်နေတဲ့ ဆန်ပြောင်းတွေရဲ့ လေးတွဲ့တွဲ့ ဦးခေါင်းတွေကို အဖေ မြင်ခဲ့ရတယ်။ နှင်းရည်စိုလူးထားတဲ့ ဆန်ပြောင်းရွက်ပျော့တွေက အဖေ့အင်္ကျီနဲ့ မျက်နှာကို ပွတ်တိုက် နေတယ်။ ဆန်ပြောင်းတွေ လှုပ်ခတ်လို့ ဝှေ့လာတဲ့ လေပြည်ကလေးက အဖေ့ငယ်ထိပ်ကို တိုက်ခတ်နေတယ်။ မင်ရည်မြစ်ထဲက ရေစီးသံဟာလည်း ကျယ်သထက် ကျယ်လာတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

မင်ရည်မြစ်ထဲ အဖေ ရေကူးဖူးတယ်။ အဖေဟာ မွေးကတည်းက ရေကူးတတ်လာခဲ့သလိုပဲ။ ရေကို တွေ့လို့ရှိရင် သူ့မအေကို တွေ့ရတာထက် ပိုကဲတယ်လို့ ဘွားဘွားက ပြောဖူးတယ်။ အဖေ ငါးနှစ်သားအရွယ်တုန်းက ဘဲကလေးတစ်ကောင်လိုပဲ ပန်းနုရောင် ဖင်ပြောင်ပြောင်ကို မိုးပေါ်ထောင်ကာ ခြေစုံမြှောက်ပြီး ရေငုပ်ခဲ့တယ်။ မင်ရည်မြစ်ကြမ်းပြင်က နုန်းတွေဟာ နက်ပြောင်ပြီး ဆီခဲပမာ နူးညံ့တာကို အဖေ သိတယ်။ မြစ်စပ်က စွတ်စိုတဲ့ သောင်ပြင်ထက်မှာ စိမ်းဖျော့ဖျော့ ကျူပင်တွေ၊ ငန်းစိမ်းရောင် ဆေးကျော်ကြီးတွေ၊ နောက်ပြီး မြေကြီးပေါ် ကပ်ပေါက်တဲ့ နွယ်ပင်တွေ၊ ထောင်ထောင်မတ်မတ် အရိုးဆက်မြက်တွေ ပေါက်ရောက်နေကြတယ်။ သောင်ပေါ်က နုန်းမြေပေါ်မှာလည်း ကဏန်းခြေရာတွေအပြည့်။ ဆောင်းဦးလေပြည်ဆော်လို့ ချမ်းအေးလာတော့ တောင်ဘက်ဆီကို တောငန်းတွေ တစ်အုပ်ပြီးတစ်အုပ် ပျံသန်းသွားကြတယ်။ တောငန်းအုပ်ဟာ တော်ကြာနေရင်း တစ်တန်းတည်း ယှဉ်ကာပျံလိုက်၊ တော်ကြာနေရင်း ထောင့်ချွန်ပုံ ချွန်းကာပျံလိုက်။ ဆန်ပြောင်းနှံပြီ၊ အနောက်လေ မြူးပြီ၊ မြင်းခွာအရွယ် ကဏန်းကောင်တွေ ခြေထောက်ယားလို့ အုပ်သင်းဖွဲ့ကာ ချုံပုတ်ကြားထဲ အစာရှာထွက်လာကြပြီ။ ကဏန်းတွေက နွားချေး လတ်လတ်ဆတ်ဆတ်တို့၊ တိရစ္ဆာန် အသေကောင် အပုပ်အဆွေးတို့ကို ကြိုက်တယ်။ မြစ်ရေစီးသံကို နားထောင်ရင်း အဖေဟာ ဟိုတစ်ချိန် ဆောင်းဦးညမှာ အိမ်က လုပ်သားကြီး အဘလျူလောဟန်နဲ့အတူ မြစ်စပ်မှာ ကဏန်း သွားဖမ်းခဲ့တဲ့အဖြစ်ကို ပြန်စဉ်းစားနေမိတယ်။ ညက စပျစ်ရောင်၊ မြစ်ကြောင်းထက်က ရွှေရောင်လေညင်း၊ နီလာရောင် ကောင်းကင်ကြီးက အဆုံးမရှိ၊ အစိမ်းရောင် ကြယ်တာရာတွေက အထူးတောက်ပ။ မြောက်အရပ်က ယောက်ချိုတာရာ ခုနစ်စဉ်ကြယ်… သူက မရဏကို အစိုးရတယ်၊ တောင်အရပ်က ဆန်ကောတာရာ ကြယ်ခြောက်စင်း… သူက ဘဝကို အစိုးရတယ်၊ အဋ္ဌဂံတာရာဖန်ရေတွင်း… အုတ်ခဲတစ်တုံး လျှော့နေတယ်၊ ပူဆွေးနေတဲ့ နွားကျောင်းသားက ဆွဲကြိုးချတော့မယ်၊ ကြေကွဲတဲ့ ရက်ကန်းမယ်က မြစ်ထဲ ခုန်ချတော့မယ်…ကောင်းကင်ယံမှာ ကြယ်တာရာတွေ စုံနေပြီ။ အဘ လျူလောဟန်ဟာ အိမ်မှာ အလုပ်လုပ်လာခဲ့တာ ဆယ်စုနှစ်ပေါင်းများစွာ ရှိပြီ။ အိမ်က အရက်ဖိုလုပ်ငန်းကို ကူညီပြီး ဦးစီးလုပ်ကိုင်ပေးနေတာ။ အဖေ့အနေနဲ့ အဘလောဟန်နောက် တကောက်ကောက် လိုက်နေရတာဟာ ကိုယ့်အဘိုးနောက် တကောက်ကောက် လိုက်နေရသလိုပါပဲ။

မြူနှင်းကြောင့် စိတ်ရှုပ်နေတဲ့ အဖေ့ရင်ခွင်ထဲမှာ မှန်အိမ်တစ်လုံး ထွန်းလင်းလာတယ်။ မီးခိုးငွေ့တွေက မှန်အိမ်ပေါ်မှာ ဖုံးထားတဲ့ အပေါက်ကလေးတွေ ပါတဲ့ သံဖုံးကနေ တိုးထွက်လာနေတယ်။ မှန်အိမ်အလင်းက မှိန်ဖျော့ဖျော့။ ငါးမီတာ၊ ခြောက်မီတာပတ်လည်က အမှောင်ထုကိုသာ အလင်းပေးနိုင်စွမ်းတယ်။ မှန်အိမ်အရိပ်ထဲ စီးဝင်လာတဲ့ မြစ်ရေဟာ ဝါထိန်နေလိုက်သမှ မှည့်ဝင်းနေတဲ့ တရုတ်ဆီးသီးတွေပမာ

mgyoe.com

mgyoe.com
SAMPLE BOOK

ချစ်စရာ ကောင်းလှတယ်။ ဒါပေမဲ့ ချစ်စရာ ကောင်းတာတွေဟာ ခဏတာမျှသာ။ မှောင်ရိပ်ထဲက မြစ်ရေထဲမှာ ကောင်းကင်တစ်ခုလုံးက ကြယ်တာရာတွေ အရိပ်ထင်နေတယ်။ အဖေနဲ့ အာလောဟန်ဟာ မြက်မိုးကာ ခြံလျက် မှန်အိမ်နံဘေးမှာ ထိုင်ရင်း မြစ်ရေရဲ့ ခပ်တိုးတိုး ညည်းတွားသံကို နားစွင့်နေကြတယ်… အင်မတန် တိုးညင်းတဲ့ ညည်းတွားသံ။ မြစ်ကမ်းနှစ်ဖက်ပေါ်က အဆုံးမရှိသော ဆန်ပြောင်းတောထဲကလည်း အဖော်ရှာနေတဲ့ ဝံပုလွေတွေရဲ့ တက်ကြွတဲ့ ဟောင်သံတွေ မကြာ မကြာ ထွက်လာသေးတယ်။ အလင်းကြိုက်တဲ့ ကဏန်းတွေဟာ မီးရောင်ထဲကို စုရုံးလာနေကြတယ်။ အဖေနဲ့ အာလောဟန်က ငြိမ်ငြိမ်ကလေး ထိုင်နေလျက် ကောင်းကင်အောက်က တီးတိုးပြောသံတွေကို နားဆင်နေကြတယ်။ မြစ်အောက် ကြမ်းပြင်က နုန်းညှိနံ့တွေ တလိပ်လိပ် တက်လာနေတယ်။ ကဏန်းတွေ အုပ်လိုက် သင်းလိုက် ဝိုင်းတက်လာကြလို့ ဆူဆူပူပူ အဝန်းအဝိုင်းတစ်ခု ဖြစ်လာပြီ။ အဖေ ရင်ခုန်ပြီး တကဲကဲ ဖြစ်လာလို့ အာလောဟန်ကတောင် သူ့ပခုံးကို လှမ်းဖိထားလိုက်ရသေးတယ်။ "မလောနဲ့"၊ အာပြောတယ်၊ "စိတ်လောရင် ဆန်ပြုတ်ပူပူနွေးနွေး မစားရဘဲ ဖြစ်တတ်တယ်"၊ အဖေလည်း တက်ကြွလှုပ်ရှားနေတဲ့စိတ်ကို ချုပ်တည်းကာ ငြိမ်နေလိုက်တယ်။ မီးရောင်အောက်ကို ရောက်တော့ ကဏန်းတွေ ဆက်မသွားတော့ဘူး။ တစ်ကောင်နဲ့ တစ်ကောင် ဖင်ချင်း ခေါင်းချင်း ထပ်နေကြလို့ မြေကြီးတစ်ပြင်လုံးကို ဖုံးအုပ်သွားတယ်။ ကဏန်းခွံ စိမ်းစိမ်းတစ်ပြင် တလက်လက် ဖြစ်လာပြီ။ တင်းပုတ်ပုံစံ မျက်လုံးတွေလည်း တပြူးပြူး ဖြစ်လာပြီ။ ခပ်စောင်းစောင်း မျက်နှာအောက်က ပါးစပ်ထဲကနေ ရောင်စုံပူစည်ဖောင်းတွေ တသီတတန်းလိုက်ကြီး မှုတ်ထုတ်နေတယ်။ ကဏန်းတွေက ရောင်စုံပူစည်ဖောင်းတွေ မှုတ်ပြီး လူတွေကို စိန်ခေါ်နေတယ်။ အဖေ့ကိုယ်ပေါ်ခြုံထားတဲ့ မိုးကာအင်္ကျီက မြက်တွေ ထိုးထိုးထောင်လာပြီ။ အာလောဟန်က "ဖမ်း" လို့ ပြောလိုက်တာနဲ့ အဖေက အာလောဟန်နဲ့ အပြိုင် ချက်ချင်း ခုန်ထလာပြီး မြေကြီးပေါ်မှာ အစောကြီးကတည်းက ဖြန့်ခင်းထားတဲ့ ကွက်စိပ်ပိုက်ကွန်ရဲ့ ထောင့်လေးထောင့်ကို တစ်ယောက် နှစ်ဖက်စီ ဖမ်းဆွဲပြီး ကဏန်းတွေကို သိမ်းကျုံးဖမ်းလိုက်တယ်။ ဒီနည်းအတိုင်းပဲ တခြားပိုက်တွေကို လိုက်သိမ်းလိုက်ကြတယ်။ ပိုက်ကွန်တွေဆိုတာ လေးလွန်းလို့ အထဲမှာ ကဏန်းအကောင် ဘယ်နှရာ ဘယ်နှထောင်လောက် ပါလာလေမလဲတောင် မပြောတတ်ဘူး။

တပ်ဖွဲ့နဲ့အတူ ဆန်ပြောင်းတောထဲ ဝင်လာခဲ့ပြီးတဲ့နောက်မှာ အဖေဟာ ကဏန်းကို စိတ်ထဲစွဲပြီး ကဏန်းလျှောက် လျှောက်လာခဲ့လို့ ဆန်ပြောင်းပင်တွေ တောင်ယိမ်း မြောက်ယိုင် ဖြစ်ကုန်တယ်။ သူ့လက်က တပ်မှူးယွီရဲ့အင်္ကျီစကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားဆဲ။ သူ့ဘာသာလျှောက်တာက တစ်ဝက်၊ တပ်မှူးယွီ ဆွဲခေါ်ရာနောက် လိုက်ခဲ့တာက တစ်ဝက်။ သူ နည်းနည်းတောင် အိပ်ငိုက်ချင်လာ

mgyoe.com

mgyoe.com SAMPLE BOOK

တယ်။ လည်ပင်းတောင့်ပြီး မျက်လုံးက စပ်ဖျဉ်းဖျဉ်း ဖြစ်နေတယ်။ အဘလောဟာန်နဲ့ မင်ရည်မြစ်ဘက် လိုက်သွားတိုင်း လက်ဗလာချည်း ပြန်လာရရိုး ထုံးစံ မရှိတာကို အဖေ သတိရမိတယ်။ ကဏန်းတွေ စားရလွန်းလို့ အဖေ အီလာပြီ။ ဘွားဘွားလည်း အီလာပြီ။ စားရတာ ခံတွင်းမတွေ့တော့ပေမဲ့ လွှင့်ပစ်ရဖို့ကျပြန်တော့ နှမြောစရာ။ အဲဒါနဲ့ အဘလောဟာန်က ကဏန်းကို ဓားမနဲ့ နုပ်နုပ်စဉ်းပြီး ပဲကြိတ်ဆုံထဲ ထည့်ကြိတ်၊ ဆားခတ်၊ အိုးထဲထည့်ပြီး ကဏန်းဆီ လုပ်စားတယ်။ တစ်နှစ်ပတ်လုံး စားတာ။ စားလို့မကုန်တော့ ပုပ်သွားတယ်။ ပုပ်သွားတော့ ဘိန်းပင်ကို ကျွေးလိုက်တာပေါ့။ ဘွားဘွား ဘိန်းရှု တတ်တယ်လို့ ကျွန်တော် ကြားဖူးတယ်။ ဒါပေမဲ့ စွဲတော့ မစွဲဘူး။ ဒါကြောင့်မို့လည်း မက်မွန်ပန်းပမာ လန်းဆန်းကြည်လင်တဲ့ မျက်နှာကလေးကို တစ်လျှောက်လုံး ထိန်းသိမ်းလာနိုင်ခဲ့တာပေါ့။ ကဏန်းဆီစားပြီး ပွင့်လာတဲ့ ဘိန်းပန်းတွေဆိုတာ ဖူးအိပြည့်ဖြိုး။ ပန်းနု၊ အနီ၊ အဖြူ သုံးရောင်စပ်။ မွေးလိုက်တာလည်း ထုံလို့။ ဇာတိမြေက မြေသားနက်ဟာ နဂိုကတည်းကိုက မြေဆီသြဇာ ကြွယ်ဝလွန်းသမို့ သီးနှံတွေ ဖွံ့ထွားသလို လူတွေရဲ့ မျိုးရိုးကလည်း အင်မတန်မှ သန့်လှတယ်။ လူတွေစိတ်ဓာတ်ကြံ့ခိုင်ဖွံ့ဖြိုးတာဟာ ကျွန်တော့်ဇာတိမြေရဲ့ ပင်ကိုဗီဇ။ မင်ရည်မြစ်ထဲက ငါးရှဉ့်ဖြူတွေဆိုတာ တုတ်လိုက်သမှ တင်းပုတ်တွေအတိုင်းပဲ။ ခေါင်းရင်းက အမြီးဖျားအထိ အရိုးတစ်ချောင်းတည်း။ ဒီကောင်တွေက ငနုံ ငအတွေ။ ငါးမျှားချိတ်မြင်တာနဲ့ ဟပ်တော့တာပဲ။ အဘလောဟာန် မနှစ်က သေသွားတဲ့ အကြောင်းကို အဖေ တွေးနေမိတယ်။ ကျောင်းဖိန့်မော်တော်ကားလမ်းပေါ်မှာ သေခဲ့တာ။ သူ့အလောင်းကို တစ်စစီ နွှာပြီး တောင်ပစ်မြောက်ပစ် လျှောက်ပစ်ခဲ့ကြတာ။ အလောင်းကိုယ်က အရေခွံ အနွှာခံရပြီး ကြွက်သားတွေ စွေ့စွေ့ခုန် အကြောဆွဲနေပုံဟာ အရေခွံ နွှာထားတဲ့ ဖားကြီးတစ်ကောင်အတိုင်းပဲ။ အဘလောဟာန်ရဲ့ အလောင်းကို ပြန်မြင်ယောင်မိတော့ အဖေ့ကျောရိုးတစ်လျှောက် စိမ့်ခနဲ ဖြစ်လာတယ်။ လွန်ခဲ့သော ခုနစ်နှစ်၊ ရှစ်နှစ်ရဲ့ တစ်ညသဉ္ဈက ဖြစ်ရပ်ကို အဖေ သတိရလာပြန်တယ်။ အဲဒီတုန်းက ကျွန်တော့်ဘွားဘွား အရက်မူးနေတယ်။ အိမ်က အရက်ဖိုရှိရာ ဝင်းထဲမှာ ဆန်ပြောင်းရွက်ပုံ တစ်ပုံ ရှိတယ်။ အဲဒီ သစ်ရွက်ပုံပေါ်မှာ ဘွားဘွားက ကျောမှီလျက် အဘလောဟာန်ရဲ့ ပခုံးကို ဖက်ထားရင်း ခရာတာတာ ပြောနေတယ်၊ "ဦးကြီးရယ်… မသွားပါနဲ့နော်၊ သံဃာမျက်နှာ မထောက်ထားလည်း ဘုရားမျက်နှာတော့ ထောက်ထားပါ၊ ငါးမျက်နှာ မထောက်ထားလည်း ရေမျက်နှာတော့ ထောက်ထားပါ၊ ကျုပ်မျက်နှာ မထောက်ထားလည်း တို့ကွမ်းလေးမျက်နှာတော့ ထောက်ထားပါ၊ မသွားပါနဲ့နော်၊ တော် လိုချင်လည်း… ကျုပ် ပေးပါတယ်… တော့်ကို ကျုပ်က ဖအေရင်းတစ်ယောက်လို သဘောထားတာပါ"၊ အဲဒီတုန်းက အဘလောဟာန်က ဘွားဘွားကို တွန်းဖယ်ပစ်ပြီး လားတင်းကုပ်ထဲ ဒယီမ်း ဒယိုင် ဝင်သွားပြီးတော့ လားစာ သွားနယ်ခဲ့တာ အဖေ မှတ်မိသေးတယ်။ ကျွန်တော်တို့ အိမ်မှာ လားနက်ကြီးနှစ်ကောင် မွေးထားတယ်၊ ဆန်ပြောင်းအရက်ချက်တဲ့ အရက်ဖိုလည်း

mgyoe.com

mgyobe.com
SAMPLE BOOK


တည်ထားတယ်၊ ရွာထဲမှာတော့ နံပါတ်တစ် အချမ်းသာဆုံးပေါ့။ အဘလောဟာနိလည်း အိမ်က ထွက်မသွားခဲ့ပါဘူး။ အိမ်က လုပ်ငန်းကို ဦးစီးလုပ်ကိုင်ပေးလာခဲ့တာ လားနက်ကြီး နှစ်ကောင်ကို ကျောင်းဖိန်မော်တော်ကားလမ်း ဖောက်တဲ့ဆီ ဂျပန်တွေ အတင်းအဓမ္မ ဆွဲသွားတဲ့အချိန်အထိပါပဲ။

အဲဒီအချိန်မှာ အဖေတို့နောက်မှာ ကျန်ရစ်ခဲ့တဲ့ ရွာထဲကနေ မြည်းဟီသံရှည်ကြီး တစ်သံ ပျံ့လွင့်လာတယ်။ အဖေလည်း သတိပြန်ဝင်လာပြီး မျက်လုံးဖွင့်ကြည့်လိုက်တာ တစ်ဝက်ဆိုင်း တစ်ပိုင်းပွင့်နေတဲ့ မြူငွေ့တွေကိုသာ တွေ့ခဲ့ရတယ်။ ဆန်ပြောင်းတွေရဲ့ ထောင်မတ်တဲ့ ရိုးတံတွေဟာ စည်းရိုးတစ်ခုပမာ ပူးကပ်လျက် မြူငွေ့တွေရဲ့နောက်မှာ မှုန်ဝါးဝါး ပုန်းကွယ်နေကြတာ၊ တစ်တန်းပြီးတစ်တန်းနဲ့ မဆုံးနိုင်အောင် ရှိနေကြတယ်။ ဆန်ပြောင်းတောထဲ ဝင်လာခဲ့တာ ဘယ်လောက် ကြာသွားပြီမှန်း အဖေ မသိတော့ဘူး။ သူ့အတွေးတွေဟာ ဟိုးအဝေးက တဝေါဝေါ စီးဆင်းနေတဲ့ မြစ်ကြောင်းဆီမှာ ရှည်ကြာစွာ ကျန်နေရစ်ခဲ့ပြီ၊ အတိတ်ကြောင်းဆီမှာ ရှည်ကြာစွာ ကျန်နေရစ်ခဲ့ပြီမို့ ဟောဒီ အိမ်မက်ပမာ၊ ပင်လယ်ပမာ ဆန်ပြောင်းတောထဲ ဘာအတွက်ကြောင့် ဒီလို ရေးကြီးသုတ်ပျာ လျှောက်တိုး နေရတယ်ဆိုတာကို မသိတော့ဘဲ ဖြစ်လာခဲ့တယ်။ အဖေတစ်ယောက် အရှေ့အနောက် တောင်မြောက် ဘယ်မှာဆိုတာ မသိတော့ဘူး။ တမြန်နှစ်တုန်းကလည်း သူ ဆန်ပြောင်း တောထဲ လမ်းပျောက်ခဲ့ဖူးသေးပေမယ့် နောက်ဆုံးမှာ ပြန်ထွက်လာနိုင်ခဲ့ပါတယ်။ မြစ်ရေ စီးသံက သူ့ကို အရပ်မျက်နှာ ညွှန်ပြခဲ့တာလေ။ ခုတော့ အဖေဟာ မြစ်ရေစီးသံရဲ့ လမ်းပြမှုကို တစ်ဖန် ပြန်၍ နားကြားလာနိုင်ခဲ့ပြီမို့ တပ်ဖွဲ့ဟာ အရှေ့ဘက်စူးစူးဆီကို တောင်ဘက် ယိမ်းလျက် ချီတက်နေတယ်ဆိုတာ သူ ချက်ချင်း သိလာနိုင်ခဲ့တယ်။ မြစ်ရှိရာ အရပ်ဆီကို ဦးတည်ချီတက်နေကြတာလေ။ အရပ်မျက်နှာ ပြန်သိလာပြီမို့ အဖေလည်း ဒါဟာ ချုံခိုတိုက်ပွဲတိုက်ဖို့၊ ဂျပန်တွေကိုချဖို့ ချီတက်နေတယ်ဆိုတာ ပြန်သိလာခဲ့တယ်။ လူသတ်ရမယ်၊ ခွေးသတ်သလို သတ်ရမှာ။ တပ်ဖွဲ့ဟာ အရှေ့ တောင်ဘက်ကို တောက်လျှောက်ချီတက်လာနေမှန်း သူ သိတယ်။ မကြာခင်မှာ အဲဟို တောင်မြောက် တန်းနေတဲ့၊ မြေနိမ့်ချိုင့်ဝှမ်းကြီးကို ထက်ခြမ်းပိုင်းထားတဲ့၊ ကျောင်းမြို့နဲ့ ဖိန်တုမြို့ နှစ်မြို့ကို ဆက်သွယ်ပေးထားတဲ့ ကျောင်းဖိန်မော်တော်ကားလမ်းပေါ်ကို ရောက်သွားတော့မယ်။ အဲဒီမော်တော်ကားလမ်းဟာ ဂျပန်တွေနဲ့ သင်းတို့ရဲ့ နောက်လိုက် ခွေးတွေက ပြည်သူတွေကို ကျာပွတ်အားကိုး၊ လှံစွပ်အားကိုးနဲ့ အတင်းအဓမ္မ ခိုင်းစေပြီး ဖောက်လုပ်ထားတာ။

ဆန်ပြောင်းတွေဟာ လူတွေရဲ့ ပင်ပန်းနွမ်းလျမှုကြောင့် ပိုလို့ လှုပ်လှုပ်ရှားရှား ဖြစ်လာပြီး တင်နေတဲ့ နှင်းရည်စက်တွေ တဖြောက်ဖြောက် ကျလာလို့ လူတွေရဲ့ ဦးခေါင်းတွေ၊ လည်ကုပ်တွေ စိုရွှဲသွားတော့တယ်။ ဝမ်ဝင်းအိက ချောင်းဆိုးမရပ်သေး။ တပ်မှူးယွီရဲ့ ဆဲဆိုငေါက်ငမ်းတာကို ခံရလည်း မရပ်နိုင်ဘဲ ဖြစ်နေရှာတယ်။ ကားလမ်း

mgyobe.com

mgyoe.com SAMPLE BOOK

ပေါ် ရောက်တော့မယ်ဆိုတာ အဖေ သိနေတယ်။ လမ်းရဲ့ အရိပ်ဟာ သူ့မျက်စိရှေ့မှာ ဝါးတားတား လှုပ်ရှားလာနေပြီ။ တစ်သားတည်းဆက်နေတဲ့ မြူနှင်း ပင်လယ်ထဲမှာ ဟာပေါက်တချို့ ပေါ်မှန်းမသိ ပေါ်လာခဲ့တယ်။ နှင်းရည်ကြောင့် ရွဲရွဲစိုနေတဲ့ ဆန်ပြောင်းနှံတွေဟာ မြူနှင်းရဲ့ ဟာပေါက်ထဲကတစ်ဆင့် ကျွန်တော့်အဖေကို ရီဝေဝေ စိုက်ကြည့်နေကြတယ်။ အဖေကလည်း သူတို့ကို တလေးတစား ပြန်ကြည့်တယ်။ အဖေ ရုတ်တရက် သဘောပေါက်သွားတယ်။ လက်စသတ်တော့ သူတို့တစ်တွေလည်း သက်ရှိတွေပဲကိုး။ သူတို့ဟာ မြေသားနက်ထဲ အမြစ်တွယ်၊ နေရဲ့အဆီ လရဲ့အနှစ်တွေကို ခံယူ၊ မိုးရေတွေ နှင်းစက်တွေဆီက အစိုဓာတ်ကို ရရှိထားကြသမို့ သဘာဝတရားရဲ့ နိယာမကို ကောင်းကောင်း နားလည်ထားကြတယ်လေ။ ဆန်ပြောင်းရဲ့ အရောင်ကတစ်ဆင့် နေလုံးကြီးဟာ ဆန်ပြောင်းတွေ ကွယ်ထားတဲ့ မိုးကုပ်စက်ဝိုင်းမှာ သနားစဖွယ် ကောင်းလောက်အောင် နီရဲတွတ်နေလောက်ပြီလို့ အဖေ ခန့်မှန်းနိုင်ခဲ့တယ်။

ထူးခြားဖြစ်စဉ် ပေါ်လာတယ်။ အဖေ့နားနားမှာ စူးခနဲ အသံတစ်ချက် မြည်ဟိန်းလာပြီး၊ တစ်ဆက်တည်းမှာ ရှေ့က တစ်ခုခု ရိုက်ခွဲခံရတဲ့ အသံတစ်သံကို ကြားလိုက်ရတယ်။

တပ်မှူးယွီ ထအော်တယ်။

"ဘယ်ကောင် ပစ်တာလဲ။ နှမဖောင်း၊ ဘယ်ကောင် ပစ်တာလဲကွ"

ကျည်ဆန်ဟာ မြူထူထူကြားက ဖောက်ထွက်ကာ ဆန်ပြောင်းရွက်တွေ ဆန်ပြောင်းရိုးတံတွေကို ဖြတ်ကျော်သွားလို့၊ ဆန်ပြောင်းတစ်ပင် ဦးခေါင်း မြေခသွားတယ်။ တဒင်္ဂအတွင်း အားလုံး အသက်ရှူရပ်သွားကြတယ်။ ကျည်ဆန်ကတော့ တစ်လမ်းလုံး အော်မြည်လျက် ဘယ်နား ရောက်သွားမှန်း မသိဘူး။ ယမ်းငွေ့ မွှေးမွှေးတွေ ပြယ်သွားတော့ မြူတွေ ပြန်ဆိုင်းလာတယ်။ ဝမ်ဝင်းအိ ငယ်သံပါအောင် ထအော်တယ်။

"တပ်မှူး၊ ကျုပ်ခေါင်း မရှိတော့ဘူး၊ တပ်မှူး၊ ကျုပ်ခေါင်းကြီး မရှိတော့ဘူး"

တပ်မှူးယွီ တစ်ချက်ကြောင်သွားပြီးမှ ဝမ်ဝင်းအိကို ဆောင့်ကန်လိုက်တယ်။

"နင့်မေကလွှား၊ ခေါင်း မရှိရင် စကားပြောနိုင်ဦးမလား"

တပ်မှူးယွီဟာ ကျွန်တော့်အဖေကို ထားခဲ့ပြီး တပ်ဖွဲ့ရှေ့ကို တက်သွားတယ်။ ဝမ်ဝင်းအိက အော်ညည်းနေတုန်းပဲ။ အဖေလည်း ရှေ့တက်သွားကြည့်လို့ ဝမ်ဝင်းအိရဲ့ ထူးဆန်းတဲ့ မျက်နှာပေါက်ကို မြင်လိုက်ရတယ်။ သူ့ပါးပေါ်မှာ နက်ပြာရောင်ဟာကြီးတစ်ခု စီးနေသလား အောက်မေ့မိလို့ အဖေက လက်နဲ့ သွားစမ်းကြည့်လိုက်တာ၊ စေးပျစ်ပျစ် အရည်ပူတွေ လက်မှာ ပေကျံလာခဲ့ဟယ်။ မင်ရည်မြစ်ထဲက နုန်းတွေနဲ့ များစွာ မကွာခြားပေမဲ့ မင်ရည်မြစ်ထဲက နုန်းတွေထက် အများကြီး ပိုလတ်ဆတ်တဲ့ ညှီနံ့တစ်ခုကို အဖေ ရလိုက်တယ်။ အဲဒီအနံ့က ပရုတ်ရဲ့ ရနံ့ကို လွှမ်းသွားတယ်၊ ဆန်ပြောင်းရဲ့ ချိုခါးခါးအရသာကို လွှမ်းသွားတယ်။ အဲဒီ အနံ့က အဖေ့ရဲ့ နီးကပ်

mgyoe.com

mgyoe.com
SAMPLE BOOK

သထက် နီးကပ်လာနေတဲ့ မှတ်ဉာဏ်ကို နှိုးဆွပေးလိုက်လို့၊ မင်ရည်မြစ်ထဲက နုန်းရယ်၊ ဆန်ပြောင်းပင်အောက်က မြေသားနက်ရယ်၊ ဘယ်တော့မှ မသေနိုင်တဲ့ အတိတ်နဲ့ ဘယ်တော့မှ ဖမ်းဆုပ်ထားလို့ မရနိုင်တဲ့ ပစ္စုပ္ပန်ရယ်ကို ပုလဲသီသလို ကြိုးတစ်ချောင်းနဲ့ သီကုံးပေးလိုက်တယ်။ တစ်ခါတစ်ရံမှာ အရာခပ်သိမ်းဟာ လူသွေးရဲ့ ရနံ့ကို ထုတ်လွှတ်နိုင်စွမ်းတယ်လေ။

"ဦးကြီး"

အဖေ ပြောတယ်။

"ဦးကြီး ဒဏ်ရာရသွားပြီ"

"တို့ကွမ်း၊ မင်း တို့ကွမ်း မဟုတ်လား၊ ငါ့ခေါင်းကြီး လည်ပင်းမှာ ရှိသေးသလား၊ ကြည့်ပေးစမ်းပါဦးကွာ"

"ရှိပါတယ် ဦးကြီး၊ အကောင်းအတိုင်း ရှိနေပါသေးတယ်၊ နားရွက်ကပဲ သွေးထွက်နေတာပါ"

ဝမ်ဝင်းအိ နားရွက်ကို စမ်းကြည့်တယ်။ လက်မှာ သွေးတွေ ပေလာတော့ ငယ်သံပါအောင် အော်ပြီး အရုပ်ကြိုးပြတ် ဖြစ်သွားတယ်။

"တပ်မှူး၊ ကျုပ် ထိသွားပြီ၊ ကျုပ် ထိသွားပြီ၊ ကျုပ် ထိသွားပြီ"

တပ်မှူးယွီ ရှေ့ကနေ ပြန်လှည့်လာပြီး ဆောင့်ကြောင့်ထိုင်ကာ ဝမ်ဝင်းအိရဲ့ လည်ပင်းကို ဖိလျက် အသံနိမ့် ပြောလိုက်တယ်။

"မအော်စမ်းနဲ့၊ ထပ်အော်ရင် ပစ်သတ်လိုက်မယ်"

ဝမ်ဝင်းအိ မအော်ရဲတော့ဘူး။

"ဘယ်နေရာ ထိသွားတာလဲ"

တပ်မှူးယွီ မေးတယ်။

"နားရွက်..."

ဝမ်ဝင်းအိ ငိုယိုဖြေတယ်။

တပ်မှူးယွီက ခါးကြားကနေ ထုပ်ပိုးပိတ်စလိုမျိုး ပိတ်ဖြူတစ်လိပ်ထုတ်၊ ဗျိုခနဲ နှစ်ခြမ်းဖြဲပြီး ဝမ်ဝင်းအိကို ပေးလိုက်တယ်။

"ဒါနဲ့ အရင်အုပ်ထား၊ အသံမထွက်နဲ့၊ နောက်က လိုက်ခဲ့၊ လမ်းပေါ်ရောက်မှ ကျုပ်စည်းပေးမယ်"

တပ်မှူးယွီကပဲ "တို့ကွမ်း" လို့ ခေါ်လိုက်ပြန်တယ်။ အဖေ ပြန်ထူးတော့ တပ်မှူး ယွီက သူ့လက်ကို ဆွဲပြီး ခရီးဆက်တယ်။ ဝမ်ဝင်းအိ တညည်းညူညူနဲ့ နောက်က လိုက်လာတယ်။

ခုနက သေနတ်သံဟာ ထွန်ခြစ်ထမ်းပြီး ရှေ့ဆုံးကနေ ဦးဆောင်လမ်းရှင်းပေးနေတဲ့ လူထွားကြီး အာဘာ ခလုတ်တိုက်လဲလို့ သူ့ကျောမှာ လွယ်ထားတဲ့ ပြောင်းရှည်

mgyoe.com

mgyoe.com

သေနတ်ကနေ မတော်တဆ ကျည်ချော်ထွက်လာခဲ့တာ။ အာဘာဟာ တပ်မှူးယွီရဲ့ မိတ်ဟောင်းဆွေဟောင်း၊ ဆန်ပြောင်းတောထဲမှာ 'ချာပျဉ်'အတူစားဖူးတဲ့ ဆိုးဖော် မိုက်ဖက်၊ ရဲဘော်ရဲဘက်။ သူ့ခြေတစ်ဖက်ဟာ အမေ့ဝမ်းမှာကတည်းက ဒဏ်ရာ ရလာခဲ့လို့ လမ်းလျှောက်တဲ့အခါ ထော့နဲ့ ထော့နဲ့။ ဒါပေမဲ့ လျင်လိုက်သမှ လှစ်လို့။ အဖေတောင်မှ သူ့ကို နည်းနည်းကြောက်ရတယ်။

အရဏ်တက်ချိန် မရှေးမနှောင်းမှာ ဆိုင်းခဲ့တဲ့ မြူကြီးဟာ ကျောင်းဖိန် မော်တော်ကားလမ်းပေါ်ကို တပ်မှူးယွီတို့တပ်ဖွဲ့ တက်လှမ်းလာခဲ့ချိန်မှာပဲ လွင့်ပြယ် ကင်းစင်လာခဲ့တယ်။ ရှစ်လရာသီမို့ ဇာတိမြေမှာ မြူနှင်းများတယ်။ မြေနိမ့်ချိုင့်ဝှမ်းထဲ တည်ရှိတာကြောင့်အပြင် မြေကြီးကလည်း စိုထိုင်းတာကြောင့်လည်း ဖြစ်နိုင်ပါတယ်။ ကားလမ်းပေါ် ရောက်လာပြီးနောက်ပိုင်း အဖေဟာ ရတ်ခြည်းဆိုသလို တစ်ကိုယ်လုံး သွက်လက်ပေါ့ပါးလာပြီး ခြေလှမ်းတွေလည်း အားရှိသလို ခံစားလာမိတယ်။ တပ်မှူးယွီ အင်္ကျီစကို ဆုပ်ကိုင်ထားတဲ့ သူ့လက်ကိုလည်း ပြန်လွှတ်လိုက်ပြီလေ။ သွေးထွက်နေတဲ့ နားရွက်ကို ပိတ်ဖြူနဲ့ အုပ်ထားတဲ့ ဝမ်ဝင်းအိရဲ့မျက်နှာက ငိုမဲ့ ငိုမဲ့။ တပ်မှူးယွီက သူ့နားရွက်ဒဏ်ရာကို ခပ်ကြမ်းကြမ်း ကျပ်စည်းပေးလိုက်တယ်။ ခေါင်းတစ်ခြမ်းလုံးကိုပါ စည်းပေးလိုက်တာ။ ဝမ်ဝင်းအိခမျာ နာလွန်းလို့ သွားတဖြဲဖြဲ၊ အံတခဲခဲ။

"ကံကြီးပေလို့ပေါ့ကွာ"

တပ်မှူးယွီ ပြောတယ်။

"ကျုပ်သွေးတွေ ခန်းကုန်ပြီ၊ ကျုပ် ဆက်မလိုက်နိုင်တော့ဘူး"

ဝမ်ဝင်းအိ ပြောတယ်။

"ချီးတဲ့မှ၊ ခြင်ကိုက်တာလောက်ပဲ ရှိတဲ့ဒဏ်ရာကို၊ မင်း သားသုံးယောက် ကို မေ့သွားပလား"

ဝမ်ဝင်းအိက ခေါင်းငိုက်စိုက်လျက် "မမေ့ပါဘူး၊ မမေ့ပါဘူး" လို့ တတွတ်တွတ် ပြောရှာတယ်။

သူက ပြောင်းရှည်ငှက်ပစ်သေနတ်တစ်လက် လွယ်ထားတယ်။ သေနတ်ဒင် က သွေးနီရောင်။ ယမ်းမှုန့်ထည့်တဲ့ သံဘူးပြားက သူ့ဖင်ပေါ်မှာ တစောင်းချိတ်ထား တယ်။

မြူနှင်းအကြွင်းအကျန်တွေ အားလုံး ဆန်ပြောင်းတောထဲ လွင့်ပြယ်သွားကုန် ပြီ။ လမ်းမကြီးပေါ်မှာ သဲကြမ်းတစ်ထပ် ဖုံးနေတယ်။ လူခြေရာ မပြောနဲ့၊ နွားတွေ၊ မြင်းတွေရဲ့ ခွာရာတောင် မတွေ့ရဘူး။ လမ်းဘေးနှစ်ဖက်က ပြွတ်သိပ်လှိုင်ဝေနေတဲ့ ဆန်ပြောင်းတွေနဲ့ ယှဉ်လိုက်တဲ့အခါ ကားလမ်းဟာ ပြောင်တလင်းခါသလို ဖြစ်နေလို့ နိမိတ်မကောင်းသလို ခံစားရစေတယ်။ တပ်မှူးယွီရဲ့တပ်ဖွဲ့ဆိုတာ ချိုကျိုးနားရွက်ပဲ့၊ ဆွံ့အနားမကြားတွေအားလုံး ထည့်ပေါင်းတောင် လူလေးဆယ် မကျော်နိုင်ဘူးဆိုတာ

mgyoe.com

mgyoe.com SAMPLE BOOK

အဖေ အစောကြီးကတည်းက သိပြီးသား။ ဒါပေမဲ့ ရွာထဲမှာ ရှိစဉ်က ဒီလူတွေဆိုတာ ကြက်ပျံမြွေးခုန် သောင်းကျန်းခဲ့တာ၊ မသိလို့ရှိရင် တစ်ရွာလုံး စစ်သားတွေချည်း ထင်မှတ်ခဲ့ရတာ။ အင်အားသုံးဆယ်ကျော် တပ်ဖွဲ့ဟာ လမ်းမကြီးပေါ်မှာ အေးခဲလို့ တောင့်တောင့်ကြီး ဖြစ်နေတဲ့ မြွေတစ်ကောင်ပမာ ကျုံ့ကျုံ့ယုံ့ယုံ့ တန်းစီနေကြတယ်။ သေနတ်တွေက အတို၊ အရှည် မညီမညာနဲ့ ပြောက်သောက်။ လုပ်သေနတ်ရှိတယ်၊ ငှက်ပစ်သေနတ်ရှိတယ်၊ ဟန့်ယန်ရိုင်ဖယ်ပေါင်းရှိတယ်။ ဖန်းလုတ်၊ ဖန်းချိုးညီနောင်က အလေးတုံးတွေ ထည့်ပစ်လို့ရတဲ့ လုပ်အမြောက်ကြီးတစ်လက် ထမ်းလာတယ်။ အာဘာကတော့ မြေကြီးညှိရာမှာ သုံးတဲ့ သံသွားချွန်နှစ်ဆယ့်ခြောက်ချောင်းပါ ထောင့်မှန် စတုဂံပုံ ထွန်ခြစ်တစ်လက် ထမ်းလာတယ်။ တခြားရဲဘော်သုံးယောက်လည်း တစ်ယောက် တစ်လက် ထမ်းလာကြသေးတယ်။ အဲဒီတုန်းက အဖေဟာ ချုံခိုတိုက်ခိုက်တယ်ဆိုတာ ဘာမှန်း မသိသေးဘူး။ ချုံခိုတိုက်ခိုက်ဖို့အတွက် ဘာလို့ သံသွားတပ် ထွန်ခြစ်လေးလက် သယ်လာရတယ်ဆိုတာ သာလို့တောင် မသိဘူးပေါ့။

✧

mgyoe.com

mgyoe.com SAMPLE BOOK

## ၂

ကျွန်တော်ဟာ မိသားစုအကြောင်း မော်ကွန်းတင် ကမ္ပည်းစိုက်ထူဖို့အတွက် ကောင်းမိတုန်းပေတိုက်နယ်ကို ပြန်သွားခဲ့ပြီး အများကြီး စုံစမ်းခဲ့သေးတယ်။ အဓိက ကတော့ ကျွန်တော့်အဖေ နွံခဲ့ဖူးတဲ့၊ ဂျပန်ဗိုလ်ချုပ်ကို သတ်ပစ်နိုင်ခဲ့တဲ့ နာမည်ကျော် မင်းရည်မြစ်ကမ်းတိုက်ပွဲအကြောင်းကို စုံစမ်းခဲ့တာပဲ။ ရွာထဲက ကိုးဆယ့်နှစ်နှစ် အမယ်အိုကြီး တစ်ယောက်က ကျွန်တော့်ကို ပြောပြတယ်။

"တုန်းပေတိုက်နယ် ထောင်သောင်းလူ၊ မင်းမြစ်ကမ်းမှာ နေရာယူ။ တပ်မှူးယွီက တပ်ဦးနွံ၊ လက်ပြတာနဲ့ အမြောက်သံမစဲ။ မိစ္ဆာဂျပန် လိပ်ပြာပျံ၊ လွင်ပြင်ထက်မှာ အလောင်းတွေလျှံ။ ရဲဇာနည်မယ် တိုက်ဖုန်းလျှန်၊ ရူပါတင့်တယ် ဉာဏ်ရည်ကြွယ်၊ ထွန်ခြစ်တွဲပြီး ကာလို့ရယ်၊ မိစ္ဆာကောင်တွေ ရှေ့မတိုးနိုင်တယ်..."

အမယ်ကြီးရဲ့ ဦးခေါင်းက မြေအိုးတစ်လုံးပမာ ပြောင်လို့နေပြီ။ ပါးရေတွေလည်း တွန့်နေပြီ။ လက်မှာလည်း ဘူးနွယ်လို အကြောတွေ ထောင်လျက်။ သူဟာ ၁၉၃၉ ခုနှစ်၊ လမုန့်ပွဲတော်နေ့ လူသတ်ပွဲမှာ အသက် မသေဘဲ ရှင်ကျန်ခဲ့သူ။ အဲဒီတုန်းက သူ့ခြေထောက်မှာ အနာပေါက်လို့ မပြေးနိုင်တာနဲ့ သူ့ယောကျ်ားက သူ့ကို ကန်စွန်းဥတွင်းထဲ ဝှက်ထားပေးခဲ့လို့ ဘုမသိ ဘမသိ အသက်ရှင် ကျန်ရစ်ခဲ့တာ။

အမယ်ကြီး ဆိုပြတဲ့ သံချပ်ထဲက တိုက်ဖုန်းလျှန်ဆိုတာ ကျွန်တော့်ဘွားဘွား နာမည်ပဲ။ ဒီနေရာမှာ ကျွန်တော် အတော်ကလေး အံ့သြမိတယ်။ မိစ္ဆာကောင်တွေရဲ့ ကားတန်းကြီး ရှေ့ဆက် မတိုးနိုင်အောင် ထွန်ခြစ်တွေနဲ့ ပိတ်ဆို့ဖို့ အကြံဟာ ကျွန်တော့် ဘွားဘွားလို အမျိုးသမီး တစ်ယောက်ရဲ့ ခေါင်းထဲက ထွက်လာတယ် ဆိုတာကိုပေါ့။

mgyoe.com

mgyoe.com
SAMPLE BOOK

ကျွန်တော့်ဘွားဘွားဟာလည်း ဂျပန်ခုခံရေး ရှေ့ဆောင်တစ်ယောက်၊ အမျိုးသားသူရဲကောင်း တစ်ယောက် ဖြစ်နေတာကိုး။

ကျွန်တော့်ဘွားဘွားအကြောင်း ပြောဖြစ်တော့ အမယ်ကြီး အာဝဇ္ဇန်းရွှင်လာတယ်။ သူ ပြောတာတွေက လေနဲ့အတူ မြေကြီးပေါ် ရှပ်လွင့်နေတဲ့ သစ်ရွက်တွေပမာ ရှုပ်ယှက်ခတ်နေတယ်။ သူက ပြောတယ်၊ ကျွန်တော့်ဘွားဘွားရဲ့ ခြေထောက်ဟာ ရွာထဲမှာ အသေးဆုံးတဲ့။ ကျွန်တော်တို့အိမ်က ချက်တဲ့ အရက်ဟာ နောက်တက်အရှိန် သိပ်ပြင်းတာတဲ့။ ကျောင်းဖိန့်မော်တော်ကားလမ်းအကြောင်း ပြောဖြစ်တော့မှ သူ့စကားက အဆက်အစပ် ရှိလာတယ်။

"လမ်းဖောက်တာ တို့ဆီလည်း ရောက်ရော ဆန်ပြောင်းတွေ ခါးထောက်နေပြီ၊ မိစ္ဆာကောင်တွေက အလုပ်လုပ်နိုင်တဲ့ လူတွေ အကုန်လုံးကို ဆွဲသွားတယ်၊ အလုပ်ခိုင်းတယ်၊ အားလုံး အပါးခိုကြတယ်၊ မောင်တို့အိမ်က လားနက်ကြီးနှစ်ကောင်လည်း ဆွဲခံထိတာပဲ၊ မိစ္ဆာကောင်တွေက မင်ရည်မြစ်ကို ကျောက်တံတားထိုးမလို့၊ မောင်တို့အိမ်က လုပ်သားကြီး လောဟန်လေ၊ သင်းက မောင့်ဘွားအေနဲ့ ဇာတ်လမ်းတွေ ဘာတွေ ဖြစ်ခဲ့သေးဆိုပဲ၊ သူများတွေ ပြောကြတာပါလေ… အပေါးပေါး၊ မောင့်ဘွားအေ ငယ်ငယ်တုန်းက ဇာတ်လမ်းတွေဆိုတာ တင်းကျမ်းပဲကွဲ့၊ မောင့်အဖေဆိုလည်း စွမ်းလိုက်တယ် ဆိုတာနော်၊ ဆယ့်ငါးနှစ်နဲ့ လူသတ်တာကွဲ့၊ မျိုးမစစ်သား မခေပုံများ၊ တစ်ဆယ်မှာ ကိုးယောက် ငမိုက်သား၊ လောဟန်က လားရဲ့တံကောက်ကြောကို သွားဖြတ်တာ … မိသွားလို့ အရှင်လတ်လတ် အရေခွံနွှာခံထိတယ်၊ မိစ္ဆာကောင်တွေ ရက်စက်တာနော်၊ အိုးထဲ ချေးပါ၊ ဇလုံထဲ သေးပန်း။ အဲဒီနှစ်က ရေသွားခပ်တာ ဘာကြီး ပါလာလဲ သိလား၊ လူခေါင်းကြီး မောင်ရေ၊ ကျစ်ဆံမြီးတောင် ပါလိုက်သေးသတော့ …"

အဘလောဟန်ဟာ ကျွန်တော်တို့မိသားစုသမိုင်းမှာ အရေးပါတဲ့ ပုဂ္ဂိုလ်တစ်ယောက်ပါ။ သူနဲ့ ကျွန်တော့်ဘွားဘွားတို့အကြား ဇာတ်လမ်းတွေ ရှိခဲ့၊ မရှိခဲ့ဆိုတာကတော့ ခုချိန်မှာ မသိနိုင်တော့ပါဘူး။ ရင်တွင်းစကား ပွင့်ပွင့်ပြောရရင်ဖြင့် ကျွန်တော်လည်း ဒီဟာကို အဖြစ်မှန်လို့ ဝန်မခံချင်ရိုး အမှန်ပါ။

သိပင်သိငြားလည်း မြေအိုးခေါင်း အမယ်ကြီးရဲ့ စကားတွေက ကျွန်တော့်ကို အခံရခက်စေခဲ့ပါတယ်။ ကျွန်တော် စဉ်းစားကြည့်တယ်၊ အဘလောဟန်က ကျွန်တော့်အဖေကို မြေးအရင်းလို ဆက်ဆံခဲ့တာဆိုတော့ ကျွန်တော့်အဘေးလိုပဲပေါ့။ အကယ်၍ အဲဒီအဘေးက ကျွန်တော့်ဘွားဘွားနဲ့ ဟိုကိစ္စမျိုး ဖြစ်ခဲ့တယ်ဆိုရင် အားလုံး ခွေးဖြစ်ပြီပေါ့။ တကယ်တော့ ဒါဟာ လျှောက်တွေးတာပါ။ ဘာလို့လဲ ဆိုတော့ ကျွန်တော့်ဘွားဘွားဟာ အဘလောဟန်ရဲ့ချွေးမ မဟုတ်ဘူး၊ အလုပ်ရှင်။ အဘလောဟန်နဲ့ ကျွန်တော်တို့မိသားစုဆိုတာလည်း အလုပ်သဘောအနေနဲ့သာ ပတ်သက်မှုရှိပြီး သွေးသားတော်စပ်မှုမျိုး

mgyoe.com

mgyoe.com SAMPLE BOOK

ရှိတာ မဟုတ်ဘူး။ သူဟာ ကျွန်တော်တို့မိသားစု သမိုင်းကို သစ္စာရှိ သက်ကြီးဝါကြီး တစ်ယောက်အနေနဲ့ တန်ဆာဆင်ပေးခဲ့ရုံသာမက ကျွန်တော်တို့ မိသားစုသမိုင်းကို ပိုမို ထွန်းပြောင်လာအောင် စွမ်းဆောင်ပေးခဲ့တယ် ဆိုတာလည်း သံသယဖြစ်ဖွယ် မရှိပါဘူး။ ကျွန်တော့်ဘွားဘွား သူ့ကို ချစ်ဖူးတာ၊ မချစ်ဖူးတာ၊ သူ ကျွန်တော့်ဘွားဘွား ခုတင်ပေါ် တက်ဖူးတာ၊ မတက်ဖူးတာ၊ ဒါတွေ အားလုံး ကိုယ်ကျင့်သိက္ခာနဲ့ ဘာမှ မဆိုင်ဘူး။ ချစ်ဖူးတော့ကော ဘာဖြစ်သေးသလဲ။ ကျွန်တော့်ဘွားဘွားလိုလူမျိုးက သူသာ လုပ်ချင်ရိုးမှန်ရင် မလုပ်ရဲတာ ဘာတစ်ခုမှ မရှိဘူး။ ဒီတစ်ချက်တော့ ကျွန်တော် အခိုင်အမာ ယုံတယ်။ သူဟာ ဂျပန်ခုခံရေး သူရဲကောင်းသာမကပါဘူး၊ လိင်တော်လှန်ရေးရဲ့ ရှေ့ဆောင်၊ အမျိုးသမီးအခွင့်အရေး လှုပ်ရှားမှုရဲ့ စံပြလည်း ဖြစ်ပါတယ်။

မြို့နယ်မှတ်တမ်းမှာ ကျွန်တော် ရှာကြည့်တော့ အဲဒီထဲမှာ ရေးထားတာက သမ္မတနိုင်ငံ သက္ကရာဇ် ၂၇ ခုနှစ်တွင် ကျောင်းဖိန်မော်တော်ကားလမ်း ဖောက်လုပ်ရန် အတွက် ဂျပန်စစ်တပ်သည် ကောင်းမိ၊ ဖိန်တု၊ ကျောင်း မြို့နယ်တို့မှ လူအယောက် လေးသိန်းမျှ ချွေးတပ်ဆွဲခဲ့၏။ လယ်ယာမြေ အမြောက်အမြား ဖျက်ဆီးခဲ့၏။ လမ်းမကြီး တစ်လျှောက်ရှိ ရွာများမှ လားများ၊ မြင်းများကို ပြောင်စင်အောင် လုယက် သိမ်းယူခဲ့၏။ တောင်သူ လျူလောဟန်သည် ညဥ့်အချိန်တွင် အလစ်ဝင်၍ လုယက် သိမ်းယူထားသော လားများ၊ မြင်းများ၏ ခွာများကို တူးရွင်းဖြင့် ဖျက်ဆီးပစ်ခဲ့ရာ အဖမ်းခံရသဖြင့် နောက်တစ်နေ့တွင် ဂျပန်စစ်တပ်က ၄င်းလျူလောဟန်အား အများ ရှေ့မှောက်တွင် အရှင်လတ်လတ် အရေခွံနွှာ၍ စီရင်ခဲ့လေ၏။ ထိုစဉ်က လျူ၏ မျက်နှာမှာ ကြောက်ရိပ် အလျှင်းမရှိဘဲ ပါးစပ်ကလည်း တရစပ် ဆဲဆိုနေခဲ့ရာ အသက်ထွက်သွားသည်အထိပင် ဖြစ်လေသည်။

✧

mgyoe.com

mgyoe.com SAMPLE BOOK

# ၃

တကယ်လည်း မှန်ပါတယ်။ ကျောင်းဖိန်မော်တော်ကားလမ်း ဖောက်လုပ်တာ ကျွန်တော်တို့ဆီရောက်တော့ ဆန်ပြောင်းတွေ ခါးလောက်ပဲ ရှိပါသေးတယ်။ အလျား လီခုနစ်ဆယ်၊ အကျယ် လီခြောက်ဆယ်လောက်ရှိတဲ့ မြေနိမ့်လွင်ပြင်ပေါ်မှာ ဟိုတစ်ကွက်၊ ဒီတစ်ကွက် ရွာကလေးနည်းနည်းပါးပါးရယ်၊ ဖြတ်သန်းစီးဆင်းသွားတဲ့ မြစ်နှစ်စင်းရယ်၊ ကွေ့တိကွေ့ကောက် ရွာလမ်း နည်းနည်းပါးပါးရယ်ကလွဲလို့ ကျန်တာ အားလုံးဟာ အစိမ်းရောင် လှိုင်းထနေတဲ့ ဆန်ပြောင်းတောတွေချည်းပါပဲ။ လွင်ပြင် မြောက်ဘက် မြင်းဖြူတောင်ပေါ်က ဟို အဖြူရောင် မြင်းရုပ်ပုံ ကျောက်တုံးကြီးဆို ကျွန်တော်တို့ ရွာကကြည့်ရင် ထင်းလို့ပေါ့။ ဆန်ပြောင်းရိတ်တဲ့ တောင်သူတွေမှာတော့ ခေါင်းမော့ကြည့် မြင်းဖြူ၊ ခေါင်းငုံ့ကြည့် မြေသားနက်၊ နဖူးကချွေး ခြေမ ကျ၊ ရင်ထဲမှာတော့ ကြေကွဲရ ပေါ့။ မြေပြန့်မှာ ဂျပန်တွေ လမ်းလာဖောက်မယ်ဆိုတဲ့ သတင်း ကြားရကတည်းက ရွာက လူတွေ ရတက်မအေး ဖြစ်နေခဲ့ကြတာ။ ကပ်ဆိုးကြီး ဆိုက်လာတော့မှာကိုး။

ဂျပန်တွေက မပြောမဆို ပေါက်ချလာတာပါပဲ။

ဂျပန်မိစ္ဆာကောင်တွေ ပုဆိန်ရိုးစစ်တပ်နဲ့အတူ ကျွန်တော်တို့ရွာကို ချေးတပ်ဆွဲဖို့၊ လားသိမ်း၊ မြင်းသိမ်းဖို့ ရောက်လာတုန်းက ကျွန်တော့်အဖေ အိပ်ပျော်နေခဲ့တယ်။ အရက်ဖို ဘက်က ဆူညံသံတွေကြောင့် သူ နိုးလာခဲ့တာ။ ဘွားဘွားက အဖေ့လက်ကို ဆွဲ၊ သူ့ရဲ့ မျှစ်ဖူးပမာ ခြေသေးအစုံကို ထော့နင်းလျက် အရက်ဖိုရှိရာ ဝင်းထဲကို အပြေးကလေး သွားခဲ့တယ်။ အဲဒီတုန်းက အိမ်က အရက်ဖိုဝင်းထဲမှာ အိုးစရည်း ဆယ်လုံးကျော်ရှိတယ်။ အထဲမှာ အပြည့်ထည့်ထားတဲ့ အကောင်းစား အရက်ဖြူရဲ့ မွှေးရနံ့က တစ်ရွာလုံးကို

mgyoe.com

mgyoe.com SAMPLE BOOK

သင်းလို့ပေါ့။ ကာကီဝတ် ဂျပန်နှစ်ယောက် လုံ့ရွပ်တပ်ထားတဲ့ ရိုင်ဖယ်ကိုယ်စီနဲ့ ဝင်းထဲမှာ ရပ်နေကြတယ်။ သေနတ်လွယ်ထားတဲ့ အနက်ဝတ် တရုတ်နှစ်ယောက်ကတော့ ဝက်စာပင်မှာ လံထားတဲ့ လားနက်နှစ်ကောင်ကို ကြိုးဖြေမလို့ လုပ်နေကြတယ်။ ကြိုးဖြေနေတဲ့ ညှက်စိကောင် ပုဆိန်ရိုးစစ်သား အနားကို အဘလောဟန် ပြေးသွားဖို့ အကြိမ်ကြိမ်ကြိုးစားပေမယ့် ပြေးသွားတိုင်းမှာ ဟိုလံဖားကောင် ပုဆိန်ရိုးစစ်သားက သူ့ကို သေနတ်ပြောင်းဝနဲ့ ဆောင့်ဆောင့်လွှတ်တယ်။ ခါနွေဆန်းစမို့ အင်္ကျီပါးတစ်ထည်သာ လွှားထားတဲ့ အဘလောဟန်ရဲ့ ရင်ဘတ်ပောင်းလောင်းပေါ်မှာ သေနတ်ပြောင်းနဲ့ အဆောင့်ခံရလို့ ဖြစ်လာတဲ့ ညိုမည်းကွက် ဝိုင်းဝိုင်းကြီးတွေ ပြည့်နေပြီ။

အဘလောဟန်က "ပြောစရာရှိရင် အေးအေးဆေးဆေးပြောကြပါ မောင်တို့ရာ၊ လက်မပါကြပါနဲ့ကွာ"လို့ ပြောတယ်။

လံဖားကောင် ပုဆိန်ရိုးစစ်သားက "အဘိုးကြီး၊ တခြားမှာ အေးအေး သွားနေစမ်း"လို့ ပြောတယ်။

အဘလောဟန်က "အဲဒါ သူဌေးပိုင်တဲ့ လားတွေပါ၊ ဆွဲလို့ မဖြစ်ပါဘူး"လို့ ပြောတယ်။

ပုဆိန်ရိုးစစ်သားက "ထပ်ဆူကြည့်၊ ငါ ပစ်သတ်လိုက်ရ"လို့ ပြောတယ်။

ဂျပန်စစ်သားတွေက ရွှံ့ရုပ်တုတွေလို သေနတ်ကိုင်ပြီး ရပ်နေကြတယ်။

ဘွားဘွားရယ်၊ ကျွန်တော့်အဖေရယ် ဝင်းထဲရောက်တော့ အဘလောဟန်က-

"တို့လားတွေကို လာဆွဲမလို့ လုပ်နေကြတယ်"လို့ ပြောတယ်။

ဘွားဘွားက "မာစတာတို့ရယ်၊ ကျွန်မတို့က လူကောင်းတွေပါ" လို့ ပြောတယ်။

ဂျပန်စစ်သားက ဘွားဘွားကို မျက်လုံးမှေးမှေးနဲ့ ရယ်ပြတယ်။

ညှက်စိကောင် ပုဆိန်ရိုးစစ်သားက လားကို ကြိုးဖြေပြီး တအားဆွဲတယ်။ လားကလည်း ခေါင်းမာမာပဲ။ ဆွဲတဲ့ဆီကို မလိုက်ဘဲ ခေါင်းမော့ပြီး တင်းခံနေတယ်။ လံဖားကောင် ပုဆိန်ရိုးစစ်သားက လားဖင်ကို သေနတ်နဲ့ သွားထိုးတော့ လားက ဒေါသထွက်ပြီး ပြောင်လက်နေတဲ့ ခွာနဲ့ လှမ်းရုပ်လိုက်တာ ပုဆိန်ရိုးစစ်သား မျက်နှာတစ်ခုလုံး ရွှံ့တွေ ပေကျံကုန်တယ်။

လံဖားကောင်ပုဆိန်ရိုးစစ်သားက သေနတ်မောင်းတင်ပြီးတော့ အဘလောဟန်ကို ချိန်လျက် "အဘိုးကြီး၊ နင် လာဆွဲစမ်း၊ လမ်းဖောက်နေတဲ့နေရာအထိ ရောက်အောင် ဆွဲသွား"လို့ အော်ပြောလိုက်တယ်။

အဘလောဟန်က မြေကြီးပေါ် ဆောင့်ကြောင့်ထိုင်ချပြီး အရေးမလုပ်။

ဂျပန်စစ်သားတစ်ယောက် အဘလောဟန်ရှေ့မှာ သေနတ်တကားကားနဲ့ လူးလာခေါက်တုံ့ လျှောက်တယ်။ ပါးစပ်ကလည်း "ဝူးလီးဝါးလား၊ ယားလားလီးဝူး" တွေ

mgyoe.com

mgyoe.com
SAMPLE BOOK

ပြောတယ်။ မျက်စိရှေ့က အရောင်တလက်လက် လှံစွပ်ကြီးယမ်းနေတာကို ကြည့်ရင်း အာလောဟာန်လည်း မြေကြီးပေါ် ဖင်ထိုင်ချလိုက်တယ်။ မိစ္ဆာကောင်က သေနတ်နဲ့ ထိုးထည့်လိုက်တာ လှံစွပ်သွားနဲ့ ထိလို့ အာလောဟာန်ရဲ့ ဦးပြည်းပြောင်ပြောင် ဟက်တက် ကွဲသွားတယ်။

ဘွားဘွားလည်း "ဦးကြီးရယ်၊ သင်းတို့ အလိုကျသာ ဆွဲသွားပေးလိုက်ပါတော့"လို့ ကတုန်ကယင် ပြောလိုက်ရှာတယ်။

မိစ္ဆာတစ်ကောင် ဘွားဘွားရှေ့ကို တစ်လှမ်းချင်း တိုးလာတယ်။ အဖေ့မျက်စိထဲမှာတော့ အဲဒီလူဟာ ကိုလူချောတစ်ယောက်ပဲ၊ မျက်လုံးတွေကလည်း နက်မှောင်တောက်ပလို့၊ ရယ်လိုက်တော့ နှုတ်ခမ်းက အထက်လန်ပြီး ဝါကြင့်ကြင့် သွားကြီးတွေ ပေါ်လာတယ်။ ဘွားဘွားလည်း အာလောဟာန်နောက်ကို ထော့နင်း၊ ထော့နင်း ဆုတ်သွားတယ်။ အာလောဟာန်ခေါင်းပေါ်က ဟက်တက်ကွဲတဲ့ နေရာကနေ သွေးတွေ ထွက်လို့ တစ်ခေါင်းလုံး ခြင်းခြင်းနီနေတယ်။ အဲဒီ ခြင်းခြင်းနီတဲ့ ခေါင်းကို ဘွားဘွားက လက်ဝါးနှစ်ဖက်နဲ့ ဖိအုပ်ပြီး ကိုယ့်မျက်နှာကိုယ် သုတ်လိမ်းလိုက်တယ်။ ဆံပင်ကိုလည်း ဖားလျားဖြေချပြီးတော့ ပါးစပ်ပြဲကြီးနဲ့ ရူးပေါပေါ ထခုန်တယ်။ ဘွားဘွားပုံစံက လူပုံထက် သရဲပုံ ပိုပေါက်နေတယ်။ ဂျပန်စစ်သားလည်း လန့်ဖျပ်ပြီး တန့်သွားတယ်။ ညှက်စိကောင် ပုဆိန်ရိုးစစ်သားက "မာစတာခင်ဗျ၊ ဒီမိန်းမဟာ အများကြီး ရူးတယ် ရှိပါတယ်"လို့ ပြောတယ်။

မိစ္ဆာကောင်က တတွတ်တွတ် ရေရွတ်ရင်း ကျွန်တော့်ဘွားဘွားခေါင်းပေါ် သေနတ်တစ်ချက် ပစ်ထည့်လိုက်တယ်။ ဘွားဘွားလည်း မြေကြီးပေါ် ထိုင်ချပြီး ဗြဲခနဲ ငိုပါလေရော။

လံဖားကောင် ပုဆိန်ရိုးစစ်သားက အာလောဟာန်ကို သေနတ်နဲ့ ချိန်ပြီး မတ်တတ် ထခိုင်းတယ်။ အာလောဟာန်လည်း ညှက်စိကောင် ပုဆိန်ရိုးစစ်သားလက်ထဲက လားဇက်ကြိုးကို လှမ်းယူလိုက်တယ်။ လားလည်း ခေါင်းတမော့မော့၊ ခြေတတုန်တုန်နဲ့ အာလောဟာန်နောက်ကနေ ဝင်းအပြင်ကို လိုက်ထွက်သွားတယ်။ လမ်းပေါ်မှာ လားတွေ၊ မြင်းတွေ၊ နွားတွေ၊ ဆိတ်တွေ ကမူးရှူးထိုး လျှောက်ပြေးနေကြတယ်။

ဘွားဘွား မရူးပါဘူး။ မိစ္ဆာကောင်တွေ၊ ပုဆိန်ရိုးစစ်သားတွေ ဝင်းထဲက ထွက်သွားတာနဲ့ ဘွားဘွားက အိုးစရည်းတစ်လုံးရဲ့ သစ်သားအဖုံးကို ဖွင့်လိုက်တယ်။ ကြေးမုံပမာ တည်ငြိမ်နေတဲ့ ဆန်ပြောင်းအရက်မျက်နှာပြင်ထက်မှာ ကြောက်စရာ သွေးမျက်နှာတစ်ခုကို မြင်ရတယ်။ မျက်ရည်တွေဟာ ဘွားဘွားပါးပြင်ပေါ် စီးကျပြီးတဲ့ နောက် နီရဲသွားကုန်တာကို အဖေ မြင်လိုက်ရတယ်။ ဘွားဘွားက အရက်နဲ့ မျက်နှာသစ်လိုက်လို့ အိုးစရည်းထဲက အရက်တွေ နီရဲသွားကုန်တယ်။

အာလောဟာန်ဟာ လမ်းဖောက်တဲ့ဆီကို လားနဲ့အတူ အဆွဲသွားခံရတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

ဆန်ပြောင်းတောထဲမှာ လမ်းပိုင်း တစ်ပိုင်းတောင် ဖောက်ထားပြီးနေပြီ။ မင်ရည်မြစ်တောင်ဘက်က ကားလမ်းဆို ဖောက်လို့တောင် ပြီးတော့မယ်။ အသစ်ဖောက်ထားတဲ့လမ်းကနေ ကားကြီး၊ ကားငယ်တွေ မောင်းချလာတယ်။ ကားပေါ်မှာ သယ်လာတဲ့ကျောက်တုံးတွေ၊ သဲဝါတွေကို မြစ်တောင်ဘက်က ကမ်းမှာ ချတယ်။ မြစ်ပေါ်မှာသစ်သားတံတားတစ်စင်းသာ ရှိတယ်။ ဂျပန်တွေက အဲဒီ မြစ်ပေါ်မှာ ကျောက်တံတားတစ်စင်းထိုးချင်နေတာ။ ကားလမ်းဘေးနှစ်ဖက်က ကျယ်ပြောလှတဲ့ ဆန်ပြောင်းမြေတွေအကုန်နင်းခြေခံလိုက်ရလို့ မြေကြီးပေါ်မှာ အစိမ်းရောင်ကမ္ဗလာတစ်ချပ် ခင်းထားသလိုဖြစ်နေတယ်။ မြစ်မြောက်ဘက်က ဆန်ပြောင်းမြေမှာတော့ မြေသားနက်နဲ့ ဖော်ထားခါစလမ်းရဲ့ဘေးနှစ်ဖက်မှာ လား၊ မြင်း အကောင်သုံးလေးဆယ်လောက်ဟာ ကျောက်တလိမ့်တုံးတွေ ဆွဲလျက် ဆန်ပြောင်းပင်လယ်ထဲကနေ ညီညာပြန့်ပြူးတဲ့ မြေကွက်လပ်နှစ်ကွက်ထွက်လာအောင် လိမ့်လိုက်ကြတာ၊ လမ်းဖောက်ရာနဲ့ကပ်လျက်က အစိမ်းရောင် ဆန်ပြောင်းတောကြီးကို ဖျက်ဆီးလို့ နေပါတော့တယ်။ လား၊ မြင်းတွေကို လူတွေက ဆန်ပြောင်းမြေထဲလူးလာ ခေါက်တုံ့ ဆွဲသွားနေကြတာ။ သံခွာအောက်မှာ ဆန်ပြောင်းနုနုတွေ ကျိုးပြတ်လဲကြေကုန်တယ်။ ကျိုးပြတ်လဲကြေသွားတဲ့ ဆန်ပြောင်းတွေကို ကျောက်တလိမ့်တုံးတွေနဲ့အပြန်ပြန်အလှန်လှန် ထပ်ကြိတ်လိုက်တာ၊ ကျောက်တလိမ့်တုံးတွေမှာ ဆန်ပြောင်းရည်တွေရွှဲရွှဲစိုပြီး အစိမ်းရင့်ရောင် ဖြစ်ကုန်တယ်။ ကောက်ပင်စိမ်း အနံ့ပြင်းတစ်ခု လမ်းဖောက်လုပ်ရာနေရာကို ခြုံလွှမ်းသွားတယ်။

အာလောဟန်ဟာ မြစ်တောင်ဘက်ကို မောင်းခံရပြီး အဲဒီကနေ မြစ်မြောက်ဘက်ကို ကျောက်တုံးသယ်ဖို့ စေခိုင်းခံရလို့ သူလည်း လားဇက်ကြိုးကို မျက်ခွံရောင်နေတဲ့အဘိုးကြီးတစ်ယောက်လက်ထဲ မပေးချင် ပေးချင် ထိုးပေးလိုက်ရတယ်။ သစ်သားတံတားကလေးက ယိုင်တိယိုင်တိုင်နဲ့ အချိန်မရွေး ပြိုကျတော့မယ့် အတိုင်းပဲ။ အာလောဟန်တံတားဖြတ်ပြီး မြစ်တောင်ဘက်ကို ရောက်လာတော့ အလုပ်ကြပ်လို့ ထင်ရတဲ့တရုတ်တစ်ယောက်က လက်မှာ ကိုင်ထားတဲ့ နီညိုရောင် ကျာပွတ်နဲ့ အာလောဟန်ခေါင်းကို ခပ်ဆတ်ဆတ် ရိုက်လိုက်ပြီး "သွား၊ မြစ်မြောက်ဘက်ဆီကို ကျောက်တုံးတွေသယ်သွားစမ်း"လို့ ခိုင်းတယ်။ အာလောဟန် မျက်စိ တစ်ချက် ပွတ်တယ်။ မျက်ခုံးမွေးမှာ ခေါင်းပေါ်ကနေ စီးကျလာတဲ့သွေးတွေ ရွှဲလို့နေတယ်။ သူက မကြီးလွန်း မသေးလွန်းတဲ့ ကျောက်တုံးတစ်တုံးကို မပြီး မြစ်တောင်ဘက်ကနေ မြစ်မြောက်ဘက်ဆီကို သယ်သွားတယ်။ လားလက်ခံထားတဲ့ ဟိုအဘိုးကြီးကတော့ မသွားသေးဘူး။ အာလောဟန်ကသူ့ကို "ခင်ဗျား ရိုရိုသေသေ ခိုင်းနော်၊ ဒီ လားနှစ်ကောင်က ကျုပ်သူဌေးပိုင်တာ"လို့မှာခဲ့တယ်။ အဘိုးကြီးလည်း ထိုင်းထိုင်းမှိုင်းမှိုင်း ခေါင်းငိုက်စိုက်ကာ လားကိုဆွဲပြီးလမ်းဖောက်လုပ်နေတဲ့ လား၊ မြင်းအုပ်ထဲ ဝင်သွားတယ်။ နေရောင်အောက်မှာ လားနက်ရဲ့ဖင်ပြောင်ပြောင်တွေက ဖိတ်ဖိတ်တောက်လျက်။ ခေါင်းက သွေးထွက်နေတုန်းမို့

mgyoe.com

mgyoe.com
SAMPLE BOOK
အာဘလောဟန်က ဆောင့်ကြောင့်ထိုင်ချပြီး မြေသားနက်တစ်ဆုပ်ကော်ပြီး ဒဏ်ရာကို အုပ်လိုက်တယ်။ ငယ်ထိပ်ပေါ်က လေးလံတဲ့ အနာရှိန်က ခြေချောင်းဆယ်ချောင်းအထိ ထိုးဆင်းလာလို့ ခမျာ ခေါင်းနှစ်ခြမ်း ကွဲသွားသလို ခံစားနေရရှာတယ်။

လမ်းဖောက်လုပ်ရာဘေးဘက်တွေမှာ သေနတ်ကိုင် မိစ္ဆာကောင်တွေနဲ့ ပုဆိန်ရိုးစစ်သားတွေ ကျိုးတိုးကျဲတဲ ရပ်နေကြတယ်။ ကျာပွတ်ကိုင် အလုပ်ကြပ်တွေလည်း တစ္ဆေဝိညာဉ်တွေပမာ လမ်းဖောက်လုပ်ရာတစ်လျှောက် လှည့်လည်နေကြတယ်။ လမ်းဖောက်လုပ်ရာမှာ လျှောက်သွားနေတဲ့ အာဘလောဟန်ရဲ့ သွေးသံလူးလူး ခေါင်းကြီးကို မြင်တော့ ချွေးတပ်လုပ်အားပေးတွေ မျက်လုံးပြူး လန့်ဖျပ်ကုန်တယ်။ တံတားကျောက်တုံးတစ်တုံး သယ်ပြီး သုံးလေးလှမ်းလောက်ပဲ လှမ်းရသေး၊ အာဘ လောဟန်နောက်က ဗိုခနဲတစ်ချက်မြည်ပြီး တစ်ဆက်တည်းမှာ ရှည်လျားတဲ့ နာကျင်ဒဏ်တစ်ချက် သူ့ကျောပေါ် ကျရောက်လာတော့တယ်။ တံတားကျောက်တုံးကို လွှတ်ချလိုက်တဲ့အခါ သူ့ကို ကြည့်ပြီး ပြုံးစိစိ လုပ်နေတဲ့ ဟိုအလုပ်ကြပ်ကို မြင်ရတယ်။

အာဘလောဟန်က "ဆရာကြီးရယ်၊ ပြောစရာရှိရင် ကောင်းကောင်းပြောပါဗျာ၊ ဘယ့်နှယ် လူကို ရိုက်ချင်တိုင်း ရိုက်နေရတာတုံး" လို့ ပြောတယ်။

အလုပ်ကြပ်က ပြုံးစိစိနဲ့ စကားမပြောဘူး။ ကျာပွတ်ကိုသာ လွှဲပြီး သူ့ခါးကို နောက်တစ်ချက် ထပ်ဆော်ထည့်လိုက်တယ်။ ကျာပွတ်ဒဏ်ကြောင့် သူ့ကိုယ် နှစ်ပိုင်းပြတ်သွားတဲ့အလား ခံစားရလို့ အာဘလောဟန်မျက်ဝန်းထဲကနေ မျက်ရည်ပူတွေ လျှံကျလာတော့တယ်။ ငယ်ထိပ်ဆီကို ဆောင့်တက်လာတဲ့ သွေးတွေက မြေသားတွေနဲ့ ရောပြွမ်းခဲသွားပြီး ခေါင်းပေါ်မှာ ကွဲအက်တော့မယ့်အလား စွေ့စွေ့ကိုခုန်လို့။

"ဗိုလ်ကြီး…"

အာဘလောဟန် အော်တယ်။

ဗိုလ်ကြီးက ကျာပွတ်စာ နောက်တစ်ချက်ကျွေးတယ်။

"ဗိုလ်ကြီးရယ်၊ ကျုပ်ကို ဘာလို့ ရိုက်ရတာလဲဗျာ"

အာဘလောဟန် ပြောတယ်။

ဗိုလ်ကြီးက လက်ထဲကကျာပွတ်ကို ဝှေ့ယမ်းရင်း ပြုံးစိစိနဲ့ "နင့်ကို စောက်မှန်းကမ်းမှန်း သိအောင်လို့ဟေ့ ခွေးမသားရဲ့" လို့ ပြောတယ်။

အာဘလောဟန်လည်း လည်ချောင်းထဲ ဆို့နင့်၊ မျက်ရည်ကြောင့် မျက်လုံးတွေ မှုန်ဝါးလျက်နဲ့ပဲ ကျောက်ပုံထဲကနေ ကျောက်တုံးကြီးတစ်တုံးကို တံတားကလေးဘက်ဆီ ဒယိမ်းဒယိုင် သယ်သွားရရှာတယ်။ ခေါင်းတစ်ခုလုံး ဖောင်းပွနေပြီး မျက်လုံးတွေလည်း ပြာလို့နေပြီ။ မာကျောချွန်ထက်တဲ့ ကျောက်တုံးအချွန်အတက်တွေ ဝမ်းဗိုက်နဲ့ နံရိုးတွေကို လာထိုးနေတာတောင် နာလို့နာမှန်း ခမျာ မသိရှာတော့ဘူး။

အလုပ်ကြပ်ဟာ ကျာပွတ်ကိုင်လျက် မသွားသေးဘူး။ အာဘလောဟန်ခမျာ

mgyoe.com

mgyoe.com SAMPLE BOOK

ကျောက်တုံးသယ်ရင်း ရင်တမမနဲ့ သင်းရှေ့က ဖြတ်သွားရတယ်။ အလုပ်ကြပ်က အဘလောဟန်လည်ကုပ်ကို ကျာပွတ်စာ နောက်တစ်ချက် ထပ်ကျွေးတယ်။ အဘလောဟန် ကျောက်တုံးပွေ့လျက် ရှေ့ကို ယိုင်ထိုးပြီး မြေကြီးပေါ် ဒူးထောက်ကျတယ်။ လက်နှစ်ဖက်စလုံး ကျောက်တုံးပိလို့ပေါက်ပြဲ၊ မေးစေ့မှာလည်း ကျောက်တုံးနဲ့ ဆောင့်မိလို့ သွေးသံရဲရဲ။ အရိုက်ခံရလို့ အဘလောဟန် ကယောင်ကယင် ဖြစ်လာပြီး ကလေးတစ်ယောက်လို ယောင်တိယောင်တောင် ငိုချမိတယ်။ တစ်ချိန်တည်းမှာ သူ့ရဲ့ ဗလာဟင်းလင်း ဖြစ်နေတဲ့ ခေါင်းထဲမှာ နီရဲရဲ မီးတောက်တစ်ခုဟာလည်း တဖြည်းဖြည်း ထွန်းတောက်လာခဲ့တယ်။

သူက ကျောက်တုံးအောက်ကနေ လက်နှစ်ဖက်ကို မနည်းဆွဲထုတ်ပြီး မတ်တတ်ထတယ်။ ခါးက ခပ်ကုန်းကုန်း ဖြစ်နေလို့ မာန်ဖီနေတဲ့ ကြောင်ပိန်တစ်ကောင်နဲ့ တူနေတယ်။

အသက်လေးဆယ်ကျော်လောက်ရှိမယ့် လူလတ်ပိုင်းတစ်ယောက် အလုပ်ကြပ်ရှေ့ကို ပြုံးဖြဲဖြဲနဲ့ လျှောက်သွားပြီးတော့ အိတ်ကပ်ထဲကနေ ဆေးလိပ်ဘူး နှိုက်ပြီး တစ်လိပ်ကို အလုပ်ကြပ်ရဲ့ နှုတ်ခမ်းနား တရိုတသေ တေ့ပေးလိုက်တယ်။ အလုပ်ကြပ်က ဆေးလိပ်ကို လှမ်းခဲလိုက်ပြီး ဟိုလူ့ဘက်က မီးညှိပေးလာဖို့ကို စောင့်နေပြန်တယ်။

"ဒီလို နလပိန်းတုံးနဲ့ ဖက်ပြီး ဒေါသထွက်မနေပါနဲ့ ဆရာရယ်"

လူလတ်က ပြောတယ်။

အလုပ်ကြပ်က မီးခိုးကို နှာခေါင်းပေါက်ကနေ မှုတ်ထုတ်ပြီး တစ်ခွန်းမှ ပြန်မပြော။ ကျာပွတ်ကိုင်ထားတဲ့ သူ့ရဲ့ဝါကြင့်ကြင့်လက်ချောင်းတွေ ကတုန်ကယင် ဖြစ်နေတာ အဘမြင်လိုက်ရတယ်။

လူလတ်က ဆေးလိပ်ဘူးကို အလုပ်ကြပ်အိတ်ကပ်ထဲ ထည့်ပေးလိုက်တယ်။ အလုပ်ကြပ်လည်း မသိသလိုနဲ့ ဟင်းခနဲ တစ်ချက်ညည်း၊ အိတ်ကပ်ကို လက်နဲ့ဖိလို့ လှည့်ထွက်သွားတယ်။

"နောင်ကြီးက လူသစ်လား"

လူလတ်က မေးတယ်။

အဘလောဟန်က "ဟုတ်တယ်"လို့ ဖြေတယ်။

"ခင်ဗျား သူ့ကို နည်းနည်းပါးပါး ဂါရဝတရား မပြုလိုက်ဘူးလားဗျ"

"မတရားဘူး။ ခွေးတွေ။ မတရားဘူး။ သင်းတို့ ကျုပ်ကို ဖွတ်အတင်း ဖမ်းခေါ်လာတာ"

"သူ့ကို ပိုက်ဆံနည်းနည်းပါးပါး ပေးလိုက်လေ။ ဆေးလိပ်တစ်ဘူးဆိုလည်း ဖြစ်ပါတယ်။ အလုပ်လုပ်တဲ့ကောင်ကို မရိုက်ဘူး၊ အပါးခိုတဲ့ကောင်ကို မရိုက်ဘူး၊ စောက်မှန်းကမ်းမှန်း မသိတဲ့ကောင်ကိုပဲ ရွေးရိုက်တာ"

mgyoe.com

mgyoe.com
SAMPLE BOOK

ပြောပြီးတော့ လူလတ်လည်း ချေးတပ်လုပ်အားပေးလူအုပ်ထဲကို မောက်ကြွားကြွားနဲ့ ဝင်သွားတယ်။

တစ်မနက်ခင်းလုံး အာဘလောဟန်ခမျာ ဝိညာဉ်ပျောက်နေတဲ့ လူတစ်ယောက်လို ကျောက်တုံးတွေကိုချည်း တအားကုန် သယ်နေခဲ့တယ်။ နေပူရှိန်ကြောင့် ခေါင်းပေါ်က အနာဖေး မာခြောက်ခြောက်နဲ့ နာကျင်နေတယ်။ လက်ကလည်း သွေးအလိမ်းလိမ်း။ မေးစေ့ရိုး ဒဏ်ရာရလို့ သွားရည်တွေ တမျှားမျှား စီးကျနေတယ်။ အဲဟို နီညိုရောင်မီးတောက်ကတော့ သူ့ခေါင်းထဲမှာ ပြင်းတစ်ခါ ပျော့တစ်လှည့် လောင်မြိုက်နေဆဲ။ တစ်ချက်မှ ငြိမ်းမသွားခဲ့ဘူး။

နေ့လယ်ကျတော့ ကားသွားလို့ရရုံ ဖောက်ထားပြီးဖြစ်တဲ့ လမ်းမကနေ မြေဝါရောင်ကားတစ်စီး ခနော်ခနဲ့ မောင်းချလာတယ်။ သူ့နားထဲမှာ စူးရှရှ ခရာသံ တစ်ချက်ကြားလိုက်ရသလိုလို။ အဲဒီကားဆီကို မသာတစ်ပိုင်း ချေးတပ်လုပ်အားပေးတွေ ဒယိမ်းဒယိုင် လျှောက်သွားကြတာကိုလည်း မြင်နေရတယ်။ သူကတော့ မြေကြီးပေါ်မှာ ထိုင်ချ။ ခေါင်းထဲမှာ ဘာအတွေးမှ မရှိ။ ဟိုကားကြီး ဘာကိစ္စနဲ့ ရောက်လာတာကိုလည်း မသိချင်။ နီညိုညို မီးတောက်ကြီးကသာ တဟုန်းဟုန်း တောက်လောင်လို့ သူ့နားထဲမှာ တအုန်းအုန်း မြည်နေတယ်။

လူလတ် ရောက်လာပြီး သူ့ကို ဆွဲထူတယ်။

"သွားစို့ဗျာ နောင်ကြီး၊ ထမင်းစားလို့ရပြီ၊ ဂျပန့်ဆန်ကို သွားမြည်းကြည့်ပေ့"

အာဘလောဟန် မတ်တတ်ထပြီး လူလတ်နဲ့ လိုက်သွားတယ်။

ကားပေါ်ကနေ ဖြူဖွေးဖွေး ထမင်းတွေကို ပုံးလိုက်ကြီး ပုံးလိုက်ကြီး ချလာတာ။ ပန်းပြာရိုက် ကြွေပန်းကန်လုံးဖြူတွေ ထည့်ထားတဲ့ တောင်းကြီးတစ်လုံးလည်း ပါတယ်။ ပုံးအနားမှာ တရုတ်ငပိန်တစ်ယောက် ကြေးဝါယောက်မတစ်လက်နဲ့ ရပ်စောင့်နေတယ်။ တောင်းအနားမှာ တရုတ်ဝတုတ်တစ်ယောက် ပန်းကန်လုံးအထပ်လိုက်နဲ့ ရပ်စောင့်နေတယ်။ တစ်ယောက်ရောက်လာရင် သူက ပန်းကန်လုံးတစ်လုံး ပေးတယ်၊ တစ်ချိန်တည်းမှာ ကြေးဝါယောက်မကလည်း ပန်းကန်လုံးထဲကို ထမင်း ခပ်ထည့်ပေးတယ်။ အားလုံး ကားနံဘေးပတ်လည်မှာ ပါးဖြဲနားဖြဲ စားကြတယ်။ တူ မရှိဘူး။ လက်နဲ့ချည်း လွေးတာ။

ဟို အလုပ်ကြပ် ကျာပွတ်နဲ့ ပြန်လှည့်လာတယ်။ ခုနကလို အေးဆေးတဲ့ အပြုံးကြီးနဲ့ပဲ။ အာဘလောဟန်ခေါင်းထဲက မီးတောက် ဟုန်းခနဲ ထတောက်လာတယ်။ မီးတောက်က သူ့ရဲ့ မေ့မေ့ပျောက်ပျောက် ဖြစ်တော့မယ့် မှတ်ဉာဏ်ကို ထင်းထင်းကြီး ထိုးပြနေတယ်။ တစ်မနက်ခင်းလုံး ခံလာခဲ့ရတဲ့ အိပ်မက်ဆိုးဆန်ဆန် အဖြစ်ဆိုးကို သူ ပြန်မှတ်မိလာတယ်။ သေနတ်ကိုင် ကင်းစောင့်နေတဲ့ ဂျပန်စစ်သားတွေနဲ့ ပုဆိန်ရိုး စစ်သားတွေလည်း စုရုံးလာကြပြီး သံပုံးတစ်လုံးအနားမှာ ထမင်းဝိုင်းဖွဲ့စားကြတယ်။ ပုံးနောက်မှာ နှာရောင်ရှည်ရှည် နားရွက်ပြတ် အင်းခွေးတစ်ကောင် ထိုင်လျက်

mgyoe.com

mgyoe.com SAMPLE BOOK

လျှာတွဲလောင်းနဲ့ ဒီဘက်က လုပ်အားပေးတွေကို ကြည့်နေတယ်။

ပုံးပတ်လည်မှာ ဝိုင်းဖွဲ့စားနေကြတဲ့ ဆယ့်လေးငါးယောက်လောက်ရှိမယ့် မိစ္ဆာကောင်တွေနဲ့ ပုဆိန်ရိုးစစ်သားတွေကို အာဘလောဟန် တစ်ချက်ရေကြည့်ပြီးတဲ့နောက် ထွက်ပြေးဖို့ စိတ်ကူး ဘွားခနဲ ပေါ်လာခဲ့တယ်။ ထွက်ပြေးမယ်။ ဆန်ပြောင်းတောထဲသာ ဝင်သွားလို့ကတော့ ဒီခွေးရိုးမသားတွေ လိုက်ဖမ်းလို့ မမိနိုင်တော့ဘူး။ သူ့ခြေဖဝါးက ပူထူထူနဲ့ ချွေးတွေထွက်လာတယ်။ ထွက်ပြေးဖို့ စိတ်ကူးပေါ်လာပြီးကတည်းက သူ့စိတ်တွေ ဂနာမငြိမ်တော့ဘူး။ ကျာပွတ်ကိုင် အလုပ်ကြပ်ရဲ့ အေးဆေးတဲ့အပြုံးနောက်ကွယ်မှာ ဘာတွေ ဝှက်ထားသလဲ။ ဒီအပြုံးမျက်နှာကို မြင်ရတာနဲ့ အာဘလောဟန် ချက်ချင်း ခေါင်းရှုပ်လာတော့တယ်။

လုပ်အားပေးတွေ စားလို့တောင် မဝသေး။ တရုတ်ဝတုတ်က ပန်းကန်လုံးတွေ လိုက်သိမ်းနေပြီ။ လုပ်အားပေးတွေခမျာ ပုံးတွေထဲမှာ ကပ်ကျန်နေတဲ့ ထမင်းလုံးအကြွင်းအကျန်တွေကို ဘယ်သူမှ သွားမထိဝံ့ဘဲ ဒီအတိုင်း ကြည့်ရင်း ကိုယ့်နှုတ်ခမ်းကိုယ်သာ လျက်နေကြရရှာတယ်။ မြစ်မြောက်ဘက်ကမ်းက လားတစ်ကောင် ထဟီတယ်။ ဒီအသံကို အာဘလောဟန်မှတ်မိတယ်။ အဲဒါ အိမ်က လားနက်ကြီးရဲ့ အသံပဲ။ အသစ်ဖော်ထားတဲ့ မြေကွက်လပ်ထဲမှာ ရှိရှိသမျှ လား၊ မြင်းအားလုံး ကျောက်တလိမ့်တုံးအတပ်ခံထားရတယ်။ ဆန်ပြောင်းအကျိုးအပြတ်တွေ အတုံးအရုံး ပြန့်ကျဲနေတယ်။ ချိုးဖျက်နင်းခြေခံထားရတဲ့ ဆန်ပြောင်းရိုးတံရွက်တွေကို လား မြင်းတွေ စိတ်မပါလက်မပါ စားနေကြတယ်။

ညနေကျတော့ နှစ်ဆယ်ကျော်အရွယ် လူငယ်တစ်ယောက် အလုပ်ကြပ်အလစ်မှာ ဆန်ပြောင်းတောထဲ လှစ်ခနဲ ပြေးဝင်သွားတာ ကျည်ဆန်စာမိသွားတယ်။ ဆန်ပြောင်းတောစပ်မှာ ကားရားမှောက်ကျပြီး တုတ်တုတ်မလှုပ်။

နေညိုတော့ မြေဝါရောင် မော်တော်ကားကြီး ရောက်လာပြန်တယ်။ ဆန်နဲ့ချက်တဲ့ ဟိုထမင်းတစ်ကော်ကို အာဘလောဟန် အကုန်စားလိုက်တယ်။ ဆန်ပြောင်းနဲ့ချက်တဲ့ ထမင်းကိုသာ စားနေကျဖြစ်တဲ့ သူ့အစာအိမ်က ဒီလို မှိုနံ့ထောင်းထောင်းဆန်ထမင်းမျိုးကို လုံးဝ လက်မခံနိုင် ဖြစ်နေပေမယ့် သူ ကြိတ်မှိတ်မျိုချခဲ့ပါတယ်။ ထွက်ပြေးချင်စိတ်က ပြင်းပြသထက် ပြင်းပြလာတယ်။ လေးငါးမိုင်အကွာ ရွာထဲကသူနဲ့ သက်ဆိုင်တဲ့ ကစော်နံ့ ထုံသင်းတဲ့ ခြံဝင်းကို သူ လွမ်းမိတယ်။ ဂျပန်တွေရောက်လာတော့ သူ့ရဲ့ အရက်ချက်ရဲဘော်တွေ ထွက်ပြေးကုန်ပြီ။ အငွေ့တထောင်းထောင်းထနေတဲ့ အရက်ချက်အိုးကြီးလည်း အေးစက်နေပြီ။ ကျွန်တော့်ဘွားဘွားနဲ့ကျွန်တော့်အဖေကို သူ ပိုလို့တောင် လွမ်းမိသေးတယ်။ ဆန်ပြောင်းရွက်ပုံကြီးဘေးမှာဘွားဘွား ပေးခဲ့တဲ့ အကြင်နာ နွေးထွေးမှုတွေကို သူ့မှာ တစ်သက် မမေ့နိုင်။

ညစာစားပြီးတော့ သစ်သားတိုင်တွေနဲ့ စည်းရိုးခတ်ထားတဲ့၊ ရွက်ဖျင်မိုးထားတဲ့

mgyoe.com

ဝင်းခြံတစ်ခုထဲ လုပ်အားပေးတွေကို မောင်းသွင်းလိုက်တယ်။ ထင်းရှူးတိုင်တွေကို ပဲတီစိမ်းလုံးပတ်လောက်ရှိတဲ့ နန်းကြိုးတွေနဲ့ ပူးကပ်ချည်ထားတာ။ ဝင်းတံခါးက သံတိုင်တုတ်တုတ်ကြီးတွေကို ဂဟေဆော်ထားတဲ့ဟာ။ မိစ္ဆာကောင်တွေနဲ့ ပုဆိန်ရိုးစစ်သားတွေက ရွက်ဖျင်တဲနှစ်လုံးကို တစ်လုံးစီ ခွဲဝေယူထားတယ်။ ရွက်ဖျင်တဲတွေက ဝင်းထရံနဲ့ ဆယ်လှမ်းအကွာလောက်မှာ။ ဟို အင်းခွေးကို မိစ္ဆာကောင်တွေရဲ့ တဲဝမှာ လံထားတယ်။ တဲဝမှာ တိုင်အမြင့်ကြီးတစ်တိုင် စိုက်ထားပြီး အဲဒီတိုင်မှာ မီးအိမ်နှစ်လုံး ချိတ်ထားတယ်။ မိစ္ဆာကောင်တွေနဲ့ ပုဆိန်ရိုးစစ်သားတွေ အလှည့်ကျ ကင်းစောင့်၊ ကင်းလှည့်ကြတယ်။ လား၊ မြင်းတွေကို ဝင်းခြံအနောက်ဘက်က ဆန်ပြောင်းပုံပေါ်မှာ တစုတစည်းတည်း လံထားတယ်။ အဲဒီမှာ မြင်းချည်တိုင်တွေ အများကြီး စိုက်ထားတယ်။

ဝင်းခြံထဲမှာ အနံ့ဆိုးက မိုးမွှန်တယ်။ တချို့က အိပ်ပျော်လို့ ဟောက်နေတယ်။ တချို့က ဝင်းထောင့်က သံပုံးထဲ သေးပန်းနေတာ ကျောက်စိမ်းခွက်ထဲ ပုလဲကျသံပမာ။ မီးတိုင်က တစ်ဝင်းလုံးကို မှုန်ပျပျ အလင်းပေး။ ကင်းလှည့်နေတဲ့ အရိပ်ရှည်တွေက မီးရောင်ထဲမှာ လှုပ်တုတ် လှုပ်တုတ်။

တဖြည်းဖြည်း ညဥ့်နက်လာပြီ။ ဝင်းခြံထဲက အအေးဓာတ်ဟာ အရိုးခိုက်တယ်။ အာဘလောဟန် မအိပ်နိုင်ဘူး။ ထွက်ပြေးချင်နေတုန်း။ ကင်းသမားခြေသံတွေက တစ်ဝင်းလုံး ပတ်လို့ည်။ အာဘလောဟန် တုတ်တုတ်မလှုပ်ဝံ့ဘဲ လှဲနေလိုက်တာ အိပ်တောင် ပျော်သွားတယ်။ အိပ်မက်ထဲမှာ ခေါင်းကို ဓားချွန် စိုက်ခံထားရပြီး လက်ကလည်း သံပူကို ဆုပ်ကိုင်ထားတယ်။ နိုးလာတော့ တစ်ကိုယ်လုံး ချွေးတွေရွှဲ။ ကြောက်သေးပေါက်ချလို့ ဘောင်းဘီတစ်ထည်လုံးလည်း ရွဲ။ အဝေးက ရွာဆီကနေ လွင့်ပျံ့လာတဲ့ ခူးရှရှ ကြက်တွန်သံ။ လားမြင်းတွေ ခွာရှပ်ကြပြီ၊ နှာမှုတ်ကြပြီ။ ရွက်ဖျင်မိုးအပေါက်အပြဲ ကြားထဲကနေ ကြယ်တွေက ပုန်းလျှိုးကွယ်လျှိုး။

နေ့ဘက်တုန်းက အာဘလောဟန်ကို ကူညီခဲ့တဲ့ ဟိုလူလတ် တိတ်တဆိတ် ထထိုင်တယ်။ အမှောင်ထဲမှာ ဖြစ်ပေမယ်လို့ သူ့ရဲ့ မီးတောက်လုံးပမာ မျက်လုံးအစုံကို အာဘလောဟန်က မှတ်မိတယ်။ အာဘလောဟန်လည်း ဒီလူလတ်ဟာ ခေသူ မဟုတ်မှန်း ရိပ်မိသမို့ သူ ဘာလုပ်မလဲ ဆိုတာကို ငြိမ်ငြိမ်ကလေး လှဲရင်း စောင့်ကြည့်နေမိတယ်။

လူလတ်က ဝင်းတံခါးဝမှာ ဒူးထောက်ပြီး လက်နှစ်ဖက်ကို မြှောက်တယ်။ လှုပ်ရှားပုံက အတော့်ကို နှေးတယ်။ အာဘလောဟန်က သူ့ကျောကုန်းကို ကြည့်တယ်။ လျှို့ဝှက်ဆန်းကြယ်မှုတွေ ရှိနေတဲ့ သူ့ဦးခေါင်းကို ကြည့်တယ်။ လူလတ်က ကီတစ်ချက်သွင်း၊ ဘေးတစ်ဖက်စောင်းပြီး သံတိုင်နှစ်တိုင်ကို လေးတင်သလို ဆတ်ခနဲ ဆွဲဖြဲလိုက်တယ်။ သူ့မျက်လုံးက ထုတ်လွှတ်တဲ့ အစိမ်းရင့်ရောင် အလင်းတွေက အရာဝတ္ထုနဲ့ ထိတဲ့အခါ အသံမြည်တော့မတတ်ပဲ။ သံတိုင်နှစ်တိုင်လည်း အသံတိတ် ပြဲကားလို့ ပွင့်သွားပြီ။ ဝင်းတံခါး အပြင်ဘက်ကနေ မီးရောင်၊ ကြယ်ရောင်တွေ

mgyoe.com

mgyoe.com SAMPLE BOOK

အရင်ကထက် ပိုလို့တိုးဝင်လာပြီး ဘယ်သူ့ဟာမှန်းမသိတဲ့ ဦးမော့နေတဲ့ ဖိနပ်စုတ်တစ်ဖက်ပေါ်ကို အလင်းကျတယ်။ လှည့်ကင်း ဒီဘက်ကို လာနေပြီ။ ဝင်းထရံကနေ အရိပ်မည်းတစ်ခု ပျံထွက်လာတာ အာဘလောဟန် မြင်လိုက်ရတယ်။ မိစ္ဆာကောင် ကင်းသမားလည်း အီသံတစ်ချက် မြည်ပြီး လူလတ်လက်မောင်းကြီးရဲ့ အပွေ့ထဲမှာ မြေကြီးပေါ် အသံတိတ်လဲကျသွားတယ်။ လူလတ်လည်း မိစ္ဆာကောင်ရဲ့ ရိုင်ဖယ်ကိုဆွဲပြီး တိတ်တဆိတ်ပျောက်ကွယ်သွားတယ်။

တစ်အောင့် ကြာတော့မှ မျက်စိရှေ့မှာ ဘာတွေ ဖြစ်ခဲ့မှန်း အာဘလောဟန် သဘောပေါက်လာတယ်။ လက်စသတ်တော့ လူလတ်ဟာ သိုင်းပညာကျွမ်းကျင်တဲ့ လူစွမ်းကောင်းပေပဲ။ လူစွမ်းကောင်းကတောင် လမ်းဖွင့်ပေးလာနေမှတော့ ဘာလုပ်ရဦးမလဲ၊ ထွက်ပြေးရုံ ရှိတာပေါ့။ အာဘလောဟန်လည်း ဟိုအပေါက်ကြားကနေ သတိကြီးစွာ ကုတ်ကတ်ထွက်သွားတယ်။ ဟိုမိစ္ဆာကောင် မသာကတော့ ကားရားပက်လက်။ ခြေတစ်ဖက်က ဆန့်တငင်ငင် ရှိနေသေး။

ဆန်ပြောင်းတောထဲ ရောက်သွားတော့မှ အာဘလောဟန် ခါးပြန်မတ်ပြီး မြောင်းအတိုင်း ဆက်လျှောက်၊ ဆန်ပြောင်းတွေကို အတတ်နိုင်ဆုံး ရှောင်ကာ အသံမထွက်ဘဲ မင်ရည်မြစ်ကမ်း တာရိုးပေါ်ကို တက်သွားတယ်။ မောင်ရှင်ဆိုင်းထမ်းခေါင်းတည့်တည့်ရောက်လို့ အရဏ်တက်ခါနီး အမှောင်ထုကြီး ကျရောက်ပြီ။ မင်ရည်မြစ်ထဲ ကြယ်ရောင်တွေ မှိတ်တုတ် မှိတ်တုတ်။ တာရိုးပေါ်မှာ ကတ်ကတ်သတ်သတ်ရပ်နေရတဲ့ အာဘလောဟန်ခမျာ ချမ်းလွန်းလို့ အရိုးတွေခိုက် သွားချင်းရိုက်။ မေးစေ့အနာရှိန်ကလည်း ပါးချိတ်အထိ၊ နားအထိ တက်လာပြီး ငယ်ထိပ်ပေါ်က ပြည်တည်နေသလို ကိုက်ခဲနေတဲ့ အနာရှိန်နဲ့ ရောပြွမ်းသွားတယ်။ ဆန်ပြောင်းရည်တွေ ရောနှောနေတဲ့ လေအေးတွေ သူ့ရဲ့ နှာခေါင်းထဲ၊ အဆုတ်ထဲ၊ အစာအိမ်ထဲ ဝင်ရောက်သွားတယ်။ တစ္ဆေမီးပမာ ဟိုတိုင်ပေါ်က မီးအိမ်နှစ်လုံးကတော့ မြူထဲမှာ လင်းလျက်။ မည်းမည်းတူးတူး ထင်းရှူးသား ခြံစည်းရိုးဟာ ရောမ သင်္ချိုင်းဂူနဲ့ တူနေသလိုလို။ ဒီလောက်လွယ်လွယ် ထွက်ပြေးလွတ်မြောက်လာမယ်လို့ အာဘလောဟန် ယုံတောင် မယုံဝံ့။ ခြေအစုံက သူ့ကို ဆွေးမြည့်နေတဲ့ သစ်သားတံတားကလေးဆီ ခေါ်ဆောင်လာခဲ့တယ်။ ငါးတွေ ရေမှာ ကျွမ်းပြန်။ တသွင်သွင် ရေစီးသံ။ ကြယ်ကြွေအလင်းတန်း။ ဘာမှမဖြစ်ခဲ့သလိုပါပဲလား။ ဘာမှ မဖြစ်ခဲ့ပါဘူး။ အမှန်က အာဘလောဟန်ဟာ ရွာထဲကိုပြန်ပြေးပြီး၊ ပုန်းနေ၊ အောင်းနေ၊ ဒဏ်ရာအနာကျက်အောင်နေပြီးတော့ ဘဝဆက်နေလို့ရပါပြီ။ ဒါပေမဲ့ သစ်သားတံတားပေါ် ရောက်တဲ့အခါမှာတော့ မြစ်တောင်ဘက်ကမ်းက အငြိမ်မနေနိုင်တဲ့ လားတစ်ကောင်ရဲ့ ဟီခနဲ သံကုန်ဟစ်သံကို ကြားလိုက်ရတာနဲ့ အာဘလောဟန်လည်း လားအတွက် နောက်ပြန်လှည့်သွားလိုက်ရာက ရဲရဲတောက် အလွမ်းဓာတ်ထုပ်ကြီး တစ်ပုဒ် ရေးဖို့ အကြောင်းဖန်လာပါတော့တယ်။

mgyoe.com

mgyoe.com SAMPLE BOOK

လား၊ မြင်းတွေကို ခြံဝင်းနဲ့ မလှမ်းမကမ်းက ချည်တိုင်တွေမှာ လံထားတာ။ သင်းတို့အောက်ပိုင်းမှာ ချေးနဲ့သေးနဲ့က တထောင်းထောင်း။ မြင်းတွေနှာမှုတ်၊ လားတွေက ချည်တိုင်ကိုခဲ။ မြင်းတွေက ဆန်ပြောင်းရိုးတံကို ကိုက်လို့ဝါး၊ လားတွေက ချေးအရည်ကျဲတွေ ပန်းလို့ယို။ အာဘလောဟာန်လည်း လား၊ မြင်းအုပ်ထဲ တစ်လှမ်း သုံးမှောက် တလိမ့်ခေါက်ကြီး တိုးဝင်သွားတယ်။ အိမ်က လားနက်ကြီးနှစ်ကောင်ရဲ့ ရင်းနှီးပြီးသား အနံ့ကို သူရှူမိတယ်။ အိမ်က လားနက်ကြီးနှစ်ကောင်ရဲ့ ရင်းနှီးပြီးသား ကိုယ်နေဟန်ထားကို သူ မှတ်မိတယ်။ သူက ဒုက္ခဖော်တွေကို ကယ်တင်ဖို့ ရှေ့တိုးသွားတယ်။ ဒါပေမဲ့ အဲဒီ လားဆိုတဲ့ လူလို မသိတတ်တဲ့ တိရစ္ဆာန်တွေက ချက်ချင်းပဲ ဖင်ကို လှည့်ပြီး ခွာထပေါက်တယ်။ အာဘလောဟာန်က "လားနက်ရေ၊ လားနက်ရေ၊ တို့ အတူပြေးကြရအောင်လားကွာ" လို့ တတွတ်တွတ်ခေါ်ရှာတယ်။ ဒါကို လားတွေက ဒေါသတကြီးနဲ့ ဟိုလှည့် ဒီလှည့် လုပ်ပြီး ကိုယ့်ပိုင်နက်ကိုယ် ကာကွယ်နေလိုက်သေးသဗျာ။ သင်းတို့က ကိုယ့်သခင်တောင် မမှတ်မိကြတော့ဘူးလေ။ သူ့ကိုယ်ပေါ်က လတ်ဆတ်တဲ့ ဆွေးမြည့်တဲ့ သွေးညှီနံ့တွေ၊ သူ့ကိုယ်ပေါ်က လတ်ဆတ်တဲ့ ဆွေးမြည့်တဲ့ ဒဏ်ရာတွေက သူ့ကို ပြောင်းလဲပစ်လိုက်ပြီဆိုတာ အာဘလောဟာန် မသိခဲ့ဘူး။ စိတ်ရှုပ်ရှုပ်နဲ့ အာဘလောဟာန် ရှေ့တစ်လှမ်း တိုးဝင်လိုက်တော့ လားကလည်း ခွာပျံတစ်ချက်နဲ့ သူ့တင်ပါးဆုံရိုးကို ပေါက်ထည့်လိုက်တယ်။ အဘိုးကြီး ဘေးတိုက်လွင့်ထွက်သွားပြီး မြေကြီးပေါ် ဖုတ်ခနဲ ကျလို့ ကိုယ်တစ်ပိုင်း ထုံတက်လာတယ်။ လားက ဖင်ထောင်ပြီး ခွာပေါက်လို့ နေသေး။ သံခွာက လတ်စဉ်ကွေးပမာ လင်းလက်လို့။ အာဘလောဟာန်ရဲ့ တင်ပါးဆုံရိုး ပူစပ်ရောင်ကိုင်းပြီး လေးလံလာတယ်။ သူ ပြန်ထတယ်။ မှောက်ကျတယ်။ မှောက်ကျလည်း ပြန်ထတယ်။ ရွာထဲက အသံယှဲ့ယှဲ့နဲ့ ကြက်ဖကြီး တွန်လာပြန်ပြီ။ အမှောင်ထုလည်း တဖြည်းဖြည်း ဆုတ်ခွာသွားပြီ။ မောင်ရှင်ဆိုင်းထမ်း ကြယ်သုံးပွင့်လည်း ပို၍ လင်းလက်တောက်ပလာလို့ လားရဲ့ မျက်လုံးတောက်တောက် ဖင်ပြောင်ပြောင်တွေလည်း တောက်တောက်ပြောင်ပြောင် ဖြစ်လာတော့တယ်။

"ဒီ တိရစ္ဆာန်နှစ်ကောင်တော့ကွာ"

အာဘလောဟာန် ဒေါသမီး ထောင်းခနဲ ထတောက်လာလို့ လူးလွန့်ထပြီး ထက်မြတဲ့ လက်နက်တစ်ခု လိုက်ရှာတယ်။ ရေနုတ်မြောင်းဖောက်ရာနေရာမှာ တူးရွင်းတစ်လက် ရှာတွေ့တယ်။ သူက မကြောက်မလန့် လျှောက်သွားတယ်။ အော်ဟစ်ဆဲဆိုတယ်။ ခြေလှမ်းတစ်ရာ အနီးအနားမှာ လူတွေ၊ ခွေးတွေ ရှိသေးတယ် ဆိုတာကို သူ မေ့သွားပြီ။ သူက လွတ်လွတ်လပ်လပ်ပဲ။ မလွတ်လပ်တာ ကြောက်နေလို့ပါ။ အရှေ့အရပ်မှာ တဖြည်းဖြည်း ထွက်ပြူလာနေတဲ့ ဖန်နေဝန်းက ရောင်နီတွေဖြာ။ အရဏ်ကျင်းခါနီး ဆန်ပြောင်းတောထဲ တိတ်ဆိတ်နေလိုက်တာ အချိန်မရွေး ထပေါက်ကွဲတော့မယ့်အလား။ အရဏ်ဆည်းဆာကို မျက်နှာမူလျက် အာဘလောဟာန် ဟို

mgyoe.com

mgyoe.com SAMPLE BOOK

လားနှစ်ကောင်ဆီ လျှောက်သွားတယ်။ လားနက်တွေကို သူ အရိုးစွဲအောင် မုန်းသွားပြီ။ လားတွေက ငြိမ်ငြိမ်ကလေး မလှုပ်မယှက် ရပ်နေတယ်။ အဘလောဟန်က လားနက်တစ်ကောင်ရဲ့ နောက်ခြေတစ်ချောင်းကို တူးရှင်းနဲ့ သေချာချိန်ပြီး တအား ထိုးထည့်လိုက်တယ်။ လားရဲ့ နောက်ခြေပေါ်ကို အေးစက်စက်အရိပ်တစ်ခု ကျရောက်သွားတယ်။ လားလည်း နှစ်ချက်လောက် ခွေယိုင်သွားပြီး ချက်ချင်း ပြန်တောင့်၊ ခေါင်းပိုင်းကနေ ကြမ်းတမ်းမာန်ပါ ထိတ်လန့်မာန်ရှတဲ့ ဟီးသံကြီး မြည်ဟည်းလာတယ်။ တစ်ဆက်တည်းမှာ ဒဏ်ရာရတဲ့လားက ဖင်ထောင်လိုက်တာ မိုးရွာချသလို စဉ်ကျလာတဲ့ သွေးပူပူတွေနဲ့ အဘလောဟန်မျက်နှာတစ်ခုလုံး စိုရွှဲသွားတယ်။ အဘလောဟန်က အလစ်အဟာကို အမိအရ ချိန်ရွယ်ပြီး လားရဲ့ နောက်ခြေ နောက်တစ်ဖက်ကို ထပ်တွယ်ထည့်လိုက်တာ လားနက်ကြီးလည်း တစ်ချက်ညည်းပြီး မြေကြီးပေါ် ဖုတ်ခနဲ ဖင်ထိုင်ကျတယ်။ ရှေ့ခြေနှစ်ချောင်းကတော့ ရပ်လျက်။ လည်ပင်းကလည်း ဇက်ကြိုးကြောင့် ဆန့်လျက်။ ပါးစပ်ကလည်း ခုချိန်မှာ မွဲပြာရောင်ဖြစ်နေပြီဖြစ်တဲ့ ကောင်းကင်ဆီကို မော့ကာ ညည်းလျက်။ တူးရှင်းက လားဖင်အလေးကြီးအောက်မှာ ပိလို့နေ။ အဘလောဟန်လည်း ဆောင့်ကြောင့်ကြီး ဖြစ်လို့နေ။ သူက တူးရှင်းကို အားကုန်သုံးပြီး ပြန်ဆွဲနုတ်တယ်။ တူးရှင်းသွားက လားပေါင်ရိုးထဲ နက်နက်ကြီး စိုက်ဝင်နေသလား သူ အောက်မေ့မိတယ်။ နောက် လားနက်တစ်ကောင်ကတော့ ခွေလဲကျသွားတဲ့ သင်းအဖော်ကို ကြောင်တောင်တောင် ငေးစိုက်ကြည့်ရင်း ငိုသလိုလို၊ တောင်းပန်သလိုလို အော်ညည်းနေရှာတယ်။

အဘလောဟန်က တူးရှင်းကို တရွတ်ဆွဲပြီး သင်းအနားကပ်သွားလို့ သင်းလည်း နောက်ကို တအားကုန် ဆုတ်နေလိုက်တာ ဇက်ကြိုးတောင် ပြတ်တော့မလားပဲ။ ချည်တိုင်ကလည်း တဖျပ်ဖျပ်မြည်လို့။ သင်းရဲ့ လက်သီးဆုပ်အရွယ် မျက်လုံးအစုံထဲက လည်း နက်ပြာရောင်အလင်းတွေ စီးထွက်ကျနေတယ်။

"ကြောက်ပြီလားကွ တိရစ္ဆာန်ကောင်ရဲ့။ နင့်မာန်စွယ်တွေ ဘယ်ရောက်ကုန်ပြီလဲ တိရစ္ဆာန်ကောင်ရဲ့။ နင်လို ကျေးဇူးကန်းတဲ့၊ အရိပ်နေနေ အခက်ချိုးချိုး သူခိုး ဓားရိုးကမ်းတဲ့အကောင်ရဲ့။ ပြည်ပအားကိုး ပုဆိန်ရိုး မျိုးမစစ်တဲ့အကောင်ရဲ့"

အဘလောဟန်က ဒေါသတကြီး ဆဲဆိုရေရွတ်ရင်း လားနက်မျက်နှာရှည်မျောမျော ကို တူးရှင်းနဲ့ ထိုးထည့်လိုက်တာ ချည်တိုင်မှာ စိုက်သွားတယ်။ အထက်အောက်ဘယ်ညာ လှုပ်ခါနုတ်တော့မှ ချည်တိုင်ကနေ တူးရှင်းပြန်ပြုတ်လာတယ်။ လားနက်ခမျာ ရုန်းနေလိုက်တာ နောက်ခြေဆိုရင် လေးကိုင်းသဏ္ဌာန် ကွေးညွတ်သွားပြီ။ အမွေးပါးပါး အမြီးဟာ မြေကြီးပေါ်မှာ တရှပ်ရှပ်မြည်။ အဘလောဟန်က လားမျက်နှာကို သေချာ ချိန်ပြီး ဖျတ်ခနဲ တစ်ချက်ထိုးထည့်လိုက်တာ တူးရှင်းက လားခေါင်းတည့်တည့်ကိုမှန်ပြီး မာကျောတဲ့ ဦးခေါင်းခွံနဲ့ တူးရှင်းသွား ထိခတ်သွားလို့ သိမ့်ခနဲ တုန်လာတဲ့အရှိန်က တူးရှင်းရိုးတစ်လျှောက် ကူးစက်လာလိုက်တာ အဘလောဟန်ရဲ့ လက်အစုံတောင် ထုံခနဲ

mgyoe.com

mgyoe.com
SAMPLE BOOK

ကျဉ်တက်လာတယ်။ လားနက်က ပါးစပ်ကြီးဖွေ့လျက် အသံမထွက်၊ ခွာတွေပေါက်၊ ခြေတွေခေါက်ပြီး နောက်ဆုံးကျမှ တောင့်မထားနိုင်တော့ဘဲ နံရုံထူကြီးတစ်ချပ်ပြိုလဲကျသလို ဗိုင်းခနဲ လဲကျသွားလိုက်တာ ဖက်ကြိုးပါ ပြတ်ထွက်တယ်။ တစ်ပိုင်းကချည်တိုင်မှာ တန်းလန်းကျန်ခဲ့၊ ကျန်တစ်ပိုင်းက လားမျက်နှာနားမှာ ခွေလျက်။ အဘလောဟန်လက်မှိုင်ချလျက် အသံတိတ် မတ်တတ်ရပ်နေတယ်။ တူးရှင်းရိုးက လားခေါင်းထက်မှာခပ်ဖွေဖွေ မိုးပေါ်ထောင်လျက်။ ဟိုဘက်နားမှာ ခွေးသံ၊ လူသံ ကြားရပြီ။ မိုးလင်းပြီလေ။ အရှေ့အရပ်က ဆန်ပြောင်းတောမှာ ရောင်နီဖြာပြီ။ အဘလောဟန်ရဲ့ တစ်ဝက်ဟာဖြဲမှောင်မည်းမည်း ပါးစပ်ဟောင်းလောင်းထဲကို နေရောင်ခြည် ကျရောက်လာတယ်။

✧

mgyoe.com

mgyoe.com SAMPLE BOOK

# ၄

တာရိုးပေါ်ရောက်တော့ တန်းစီ ချီတက်လာခဲ့တဲ့ တပ်ဖွဲ့အပေါ်ကို မြူထဲက ရုန်းထွက်လာခါစ ရောင်နီက အလင်းဖြာကျတယ်။ အားလုံးနည်းတူ ကျွန်တော့်အဖေလည်း မျက်နှာ တစ်ခြမ်းနီ တစ်ခြမ်းစိမ်း ဖြစ်လျက် သူတို့နဲ့အတူ မင်းရည်မြစ်ပေါ်က လွင့်ပြယ်ခါစ မြူခိုးတွေကို ကြည့်လို့လာခဲ့တယ်။ မြစ်တောင်ဘက်၊ မြစ်မြောက်ဘက်တို့ကနေ ကားလမ်းမနဲ့ ဆက်နေတာက မင်းရည်မြစ်ကို ဖြတ်ထိုးထားတဲ့ ခုံးဆယ့်လေးပေါက် ကျောက်တံတားကြီး။ မူလ သစ်သားတံတားလေးက အနောက်ဘက်ခြမ်းမှာ။ တံတားက သုံးလေးငါးပိုင်းလောက် ပြတ်လို့နေပြီ။ ညိုတိုတို တံတားတိုင်တချို့ ရေထဲမှာ ငုတ်တုတ်ကျန်လို့ လှိုင်းကြက်ခွပ်ဖြူတွေနဲ့သာ အတိုက်အခံ လုပ်နေကြရရှာတယ်။ လွင့်ပြယ်စ မြူခိုးအောက်က မြစ်ရေမျက်နှာပြင်ပေါ်မှာ အနီတွေ၊ အစိမ်းတွေနဲ့ ကြောက်စရာကောင်းနေတယ်။ တာရိုးပေါ်ကနေ လှမ်းမျှော်ကြည့်လိုက်ရင် တောင်အရပ်က အဆုံးမရှိ ကျယ်ပြောလှတဲ့ ဆန်ပြောင်း၊ ကျောက်ပျဉ်ပမာ ပြန့်ပြူးလှတဲ့ ကောက်နှံမျက်နှာပြင်ကို မြင်ရလိမ့်မယ်။ သူတို့တစ်တွေ တုတ်တုတ်မလှုပ်။ ဆန်ပြောင်းနှံတစ်ခုစီဟာ အနီရင့်ရောင် ရင့်ကျက်တဲ့ မျက်နှာသွင်ပြင် ဖြစ်တယ်။ ဒါကြောင့်မို့ တချို့ ဆန်ပြောင်းတွေက အင်အားကြီးတဲ့ အစုအဖွဲ့ကြီးတစ်စုအဖြစ် ပေါင်းစုမိကြပြီး မဟာအတွေးအခေါ် တစ်ခုအနေနဲ့ ဖြစ်ပေါ်လာကြတယ်။ အဲဒီတုန်းက ကျွန်တော့်အဖေဟာ ငယ်သေးသမို့ ဒီလို ပလီပလာစကားတွေ ပြောတတ်တဲ့ စိတ်ကူးမျိုး မရှိသေးပါဘူး။ ဒါတွေဟာ ကျွန်တော့်

mgyoe.com

mgyoe.com
SAMPLE BOOK

စိတ်ကူးမျှသာပါ။

အချိန်ဆိုတဲ့ ပန်းကနေ သီးပွင့်လာမယ့် အခိုက်အတန့်ကို ဆန်ပြောင်းတွေရော လူတွေပါ စောင့်မျှော်နေကြတယ်။

ကားလမ်းက တောင်အရပ်ဆီကို တန်းတန်းမတ်မတ် ဆင်းသွားတယ်။ ဝေးလေကျဉ်းလေနဲ့ နောက်ဆုံးမှာ ဆန်ပြောင်းတောထဲ ပျောက်ကွယ်သွားတယ်။ ဟိုအဝေးဆုံးနေရာက ပြာနှမ်းနှမ်း လေးကိုင်းသဏ္ဍာန် မိုးကုပ်စက်ဝိုင်းအစပ်နဲ့ တစ်ဆက်တည်းဖြစ်နေတဲ့ ဆန်ပြောင်းတွေအထက်မှာလည်း အလားတူ နေထွက်ပြုစ လွှမ်းဆွတ်ကြေကွဲဖွယ် ရှုခင်းမျိုး ရှိနေတယ်။

ဒီနံ့နံ့အအ ပြောက်ကျားတပ်ဖွဲ့ဝင်ရဲဘော်တွေကို ကျွန်တော့်အဖေ အံ့သြခြင်းတစ်ဝက် ရောယှက်ရက် ကြည့်နေမိတယ်။ သူတို့တစ်တွေ ဘယ်က လာကြတာလဲ။ ဘယ်ကို သွားကြမလို့လဲ။ ဘာလို့ ဒီမှာ လာပြီး ချုံခိုတိုက်ကြရတာလဲ။ ချုံခိုတိုက်ပြီးရင်ကော ဘာဆက်လုပ်ကြမှာလဲ။ ဆိတ်ငြိမ်မှုထဲမှာ တံတားပြတ်က ထွက်လာတဲ့ရေသံက ပိုလို့ ထင်ရှားလာတယ်၊ ပိုလို့ ကြည်လင်လာတယ်။ နေရောင်တွေ့လို့ မြူတွေလည်း မြစ်ရေထဲ ကျကုန်ပြီ။ မင်ရည်မြစ်လည်း နီညိုညိုကနေ နီရွှေရွှေ ဖြစ်လာပြီ။ မြစ်တစ်ပြင်လုံး ဖိတ်ဖိတ်တောက်ရက်။ ရေစပ်မှာ ရွက်ဝါတွေ ငိုက်စိုက်ကာ အထီးကျန်တဲ့ရေမျောပင်တစ်ပင် ရှိတယ်။ တစ်ချိန်က မော်ကြွားခဲ့ဖူးတဲ့ ပိုးမျှင်ကောင် ပုံသဏ္ဍာန်ပန်းပွင့်တွေခမျာ ကိုင်းရွက်တွေကြားမှာ ဖြူရော်ရော် တွဲလောင်းကျနေကြရှာတယ်။ ကဏန်းရာသီ ရောက်လာပြန်ပါပကော။ အဖေ့အတွေးထဲမှာ ဆောင်းဦး လေသာ၊ ချမ်းလာသောခါ၊ တောင်နီးတစ်အုပ် တောင်ဘက်ပျံ... အဘလောဟန်က ဖမ်းပေ့တို့ကွမ်း... ဖမ်းဟ။ ကဏန်းခြေတံ သွယ်လျလျတွေက နူးညံ့တဲ့ မြစ်သောင်ပြင်ထက်မှာ ခြူးပန်းခြူးနွယ်တွေ အပြည့်ရိုက်ခဲ့တယ်။ ကဏန်းတွေမှာသာ ရှိတဲ့ ညှီနံ့သင်းသင်းကို မြစ်ရေထဲကနေ အဖေ အနံ့ခံနိုင်ခဲ့တယ်။ ဂျပန်ခုခံရေး မတိုင်ခင်တုန်းက အိမ်မှာ စိုက်ထားတဲ့ ဘိန်းပန်းတွေကို ကဏန်းအနှစ်ကျွေးဖူးတယ်။ ပွင့်လာတဲ့ ပန်းပွင့်တွေဆိုတာ ဖူးနေတာပဲ၊ အရောင်ကလည်း စုံလို့၊ မွှေးလိုက်တာလည်း ထုံလို့။

တပ်မှူးယွီ ပြောတယ်။

"အားလုံး တာရိုးအောက်မှာ နေရာယူကြ။ အာဘာ၊ ထွန်ခြစ်ပြင်"

အာဘာက ပခုံးပေါ်က နန်းကြိုးခွေတွေနဲ့ ထွန်ခြစ်လေးခုကို တွဲချည်လိုက်တယ်။ ရဲဘော်တချို့ကို "အာဘာ အာဘာ"နဲ့ လှမ်းခေါ်ပြီး ထွန်ခြစ်တွဲကို ကားလမ်းနဲ့ ကျောက်တံတား ဆုံတဲ့နေရာဆီ ယူသွားခိုင်းတယ်။

တပ်မှူးယွီက "ညီနောင်တို့၊ နေရာယူကြ၊ မိစ္ဆာမော်တော်ကား တံတားပေါ်ရောက်တာနဲ့၊ ဒီကောင်တွေရဲ့ နောက်ဖေးပေါက်ကို ဆွယ်မှူးလိန်ရဲ့လူတွေ ပိတ်ပြီးတာနဲ့ ငါ့အမိန့်ကို နားထောင်ပြီး အတူပစ်ကြမယ်။ ဒီတိရစ္ဆာန်ကောင်တွေကို မြစ်ထဲ

mgyoe.com

mgyoe.com SAMPLE BOOK

ပစ်ချပြီး ငါးရှဉ့်စာ ကျွေးပစ်မယ်၊ ကဏန်းစာ ကျွေးပစ်မယ်''

တပ်မှူးယွီက အာဘာကို လက်ဟန်ခြေဟန်ပြတယ်။ အာဘာက ခေါင်းတညိတ်ညိတ်လုပ်ပြီး လူသူလက်နက်တစ်ဝက်ကို ကားလမ်းအနောက်ဘက်က ဆန်ပြောင်းတောထဲ ခေါ်ဆောင်သွားတယ်။ ဝမ်ဝင်းအိကလည်း အာဘာနဲ့အတူ အနောက်ဘက်ကို လိုက်လာမလို့လုပ်တာ အာဘာက ပြန်နှင်ထုတ်လိုက်တယ်။ တပ်မှူးယွီက ''မင်း လိုက်မသွားနဲ့လေ၊ ငါနဲ့ နေခဲ့။ ဘာလဲ၊ ကြောက်လို့လား'' လို့ ပြောတယ်။

ဝမ်ဝင်းအိက ခေါင်းတဆတ်ဆတ်ညိတ်ကာ ''မကြောက်ပါဘူး … မကြောက်ပါဘူး…''လို့ ပြောရှာတယ်။

တပ်မှူးယွီက တာရိုးပေါ်မှာ လုပ်အမြောက်ကြီး တပ်ဆင်ဖို့ ဖန်းညီနောင်ကို ခိုင်းတယ်။ နဲ့ကြီး ကိုင်ထားတဲ့ နဲ့ဆရာလျူကိုလည်း ''လျူကြီးရေ၊ တစ်အောင့်နေ ပစ်ကြခတ်ကြတဲ့အခါ ခင်ဗျား ဘာမှ လုပ်စရာ မလိုဘူး၊ နဲ့ကြီးကိုသာ အသေမှုတ်၊ ကြားလား၊ မိစ္ဆာကောင်တွေက အတီးအမှုတ်သံကို ကြောက်တယ်''

နဲ့ဆရာလျူ ဆိုတာ ဟိုတုန်းကတည်းက တပ်မှူးယွီနဲ့ လက်တွဲလုပ်လာခဲ့တာ။ အဲဒီတုန်းက တပ်မှူးယွီက ဝေါထမ်းသမား၊ လျူက အတီးအမှုတ်သမား။ သူ့ လက်အစုံဟာ သေနတ်တစ်လက်ကို ဆုပ်ကိုင်ထားတဲ့အလား နဲ့ကြီးကို ဆုပ်ကိုင်ထားတယ်။

တပ်မှူးယွီက အားလုံးကို ပြောတယ်။

''ခုကတည်းက ကြိုပြောထားလိုက်မယ်။ ချခါနီးတော့မှ ဂန်ကြောက်လုပ်တဲ့ကောင် ငါကိုယ်တိုင် ပစ်သတ်မှာနော်။ ဆွယ်မှူးလိန်ဆိုတဲ့ကောင် ကျောင်းမှန်းကန်မှန်း သိသွားအောင်တော့ ငါတို့ ချပြရလိမ့်မယ်။ ဒီ ခွေးမသားတွေက တပ်နာမည် အားကိုးနဲ့ လူတွင်ကျယ်လုပ်နေကြတာ။ ဟော့… ငါ့တော့ လာမကျောနဲ့ကွ။ သင်းကများ ငါ့တပ်ကို ဆွဲစားချင်သေးဆိုပဲ။ ငါကမှ သင်းတပ်ကို ဆွဲစားချင်နေတာဟော့''

အားလုံး ဆန်ပြောင်းတောထဲ ဝိုင်းဖွဲ့ထိုင်ကြတယ်။ ဖန်းလုတ်က ဆေးတံထုတ်ပြီး ဆေးဖြည့်တယ်။ မီးခတ်တံစဉ်၊ မီးခတ်ကျောက်ထုတ်ပြီး မီးခတ်တယ်။ မီးခတ်တံစဉ်က မည်းတူးတူး၊ မီးခတ်ကျောက်က ကြက်အသည်းလို နီညိုညို။ မီးခတ်တံစဉ်နဲ့ မီးခတ်ကျောက်ကို တချောက်ချောက်ခတ်တော့ ပလူပျံလာတဲ့ မီးပွားတွေက တစ်ပွင့် တစ်ပွင့် အကြီးကြီး။ လက်ကြားညှပ်ထားတဲ့ ဆန်ပြောင်းပင်စည် မီးစာပေါ်ကို မီးပွားကြီးတစ်ပွင့် ကျလာတော့ ဖန်းလုတ်က လေတစ်ချက် မှုတ်လိုက်တာ မီးခိုးဖြူဖြူတွေ ထွက်လာပြီး မီးစာလည်း နီရဲလာတယ်။ ဖန်းလုတ်က ဆေးတံမီးညှိပြီး တစ်ရှိုက်ဖွာတယ်။ တပ်မှူးယွီက နှာတစ်ချက်မှုတ်၊ နှာခေါင်း ပွတ်ရင်း''ဆေးတံကြီးကို သွန်ပစ်လိုက်စမ်းကွာ။ ဆေးနံ့ကြီးရနေမှတော့ မိစ္ဆာကောင်တွေ တံတားပေါ် တက်လာဦးတော့မလား''လို့ ပြောတယ်။

ဖန်းလုတ်လည်း ဆေးတံကို နှစ်ရှိုက်လောက် ထပ်ဖွာပြီးမှ ဆေးတွေ သွန်ပစ်ပြီး

mgyoe.com

mgyoe.com
SAMPLE BOOK

ပြန်သိမ်းလိုက်တယ်။ တပ်မှူးယွိက "တာရိုးကုန်းစောင်းမှာ အားလုံး ဝပ်ပြီး နေရာယူထားကြ။ တော်ကြာ မိစ္ဆာကောင်တွေ ရောက်လာတော့မှ အိုးနင်း ခွက်နင်း ဖြစ်နေမယ်"လို့ ပြောတယ်။

အားလုံး အနည်းနဲ့အများ စိတ်လှုပ်ရှားနေကြလို့ ရန်သူနဲ့ပဲ ရင်ဆိုင်တွေ့နေတဲ့အလား သေနတ်ကို ပွေ့လျက် တာရိုးပေါ်မှာ ဝပ်နေကြတယ်။ အဖေက တပ်မှူးယွိနံဘေးမှာ ဝပ်နေတယ်။ တပ်မှူးယွိက "ကြောက်လား" လို့ မေးတော့ အဖေက "မကြောက်ဘူး"လို့ ဖြေတယ်။

တပ်မှူးယွိက "ဒါမှ ငါ့သားကွ၊ မင်းက ငါ့ရဲ့အကူရဲဘော်၊ တိုက်ပွဲဖြစ်တဲ့အခါ ငါ့အနားက မခွာနဲ့၊ ငါ အမိန့်ပေးစရာရှိရင် မင်းကို ပြောမယ်၊ မင်းက အနောက်ဘက်ကို သတင်း သွားပို့ပေး"လို့ ပြောတယ်။

အဖေ ခေါင်းညိတ်တယ်။ သူက တပ်မှူးယွိခါးမှာ ထိုးထားတဲ့ ဟိုသေနတ်နှစ်လက်ကို မျက်စောင်းထိုးနေတာ။ အကြီးတစ်လက်၊ အသေးတစ်လက်။

အကြီးက ဂျာမနီလုပ် မော်ဇာပစ္စတို၊ အသေးက ပြင်သစ်လုပ် ဘရောင်နင်ပစ္စတို။ နှစ်လက်စလုံးမှာ ရာဇဝင်ကိုယ်စီနဲ့။

အဖေ့ပါးစပ်က "သေနတ်"ဆိုပြီး လွတ်ခနဲ ထွက်လာတယ်။

"သေနတ် လိုချင်တယ်လား"

တပ်မှူးယွိက မေးတယ်။

အဖေက ခေါင်းညိတ်ပြီး "သေနတ်"လို့ ပြောတယ်။

တပ်မှူးယွိက "မင်း ပစ်တတ်လို့လား"လို့ မေးတယ်။

"ပစ်တတ်တယ်"လို့ အဖေက ဖြေတယ်။

တပ်မှူးယွိလည်း ခါးကြားထဲက ဘရောင်နင်ပစ္စတိုကို ဆွဲထုတ်ပြီး လက်ထဲဆကြည့်တယ်။ သေနတ်က ဟောင်းလို့ ဆေးတွေတောင် ကျွတ်ကုန်ပြီ။ တပ်မှူးယွိ သေနတ်မောင်း ဆွဲလိုက်တယ်။ ကျည်အိမ်ထဲကနေ ကြေးဝါကျည်ခွံနဲ့ ကျည်တစ်တောင့်ခုန်ထွက်လာတယ်။ သူက ကျည်ဆန်ကို လေထဲမြှောက်ပြီး ပြန်ဖမ်းပြီးတော့ သေနတ်ထဲ ပြန်ထည့်လိုက်တယ်။

"ရော့... ငါ ကိုင်သလို ကိုင်"

အဖေလည်း သေနတ်ကို လှမ်းယူလိုက်တယ်။ သေနတ်ကို ဆုပ်ကိုင်ထားရင်း အဖေဟာ မကြာသေးတဲ့ တစ်ညက တပ်မှူးယွိတစ်ယောက် ဒီသေနတ်နဲ့ပဲ အရက်ခွက် တစ်ခွက်ကို ပစ်ခွဲခဲ့တဲ့အကြောင်း ပြန်စဉ်းစားမိတယ်။

အဲဒီညက ခုံးမျက်စ လကလေးဟာ ကိုင်းညိုးခက်ခြောက်တွေရဲ့ အထက်ကနေ ခပ်နိမ့်နိမ့် ဖိနေခဲ့တယ်။ ဘွားဘွားခိုင်းလို့ အရက်ဗိုမှာ အရက်သွားခပ်ဖို့ ထွက်လာတဲ့ အဖေဟာ ရင်ခွင်ထဲ အရက်အိုးတစ်လုံး၊ လက်ထဲ ကြေးသောတစ်ချောင်း ပွေ့လို့ကိုင်လို့။

mgyoe.com

mgyoe.com SAMPLE BOOK

အဖေက ဝင်းတံခါးကို ဖွင့်တယ်။ ဝင်းထဲမှာ တိတ်ဆိတ်လျက်။ လားတင်းကုပ်ထဲမှာလည်း မှောင်နဲ့မည်းမည်း။ အရက်ဖိုထဲမှာ ပုပ်ပွနေတဲ့ ကစော်ဖတ်တွေရဲ့ အနံ့ပြင်းတွေ တထောင်းထောင်းထ။ အဖေက အိုးစရည်းတစ်လုံးရဲ့ အဖုံးကို ဖွင့်တယ်။ ကြည်လင်တည်ငြိမ်တဲ့ အရက်မျက်နှာပြင်ထက်မှာ မိမိမျက်နှာ ပိန်ချောက်ချောက်ကို ကြယ်ရောင်လရောင်အောက်မှာ မြင်လိုက်ရတယ်။ မျက်ခုံးက တို၊ နှုတ်ခမ်းက ပါးသမို့ အဖေဟာ သူ့ကိုယ်သူ အရုပ်ဆိုးတယ်လို့ အောက်မေ့မိတယ်။ အရက်အိုးကို အိုးစရည်းထဲ နှစ်လိုက်တော့ အိုးထဲကို အရက်တွေ ဂလုံဂလုံ မြည်လျက် ဝင်သွားတယ်။ ပြန်ဆယ်လိုက်တဲ့အခါ အရက်အိုးပေါ်က အရက်တွေ အိုးစရည်းထဲ တောက်တောက်ကျတယ်။ အဖေ စိတ်ပြောင်းသွားတယ်။ သူက အိုးထဲက အရက်တွေကို အိုးစရည်းထဲ ပြန်သွန်ထည့်လိုက်တယ်။ ဘွားဘွား သွေးမျက်နှာ သစ်ခဲ့ဖူးတဲ့ ဟိုအိုးစရည်းကို အဖေ သတိရလာတယ်။ ဘွားဘွားက အိမ်ထဲမှာ တပ်မှူးယွီရယ်၊ ဆွယ်မှူးလိန်ရယ်နဲ့အတူ အရက်သောက်နေတယ်။ ဘွားဘွားနဲ့ တပ်မှူးယွီက သောက်နိုင်တယ်။ ဆွယ်မှူးလိန်ကတော့ နည်းနည်းမူးနေပြီ။ ဟိုအိုးစရည်းနားကို ရောက်သွားတဲ့အခါ ကြိတ်ဆုံနဲ့ ဖိထားတဲ့ သစ်သားအိုးဖုံးကို အဖေ တွေ့ရတယ်။ သူက အရက်အိုးကို ဘေးချပြီး တအားကုန် တွန်းဖယ်ပစ်လိုက်တာ ကြိတ်ဆုံကြီးလည်း မြေကြီးပေါ်မှာ နှစ်ပတ်လိမ့်ပြီး တခြားအိုးစရည်း တစ်လုံးကို သွားတိုက်မိတယ်။ အိုးပေါက်သွားလို့ ဆန်ပြောင်းအရက်တွေ ဒလဟော ထွက်ကျလာတာကို အဖေက အရေးမလုပ်။ သစ်သားအိုးဖုံးကို ဖွင့်လိုက်တော့ အထဲကနေ အာလောဟန်ရဲ့ သွေးညှီနံ့ ထွက်လာတယ်။ အဖေလည်း အာလောဟန်ရဲ့ သွေးသံရဲရဲခေါင်းကြီးနဲ့ သူ့အမေရဲ့ သွေးမျက်နှာတို့ကို ပြန်မြင်ယောင်လာမိတယ်။ အိုးစရည်းထဲမှာ အာလောဟန် မျက်နှာရယ်၊ သူ့အမေမျက်နှာရယ် ထပ်ကာတလဲ ပေါ်လာနေတယ်။ အဖေက အရက်အိုးကို အိုးစရည်းထဲနှစ်ပြီး သွေးအရက်တွေ အပြည့်ခပ်ပြီးတော့ အိမ်ထဲကို လက်နှစ်ဖက်နဲ့ ပြန်ပွေ့ယူလာခဲ့တယ်။

ရှစ်ယောက်ထိုင် လေးထောင့်စားပွဲခုံပေါ်က ထိန်ထိန်ညီး ဖယောင်းတိုင်မီးအလင်းထဲမှာ တပ်မှူးယွီနဲ့ ဆွယ်မှူးလိန်တို့ တစ်ယောက်ကိုတစ်ယောက် ရှူးရှူးရှားရှား ပြူးစိုက်ကြည့်နေကြတယ်။ ဘွားဘွားက သူတို့နှစ်ယောက်ကြားမှာ ထိုင်လျက်၊ ဘယ်လက်က ဆွယ်မှူးလိန်ရဲ့ ခြောက်လုံးပြူးကို ဖိထားပြီး ညာလက်က တပ်မှူးယွီရဲ့ ဘရောင်နင်ပစ္စတိုကို ဖိထားတယ်။

ဘွားဘွား ပြောနေတာကို အဖေ ကြားလိုက်ရတယ်။

"အရောင်းအဝယ် မဖြစ်လည်း ချစ်ခင်ဆဲတဲ့။ ဒါ စားစွဲ သေနတ်စွဲရမယ့်နေရာ မဟုတ်ဘူး။ အဖြစ်ရှိရင် ဂျပန်တွေကို သွားချပါလား"

တပ်မှူးယွီက ဒေါနဲ့မာန်နဲ့ ဆဲဆိုပြောတယ်။

"နှမဓာင်း၊ တပ်မဟာမှူးဝမ် နာမည်သုံးပြီး မင်း ငါ့ လာမဖြဲနဲ့။ ဒီနယ်မှာ

mgyoe.com

mgyoe.com
SAMPLE BOOK


ငါက ဘုရင်၊ ချာပျဉ်စားလာခဲ့တာ ဆယ်နှစ်ရှိပြီ၊ လက်သည်းကြီးဝမ်လို မြည်းယိုးကောင်ကို သောက်ဂရုစိုက်ရဦးမှာလားကွ ဟေ''

ဆွယ်မှူးလိန်က အေးစက်စက် ပြုံးတယ်။

''ကိုရင်ကြွံအောင်ရေ၊ ကျုပ်က ကိုရင့်အတွက် ပြောနေတာပါ။ တပ်မဟာမှူးဝမ်ကလည်း ကိုရင့်ကို ကောင်းစေချင်တာပါပဲ။ ကိုရင်သာ ကျုပ်တို့နဲ့ လာပူးပေါင်းမယ်ဆိုရင် ကျုပ်တို့က ကိုရင့်ကို တပ်ရင်းမှူး ခန့်မယ်ဗျာ။ လက်နက်ရိက္ခာ ကတော့ တပ်မဟာမှူးဝမ့် တာဝန်ထားလိုက်၊ ကိုရင် ဓားပြတိုက်စားနေတာထက်တော့ သာပါတယ်လေ''

''ဘယ်ကောင်က ဓားပြလဲ။ ဘယ်ကောင်က ဓားပြ မဟုတ်တာလဲ။ ဂျပန်ကို ချနိုင်ရင် တရုတ်ပြည်ရဲ့ သူရဲကောင်းပဲဟေ့။ ငါ မနှစ်က ဂျပန်ကင်းစခန်းသုံးခု ဖြိုခဲ့တာ မော်ဇာရိုင်ဖယ်သုံးလက် ရခဲ့တယ်။ ဓားပြမဟုတ်တဲ့ မင်းက မိစ္ဆာတစ်ကောင် သတ်ဖူးလို့လား။ မိစ္ဆာအမွေးတစ်မျှင်တောင် မနုတ်ရသေးဘူး''

ဆွယ်မှူးလိန် ပြန်ထိုင်ပြီး ဆေးလိပ်တစ်လိပ် မီးထုတ်ညှိတယ်။

ဒီအခိုက်မှာပဲ အဖေက အရက်အိုးကို ယူသွားပေးခဲ့တာ။ အရက်အိုးကို လှမ်းယူရင်း ဘွားဘွား မျက်နှာပျက်သွားပြီး အဖေ့ကို တစ်ချက် စိုက်ကြည့်တယ်။ ဘွားဘွားက ပန်းကန်လုံးသုံးခွက်ထဲ အရက်ငှဲ့တယ်။ သုံးခွက်စလုံး လျှံနေအောင် ထည့်တယ်။

ဘွားဘွား ပြောတယ်။

''ဒီအရက်ထဲမှာ ဦးကြီးလောဟန်ရဲ့သွေးတွေ ပါတယ်။ ယောကျာ်းမှန်ရင် သောက်ချလိုက်။ နောက်နေ့ မိစ္ဆာကောင်တွေရဲ့ ကားတန်းကို ချပြီးတဲ့အခါကျမှ တော်တို့ ကြက်လမ်း ကြက်လျှောက်၊ ခွေးလမ်း ခွေးလျှောက်၊ တွင်းရေ မြစ်ရေ မနှောက်ကြေး လုပ်ကြ''

ဘွားဘွားက အရက်ကို ဂလု ဂလု သောက်တယ်။

တပ်မှူးယွီက အရက်ကို ငွပ်ခနဲ မော့ချတယ်။

ဆွယ်မှူးလိန်က တစ်ဝက်ပဲ သောက်တယ်။ ပန်းကန်လုံးကို ပြန်ချပြီး-

''တပ်မှူးယွီရေ၊ ကျုပ်တော့ မူးပြီဗျို့၊ ခွင့်ပြုပါဦး''လို့ ပြောတယ်။

ဘွားဘွားက ခြောက်လုံးပြူးကို ဖိထားပြီး မေးလိုက်တယ်။

''ချမှာလား၊ မချဘူးလား''

တပ်မှူးယွီက ''သင်းကို မေးမနေနဲ့၊ သင်း မချ ငါချမယ်''ဆိုပြီး ဒေါနဲ့ မာန်နဲ့ ပြောလိုက်လို့-

ဆွယ်မှူးလိန်လည်း ''ချမယ်ကွာ''လို့ ပြောလိုက်တယ်။

ဘွားဘွား လက်ဖယ်လိုက်တယ်။ ဆွယ်မှူးလိန်လည်း ခြောက်လုံးပြူးကို ပြန်ယူပြီး ခါးကြားထဲ ထိုးလိုက်တယ်။

mgyoe.com

mgyoe.com SAMPLE BOOK

ဆွယ်မှုးလိန်က မျက်နှာဖြူဖြူ နှာခေါင်းပတ်လည်မှာ ကျောက်ပေါက်မာ မည်းမည်းတွေ ရှိတယ်။ ကျည်တစ်ကတ်လိုက်ကြီး ချိတ်ထားတဲ့ ခါးကြားထဲ သေနတ် ပြန်ထိုးလိုက်တော့ ခါးပတ်က လခြမ်းကွေးပက်လက်ပုံ တွဲကျလာတယ်။

ဘွားဘွားက "ကိုရင်ကြွံအောင်၊ တို့ကွမ်းကို ကျုပ် တော်နဲ့ ထည့်ပေးလိုက်မယ်၊ နောက်နေ့ကျ တော် သူ့ကို တစ်ပါးတည်း ခေါ်သွားချေ"လို့ ပြောတယ်။

တပ်မှုးယွီက ကျွန်တော့်အဖေကို တစ်ချက်ကြည့်ပြီး ရယ်တယ်၊

"ဟော့...သားကြီး၊ ဇ ရှိလားကွ"

အဖေက တပ်မှုးယွီနှုတ်ခမ်းကြားက ဝါကြင့်ကြင့် သွားကြီးတွေကို အေးစက်စက် ကြည့်ရင်း တစ်ခွန်းမှ ပြန်မထူး။

တပ်မှုးယွီလည်း ကျွန်တော့်အဖေခေါင်းပေါ် အရက်ခွက်တစ်ခွက် လှမ်းယူ တင်ပြီး တံခါးဝအထိ နောက်ဆုတ်ရပ်ခိုင်းတယ်။ ပြီးတော့ သူက ဘရောင်နင် ပစ္စတိုယူပြီး နံရံထောင့်ကို လျှောက်သွားတယ်။

အဖေက နံရံထောင့်ဆီကို လှမ်းသွားတဲ့ တပ်မှုးယွီရဲ့ လေးလံလှတဲ့ ခြေလှမ်းကြီး သုံးလှမ်းကို ကြည့်လျက်။ ဘွားဘွားမျက်နှာဖြူရော်နေပြီ။ ဆွယ်မှုးလိန်ရဲ့ နှုတ်ခမ်းထောင့် နှစ်ဖက်မှာ လှောင်ပြုံးရစ်ကြီး နှစ်ရစ် ပေါ်လာတယ်။

နံရံထောင့်ဆီ ရောက်သွားလို့ တပ်မှုးယွီက သေချာရပ်ပြီး ကိုယ်ကို ဆတ်ခနဲ နောက်ပြန်လှည့်လိုက်တဲ့အခါ သူ့လက်မောင်းက တန်းလို့နေပြီး မည်းနက်တဲ့ မျက်လုံး အစုံက ရဲတက်လာသလားတောင် အဖေ အောက်မေ့မိတယ်။ ဘရောင်နင် ပစ္စတို ပြောင်းဝမှာ အဖြူရောင် မီးခိုးတစ်လိပ် တက်လာတယ်။ အဖေ့ ခေါင်းပေါ်မှာ မြည်သံ ကျယ်ကြီးတစ်ခု။ အရက်ခွက် အစိတ်စိတ်အမြွှာမြွှာ ကွဲသွားပြီ။ ကြွေပဲ့တစ်စ အဖေ့ ပခုံးပေါ် ကျလာတယ်။ အဖေ ပခုံးတွန့်လိုက်တော့ ဘောင်းဘီပေါ် လျှောကျသွားတယ်။ အဖေ ဘာမှ မပြော။ ဘွားဘွားမျက်နှာ ပိုလို့ဖြူလာတယ်။ ဆွယ်မှုးလိန် ထိုင်ခုံပေါ် ဖင်ထိုင်ချပြီး တစ်အောင့်နေတော့မှ "ကောင်းလိုက်တဲ့ ပစ်ချက်"လို့ ပြောတယ်။

တပ်မှုးယွီက "ငါ့ကောင်ကြီးကွ"လို့ ပြောတယ်။

အဖေက ဘရောင်နင်ပစ္စတိုကို ဆုပ်ကိုင်ထားရင်း အံ့သြလောက်အောင် လေးနေ သလားလို့ အောက်မေ့မိတယ်။

တပ်မှုးယွီက "ဘယ်လို ပစ်ရမယ်ဆိုတာ ငါသင်ပေးဖို့ မလိုတော့ဘူးထင် တယ်။ အာဘာကို သွားပြောလိုက်၊ အသင့်ပြင်ထားကြလို့"ဆိုပြီး ပြောလိုက်တယ်။

အဖေလည်း သေနတ်နဲ့ ဆန်ပြောင်းတောထဲ တိုးဝင်သွားပြီး ကားလမ်းကို ဖြတ်ကျော်ပြီးတော့ အာဘာ့ရှေ့ကို ရောက်သွားတယ်။ အာဘာက တင်ပျဉ်ခွေထိုင် လျက် စိမ်းဖန့်ဖန့် ကျောက်တုံးတစ်တုံးနဲ့ ဓားရှည်ကြီးကို သွေးနေတယ်။ ကျန်တဲ့ ရဲဘော်တွေကတော့ ထိုင်တဲ့သူထိုင်၊ လှဲတဲ့သူလှဲ။

mgyoe.com

mgyoe.com

အဖေက အာဘာ့ကို ပြောတယ်။

"နင်တို့ အသင့်ပြင်ထားကြတဲ့"

အာဘာက အဖေ့ကို မျက်စောင်းတစ်ချက် ထိုးကြည့်ပြီး ဓားကို သွေးမြဲ သွေးတယ်။ တစ်အောင့်လောက် သွေးပြီးတော့မှ သူက ဆန်ပြောင်းရွက်တစ်ရွက်ကို ဆွဲနုတ်ပြီး ဓားသွားပေါ်က ကျောက်မှုန့်တွေကို သုတ်တယ်။ ပြီးတော့ မြက်တင်ဂ်ဘင် ထပ်နုတ်ပြီး ဓားထက်၊ မထက် စမ်းကြည့်ပြန်တယ်။ ဓားသွားနဲ့ ထိတာနဲ့ မြက်ပင် တိခနဲ ပြတ်သွားတယ်။

အဖေ ထပ်ပြောတယ်။

"နင်တို့ အသင့်ပြင်ထားကြတဲ့"

အာဘာက ဓားရှည်ကို အိမ်သွင်းပြီး ဘေးမှာ ချထားလိုက်တယ်။ မျက်နှာပေါ် မှာ ရုပ်ဆိုးကြမ်းကြုတ်တဲ့အပြုံးရိပ်တစ်ခု သန်းလာလျက် သူက အဖေ့ကို လက်တစ်ဖက် ကမ်းပြီး–

"အာဘာ အာဘာ"လို့ အော်တယ်။

အဖေလည်း ရှေ့ကို ခြေဖျားထောက်လျှောက်သွားပြီး အာဘာနဲ့ တစ်လှမ်း အကွာမှာ ရပ်လိုက်တယ်။ အာဘာက ကိုယ်ကိုဆန့်ပြီး အဖေ့အင်္ကျီလက်ကို ဆတ်ခနဲ လှမ်းဆွဲလိုက်တာ အဖေလည်း အာဘာ့ရင်ခွင်ထဲ မှောက်လျက်ဝင်သွားတယ်။ အာဘာက အဖေ့ကို နားရွက်ဆွဲ၊ ပါးစပ်ဖြဲတယ်။ အဖေကလည်း အာဘာ့ကျောရိုးကို ဘရောင်နင်နဲ့ ထောက်တယ်။ အာဘာက အဖေ့နှာခေါင်းကို အုပ်ပြီး တအားဖိချလိုက်တာ အဖေ့ခမျာ မျက်ရည်ပေါက်ပေါက် ကျလာလို့ အာဘာ သံသေးသံကြောင်နဲ့ ထရယ်တယ်။

အာဘာ့အနီးမှာ ပြန့်ကျဲထိုင်နေတဲ့ ရဲဘော်တွေလည်း ဝါးခနဲ ပွဲကျတယ်။

"တပ်မှူးယွီနဲ့ မတူလားကွ"

"တပ်မှူးယွီ ချခဲ့တဲ့ မျိုးစေ့ပဲကွ"

"တို့ကွမ်းရေ၊ မင်းအမေကို ငါ သတိရတယ်ကွာ"

"တို့ကွမ်းရေ၊ ငါ မင်းအမေရဲ့ ဟိုပေါက်စီနှစ်လုံးကို စားချင်သကွာ"

အဖေလည်း ရှက်ရမ်းရမ်းပြီး ပေါက်စီစားချင်တဲ့ အကောင်ကို သေနတ်နဲ့ တည့်တည့်ချိန် ပစ်ထည့်လိုက်တယ်။ ဘရောင်နင်ပစ္စတိုက ဖွတ်ခနဲသာ မြည်ပြီး ကျည်ထွက်မလာဘူး။

ပေါက်စီစားချင်တဲ့ကောင်လည်း မျက်နှာဖြူဖပ်ဖြူရော်နဲ့ ဆတ်ခနဲ ခုန်ထပြီး အဖေ့လက်ထဲက သေနတ်ကို လာလုတယ်။ အဖေလည်း ထောင်းခနဲ ဒေါသထွက်လို့ သင်းကိုယ်ပေါ်ကို ခုန်အုပ်ပြီး ကိုက်ဖဲ့ကန်ကျောက်တယ်။

အာဘာ ထလာပြီး အဖေ့ကို လည်ကုပ်ကနေ ကိုင်ပေါက်ထည့်လိုက်တာ လွင့်ထွက်သွားပြီး ဆန်ပြောင်းရိုးတံတွေပေါ် ပိကျသွားတယ်။ အဖေလည်း ကျွမ်းထိုး

ထလာပြီး ဆဲရေးတိုင်းထွာရင်း အာဘာ့ကိုယ်ပေါ် ခုန်အုပ်တော့ အာဘာက အာဘာ အာဘာ အော်တယ်။ အဖေလည်း သင်းမျက်နှာပြာနှမ်းနှမ်းကို ကြောင်ကြည့်နေမိတယ်။ အာဘာလည်း ဘရောင်နင်ပစ္စတိုကို လှမ်းယူပြီး မောင်းဆွဲလိုက်တာ လက်ပေါ် ကျည် တစ်တောင့်ကျလာတယ်။ သူက ကျည်ဆန်ထိပ်ဖူးကနေ ကိုင်ပြီး ကျည်ရိုက်တံနဲ့ထိလို့ ဖြစ်လာတဲ့ အပေါက်ကလေးကို ကြည့်ရင်း အဖေ့ကို လက်ဟန် ခြေဟန်နဲ့ ပြောပြ နေတယ်။ ပြီးတော့ သေနတ်ကို အဖေ့ခါးကြားထဲ ပြန်ထိုးပေးပြီး အဖေ့ခေါင်းကို အသာပုတ်လိုက်တယ်။

"မင်းတို့ အဲဒီမှာ ဘာဖြစ်နေကြတာလဲကွ" လို့ တပ်မှူးယွီက လှမ်းမေး တယ်။

အဖေလည်း အနိုင်ကျင့်ခံလာရတဲ့လေသံနဲ့ ပြောလိုက်တယ်။

"သူတို့က… ကျုပ်အမေနဲ့ အိပ်ချင်တယ်တဲ့"

တပ်မှူးယွီက ရှုတည်တည်နဲ့ မေးတယ်။

"ဒီတော့ မင်း ဘာပြန်ပြောလိုက်သလဲ"

အဖေက မျက်လုံးပွတ်ရင်း "ကျုပ် သေနတ်နဲ့ တစ်ချက်ပစ်လိုက်တယ်" လို့ ပြောတယ်။

"သေနတ်နဲ့ ပစ်လိုက်တယ်"

"ကျည်မထွက်ဘူး"

အဖေက ရွှေရောင်တဖိတ်ဖိတ် ကျည်စုတ်ကို တပ်မှူးယွီဆီ လှမ်းပေးလိုက် တယ်။

တပ်မှူးယွီလည်း ကျည်ဆန်ကို လှမ်းယူကြည့်ပြီး အသာအယာလွှင့်ပစ်လိုက် တာ ကျည်ဆန်လည်း လေးကိုင်းသဏ္ဌာန် လှလှပပ လွင့်ပျံလို့ မြစ်ထဲကျသွားတယ်။

တပ်မှူးယွီက "တော်တယ်ကွာ၊ သေနတ်ကိုတော့ ဂျပန်တွေပဲ အရင်ပစ် ကွဲ့။ ပစ်စရာ ဂျပန်တွေ ကုန်သွားတော့မှ မင်းအမေနဲ့ အိပ်ချင်တယ်လို့ လာပြောတဲ့ ကောင်ကို ဆီးခြိုက်တည့်တည့် မှန်အောင်ပစ်။ ခေါင်းမပစ်နဲ့၊ ရင်ဘတ်လည်း မပစ်နဲ့၊ မှတ်ထား၊ ဆီးခြိုက်တည့်တည့် မှန်အောင်ပစ်"

အဖေက တပ်မှူးယွီဘေးမှာ ဝပ်နေတယ်။ သူ့ညာဘက်မှာ ဖန်းညီနောင်။ လုပ်အမြောက်ကြီးကို တာရိုးပေါ်မှာ ဆင်ထားပြီးပြီ။ ပြောင်းဝကို ကျောက်တံတား ဘက် ချိန်ထားပြီး အဝမှာ ဥမ်းခက်စုတ် တစ်ထွေးလိုက်ကြီး သွတ်ထည့်ထားတယ်။ ပြောင်းဖင်မှာ စနက်တံတစ်ချောင်းက ထောင်လို့။ ဖန်းချီးဘေးမှာ ချထားတဲ့ ဆန်ပြောင်း ရိုးတံနဲ့ လုပ်ထားတဲ့မီးစာစည်းထဲမှာ မီးစာတစ်ချောင်း လောင်ကျွမ်းနေပြီ။ ဖန်းလုတ် ဘေးမှာ ယမ်းမှုန့်ထည့်ထားတဲ့ ဘူးခြောက်တစ်လုံး၊ ကျည်စေ့ထည့်ထားတဲ့ သံဘူးတစ်ဘူး ချထားတယ်။

mgyoe.com

mgyoe.com
SAMPLE BOOK

တပ်မှူးယွီရဲ့ဘယ်ဘက်မှာ ဝမ်ဝင်းအိ။ သူက ပြောင်းရှည်ငှက်ပစ်သေနတ်ကို လက်နှစ်ဖက်နဲ့ ဆုပ်ကိုင်ထားရင်း တစ်ကိုယ်လုံး ဆတ်ဆတ်တုန်နေတယ်။ ဒဏ်ရာရထားတဲ့ နားရွက်ကတော့ ပိတ်ဖြူနဲ့ လုံးထွေးခဲကပ်နေပြီ။

ဝါးတစ်ဖျား ရှိပြီဖြစ်တဲ့ နေဝန်းဖြူရဲ့ ဘေးပတ်လည်မှာ ရောင်နီဖျော့ဖျော့ဖြာလျက်။ ရွှန်းလဲ့လဲ့ မြစ်ရေပြင်ပေါ်ကို ဆန်ပြောင်းထက်က ကောင်းကင်ကနေ တောဘဲတစ်အုပ် ပျံလာကြတယ်။ သုံးပတ်လောက် ရစ်ဝဲပြီးသကာလ အများစုက မြစ်စပ်နားက ချုံပုတ်ထဲ တိုးဝင်သွားကြပြီး အနည်းစုက မြစ်ထဲဆင်းလို့ ရေစီးအတိုင်း လိုက်ပါသွားကြတယ်။ မြစ်ထဲက တောဘဲတွေဟာ ကိုယ်ကို အငြိမ်ထားလျက် မလှုပ်ရှားဘဲ ဖျတ်လတ်တဲ့ လည်တိုင်ကိုသာ ဟိုလှည့် ဒီလှည့် လုပ်နေကြတယ်။ အဖေ့ကိုယ်လည်း နွေးထွေးလို့နေတယ်။ နှင်းစိုထားတဲ့ အင်္ကျီလည်း ခြောက်သွားပြီ။ တစ်အောင့်လောက် ထပ်ဝပ်နေပြီးသကာလ အဖေလည်း ကျောက်တုံးတစ်တုံး ထောက်နေလို့ ရင်ဘတ်နာလာတာနဲ့ ထထိုင်လိုက်တာ တာရိုးထက်မှာ ရင်ဘတ်ရော ခေါင်းပါ ပေါ်လာတယ်။ တပ်မှူးယွီက ''ဝပ်စမ်း''လို့ ပြောတယ်။ အဖေ မပြချင် ဝပ်ချင် ပြန်ဝပ်လိုက်ရတယ်။ ဖန်းလုတ်ဆီက ဟောက်သံထွက်လာတယ်။ တပ်မှူးယွီက မြေတစ်စိုင် ကော်ပြီး ဖန်းလုတ်မျက်နှာကို ပေါက်ထည့်လိုက်တယ်။ ဖန်းလုတ်လည်း အိပ်မှုန်စုံမွှား ထထိုင်ပြီးတော့ တစ်ချက်သမ်းလိုက်တာ မျက်ရည်နှစ်စက်တောင် ထွက်ကျတယ်။

''မိစ္ဆာတွေ လာပြီလားဟေ့''

ဖန်းလုတ် လှမ်းအော်မေးတယ်။

''နင့်မေကလွှား၊ ငိုက်မနေနဲ့''

တပ်မှူးယွီ လှမ်းငေါက်တယ်။

မြစ်တောင်ဘက်မှာရော မြစ်မြောက်ဘက်မှာပါ ငြိမ်ဆိတ်နေတယ်။ ကားလမ်းမကျယ်ကြီးဟာ ဆန်ပြောင်းတောထဲမှာ ကျီးနှင့်ဖုတ်ဖုတ်။ မြစ်ပေါ်က ကျောက်တံတားကြီးလှနေပုံများ။ ကမ်းမမြင်လမ်းမမြင် ဆန်ပြောင်းပင်လယ်ကြီးက ဒီထက်မက မြင့်မားထွန်းတောက်လာတော့မယ့် နေမင်းကြီးကို ကြိုဆိုနေလိုက်တာ မျက်နှာနီမြန်း ရှက်သွေးဖြန်းနေတယ်။ ရေတိမ်ပိုင်းက တောဘဲတွေ နှုတ်သီးပြားနဲ့ ဘာရှာနေမှန်း မသိ၊ တဂတ်ဂတ် မြည်လို့။ အဖေက တောဘဲတွေကို ကြည့်ရင်း သူတို့ရဲ့ လှပတဲ့ အမွေးအတောင်တွေနဲ့ ပါးနပ်တဲ့ မျက်စိတွေကို လေ့လာနေမိတယ်။ လက်ထဲက ဘရောင်နင်ပစ္စတိုနဲ့လည်း တောဘဲရဲ့ ကျောပြင်ကို ချိန်လိုက်သေးတယ်။ သေနတ်မောင်းတောင် ဖြုတ်တော့မလို့။ အဲဒီ အခိုက်မှာပဲ တပ်မှူးယွီက သူ့လက်ကို လှမ်းဖမ်းပြီး ''ခွေးကောင်လေး၊ နင် ဘာလုပ်တာလဲ'' လို့ ပြောလိုက်တယ်။

အဖေ ဂနာမငြိမ် ဖြစ်လာပြီ။ ကားလမ်းကတော့ ကျီးနှင့်ဖုတ်ဖုတ် ဖြစ်နေဆဲ။ ဆန်ပြောင်းကတော့ ပိုလို့ နီရဲလာပြီ။

mgyoe.com

mgyoe.com SAMPLE BOOK

"ကျောက်ပေါက်လိန်ဆိုတဲ့ တိရစ္ဆာန်ကောင်၊ ငါ့ကို အပျော်ကြံရဲ ကြံကြည့် စမ်းကွာ"

တပ်မှူးယွီ စိတ်ဆိုးမာန်ဆိုး ပြောလိုက်တယ်။ မြစ်တောင်ဘက်မှာ တိတ်ဆိတ်လို့နေ။ ဆွယ်မှူးလိန်ကို အရိပ်တောင်မတွေ့။ မိစ္ဆာကောင်တွေရဲ့ကားတန်း ဒီလမ်းကနေ ဖြတ်သွားမယ်ဆိုတဲ့ သတင်းကို ဆွယ်မှူးလိန်ဆီက ရလာမှန်း အဖေ သိတယ်။ ဆွယ်မှူးလိန်က သူ့တစ်ဖွဲ့တည်း တိုက်လို့ မနိုင်မှာစိုးလို့ တပ်မှူးယွီတို့ အဖွဲ့နဲ့ လာပူးပေါင်းတာ။

အဖေ့စိတ်လည်း တစ်ခဏလောက် လှုပ်ရှားနေပြီးမှ တဖြည်းဖြည်း ပြန်ပေါ့လာတယ်။ သူ့မျက်လုံးတွေကို တောဘဲတွေက တစ်ဖန် ပြန်ပြီး ဖမ်းစားသွားတယ်။ အဘလောဟန်နဲ့ ဘဲပစ်ထွက်တုန်းက အကြောင်းကို သူ ပြန်အောက်မေ့မိတယ်။ အဘလောဟန်ဆီမှာ နီညိုရောင်သေနတ်ဒင်ပါ နွားသားရေသေနတ်ကြိုးတပ် ငှက်ပစ်သေနတ်တစ်လက် ရှိခဲ့တယ်။ ခုတော့ အဲဒီ ငှက်ပစ်သေနတ်ဟာ ဝမ်ဝင်းအိလက်ထဲ ရောက်နေပြီ။

အဖေ့မျက်ဝန်းထဲ မျက်ရည်ဝဲလာတယ်။ ဒါပေမဲ့ စီးကျလောက်တဲ့အထိတော့ မများသေးဘူး။ မနှစ်ရဲ့ ဟိုတစ်နေ့တုန်းကလိုပဲ။ နွေးထွေးတဲ့ နေရောင်အောက်မှာ အဖေ့တစ်ကိုယ်လုံး တသိမ့်သိမ့် ချမ်းစိမ့်ခဲ့တယ်။

အဘလောဟန်ကိုရော လားနှစ်ကောင်ကိုပါ မိစ္ဆာကောင်တွေနဲ့ ပုဆိန်ရိုးစစ်သားတွေ တစ်ပါတည်း ဖမ်းခေါ်သွားတယ်။ အိုးစရည်းထဲက အရက်ထဲမှာ ဘွားဘွား သွေးမျက်နှာကို သစ်နေတယ်။ ဘွားဘွားရဲ့ တစ်မျက်နှာလုံး အရက်နဲ့ ထုံသင်း၊ အသားအရေ နီမြန်း၊ မျက်ခွံ ရောင်အန်း၊ အပြာဖျော့ရောင်အင်္ကျီရဲ့ရင်ဖုံးမှာ အရက်တွေ၊ သွေးတွေ စိုရွှဲပေကျံနေတယ်။ ဘွားဘွားက အိုးစရည်းရှေ့မှာ ရပ်ပြီး အထဲက အရက်ကို ကြည့်နေတယ်။ အရက်ထဲမှာ ဘွားဘွားမျက်နှာ အရိပ်ထင်လျက်။ အဖေ မှတ်မိသေးတယ်၊ ဘွားဘွားက မြေကြီးပေါ် ဒူးထောက်ချပြီး အရက်ထည့်ထားတဲ့ အိုးစရည်းကို ဦးသုံးကြိမ်ချတယ်။ ပြီးတော့ ပြန်ထပြီး အရက်လက်တစ်ခုပ် ခပ်သောက်တယ်။ ဘွားဘွား မျက်နှာပေါ်က နီမြန်းမှုတွေဟာ ပါးနှစ်ဖက်မှာ လာစုပြီး နဖူးတို့၊ မေးစေ့တို့မှာတော့ ဖြူဖျော့လို့ အရောင်မဲ့နေတယ်။

"ဒူးထောက်"

ဘွားဘွားက အဖေ့ကို အမိန့်ပေးတယ်။

"ဦးချ"

အဖေ ဒူးထောက်ပြီး ဦးချတယ်။

"အရက်လက်တစ်ခုပ် ခပ်သောက်"

အဖေလည်း အရက်လက်တစ်ခုပ် ခပ်သောက်တယ်။

mgyoe.com

mgyoe.com
SAMPLE BOOK

သွေးစတွေက အိုးစရည်းဖင်ထဲကို ကြိုးပမာ အမျှင်တန်းသွားတယ်။ အိုးထဲမှာ တိမ်စိုင်ဖြူဖြူကလေးတွေ မျောလွင့်နေပြီး ဘွားဘွားနဲ့ အဖေတို့ရဲ့ ရှုတည်တည် မျက်နှာတွေ ပေါ်လို့နေတယ်။ ဘွားဘွားရဲ့ ရှည်သွယ်သွယ် မျက်လုံးအစုံကနေ စူးရှရှအလင်းတွေ လွှတ်ထုတ်နေလို့ အဖေ့မှာ မကြည့်ဝံ့ဘဲ ဖြစ်နေရှာတယ်။ အဖေလည်း ရင်တဒိတ်ဒိတ် ခုန်ရင်း အိုးစရည်းထဲကနေ အရက်လက်တစ်ခုပ် ထပ်ခပ်လိုက်တာ လက်ကြားထဲက စီးကျလာတဲ့ အရက်တွေက တိမ်စိုင်ဖြူဖြူ မျက်နှာကြီးငယ်တို့ကို ရိုက်ခွဲပစ်လိုက်တယ်။ အရက်တစ်ငုံ ထပ်သောက်လိုက်တော့ အဖေ့လျှာပေါ်မှာ သွေးညှီနံ့ကြီး စွဲကျန်ခဲ့တယ်။ သွေးစတွေ အိုးဖင်မှာ အနည်ထိုင်ကုန်ပြီး မှိုမောက်နေတဲ့ အိုးဖင်အလယ်တည့်တည့်မှာ လက်သီးဆုပ်အရွယ် နောက်ကျိုကျို အပေါင်းအစုအဖြစ် ပေါင်းစုသွားတယ်။ အဲဒါကို အဖေနဲ့ ဘွားဘွား အကြာကြီး စိုက်ကြည့်နေခဲ့ကြတယ်။ ဘွားဘွားက အိုးဖုံးကိုဆွဲ၊ နံရံထောင့်က ကြိတ်ဆုံကြီးကို တွန်းလာပြီးတော့ အားနဲ့မပြီး အိုးဖုံးပေါ် ဖိထားလိုက်တယ်။

"သွားမထိနဲ့"လို့ ဘွားဘွားက ပြောတယ်။

အဖေလည်း ကြိတ်ဆုံချိုင့်ခွက်ထဲက စိုထိုင်းထိုင်း ရွံ့တွေ၊ လူးလွန့်နေတဲ့ ပိုးဆေးလုံးတွေကို ကြည့်ရင်း ကြောက်ကြောက်လန့်လန့် ခေါင်းညိတ်လိုက်တယ်။

အဲဒီညက အဖေဟာ ဝင်းခြံထဲမှာ လူးလာခေါက်တုံ့ လျှောက်နေတဲ့ ဘွားဘွားရဲ့ ခြေသံကို သူ့ခုတင်ကလေးပေါ်မှာ လဲလျောင်းရင်း နားစွင့်နေခဲ့တယ်။ ဘွားဘွားရဲ့ တဒေါက်ဒေါက် ခြေသံနဲ့ ယာတောထဲက ဆန်ပြောင်းတွေရဲ့ တရှပ်ရှပ် မြည်သံတို့က အဖေ့အတွက် ရှုပ်ယှက်တဲ့ အိပ်မက်တွေ ဖန်တီးပေးလာခဲ့တယ်။ အိပ်မက်ထဲမှာ အိမ်က လားနက်ချောကြီးနှစ်ကောင်ရဲ့ ဟီးသံကို အဖေ ကြားခဲ့ရတယ်။

အရုဏ်တက်မှာ အဖေ တစ်ကြိမ်နိုးတယ်။ ရှူရှူပေါက်ဖို့ ဝင်းထဲကို ကိုယ်လုံးတီးနဲ့ ပြေးဆင်းသွားတော့ ဝင်းထဲမှာ ကောင်းကင်ကို မတ်တတ်ကြီး မော့ကြည့်နေတဲ့ ဘွားဘွားကို တွေ့လိုက်ရတယ်။ အဖေက အမေလို့ တစ်ချက် ခေါ်လိုက်ပေမယ့် ဘွားဘွားက ပြန်မထူးဘူး။ ရှူရှူပေါက်ပြီးတော့ အဖေက ဘွားဘွား လက်ကိုဆွဲပြီး အိမ်ထဲဝင်ဖို့ ခေါ်တယ်။ ဘွားဘွားလည်း အဖေခေါ်တဲ့နောက် ပျော့ခွေခွေ လိုက်ပါလာပြီး အိမ်ထဲဝင်တယ်။ အိမ်ထဲလည်း ရောက်ရော အရှေ့တောင်အရပ်ဆီက လှိုင်းတံပိုးပမာ အသံကြီးတစ်သံ ညံတက်လာတယ်။ တစ်ဆက်တည်းမှာ သေနတ်သံတစ်ချက် မြည်တယ်။ ခပ်တင်းတင်း ဆွဲထားတဲ့ ပိုးစကို ဓားထက်ထက်နဲ့ ဆွဲဖြဲလိုက်သလို သေနတ်သံက စူးရှလှတယ်။

အခု အဖေ ဝပ်နေတဲ့ နေရာဟာ ဟိုတုန်းက ဖြူဖြူဖွေးဖွေး ကျောက်တုံးကျောက်တန်းတွေ အပြည့်ရှိခဲ့တာ။ တာရိုးပေါ်မှာ ပုံနေတဲ့ အပွင့်ကြီးကြီး သဲဝါတွေက သင်္ချိုင်းဂူတန်းတွေလိုပဲ။ မနှစ် နွေအဝင်တုန်းက ဆန်ပြောင်းတွေဟာ တာရိုးအပြင်မှာ

mgyoe.com

mgyoe.com SAMPLE BOOK

ရင်လေးပူပန်လို့ ငိုင်တိုင်တိုင် ဖြစ်နေခဲ့တယ်။ ကျောက်တလိမ့်တုံးတွေနဲ့ နင်းကြိတ်ပိပြားသွားတဲ့ ဆန်ပြောင်းတွေကနေ ဖြစ်လာတဲ့ ကားလမ်းမကြီးဟာ မြောက်ဘက်ဆီကို တောက်လျှောက် ဆန့်တန်းသွားတယ်။ အဲဒီတုန်းက ကျောက်တံတားကြီး မထိုးရသေးဘူး။ သစ်သားတံတားကလေးခမျာ ခြေလှမ်းပေါင်း ထောင်သောင်း၊ လား၊ မြင်းသံခွာပေါင်း ထောင်သောင်းတို့ တက်နင်းတဲ့ဒဏ်ကြောင့် ဒဏ်ရာတွေ အပြည့်နဲ့ နွမ်းလျလို့နေပြီ။ နင်းခြေခံထားရတဲ့ ဆန်ပြောင်းတွေဆီက ထွက်လာတဲ့ ကောက်နံ့စိမ်းအနံ့ဟာ ညဥ့်မြူထဲမှာ စိမ်နေခဲ့ပြီးသကာလ မနက်ခင်းမှာ ပိုလို့ အနံ့ပြင်းလာတယ်။ ယာတော တစ်ခွင်က ဆန်ပြောင်းပင်တွေ ရှိုက်ကြီးတငင် ငိုကြွေးလို့နေပြီ။ သေနတ်သံ ကြားရပြီး သိပ်မကြာပါဘူး၊ ဂျပန်စစ်သားတွေက အဖေနဲ့ ဘွားဘွားကို ရွာထဲက သက်ကြီးရွယ်အိုတွေ၊ အမျိုးသမီးတွေ၊ ကလေးသူငယ်တွေနဲ့အတူ ဒီနေရာကို မောင်းချလာတယ်။ အဲဒီတုန်းက နေလုံးကြီးဟာ ဆန်ပြောင်းထိပ်ဖျားမှာပဲ ရှိသေးတယ်။ အဖေနဲ့ ဘွားဘွားဟာ ရွာသူရွာသား တစ်သိုက်နဲ့အတူ မြစ်တောင်ဘက်ကမ်း၊ ကားလမ်းအနောက်ခြမ်းမှာ ဆန်ပြောင်းအကျိုးအပြတ်တွေပေါ် တက်နင်းလျက် ရပ်နေကြတယ်။ နွားတင်းကုပ်၊ မြင်းတင်းကုပ်ပမာ ဝင်းခြံကြီးကို အဖေတို့ ကြည့်နေမိတယ်။ စုတ်ပြတ်ညစ်နွမ်းစွာ ဝတ်စားထားတဲ့ ချေးတပ် လုပ်အားပေးတစ်အုပ်ကြီးက ဝင်းခြံအပြင်ဘက်မှာ ကျုံ့ကျုံ့ယို့ယို့။ နောက်တော့ ပုဆိန်ရိုးစစ်သားနှစ်ယောက်က အဲဒီ လုပ်အားပေးလူအုပ်ကြီးကို ကားလမ်းအနောက်ခြမ်းဆီ မောင်းလာလို့ အဖေတို့နဲ့ တိုးကြိတ်လျက် လူအုပ်နောက်တစ်အုပ်ဖြစ်ပေါ်လာတယ်။ အဖေတို့နဲ့ လုပ်အားပေးတွေရဲ့ မျက်နှာချင်းဆိုင်မှာကတော့ နောင်အခါမှာ လူတွေကို သွေးပျက်လာစေမယ့် လား၊ မြင်းတွေ လံထားတဲ့ နေရာပဲ။ လူတွေငုတ်တုတ်ရပ်နေကြတယ်။ မေ့လောက်အောင် ကြာပြီးတော့မှ ပခုံးထက်မှာ ပိတ်နီနှစ်စတပ်ထားတဲ့၊ ခါးမှာ ဓားရှည်တစ်လက် တရွတ်တိုက် ချိတ်ထားတဲ့၊ အင်းခွေးတစ်ကောင်ဆွဲထားတဲ့၊ လက်နှစ်ဖက်စလုံးမှာ လက်အိတ်ဖြူ စွပ်ထားတဲ့၊ မျက်နှာပိန်လှီတဲ့ဂျပန်စစ်ဗိုလ်တစ်ယောက် ရွက်ဖျင်တဲဘက်ကနေ လျှောက်လာတယ်။ သူ့နောက်မှာကလျှာနီရဲရဲ တွဲရရွဲဖြစ်နေတဲ့ အင်းခွေး။ အင်းခွေးနောက်မှာက မာတောင့်တောင့် ဂျပန်စစ်သားအလောင်းတစ်လောင်း ထမ်းထားတဲ့ ပုဆိန်ရိုးစစ်သားနှစ်ယောက်။ နောက်ဆုံးကဂျပန်စစ်သား နှစ်ယောက်ကတော့ ပုဆိန်ရိုးစစ်သားနှစ်ယောက် ဖမ်းချုပ်လာတဲ့သွေးအလိမ်းလိမ်းနဲ့ အာဘလောဟန်ကို စောင့်ကြပ်နေကြတယ်။ ဘွားဘွားနားကို အဖေတအားကိုးသွား တယ်။ ဘွားဘွားလည်း အဖေ့ကို ပွေ့ထားလိုက်တယ်။

ဂျပန်စစ်ဗိုလ်က ခွေးတစ်ဖက်နဲ့ လား၊ မြင်းကွင်းအနားက ကွက်လပ်ပေါ်မှာ ရပ်နေတယ်။ မင်ရည်မြစ်ထဲကနေ ငှက်ဖြူအကောင်ငါးဆယ်ကျော် တောင်ပံ တဖျပ်ဖျပ်ခတ်ကာ ပျံထွက်လာတယ်။ လူအုပ်အထက်က ကောင်းကင်ပြာပြာမှာ ပျံသန်းနေရင်းက အရှေ့ဘက်ကို ချိုးကွေ့လိုက်ပြန်ပြီးတော့ကာ ရွှေရောင်ဝင်းတဲ့ နေမင်းကြီးဆီကို

mgyoe.com

mgyoe.com
SAMPLE BOOK

ပျံသန်းသွားတော့တယ်။ လား၊ မြင်းကွင်းထဲက ညစ်ပတ်ပေရေနေတဲ့ တိရစ္ဆာန်တွေကို အဖေ တွေ့လိုက်ရတယ်။ မြေကြီးပေါ် လဲနေတဲ့ အိမ်က လားနက်ကြီး နှစ်ကောင်ကို တွေ့လိုက်ရတယ်။ တစ်ကောင်က သေနေပြီ။ သူ့ခေါင်းပေါ်မှာ ဟိုတူးရှင်းကြီး တစောင်း စိုက်လျက် ရှိနေသေးတယ်။ သွေးမည်းသွေးညစ်တွေကြောင့် မြေကြီးပေါ်က ဆန်ပြောင်း အကျိုးအကြေတွေ၊ ကြည်လင်သန့်ရှင်းတဲ့ လားမျက်နှာ ရစရာ မရှိအောင် ညစ်ညမ်းကုန်ပြီ။ ကျန်တဲ့ လားတစ်ကောင်ကတော့ မြေကြီးပေါ်မှာ ထိုင်နေတယ်။ သွေးသံရဲရဲအမြီးက မြေကြီးပေါ်မှာ ရှပ်တိုက်လျက်။ မိုက်သားတွေလည်း တဆတ်ဆတ် တုန်လျက်။ ဟစေ့ ဟစေ့ ဖြစ်နေတဲ့ နှာခေါင်းပေါက်ထဲကနေ လေချွန်သံလို အသံမြည်လျက်။ အဖေက ဒီလားနက်နှစ်ကောင်ကို သိပ်ချစ်တာ။ လားပေါ်မှာ ဘွားဘွား ခေါင်းမော့၊ ရင်ကော့ စီးခဲ့တုန်းက အဖေက ဘွားဘွား ရင်ခွင်ထဲမှာ။ လားကြီးက သားအမိနှစ်ယောက်ကို တင်ပြီး ဆန်ပြောင်းတောကြားက မြေလမ်းတစ်လျှောက် ကဆုန်စိုင်းတော့ အဖေနဲ့ ဘွားဘွား လားပေါ်မှာ ရှေ့နောက် ယိမ်းထိုး၊ အထက်အောက် ခုန်ဆောင့်ခဲ့ကြတယ်။ လားခြေသွယ်သွယ်က လမ်းတစ်လျှောက် ဖုန်ထအောင် ပေါက်တယ်။ အဖေလည်း ပျော်လွန်းလို့ လျှောက်အော်ခဲ့တယ်။ ဆန်ပြောင်းတောစပ်မှာ ပေါက်ပြား ကိုင်လျက်၊ ဒါမှမဟုတ် တခြား လယ်ယာသုံးကိရိယာတစ်ခုခု ကိုင်လျက် ရပ်နေကြတဲ့ တောင်သူတွေ ဟာ ဆန်ပြောင်းအရက်ဖိုပိုင်ရှင် သူဌေးမရဲ့ ရွှန်းတင့်တဲ့ ရုပ်ကို စိုက်ကြည့်ရင်း မနာလိုမုန်းတီးမှုတွေ မျက်နှာမှာ အထင်းသား ပေါ်လွင်နေကြတယ်။ အိမ်က လားနက်ကြီး နှစ်ကောင်ထဲမှာ တစ်ကောင်ကတော့ မြေကြီးပေါ် လဲသေနေပြီ။ ပြဲနေတဲ့ ပါးစပ်ထဲက သွားဖြူဖြူကြီးတွေက မြေကြီးကို ကိုက်ဝါးလျက်။ ထိုင်လျက်ရှိနေတဲ့ နောက်တစ်ကောင် မှာတော့ သေတာထက်တောင် ပိုအခံရခက်နေရှာတယ်။ အဖေက ဘွားဘွားကို ‘‘အမေ၊ ကျုပ်တို့လားကြီး’’လို့ ပြောတော့ ဘွားဘွားက အဖေ့ပါးစပ်ကို လက်နဲ့ အုပ်လိုက်တယ်။

ခွေးတစ်ဖက်နဲ့ ဓားရှည်မြေထောက် ရပ်နေတဲ့ ဂျပန်စစ်ဗိုလ်ရှေ့မှာ ဂျပန် စစ်သားအလောင်းကို ချထားလိုက်တယ်။ ပုဆိန်ရိုးစစ်သားနှစ်ယောက်က သွေးအလိမ်းလိမ်း ဖြစ်နေတဲ့ အဘလောဟန်ကို မြင်းချည်တိုင်တစ်ခုဆီ တရွတ်ဆွဲသွားတယ်။ အဖေက အဘလောဟန်ကို ချက်ချင်း မမှတ်မိဘူး။ အဖေ မြင်လိုက်ရတာက ရစရာ မရှိအောင် အရိုက်ခံထားရတဲ့ လူပုံသဏ္ဍာန် ထူးဆန်းတဲ့ သတ္တဝါတစ်ကောင်။ တရွတ်ဆွဲခံထားရတဲ့ သူ့ဦးခေါင်းက တော်ကြာ ဘယ်စောင်းလိုက်၊ တော်ကြာ ညာစောင်းလိုက်။ ငယ်ထိပ်ပေါ် က သွေးခဲဟာ ရေကျပြီးနောက် မြစ်ကမ်းထက်မှာ ကျန်နေခဲ့တဲ့ ရွှံ့ချောတစ်လွှာပမာ။ နေပူထဲမှာ အခြောက်လှန်းခံထားရလို့ အနားတွေတွန့်၊ ပပ်ကြားတွေအက်နေပြီ။ တရွတ် ဆွဲလာတဲ့ သူ့ခြေအစုံက မြေကြီးပေါ်မှာ မြွေလိမ်မြွေကောက် ခြူးပန်းခြူးခက်တွေ ချန်ထားခဲ့တယ်။ လူအုပ်ကြီးလည်း တိတ်တဆိတ် စုရုံးလာတယ်။ အဖေလည်း သူ့ပခုံးကို ဘွားဘွားလက်နဲ့ ကျစ်ကျစ်ပါအောင် ဆုပ်လာသလား ခံစားမိတယ်။ ရှိသမျှ လူတွေ

mgyoe.com

mgyoe.com SAMPLE BOOK
အားလုံး ခေါင်းတွေ ပုသွားကြတယ်။ တချို့မျက်နှာ မြေရောင်ထ၊ တချို့မျက်နှာ မည်းကုန်ကြ။ ရုတ်တရက်ကြီး တိတ်ဆိတ်သွားလို့ ဟိုအင်းခွေးကြီးရဲ့ အသက်ရှုသံ တဟူးဟူးကိုတောင် ပြတ်ပြတ်သားသား ကြားလာရတယ်။ အင်းခွေးတစ်ဖက်နဲ့ ဂျပန်စစ်ဗိုလ်ကလည်း ဘူခနဲ အီးတစ်ချက် ပေါက်လိုက်သေးရဲ့။ ပုဆိန်ရိုးစစ်သားတွေ လူပုံသဏ္ဍာန်ဟိုထူးဆန်းတဲ့ သတ္တဝါကို မြင်းချည်တိုင်မြင့်ကြီးရှေ့အထိ ဆွဲသွားပြီး လွှတ်ချလိုက်လို့ တူးဆန်းတဲ့ သတ္တဝါလည်း အရိုးထွင်ပြီးသား အသားတုံးတစ်တုံးလို မြေကြီးပေါ် ပုံကျသွားတာ မြင်လိုက်ရတော့မှ အဖေလည်း-

"အာလောဟန်"လို့ အလန့်တကြား ထအော်မိတယ်။

ဘွားဘွားလည်း အဖေ့ပါးစပ်ကို ထပ်အုပ်လိုက်ရတယ်။

အာလောဟန်က မြင်းချည်တိုင်အောက်မှာ တဖြည်းဖြည်း လှုပ်လျက်။ အရင်ဦးဆုံး လေးကိုင်းသဏ္ဍာန် ဖင်ထောင်လာတယ်။ ပြီးတော့မှ ဒူးအစုံကို မြေပေါ်ထောက်၊ လက်အစုံကို မြေပေါ်ဖိပြီး ခေါင်းမော့လာတယ်။ မျက်နှာတစ်ခုလုံး ရောင်ကိုင်းလို့ ပြောင်ဝင်းနေတယ်။ ချုပ်ရိုးပမာ မှေးလို့နေတဲ့ မျက်လုံးအစုံထဲကနေ စိမ်းပုပ်ရောင်အလင်းတန်းနှစ်ခု ထုတ်လွှတ်နေတယ်။ အဖေက အာလောဟန်ရှေ့ တည့်တည့်မှာ။ အာလောဟန် သူ့ကို ကျိန်းသေပေါက် တွေ့လိမ့်မယ်လို့ သူ ယုံကြည်တယ်။ သူ့ရင်ထဲက ကလီစာတွေ ဗြောင်းဆန်နေတယ်။ ကြောက်စိတ်လား၊ ဒေါသစိတ်လား သူလည်း မဝေခွဲတတ်ဘူး။ သူက တအားအော်လိုက်ချင်ပေမယ့် သူ့ပါးစပ်ကို ဘွားဘွားလက်က တင်းတင်းရင်းရင်း ဖိအုပ်ထားလိုက်ပြီ။

ခွေးတစ်ဖက်နဲ့ ဂျပန်စစ်ဗိုလ်က လူအုပ်ကြီးကို ဘာတွေမှန်းမသိ အော်ပြောတယ်။ ကတုံးဆံတောက်နဲ့ တရုတ်တစ်ယောက်က ဂျပန်စစ်ဗိုလ် ပြောတာကို အားလုံး နားလည်အောင် စကားပြန်ပေးနေတယ်။

စကားပြန် ပြောတဲ့စကားတွေကို ကျွန်တော့်အဖေ အကုန်မကြားခဲ့ဘူး။ ဘွားဘွားပါးစပ်အုပ်ထားလို့ သူ့မှာ မျက်စိတွေ ပြာ၊ နားတွေ အူနေခဲ့တာကိုး။

အနက်ဝတ် တရုတ်နှစ်ယောက်က အာလောဟန်ကို ကိုယ်တုံးလုံး ဆွဲချုတ်ပြီး တိုင်မှာချိတ်ထားလိုက်တယ်။ မိစ္ဆာစစ်ဗိုလ် လက်ပြလိုက်တော့ နောက်ထပ် အနက်ဝတ်နှစ်ယောက်က ကျွန်တော်တို့ရွာမှာသာမက ကောင်းမိတုန်းပေတိုက်နယ် တစ်ဝန်းမှာပါနာမည်အကြီးဆုံးဖြစ်တဲ့ ဝက်သတ်သမား ဆွန်ဂူကို သစ်သားဝင်းထရံထဲကနေ ဆွဲဆွဲရမ်းရမ်းဖမ်းထုတ်လာခဲ့တယ်။

ဆွန်ဂူက ပုပျပ်ပျပ်၊ ဝပြဲပြဲ၊ ဗိုက်ရွှဲရွှဲ၊ ခေါင်းပြောင်ပြောင်၊ မျက်နှာနီနီ။ နှာတံတစ်ဖက်စီက မျက်လုံးမှေးမှေးတွေက တစ်လုံးနဲ့တစ်လုံး အတော်ကလေး နီးနီးကပ်ကပ် ရှိတယ်။ သူက ဘယ်လက်မှာ ဓားချွန်တစ်လက်၊ ညာလက်မှာ ရေတစ်ပုံး ဆွဲလျက် အာလောဟန်ရှေ့ကို ကတုန်ကယင် လျှောက်လာခဲ့တယ်။
mgyoe.com

mgyoe.com SAMPLE BOOK

စကားပြန်က ပြောတယ်။

"မာစတာကြီးက ပြောတယ်၊ ကောင်းကောင်း နှာတဲ့၊ ကောင်းကောင်း မနှာရင် အင်းခွေးလွှတ်ပြီး နင့်ရင်ကို ခွဲပစ်မယ်တဲ့"

ဆွန်ဂူလည်း 'မှန်ပါ မှန်ပါ' ဆက်တိုက်ထူးလျက် မျက်ခွံတွေ တဖျပ်ဖျပ် လှုပ်နေတယ်။ သူက ဓားကို ပါးစပ်မှာ ခဲလျက် အဘလောဟန်ခေါင်းကို ရေပုံးနဲ့ လောင်းချလိုက်တယ်။ ရေအေးနဲ့ ထိလို့ အဘလောဟန် ဆတ်ခနဲ ခေါင်းထောင်လာတယ်။ သူ့ရဲ့ မျက်နှာ၊ လည်ပင်းတစ်လျှောက် ခြေဖျားထိအောင် သွေးတွေ၊ ရေတွေ ရောနှော စီးကျသွားတယ်။ အလုပ်ကြပ်တစ်ယောက်က မြစ်ထဲကနေ နောက်ထပ် ရေတစ်ပုံး ခပ်လာပေးတယ်။ ဆွန်ဂူလည်း အဝတ်စုတ်တစ်စကို ရေညှစ်ပြီး အဘလောဟန်တစ်ကိုယ်လုံးကို သန့်သန့်ရှင်းရှင်းဖြစ်အောင် ရေဖတ်တိုက်ပေးလိုက်တယ်။ ရေဖတ်တိုက်ပေးရင်း ဆွန်ဂူက ဖင်တလှုပ်လှုပ်နဲ့ "အစ်ကိုကြီး..." လို့ ခေါ်တော့ အဘလောဟန်က–

"ငါ့ညီ၊ ငါ့ကို တစ်ချက်တည်းနဲ့ ကိစ္စတုံးပေးစမ်းပါကွာ။ မင်းကျေးဇူး ငါ တမလွန်အထိ မမေ့ဘူး"လို့ ပြောတယ်။

ဂျပန်စစ်ဗိုလ် တစ်ချက် အော်တယ်။

စကားပြန်က "မြန်မြန်လုပ်စမ်း" ပြောတယ်။

ဆွန်ဂူက မျက်စိပျက်မျက်နှာပျက်နဲ့ အဘလောဟန်နားရွက်ကို သူ့လက်ချောင်းတုတ်တုတ်ကြီးနဲ့ ဆွဲပြီး ပြောတယ်။

"အစ်ကိုကြီးရေ၊ ညီလေးလည်း မတတ်သာလို့ပါဗျာ..."

ဆွန်ဂူရဲ့ဓား အဘနားကို လွှတိုက်သလို တိုက်နေတာ အဖေ မြင်ခဲ့ရတယ်။ အဘလောဟန်လည်း စူးစူးဝါးဝါး အော်မြည်ရင်း ဝါဖန့်ဖန့်သေးရည်တွေ ပေါင်ကြားကနေ ဖြန်းခနဲ ဖြန်းခနဲ ပန်းထွက်လာတယ်။ အဖေလည်း ဒူးတွေ ဆတ်ဆတ်တုန်လာတယ်။ သူ့အနားကို ကြွေပန်းကန်တစ်ချပ်နဲ့ ဂျပန်စစ်သားတစ်ယောက် ရောက်လာတော့ ဆွန်ဂူက အဘလောဟန်ရဲ့ နားရွက်ထူထူကြီးကို ကြွေပန်းကန်ထဲ ထည့်ပေးလိုက်တယ်။ ဆွန်ဂူက အဘလောဟန်ရဲ့ နားရွက် နောက်တစ်ဖက်ကို ထပ်လှီးပြီး ကြွေပန်းကန်ထဲ ထည့်ပေးလိုက်ပြန်တယ်။ အဘလောဟန်ရဲ့ နားရွက်နှစ်ဖက် ကြွေပန်းကန်ထဲမှာ အသံမြည်တဲ့အထိ ဖျပ်ဖျပ်လူးနေတာ အဖေ မြင်လိုက်ရတယ်။

ဂျပန်စစ်သားက ကြွေပန်းကန်ကို ကိုင်လျက် လုပ်အားပေးတွေ၊ ကျား၊ မ ကြီးငယ်တွေရဲ့ရှေ့ကနေ ခပ်ဖြည်းဖြည်း ဖြတ်လျှောက်သွားတယ်။ ကြွေပန်းကန်ထဲမှာ မြည်သံ ပိုကျယ်လာနေတဲ့ အဘလောဟန်ရဲ့ ဖြူဆွတ်လှပတဲ့ နားရွက်အစုံကို အဖေ မြင်လိုက်ရတယ်။

ဂျပန်စစ်သားက နားရွက်ကို ဂျပန်စစ်ဗိုလ်ရှေ့ ယူသွားပြတယ်။ စစ်ဗိုလ်

mgyoe.com

mgyoe.com SAMPLE BOOK
ခေါင်းညိတ်တယ်။ ဂျပန်စစ်သားက ကြွေပန်းကန်ကို ဂျပန်စစ်သားအလောင်းဘေးမှာ သွားချပြီး တစ်အောင့်လောက် အသံတိတ် ငြိမ်သက်နေပြီးမှ ပြန်ယူပြီး အင်းခွေးရှေ့မှာ ချပေးလိုက်တယ်။

အင်းခွေးက လျှာကိုသိမ်းပြီး မည်းမည်းချွန်ချွန်နှာခေါင်းနဲ့ အဲဒီ နားရွက်အစုံ သွားနမ်းကြည့်တယ်။ ပြီးတော့ ခေါင်းတယမ်းယမ်းနဲ့ လျှာပြန်ထုတ်ပြီး ထိုင်ချတယ်။

စကားပြန်က ဆွန်ဂူကို "ဟေ့…ထပ်လှီးစမ်း"လို့ ပြောတယ်။

ဆွန်ဂူလည်း နေရာမှာတင် ကိုယ်ကို တစ်ပတ်လှည့်ပြီး ပါးစပ်ကလည်း တတွတ်တွတ်နဲ့ ဘာတွေ ရွတ်နေမှန်း မသိဘူး။ သူ့မျက်နှာမှာ အဆီတွေပြန့်ပြီး ကြက်တွေ ဆန်ဆိတ်နေသလို မျက်တောင်တွေ တရစပ် ခတ်နေတာကို အဖေ မြင်လိုက်ရတယ်။

အာဘလောဟန်ရဲ့ နားရင်းနှစ်ဖက်မှာ သွေးနည်းနည်းပဲ ထွက်တယ်။ နားရွက် မရှိတော့တဲ့နောက် အာဘလောဟန်ရဲ့ ခေါင်းဟာလည်း အတော့်ကို ပြောင်စင်သွားတယ်။

မိစ္ဆာစစ်ဗိုလ် နောက်ထပ် အော်တယ်။

စကားပြန်က "မြန်မြန်လှီးစမ်း" ပြောတယ်။

ဆွန်ဂူလည်း ကိုယ်ကိုညွတ်ပြီး အာဘလောဟန်ရဲ့ ယောကျ်ားတန်ဆာကို ဓားနဲ့ တစ်ချက် လှမ်းဝိုက်ပြီးတော့ ဂျပန်စစ်သားလက်ထဲက ကြွေပန်းကန်ထဲ ထည့်ပေးလိုက်တယ်။ ဂျပန်စစ်သားက လက်မောင်းနှစ်ဖက် ရှေ့ဆန့်လျက်၊ မျက်လုံးနှစ်ဖက် တည့်တည့် ကြည့်လျက် လူအုပ်ကြီးရှေ့ကနေ အရုပ်တစ်ရုပ်ပမာ ဖြတ်လျှောက်သွားတယ်။ အဖေလည်း သူ့ပခုံးကို ညှစ်ထားတဲ့ ဘွားဘွားရဲ့ အေးစက်စက် လက်ချောင်းတွေ အသားထဲများ ထိုးဝင်သွားပြီလားလို့တောင် အောက်မေ့မိတော့တယ်။

ဂျပန်စစ်သားက ကြွေပန်းကန်ကို အင်းခွေးရှေ့ သွားချတယ်။ အင်းခွေးက တစ်ကိုက်၊ နှစ်ကိုက် ကိုက်ပြီးတော့ ပြန်ထွေးထုတ်တယ်။

အာဘလောဟန်ခမျာ တစာစာ အော်ညည်းနေရှာတယ်။ အရိုးပေါ် အရေတင် ခန္ဓာကိုယ်လည်း မြင်းချည်တိုင်ပေါ်မှာ ထွန့်ထွန့်လူးနေတယ်။

ဆွန်ဂူက ဓားကို ပစ်ချ၊ မြေကြီးပေါ်မှာ ဒူးထောက်ပြီး ချုံးပွဲချ ငိုတယ်။

ဂျပန်စစ်ဗိုလ်က လည်ပတ်ကြိုးကို လွှတ်လိုက်တော့ အင်းခွေးလည်း ဆွန်ဂူ့ လည်ကုပ်ကို လှမ်းခုန်အုပ်ပြီး မာန်စွယ်ငေါငေါ ထုတ်ပြတယ်။ ဆွန်ဂူလည်း မြေကြီးပေါ် လဲကျပြီး မျက်နှာကိုသာ လက်နှစ်ဖက်နဲ့ အုပ်ထားရရှာတယ်။

ဂျပန်စစ်ဗိုလ် လေတစ်ချက်ချွန်လိုက်တော့ အင်းခွေးလည်း သခင့်ဆီ လည်ပတ်ကြိုး တန်းလန်းနဲ့ ပြန်ပြေးသွားတယ်။

စကားပြန်က "မြန်မြန်နွာစမ်း" ပြောတယ်။

ဆွန်ဂူလည်း ကုတ်ကတ်ထပြီး အာဘလောဟန်ရှေ့ကို ဓားတစ်ဖက်နဲ့ ဒယိမ်း
mgyoe.com

mgyoe.com SAMPLE BOOK

ဒယိုင် လျှောက်သွားတယ်။

အာလောဟာန် ပိုးစိုးပက်စက် ထဆဲတယ်။ အာလောဟာန်ရဲ့ ဆဲဆိုသံကြောင့် လူတွေ အားလုံး ခေါင်းပြန်ထောင်လာတယ်။

ဆွန်ဂူက ပြောတယ်။

"အစ်ကိုကြီးရေ... အစ်ကိုကြီးရေ... အစ်ကိုကြီးရေ... နည်းနည်းလောက် အောင့်ခံလိုက်ပါဗျာ..."

အာလောဟာန်လည်း ပါးစပ်ထဲက သွေးတွေ၊ တံတွေးတွေကို ဆွန်ဂူ့မျက်နှာပေါ် ထွေးထည့်လိုက်တယ်။

"နှာကွာ၊ နင့်ဘိုးအေရိုးတဲ့မှပဲ၊ နှာကွာ"

ဆွန်ဂူလည်း ဓားကိုင်ပြီး အာလောဟာန်ငယ်ထိပ်က လန်ထွက်နေတဲ့ ဒဏ်ရာကနေ စ နွာလိုက်တာ ရှပ်ခနဲ ရှပ်ခနဲကို မြည်လို့။ သင်းနွာပုံက သေသပ်လှတယ်။ အာလောဟာန်ရဲ့ ဦးရေပြား ကွာကျလာပြီ။ ပြာနှမ်းနှမ်း မျက်လုံးတွေ၊ အသားမြှောင်းတွေ...။

အဖေ ကျွန်တော့်ကို ပြောပြတယ်၊ အာလောဟာန်ဟာ မျက်နှာအရေခွံ အနွာခံရပြီးတဲ့နောက်မှာ ပုံပျက်ပန်းပျက် ဖြစ်သွားတဲ့ ပါးစပ်ထဲကနေ ဝူးဝူးဝါးဝါး မြည်နေသေးတယ်တဲ့။ သူ့ရဲ့ ကြာညိုရောင် ဦးရေပြားကနေ ခြင်းခြင်းနီ သွေးသီး သွေးပေါက်တွေ တသီတတန်း စီးကျလာသတဲ့။ ဆွန်ဂူဟာ လူနဲ့ မတူတော့ဘူး။ အနုစိတ် သေသပ်လှတဲ့ သူ့ဓားချက်နဲ့ နွာချလိုက်တဲ့ အရေပြားတစ်ချပ်လုံးမှာ အနာအဆာ လုံးဝ မရှိ။ အသားတုံးကြီးတစ်ခုအဖြစ် အရေခွံ နွာခံရပြီးတဲ့နောက်မှာ အာလောဟာန်ဝမ်းဗိုက်ထဲက အူတွေ ရှိုးတိုးရှတ္တ ဖြစ်နေသေးတယ်။ ယင်တလှောင်းလှောင်း ဖြစ်လာပြီ။ လူအုပ်ထဲက မိန်းမတွေ အားလုံး မြေကြီးပေါ် ဒူးထောက်ပြီး ယာတောသိမ့်သိမ့် ငိုကြွေးကြတယ်။ အဲဒီညက မိုးကြီးချလို့ လား၊ မြင်းကွင်းပေါ်က သွေးစွန်းကွက်တွေကို မိုးရေက ဆေးကြော ပစ်လိုက်တာ အာလောဟာန်ရဲ့အလောင်းနဲ့ အရေတွေလည်း အစရှာမရ ပျောက်ခြင်းမလှ ပျောက်သွားတော့တယ်။ အာလောဟာန် အလောင်းပျောက်တဲ့ သတင်းလည်း ရွာထဲ ပြန့်သွားပြီး တစ်ယောက်က ဆယ်ယောက်၊ ဆယ်ယောက်က အယောက်တစ်ရာ၊ မျိုးဆက်တစ်ဆက်က မျိုးဆက်တစ်ဆက် လက်ဆင့်ကမ်းလာရာကနေ လှပတဲ့ ဒဏ္ဍာရီ ပုံပြင်တစ်ပုဒ် ဖြစ်လာပါတော့တယ်။

"သင်း ငါ့ကို အပျော်ကြံရဲ ကြံကြည့်၊ သင်းခေါင်းကို ဖြတ်ပြီး သေအိုး လုပ်ပစ်မယ်"

မြင့်လေ သေးလေ ဖြစ်လာတဲ့ နေလုံးကနေ အဖြူရောင် အလင်းပူတွေ ထုတ်လွှတ်လာပြီ။ ဆန်ပြောင်းထက်က နှင်းရည်တွေလည်း ကျဲသွားပြီ။ တောဘဲတွေက တစ်အုပ်ပြီးတစ်အုပ် ပျံလာလိုက် ပျံသွားလိုက်။ ဆွယ်မှူးလိန်ကတော့ ပေါ်မလာသေး။

mgyoe.com

mgyoe.com SAMPLE BOOK

ရုံဖန်ရံခါ ဖြတ်ပြေးတတ်တဲ့ တောယုန်တွေကလွဲလို့ ကားလမ်းမပေါ်မှာ တခြား ဘာသတ္တဝါမှ မရှိဘူး။ နောက်တော့ နီရဲရဲ မြေခွေးတစ်ကောင် ပုန်းလျှိုး ကွယ်လျှိုး ပေါ်လာသေးတယ်။ ဆွယ်မှူးလိမ်နှက်ကို ကျိန်ဆဲလိုပြီးတော့ တပ်မှူးယွီက "ဟေ့ အားလုံး ထကြ။ ငါတို့တော့ ဒီခွေးမသား ကျောက်ပေါက်လိမ် ညာတာ ခံလိုက်ရပြီထင်တယ်"လို့ အော်ပြောလိုက်တယ်။

ဝပ်နေရတာ ပင်ပန်းလှပြီမို့ အဖွဲ့သား အားလုံး ဒီအသံကို မျှော်နေတာ ကြာလှပေါ့။ တပ်မှူးယွီ အမိန့်ပေးလို့ မဆုံးခင်မှာပဲ အားလုံး ကုတ်ကတ်ထလာကြတယ်။ တချို့က တာရိုးပေါ်တက်ထိုင်ပြီး ဆေးတံသောက်ကြသလို တချို့က တာရိုးပေါ် ကနေ အောက်ကို သေးပန်းချကြတယ်။

အဖေလည်း တာရိုးပေါ် ခုန်တက်သွားပြီးတဲ့နောက်မှာ မနှစ်က ဖြစ်ရပ် တချို့ကို ပြန်အောက်မေ့မိနေသေးတယ်။ အရေခွံနွာခံထားရတဲ့ အဘလောဟန်ရဲ့ ဦးခေါင်းက သူ့ရှေ့မှာ တလှုပ်လှုပ် ရှိနေဆဲ။ ဘွားခနဲ ပေါ်လာတဲ့ လူအုပ်ကြီးကြောင့် တောဘဲတွေ လန့်ဖျပ်ပျံပြေးကြပြီး မလှမ်းမကမ်းက မြစ်ကမ်းစပ်မှာ အသီးသီး ပြန်ဆင်းသက်ကြပြီးတော့ စောင်းကန်းစောင်းကန်း လျှောက်သွားကြလို့ ချုံပုတ်ထဲမှာ စိမ်းဖန့်ဖန့် ဘဲတောင်တွေ ဝါညိုညိုဘဲတောင်တွေ ဖိတ်ဖိတ်တောက်လာတယ်။

အာဘာက သူ့ခါးရှည်ရယ်၊ ဟန့်ယန်ရိုင်ဖယ်ရယ်ကို ထမ်းပြီး တပ်မှူးယွီရှေ့ ရောက်လာတယ်။ မျက်နှာက ညိုး၊ မျက်လုံးက ပြူးလို့။ နေလုံးကို လက်ညှိုးထိုးပြတယ်။ နေလုံးက အရှေ့တောင်ကောင်းကင်ဆီကို ရောက်နေပြီ။ ကားလမ်းမကို လက်ညှိုးထိုးပြတယ်။ ကားလမ်းမက ကျီးနှင့်ဖုတ်ဖုတ်။ အာဘာက ဗိုက်ကိုလည်း လက်ညှိုးထိုးပြပြီး အာဘာ အာဘာ အော်လျက် ရှာရှိရာအရပ်မျက်နှာကို ညွှန်ပြတယ်။ တပ်မှူးယွီလည်း တစ်အောင့်လောက် စဉ်းစားနေပြီးမှ ကားလမ်းအနောက်ဘက်က လူတွေကို "အားလုံး လာခဲ့ကြ"လို့ လှမ်းခေါ်လိုက်တယ်။

ရဲဘော်တွေ ကားလမ်းမကို ဖြတ်ကူးပြီး တာရိုးပေါ် စုရုံးလာကြတယ်။

တပ်မှူးယွီက–

"ညီနောင်တို့၊ ကျောက်ပေါက်လိမ်သာ တို့ကို အပျော်ကြံရဲရင် သင်းခေါင်းကို ငါကိုယ်တိုင် သွားဖြတ်မယ်။ မွန်းမှ မတည့်သေးတာပဲ၊ တစ်အောင့်လောက် စောင့်ကြည့်သေးတာပေါ့။ မွန်းတည့်လို့မှ ကားမလာသေးဘူးဆိုရင် တို့တစ်တွေ ထန်ကျားလျှိုကို တိုက်ရိုက်သွားပြီး ကျောက်ပေါက်လိမ်နဲ့ စာရင်းရှင်းမယ်။ အားလုံး ဆန်ပြောင်းတောထဲ နားနေကြဦး။ ထမင်းလာပို့ဖို့ တို့ကွမ်းကို ငါ သွားပြောခိုင်းလိုက်မယ်။ ဟော့…တို့ကွမ်း"

အဖေက တပ်မှူးယွီကို မော့ကြည့်တယ်။

ဗိုလ်မှူးယွီ ပြောတယ်၊

mgyoe.com

"အိမ်ပြန်ပြီး မင်းအမေကို ပြောလိုက်၊ လူတွေ ခေါ်ပြီး ချာပျဉ်တွေ လိုမ့်ထားလို့။ မွန်းတည့်ချိန်အမီ လာပို့ခိုင်း၊ မင်းအမေကိုယ်တိုင် လာပို့ခိုင်း"

ကျွန်တော့်အဖေလည်း ခေါင်းကလေးညိတ်၊ ဘောင်းဘီကလေး တစ်ချက်ဆွဲတင်၊ ဘရောင်နင်ပစ္စတိုကို ခါးကြား သေချာထိုး၊ တာရိုးပေါ်ကနေ တစ်ဟုန်ထိုး ပြေးဆင်းလို့၊ ကားလမ်းမတစ်လျှောက် မြောက်ဘက်ကို တစ်ဖြတ်လောက် ပြေးပြီးတဲ့အခါ ဆန်ပြောင်းတောထဲ တိုးဝင်သွားပြီး အနောက်မြောက်အရပ်ဆီကို ရှူးခနဲ ရှူးခနဲ ခရီးဆက်ခဲ့တယ်။ ပင်လယ်ပမာ ဆန်ပြောင်းတောထဲမှာ အဖေဟာ လား၊ မြင်းတွေရဲ့ ရှည်မျောမျော ဦးခေါင်းခွံတွေနဲ့ တိုးမိတယ်။ ခြေနဲ့တစ်ချက်ကန်လိုက်တော့ ဦးခေါင်းခွံထဲကနေ အမြီးတိုတို အမွေးစုတ်ဖွား မြေကြွက်နှစ်ကောင် ခုန်ထွက်လာပြီး အထိတ်တလန့်မရှိလှစွာ သူ့ကို တစ်ချက်လှမ်းကြည့်ပြီးတော့ ဦးခေါင်းခွံထဲ ပြန်ဝင်သွားကြတယ်။ အဖေလည်း အိမ်က လားနက်ကြီးနှစ်ကောင်ကို ပြန်အောက်မေ့လာတယ်။ မော်တော်ကားလမ်းဖောက်ပြီးတာ ကြာလှပြီဖြစ်ပေမယ့်လည်း အရှေ့တောင်လေ တိုက်လာတိုင်း စူးရှရှအလောင်းနံ့ကို ရွာထဲကနေ ရနေဆဲ။ မင်ရည်မြစ်ထဲမှာ မနှစ်တုန်းက လား၊ မြင်းအသေကောင်တွေ အတော်များများ ပုပ်ပွနေခဲ့ကြတယ်။ အဲဒီ အသေကောင်တွေဟာ မြစ်စပ်က ချုံထူထပ်တဲ့ ရေတိမ်ပိုင်းမှာ ကမ်းလာတင်တယ်။ နေရောင်နဲ့ ထိလို့ ဗိုက်တွေအဆုံးစွန် ဖောင်းတက်လာပြီး ပေါက်ကွဲကုန်လို့ လှပတဲ့ အူတွေ ပန်းပွင့်ပမာ ပွင့်ထွက်လာလိုက်ကြတာ စိမ်းပုပ်ရောင် အရည်တွေလည်း မြစ်ရေထဲမှာ ရေစီးနဲ့အတူ မျောပါသွားတော့တယ်။

✧

mgyoe.com

mgyoe.com SAMPLE BOOK

# ၅

ကျွန်တော့်ဘွားဘွား ဆယ့်ခြောက်နှစ်သမီးအရွယ်မှာ သူ့အဖေက သူ့ကို ကောင်းမိတုန်းပေတိုက်နယ်က နာမည်ကြီး ကြေးရတတ် ဆန့်ထိန်ရှုရဲ့ တစ်ဦးတည်းသော သား ဆန့်မောင်ပြားနဲ့ ပေးစားလိုက်တယ်။ အရက်ဖိုလုပ်ငန်းရှင် ဆန့်မိသားစုဟာ ဈေးချောင်ချောင်နဲ့ရတဲ့ ဆန်ပြောင်းကုန်ကြမ်းတွေနဲ့ အရည်အသွေးမြင့် အရက်ဖြူတွေ ချက်လုပ်နိုင်သမို့ အနီးတစ်ဝိုက် ရွာနီးချုပ်စပ်မှာ နာမည်ကြီးပေတယ်။ တုန်းပေတိုက်နယ် ဟာ မြေနိမ့်ချိုင့်ဝှမ်းဒေသဖြစ်လို့ နှစ်စဉ် မိုးရေလျှံလေ့ ရှိတယ်။ ဆန်ပြောင်းတွေဟာ ရိုးတံမြင့်ပြီး ရေမကြောက်သမို့ အများအပြား စိုက်ပျိုးကြသလို နှစ်တိုင်းလည်း အထွက် တိုးတယ်။ ဆန့်မိသားစုလည်း ဈေးသက်သာတဲ့ ကုန်ကြမ်းတွေနဲ့ အရက်ချက်ရာကနေ အမြတ်ထွက်လို့ ချမ်းသာလာတယ်။ ကျွန်တော့်ဘွားဘွားကို ဆန့်မောင်ပြားနဲ့ ပေးစားနိုင်တာ ကျွန်တော့်အဘေးအဖို့တော့ ဂုဏ်တက်ဖွယ်ပဲ။ ဆန့်မောင်ပြားမှာ အနာကြီးရောဂါ ရှိတယ်လို့ သတင်းပြန့်နေလင့်ကစား အဲဒီတုန်းက ဆန့်မိသားစုနဲ့ ဆွေမျိုးတော်ချင်သူ တွေဆိုတာ နည်းမှ မနည်းပဲ။ ဆန့်ထိန်ရှုဆိုတာ ပိန်ခြောက်ခြောက် အဘိုးကြီး ညှက်စိ။ နောက်စေ့မှာ ညိုးရော်ရော် ကျစ်ဆံမြီးတိုကလေးတစ်ချောင်း ကော့လို့။ အိမ်က သေတ္တာထဲမှာ ရွှေတွေ၊ ငွေတွေ ပြည့်နေပေမယ့် ဝတ်ပုံစားပုံကတော့ စုတ်စုတ်ပြတ်ပြတ်ပဲ။ ခါးမှာလည်း ကြိုးစုတ်တစ်ချောင်းကိုသာ အမြဲပတ်ထားတယ်။ တကယ်တော့ ဆန့်မိသားစု ဆီကို ဘွားဘွား ပေးစားခံရတာဟာ ကောင်းကင်ဘုရား အလိုတော်ကျပါ။ အဲဒီနေ့က ဘွားဘွားဟာ ဒန်းစင်ဘေးမှာ ဖဝါးချွန်ချွန်၊ ကျစ်ဆံမြီးရှည်ရှည် ပျိုမေတစ်သိုက်နဲ့

mgyoe.com

mgyoe.com
SAMPLE BOOK

ဆော့ကစားနေခဲ့တယ်။ သင်္ချိုင်းကန်တော့ပွဲတော်နေ့မို့ မက်မွန်တွေနီ၊ မိုးမခတွေစိမ်းပြီး မိုးကလေး ဖွဲဖွဲကျနေတာကြောင့် ပျိုမေတွေ ပြုံးပန်းဝေကာ လွတ်လပ်နေကြတယ်။ အဲဒီနှစ်က ဘွားဘွား အရပ်ငါးပေသုံး၊ ပေါင်တစ်ရာသုံးဆယ်။ ကိုယ်ပေါ်က သရက်ထည် ရင်ဖုံးအင်္ကျီကို အောက်က အစိမ်းရောင်ဖဲဘောင်းဘီနဲ့ တွဲဝတ်ထားပြီး ခြေချင်းဝတ်မှာ လည်း အနီရင့်ရောင် ပိုးတစ်စ စည်းထားသေးတယ်။ မိုးဖွဲကလေး ကျနေတာနဲ့ ဘွားဘွား လည်း ကညင်ဆီထဲ ဆယ်ကြိမ်မက စိမ်ထားတဲ့ ရေစိုခံ ပန်းထိုးဖိနပ်ကို ချစီးခဲ့တယ်။ လမ်းလျှောက်တဲ့အခါ တခွပ်ခွပ်မြည်လို့ပေါ့။ နောက်ကျောပေါ်မှာ နက်မှောင် ပြောင်ဝင်းတဲ့ ကျစ်ဆံမြီးကြီးတစ်ချောင်း တွဲလောင်းချထားတယ်။ လည်ပင်းမှာလည်း ငွေသော့ခလောက် လည်ဆွဲကြီးတစ်ခုဆွဲလို့။ ကျွန်တော့်အဘေးက ငွေပန်းထိမ်သမားလေ။ အဘေးမကတော့ အထည်ကြီးပျက် မြေရှင့်သမီးပီပီ မိန်းကလေးတွေအဖို့ ခြေသေးထုပ်တာ ဘယ်လောက် အရေးကြီးကြောင်း ကောင်းကောင်း သဘောပေါက်တယ်။ ဘွားဘွားကို ခြောက်နှစ် မပြည့်တတ်မီကတည်းက ခြေသေးစထုပ်ပြီး တစ်နေ့ထက် တစ်နေ့ ပိုပိုတင်းအောင် ထုပ်လာခဲ့တယ်။ ခြေထုပ်ပိတ်တစ်စဟာ သုံးကိုက်ခွဲလောက် ရှည်တယ်။ အဲဒီဟာနဲ့ အဘေးမက ဘွားဘွားရဲ့ ဖဝါးရိုးကို ဖျစ်ချိုးပြီး ခြေမ နှစ်ချောင်းကလွဲလို့ ခြေအစုံက ကျန်တဲ့ခြေချောင်းရှစ်ချောင်းကို ဖဝါးအောက်ထဲ ချိုးထည့်ထားတာ။ ရက်စက် လိုက်တာဗျာ။ ကျွန်တော့်အမေလည်း ခြေသေးမပဲ။ သူ့ခြေထောက်ကို မြင်တိုင်း ကျွန်တော့် ရင်ထဲမယ် ခံစားရလွန်းလို့ ပဒေသရာဇ်စနစ် ကျဆုံးပါစေ၊ လူ့ခြေထောက် လွတ်မြောက် ရေး အခွန့်ရှည်ပါစေလို့သာ ဟစ်ကြွေးလိုက်ချင်ပါတော့တယ်။ ဘွားဘွားလည်း ဒုက္ခတွေ နင့်နေအောင် ခံရပြီးတဲ့နောက် သုံးလက်မ ရွှေကြာဖဝါးတစ်စုံ ပိုင်ဆိုင်လာခဲ့ပါတယ်။ ဆယ့်ခြောက်နှစ်သမီးအရွယ်မှာ ဘွားဘွားဟာ လုံးကြီးပေါက်လှ ဖြစ်လို့နေပြီ။ လမ်းလျှောက်တဲ့ အခါ လက်ကလေး လွှဲ၊ ခါးကလေးနွဲ့နေပုံက လေယူရာယိမ်းတဲ့ မိုးမခလိုပါပဲ။ အဲဒီနေ့က ကျွန်တော့် အဘေးတို့ရွာထဲကို မစင်တောင်းဆွဲလျက် လျှောက်လှည့်နေခဲ့တဲ့ ဆန့်ထိန်ရှုဟာ ပန်းပွင့်တွေ အမြောက်အမြားရှိတဲ့ထဲက ကျွန်တော့်ဘွားဘွားကိုမှ မြင်မြင်ချင်း သဘောကျ သွားတယ်။ ဒီလိုနဲ့ သုံးလအကြာမှာ မင်္ဂလာဝေါယာဉ်နဲ့ ကျွန်တော့် ဘွားဘွားကို လာထမ်းခေါ်သွားကြတယ် ဆိုပါတော့။

မွန်းကျပ်တဲ့ ဝေါယာဉ်ထဲမှာ ထိုင်နေရင်း ဘွားဘွား ခေါင်းမူးလာတယ်။ ခေါင်းဖုံးပဝါနီကြီး ကွယ်နေလို့ ခမျာ ဘာမှ မမြင်ရရှာဘူး။ ပဝါနီကလည်း မှိုနံ့ တထောင်းထောင်းထလို့။ သူလည်း ခေါင်းဖုံးပဝါနီကို ကိုယ့်ဘာသာ မလှန်မိဖို့ အဘေးမ ကြပ်ကြပ်မှာခဲ့တာကို ဂရုမစိုက်တော့ဘဲ ပဝါလှန်ဖို့ လက်မြှောက်လိုက်တာ မုန့်ကြိုးလိမ် ငွေလက်ကောက်ကြီးတစ်ကွင်း လက်မောင်းကလေးပေါ် လျှောကျလာတယ်။ ဘွားဘွားလည်း လက်ကောက်ပေါ်က မြွေလိမ်မြွေကောက် မုန့်ကြိုးလိမ်ကိုကြည့်ရင်း ရင်ထဲ ဗလောင် ဆူလာတယ်။ မြေလမ်းကျဉ်းကျဉ်းရဲ့ တစ်ဖက်တစ်ချက်စီက မြစိမ်းရောင် ဆန်ပြောင်းတော

mgyoe.com

mgyoe.com SAMPLE BOOK

ကို လေငွေ့ဆော်တယ်။ ဆန်ပြောင်းတောထဲက တကူကူးကူ ချိုးကူသံတွေ ပျံ့လွင့်လာတယ်။ ဖူးငုံခါစ ငွေညိုရောင် ဆန်ပြောင်းနှံရဲ့ ဝတ်မှုန်တွေ ဝဲပျံ့နေတယ်။ သူ့ရှေ့တည့်တည့်က ဝေါယာဉ်ရဲ့ ကန့်လန့်ကာထက်မှာ နဂါးဇာမဏီမောင်နှံပုံ ပန်းထိုးထားတယ်။ ကန့်လန့်ကာ ပိတ်နီဟာ သက်တမ်းကြာခဲ့ပြီမို့ အရောင်လွင့်လို့ မည်းညစ်နေပြီ။ အလယ်တည့်တည့်မှာလည်း ဆီကွက်ကြီးက ထင်းလို့။ နွေနှောင်းကာလ မိုးဦးကျမို့ နေရောင်ဖြိုးမောက်နေတယ်။ ဝေါထမ်းသမားတွေရဲ့ ပေါ့ပါးတဲ့ ခြေလှမ်းတွေကြောင့် ဝေါယာဉ်က တလှုပ်လှုပ် တယမ်းယမ်း။ ဝေါထမ်းပိုးကို ချည်ထားတဲ့ နွားသားရေက တကျွိကျွိမြည်။ ကန့်လန့်ကာကလည်း အသာအယာ လှစ်လှစ်လာတော့ အလင်းရောင်တွေ၊ လေနုအေးတွေ ဝေါယာဉ်ထဲ တိုးဝင်လာတယ်။ ဘွားဘွားတစ်ကိုယ်လုံး ချွေးတွေရွှဲ၊ ရင်ထဲမှာလည်း တဒိတ်ဒိတ် ခုန်နေတယ်။ ဝေါထမ်းသမားတွေရဲ့ ညီညာတဲ့ခြေသံနဲ့ တဟူးဟူး အသက်ရှူသံတို့ကို နားစွင့်ရင်း ခေါင်းထဲမှာ ကျောက်စရစ်ပမာ ပြောင်ချောတဲ့ အအေးဓာတ်နဲ့ ငရုတ်သီးပမာ ပြင်းထန်တဲ့ အပူဓာတ်တို့ တစ်လှည့်စီ ပေါ်လာနေတော့တယ်။

ဘွားဘွားကို ဆန့်ထိန်ရွှ မျက်စိကျပြီးနောက်ပိုင်း အဘေးနဲ့ အဘေးမဆီမှာ ဝမ်းမြောက်စကား လာပြောသူတွေ မနည်းဘူး။ ဘွားဘွားခမျာ ရွှေတွဲလောင်း၊ ငွေတွဲလောင်း ဘဝမျိုးကို ပိုင်ဆိုင်ချင်ခဲ့တာ မှန်ပေမယ့်လည်း ပညာတတ်တဲ့၊ ရုပါမြတ်တဲ့၊ ကြင်နာတတ်တဲ့ လင်ကောင်းတစ်ယောက် ရဖို့ကိုသာ သူ့ဘက်က ပိုမျှော်လင့်မိတယ်။ အပျိုခန်းထဲမှာ သတို့သမီးဝတ်စုံ ပန်းထိုးနေတဲ့ ဘွားဘွားဟာ ကျွန်တော့် ဘိုးအေအလောင်းအလျာရဲ့ လှပတဲ့ ပုံရိပ်တွေကိုသာ ထိုးဖြစ်လာခဲ့တယ်။ အစတုန်းကတော့ မင်္ဂလာမြန်မြန်ဆောင်ချင်ခဲ့ပေမယ့် ဆန့်မိသားစုက သူဌေးသားဟာ နူနာစွဲနေတဲ့ အနာကြီးရောဂါသည်တစ်ယောက်ဆိုတာကို သူငယ်ချင်းကောင်း ယောက်မတွေဆီက တစ်ဆင့် သတင်းသုံ့သုံ့ ကြားရပြီးတဲ့နောက်မှာ ဘွားဘွားအိပ်မက်တွေ ပျက်ပြားကုန်တယ်။ ဘွားဘွားက သူ့ရင်ထဲက စိုးရိမ်ပူပန်မှုတွေကို မိဘတွေဆီမှာ ရင်ဖွင့်တဲ့အခါ အဘေးက ဖုံးဖုံးဖိဖိနဲ့ တုဏှိဘောလုပ်တယ်၊ အဘေးမကတော့ ဘွားဘွားရဲ့ သူငယ်ချင်းကောင်း ယောက်မတွေကို ပိုးစိုးပက်စက် ဆဲလိုက်တာမှ မွှန်လို့ပေါ့။ ဆိုလိုရင်းကတော့ စပျစ်သီး မစားရတဲ့ မြေခွေးက စပျစ်သီးချဉ်တယ်လို့ ပြောနေတယ်ဆိုတဲ့ အဓိပ္ပာယ်ပါပဲ။ ပြီးတဲ့နောက်မှာ အဘေးကလည်း ဆန့်မိသားစုက သူဌေး‌ـ‌ـ‌ားဟာ စာတတ်ပေတတ်၊ အိမ်ထဲက အိမ်ပြင်မထွက်တဲ့ ဖြူဖြူသန့်သန့် ဥစ္စာပေါ ရုပ်ချောပါလို့ ပြောလာပြန်တယ်။ ဘွားဘွားလည်း ဇဝေဇဝါဖြစ်လို့ အတုလား၊ အစစ်လား ခွဲခြား မသိတော့ဘူး။ စိတ်ထဲကလည်း လောကမှာ ဒီလောက် ရက်စက်မယ့် မိဘမျိုးတော့ မရှိတန်ကောင်းပါဘူးလေ၊ ဒါ ဟိုကောင်မတွေ လျှောက်ပြောတာပဲနေမှာပါလို့ အောက်မေ့မိတယ်။ ဒီလိုနဲ့ ဘွားဘွားလည်း မင်္ဂလာဆောင်မယ့်ရက် မြန်မြန်ရောက်လာဖို့ကို ပြန်မျှော်လာခဲ့တယ်။ ဘွားဘွားရဲ့ ပြည့်ဖြိုးတဲ့ ငယ်ရွယ် ပျိုမျစ်မှုကနေ ခပ်ပြင်းပြင်း စိုးရိမ်မှုနဲ့ ခပ်ပျော့ပျော့

mgyoe.com

အထီးကျန်မှုတို့ ဖြာထွက်နေတယ်။ ခမျာ သန်မာထွားကျိုင်းတဲ့ ယောက်ျားတစ်ယောက်ရဲ့ ရင်ခွင်ထဲမှာ လှဲမှီပြီး ဒီစိုးရိမ်မှုကို ဖြေ၊ အထီးကျန်မှုကို ဖျောက်ပစ်ချင်နေခဲ့ရှာတာ။ ဒီလိုနဲ့ မင်္ဂလာဆောင်မယ့်နေ့ ရောက်လာပါပေါ့။ ဘွားဘွားကို လူလေးယောက်ထမ်းတဲ့ ဝေါယာဉ်ထဲ ထည့်လိုက်ကြတယ်။ ဝေါရှေ့၊ ဝေါနောက်မှာ နဲ့ကြီး၊ နဲ့ငယ်တွေ ဆွေးမြည့်ဖွယ်ကောင်းအောင် မှုတ်နေကြလို့ ဘွားဘွားလည်း မျက်ရည်မဆည်နိုင်တော့ဘူး။ ဝေါယာဉ်လည်း တိမ်းစီးနေတဲ့ပမာ တယိမ်းယိမ်းနဲ့ စထွက်လာတယ်။ အပါးခိုတဲ့ အတီးအမှုတ်သမား တွေက ရွာပြင်မလှမ်းမကမ်း ရောက်တာနဲ့ အတီးအမှုတ် ရပ်လိုက်တယ်။ ဝေါထမ်းသမား တွေရဲ့ ခြေလှမ်းလည်း သွက်လာတယ်။ ဆန်ပြောင်းရနံ့က နှလုံးသားထဲ အနက်ကြီး စွဲတယ်။ ဆန်ပြောင်းတောထဲက ကျေးငှက်သာရကာတွေ တိုးတစ်ခါ ကျယ်တစ်လှည့် သီကျူးနေကြတယ်။ မှောင်မိုက်တဲ့ ဝေါယာဉ်ထဲကို နေရောင်ခြည်တွေ တိုးဝင်လာ တာနဲ့အမျှ ဘွားဘွားရင်ထဲက လင်တော်မောင်ရဲ့ ပုံရိပ်ဟာလည်း တဖြည်းဖြည်း ထင်ရှား လာခဲ့တယ်။ အပ်နဲ့ ထိုးဆွခံရတဲ့ပမာ သူ့နှလုံးသား နာကျင်လာခဲ့တယ်။

"ကောင်းကင်ဘုရား စောင့်ရှောက်တော်မူပါ"

ရင်ထဲက ဆုတောင်းစကားက ဘွားဘွားရဲ့နှုတ်ခမ်းသားနုနုကို လှုပ်ခါသွားစေ တယ်။

ဘွားဘွားရဲ့နှုတ်ခမ်းထက်မှာ မွေးညင်းနု သေးသေးမျှင်မျှင်တစ်လွှာ ရှိတယ်။ ဘွားဘွားရဲ့အသားအရေဟာ နူးညံ့ ချောမွတ်ပြီး ရေဓာတ်အပြည့် ရှိတယ်။ သူ့နှုတ်က ထွက်လာတဲ့ အသံတိုးတိုးကို ဝေါယာဉ်ရဲ့ နံရံထူထူနဲ့ ကန့်လန့်ကာတို့က ပြောင်စင်အောင် စုပ်ယူလိုက်ပြီ။

ဘွားဘွားလည်း ဆွဲချွတ်လိုက်တဲ့ ဟိုချဉ်စုတ်စုတ် ခေါင်းဖုံးပဝါကို ပေါင်ပေါ် တင်ထားလိုက်တယ်။ ရိုးရာဓလေ့အရ သတို့သမီးဖြစ်တဲ့ ဘွားဘွားဟာ ပူအိုက်တဲ့ ရာသီကြီး မှာလည်း အသစ်ကျပ်ချွတ် ဂွမ်းခံအင်္ကျီ၊ ဂွမ်းခံဘောင်းဘီတို့ကို သုံးထပ်တောင် ဝတ်ထား ရတယ်။ ဝေါယာဉ်အတွင်းပိုင်းက ညစ်ပတ်စုတ်ပြတ်လှတယ်။ ခေါင်းတလားတစ်လုံးနဲ့ တူတဲ့ အဲဒီ ဝေါယာဉ်ဟာ ကျိန်းသေပေါက် အသေကောင်ဖြစ်လာမယ့် သတို့သမီး ဘယ်နှယောက်များတောင် တင်ခဲ့ပြီးပြီလဲ မသိဘူး။ ဝေါယာဉ်နံရံရဲ့ ပိုးဝါအတွင်းခံဆိုရင် ညစ်ပတ်လိုက်သမှ ဆီတောင် စိမ့်နေသလား အောက်မေ့ရတယ်။ ယင်ကောင်ငါးကောင် ရှိတဲ့ထဲမှာ သုံးကောင်က ဘွားဘွားခေါင်းထက်မှာ တဝီဝီ ပျံဝဲနေပြီး ကျန်နှစ်ကောင်က တော့ ဝေါယာဉ် ကန့်လန့်ကာပေါ်မှာ ဝပ်လျက် မျက်လုံးပြောင်လက်လက်တွေကို တုတ်သဏ္ဌာန် ခြေတံမည်းတွေနဲ့ ပွတ်နေကြတယ်။

ဘွားဘွားလည်း ငြီးငွေ့တဲ့ဒဏ်ကို မခံနိုင်တော့ဘဲ မျှစ်ဖူးပမာ ခြေထောက် ကလေးကို တိတ်တိတ်ကလေး ဆန့်ပြီး ကန့်လန့်ကာကို အသာထောက်လို့ ကြားအပေါက် ကနေ အပြင်ကို ခိုးကြည့်ခဲ့တယ်။ ဝေါထမ်းသမားတွေရဲ့ အနက်ရောင် ဖဲဘောင်းဘီပွတွေထဲက

mgyoe.com

mgyoe.com SAMPLE BOOK

ဝိုးတိုးဝါးတား မြင်ရနိုင်တဲ့ နှုပေါင်တံကြော့ကြော့တွေကိုရော၊ ဂုန်နီဖိနပ်စီးထားတဲ့ ခြေဖဝါးကြီးတွေကိုပါ သူ မြင်ခဲ့ရတယ်။ ဝေါထမ်းသမားတွေရဲ့ခြေဆောင့်သံ တဖုန်းဖုန်းနဲ့ အတူ ဖုန်တွေတထောင်းထောင်းထနေတယ်။ ဘွားဘွားလည်း ဝေါထမ်းသမားတွေရဲ့ သန်မာထွားကျိုင်းတဲ့ ကိုယ်အထက်ပိုင်းကို မြင်ယောင်ကြည့်ရင်း ခြေဖျားထိပ်ကို အထက်မြှင့်လို့ ခန္ဓာကိုယ်ကို ရှေ့တိုးလာမိတယ်။ နီညိုညို တရုတ်စကော်လာသား ဝေါထမ်းပိုး ပြောင်ချောချောနဲ့ ဝေါထမ်းသမားတွေရဲ့ ပခုံးကျယ်ကျယ်တို့ကို သူ မြင်လိုက်ရတယ်။ လမ်းတစ်ဖက်တစ်ချက်စီမှာ ဆန်ပြောင်းပင်တွေ တစ်သားတည်း ပွတ်သိပ်ကာ ကျပ်ကျပ်ညပ်ညပ်နဲ့ အချင်းချင်း အကဲစမ်းနေကြတယ်။ စိမ်းညို့ညို့ ဆန်ပြောင်းနှံတွေ အိပ်ရာ မနိုးသေးလို့ ဘယ်အနံ့က ဘယ်သင်းမှန်း ခွဲခြမရသေးဘူး။ ဆန်ပြောင်းပင်တွေဟာ ကမ်းမမြင် လဒ်းမမြင်။ လမ်းက အတော့်ကိုကျဉ်းတာ။ ပျကောင်မစင်တွေ ပေကျံနေတဲ့ ဆန်ပြောင်းရွက်တွေက ဝေါယာဉ်ဘေးနှစ်ဖက်ကို တရှပ်ရှပ် ပွတ်တိုက်နေတယ်။

ဝေါထမ်းသမားကိုယ်ကထွက်တဲ့ ချွေးနံ့က ချဉ်စုတ်စုတ်။ ဘွားဘွားလည်း အဲဒီ ယောကျ်ားကိုယ်နံ့ကို အတန်ငယ် မက်မက်စက်စက် ရှုနေမိတယ်။ ရင်ထဲမှာတော့ ချစ်သွေးတွေ လှိုင်းထန်နေမှာ သေချာတယ်။ ဝေါထမ်းသမားတွေ လမ်းပေါ် ဝေါထမ်းလျှောက်တဲ့အခါ ခြေလှမ်းတိုင်းကို ‘လမ်းနင်းတာ’ လို့ ခေါ်တဲ့ ကားရားခွ ခြေလှမ်းမျိုး လှမ်းကြတယ်။ အလုပ်အပ်သူဘက်က သဘောကျလို့ ဆုတော်ငွေ များများ ချလာတာကို ခံယူချင်တာလည်း ပါသလို သမားဂုဏ်ပြချင်တာလည်း ပါသပေါ့။

လမ်းနင်းတဲ့အခါ ခြေလှမ်း မညီရင် အကောင်း မဟုတ်ဘူး၊ ထမ်းပိုးကို လက်နဲ့ ကိုင်ထမ်းရင်လည်း အကောင်း မဟုတ်ဘူး၊ တကယ် ဆရာကျတဲ့ ဝေါထမ်းသမားတွေဟာ လက်နှစ်ဖက်ကို ခါးထောက်ပြီး ခြေလှမ်းညီညီနဲ့ ဝေါယာဉ်ကို လွှဲယမ်းပြီး ထမ်းရတယ်။ ဝေါယာဉ်လွှဲတဲ့ စည်းနရီကလည်း အတီးအမှုတ်သမားတွေ တီးမှုတ်လာတဲ့ လွမ်းဆွေးလှပတဲ့ ဂီတသံစဉ်နဲ့ လိုက်ဖက်ရမယ်။ ဒါမှလည်း ဘယ်ချမ်းသာပျော်ရွှင်မှုရဲ့ နောက်ကွယ်မှာမဆို အတိုင်းအတာတစ်ခုအထိ နာကျင် ခံစားမှုတွေ ရှိနေတယ်ဆိုတာ လူတွေ သိလာကြလိမ့်မယ်။

လွင်တီးခေါင်ပြင် ရောက်လာတဲ့အခါ ဝေါထမ်းသမားတွေ သရမ်းလာကြတယ်။ ခရီးမြန်မြန် ရောက်ချင်တာလည်း ပါသလို သတို့သမီးကို ညှဉ်းဆဲချင်တာလည်း ပါတယ်။ တချို့ သတို့သမီးတွေဆို ဝေါယာဉ်ယမ်းလွန်းအားကြီးလို့ အော့အန်ပြီး ပန်းထိုးဝတ်စုံတို့၊ ဖိနပ်တို့မှာ အကုန်လုံး အန်ဖတ်တွေ ပေကျံကုန်တယ်။ ဝေါထမ်းသမားတွေဟာ သတို့သမီး ရဲ့ အော့အန်သံကနေ စိတ်ပြေသဘော သာယာမှုတစ်မျိုး ရရှိကြတယ်။ အဲဒီ အားကောင်း မောင်းသန် လုလင်ပျိုတွေဟာ သူများဆီကို အိမ်တိုင်ရာရောက် ထမ်းပို့ပေးရတဲ့ ယဖ်အမဲ အတွက် စိတ်ထဲမှာ ကျိန်းသေပေါက် အစာကြေကြမှာ မဟုတ်ဘူး။ ဒါကြောင့်မို့လည်း သူတို့က သတို့သမီးကို ညှဉ်းဆဲကြတာပေါ့။

mgyoe.com

mgyoe.com SAMPLE BOOK

အဲဒီနေ့က ကျွန်တော့်ဘွားဘွားကို ထမ်းပို့ပေးတဲ့ ဝေါထမ်းသမား လေးယောက်ထဲက တစ်ယောက်ဟာ နောင်အခါမှာ ကျွန်တော့်ဘိုးဘိုး ဖြစ်လာခဲ့တယ်။ သူကတော့ တပ်မှူးကြီး ယွီကြဲအောင်ပဲပေါ့။ အဲဒီတုန်းက အသက်နှစ်ဆယ်ကျော် ရှိပြီဖြစ်တဲ့ သူဟာ တုန်းပေတိုက်နယ်က ခေါင်းသယ်ဝေါထမ်းလုပ်ငန်းမှာ နာမည်ကြီး။ ကျွန်တော့် ဘိုးဘိုးတို့ခေတ်က ယောက်ျားမောင်တွေ အားလုံးဟာ ကောင်းမိတုန်းပေသားတွေရဲ့ ဆန်ပြောင်းပမာ ပွင့်လင်းတဲ့ အကျင့်စရိုက်တွေ ရှိခဲ့ကြတယ်။ ကျွန်တော်တို့လို လူပျော့ လူညံ့ နောင်လာနောက်သားတွေအဖို့တော့ ယှဉ်နိုင်ဖွယ်ရာ မဟုတ်ဘူးပေါ့။ ဟိုခေတ်က ဓလေ့ထုံးစံအရ ခရီးလမ်းမှာ ဝေါထမ်းသမားတွေ သတို့သမီးကို စကြ နောက်ကြတာဟာ အရက်ဖိုက လုပ်သားမောင်တွေ အရက်သောက်ကြတာလိုပဲ ဘာမှ အထူးအဆန်း မဟုတ်ဘူး။ ကောင်းကင်သခင် နတ်မင်းကြီးရဲ့ သတို့သမီးဆိုရင်လည်း သူတို့က ညှဉ်းဆဲမှာပဲလေ။

ဆန်ပြောင်းရွက်တွေက ဝေါယာဉ်ကို တရှပ်ရှပ် ပွတ်တိုက်လျက်။ ရုတ်တရက် ဆန်ပြောင်းတောထဲကနေ လွင့်ပျံလာတဲ့ ငြိမ့်ငြိမ့်ညောင်းညောင်း ငိုသံ တစ်သံက လမ်းခရီးရဲ့ ငြီးငွေ့မှုကို ရိုက်ချိုးပစ်လိုက်တယ်။ ငိုသံက အတီးအမှုတ်သမားတွေ တီးမှုတ်လိုက်တဲ့ ဂီတသံစဉ်နဲ့ အတော့်ကို ဆင်တူတယ်။ ဂီတသံစဉ်အကြောင်း စဉ်းစားမိတာနဲ့ အဲဟို ကြေကွဲဖွယ်ကောင်းတဲ့ တူရိယာတွေဟာ အတီးအမှုတ်သမားတွေ လက်ထဲမှာ ရှိမှာပဲလို့ ဘွားဘွား ဆက်စပ်တွေးမိတယ်။ ဘွားဘွားက ဝေါယာဉ်ကန့်လန့်ကာကို ခြေထောက်နဲ့ အသာလှန်ကြည့်လိုက်တာနဲ့ ချွေးတွေ ရွှဲနေတဲ့ ဝေါထမ်းသမားတစ်ယောက်ရဲ့ ခါးကို မြင်လိုက်ရတယ်။ ဘွားဘွားဟာ ပန်းထိုး ဖိနပ်နီ စီးထားတဲ့ မိမိခြေထောက်ကိုသာ ပိုပြီး မြင်ခဲ့ရတာပါ။ ကြေကွဲဖွယ်အမူအရာကလေးပါတဲ့ သူ့ခြေထောက် ချွန်သွယ်သွယ် ကလေးပေါ်ကို အပြင်က ဝင်လာတဲ့ အလင်းရောင်တွေ ကျရောက်နေတယ်။ သူ့တို့လေးတွေဟာ ကြာပန်းနှစ်ပွင့်နဲ့ တူတယ်။ ကြည်လင်တဲ့ ရေအောက်မှာ ငုပ်လျှိုးနေတဲ့ ရွှေငါးကလေးနှစ်ကောင်နဲ့ဆို ပိုလို့တောင် တူတယ်။ ဆန်ပြောင်းစေ့အရွယ် ကြည်လင်ပြီး အနီရောင်သန်းတဲ့ မျက်ရည်စက်လေး နှစ်ပေါက် ဘွားဘွားရဲ့ မျက်တောင်မွေးကနေ ခုန်ဆင်းလာပြီး ပါးပြင်ပေါ်ကို စီးကျ၊ နှုတ်ခမ်းထောင့်ကို စီးကျလာတယ်။ ဘွားဘွား ရင်ထဲမှာ ခါးသီးကြေကွဲနေတယ်။ အရင်က ရေးဆွဲထားပြီး ဖြစ်တဲ့၊ ဓာတ်ခံပေါ်က ဓာတ်ကောင်နဲ့ ပုံစံတူတဲ့၊ သရဖူဆောင်းကာ သိမ်မွေ့ခံ့ညားတဲ့ လင်တော်မောင်ရဲ့ ပုံရိပ်ဟာ ငိုမျက်ဝန်းထဲမှာ မှုန်ဝါးလာရင်းက ပျောက်ကွယ်သွားလေပြီ။ ဆန့်အိမ်က မောင်ပြားရဲ့ နူနာစွဲမျက်ခွက်ကြီးကို ဘွားဘွား ထိတ်လန့်စွာ မြင်လာရလို့ နှလုံးသား တစ်ခုလုံး အေးခဲတော့မတတ် ဖြစ်ခဲ့ရတယ်။ ဒီ ရွှေကြာကြော့ကြော့ ဖဝါးအစုံ၊ ဒီ မက်မွန်ရောင် ပါးပြင်၊ ဆီးသီးမျက်နှာကလေး၊ ဒီ နူးညံ့မှုတွေ၊ ဒီ ယဉ်ကြော့မှုတွေဟာ အနူတစ်ယောက် ဆီမှာ သွားပြီး ခြေတော် အတင်ခံရတော့မှာလား။ ဒီလို ခြေတော် အတင်ခံရမယ့်အတူတူ

mgyoe.com

mgyoe.com SAMPLE BOOK

သေလိုက်တာမှ ကောင်းပါဦးမယ်။ ဆန်ပြောင်းတောထဲက ငိုသံရှည်ကြီးထဲမှာ စာသား တချို့ ကပ်ပါလာတယ်။

ပြာလဲ့လဲ့ကောင်းကင်ရေ… ကောင်းကင်ပြာကြီးရေ… ရောင်စုံကောင်းကင် ရေ… တင်းပုတ်ကေ၊ မောင်ကြီးရေ၊ မောင်သေတော့… နှမကောင်းကင် ပြိုပေါ့…

ကျွန်တော်တို့ ကောင်းမိတုန်းပေသူတွေရဲ့ ငိုချင်းသံဟာ သီချင်းသံလိုပဲ သာယာငြိမ့်ညောင်းတယ်ဆိုတာ ခင်ဗျားတို့ကို ကျွန်တော် မပြောမဖြစ် ပြောပြရလိမ့်မယ်။ သမ္မတနိုင်ငံ တည်ထောင်တဲ့ ပထမနှစ်၊ ၁၉၁၂ ခုနှစ်တုန်းကဆိုရင် ချီဖုမြို့နယ် ကွန်ဖျူးရှပ်အိမ်တော်က 'ငိုချင်းသည်'တောင် ကျွန်တော်တို့ဆီက ငိုချင်းချနည်းကို တကူးတက လာပြီး သင်ခဲ့ကြရသေးတာ။ မင်္ဂလာဆောင်တဲ့နေ့ကျမှ လင်သေတတဲ့ ငိုချင်းသည်မနဲ့ လာတိုးတော့ ဘွားဘွားလည်း နိမိတ်မကောင်းဘူးလို့ ထင်မိတာကြောင့် နဂိုကမှ လေးနေတဲ့ရင်တွေ ဒီထက်မက ပိုလေးလာတော့တယ်။ အဲဒီ အခိုက်မှာ ဝေါထမ်းသမားတစ်ယောက် စကားစလာတယ်။

"ဝေါယာဉ်ထဲက သတို့သမီးလေး၊ မောင်ကြီးတို့နဲ့ စကားပြောဦးလေ။ လမ်းခရီးက ဝေးပါဘိသနဲ့၊ ပျင်းလှတယ်ကွယ်"

ဘွားဘွားလည်း ခေါင်းကို ပဝါနီနဲ့ မြန်မြန်ပြန်ဖုံးလိုက်တယ်။ ကန့်လန့်ကာ ကို ထောက်ထားတဲ့ ခြေဖျားထိပ်ကိုလည်း မြန်မြန်ပြန်ရုပ်လိုက်တယ်။ ဝေါယာဉ်ထဲမှာ တစ်ဖန် ပြန်ပြီး မှောင်အတိပြီးလာတယ်။

"မောင်ကြီးတို့ကို သီချင်းလေး ဘာလေး ဆိုပြဦးလေ၊ အမိကို ကျုပ်က ထမ်းထားတာနော့"

အတီးအမှုတ်သမားတွေလည်း အိပ်မက်ထဲက လန့်နိုးလာသလို ဝေါယာဉ် နောက်ကနေ နံ့ကြီးကို တအားကုန် မှုတ်လေတယ်။

နံ့ကြီးသံက "ဗီးဗော်… ဗီးဗော်… "မြည်တယ်။

"ပီးပေါ်… ပီးပေါ်… "ဆိုပြီး ဝေါရှေ့က တစ်ယောက်က နှဲသံနဲ့တူအောင် လိုက်အော်တယ်။ ဝေါရှေ့၊ ဝေါနောက် အားလုံး ပွဲကျကုန်တယ်။

ဘွားဘွားတစ်ကိုယ်လုံး ချွေးတွေ ရွှဲနစ်နေပြီ။ ဝေါယာဉ်ပေါ် တက်ခါနီး အဘေးမက သူ့ကို အထပ်ထပ် မှာခဲ့တယ်။ လမ်းမှာ ဝေါထမ်းသမားတွေနဲ့ လုံးဝ ခွန်းတုံ့မပြန်နဲ့လို့။ ဝေါထမ်းသမားတွေ၊ အတီးအမှုတ်သမားတွေဆိုတာ အောက်တန်း စားတွေ၊ အပေအတေတွေ၊ မကောင်းတာမှန်သမျှ အကုန်လုပ်ဝံ့သူတွေတဲ့။

ဝေါထမ်းသမားတွေက ဝေါယာဉ်ကို တအားလွှဲလာကြလို့ ဘွားဘွားလည်း အငြိမ်ထိုင်မရတော့ဘဲ ဖင်ထိုင်ပြားကိုသာ လက်အစုံနဲ့ ကျစ်ကျစ်ပါအောင် ဆုပ်ကိုင် ထားမိတော့တယ်။

mgyoe.com

mgyoe.com SAMPLE BOOK

"အသံမထွက်ဘူးလား၊ လွဲကွာ၊ အသံထွက်မလာရင် သေးထွက်လာအောင် လွဲဟေ့"

ဝေါယာဉ်ဟာ လှိုင်းတံပိုးထဲက လှေငယ်ပမာ ဖြစ်နေပြီ။ ဘွားဘွားက ဖင်ထိုင်ပြားကို အသေဆုပ်ကိုင်ထားတယ်။ မနက်က စားထားတဲ့ ကြက်ဥနှစ်လုံး ဗိုက်ထဲမှာ ကျွမ်းပြန်နေပြီ။ ယင်ကောင်ကလည်း နားနားမှာ တဝီဝီပျံလို့။ သူ့လည်ချောင်း ဆို့နင့်လာတယ်။ ကြက်ဥညှီနံ့ ပို့တက်လာတယ်။ ခမျာ နှုတ်ခမ်းကို ကိုက်ထားရရှာတယ်။ 'အန်လို့ မဖြစ်ဘူး၊ အန်လို့ မဖြစ်ဘူး' လို့ ဘွားဘွား ကိုယ့်ကိုယ်ကိုယ် အမိန့်ပေးတယ်။ အန်လို့ မဖြစ်ဘူး မိဖုန်းလျှန်၊ အဆိုးတကာ့ အဆိုးဆုံး နိမိတ်ဆိုးဟာ ဝေါယာဉ်ထဲမှာ အန်တာပဲတဲ့။ ဝေါယာဉ်ထဲ အန်မိရင် တစ်သက်လုံး ကံဆိုးပြီမှတ်...။

ဝေါထမ်းသမားတွေ အပြောကြမ်းသထက် ကြမ်းလာပြီ။ သူတို့ထဲက တချို့က ကျွန်တော့်အဘေးကို ငွေမက်တဲ့ လူယုတ်မာလို့ ဆဲကြသလို တချို့ကလည်း ဒါ နွားချေးပုံကို ပန်းပန်ပေးတာပဲတဲ့။ တချို့ကလည်း ဆန့်မောင်ပြားဟာ ပြည်တရွဲရွဲနဲ့ နှုနာစွဲကြီးလို့ ပြောကြတယ်။ သူတို့က ပြောသေးတယ်၊ ဆန့်အိမ်ဝင်းကြီးရှေ့မှာ ရပ်လိုက်တာနဲ့ အပုပ်နံ့တွေဆိုတာ တထောင်းထောင်းတဲ့၊ ဝင်းထဲမှာလည်း ယင်မမဲရိုင်းတွေ တလှောင်းလှောင်းတဲ့...။

"သတို့သမီးလေး၊ ဆန့်မောင်ပြားကို ညည်း ပေးမထိနဲ့နော်၊ ထိလို့ကတော့ ညည်းလည်း နူပြီဟေ့"

နဲ့ကြီး၊ နဲ့ငယ်က အူအူအင်အင်။ ကြက်ဥညှီနံ့က ပြင်းသထက် ပြင်းလို့လာ။ ဘွားဘွားက နှုတ်ခမ်းကို တအားကိုက်ထားရင်း လည်ချောင်းထဲမှာ လက်သီးနဲ့ အထိုးခံနေသလို ဖြစ်လာလို့ မအောင့်နိုင်တော့ဘဲ ပါးစပ်ဟလိုက်တာ ဝေါ့ခနဲ ပို့တက် အန်ထွက်လာတယ်။ ကန့်လန့်ကာထက်မှာ ပေကျံကုန်တော့ ယင်ငါးကောင်လည်း ကျည်ဆန်လို အလျင်နဲ့ အန်ဖတ်ပေါ် ရှူးခနဲ ထိုးဆင်းသွားကြတယ်။

"အန်ပြီကွ၊ အန်ပြီကွ၊ လွဲဟေ့"

ဝေါထမ်းသမားတွေ အော်ဟစ်ကြွေးကြော်နေကြတယ်။

"လွဲဟေ့၊ စကားပြောလာတဲ့အထိ လွဲဟေ့"

"မောင်ကြီးတို့ရယ်... ချမ်းသာပေးပါ..."

ပို့သံ အော့သံတွေကြားက ဘွားဘွား သေမတတ်အောင် နာကျင်ခံခက်လျက် ပြောလိုက်တယ်။ ပြောပြီးတဲ့နောက် ငိုကြွေးတော့တယ်။ ဘွားဘွားဟာ အနိုင်ကျင့်ခံရသလို ခံစားနေရတယ်။ အနာဂတ်မှာ အန္တရာယ်တွေ ပြည့်လို့နေပြီး တစ်သက်လုံး ဒုက္ခပင်လယ်ဝေရတော့မလို ခံစားနေရတယ်။ အဖေရေ၊ အမေရေ၊ ငွေမက်တဲ့ အဖေရဲ့၊ ရက်စက်တဲ့ အမေရဲ့၊ အဖေတို့၊ အမေတို့ကြောင့် ကျုပ်ဘဝ ပျက်ရပါပေါ့။

mgyoe.com

mgyoe.com

ဘွားဘွား ငိုကြွေးသံကြောင့် ဆန်ပြောင်းတွေ သိမ့်သိမ့်တုန်တယ်။ ဝေါထမ်းသမားတွေ မသောင်းကျန်းတော့ဘူး။ နတ်ရှူး ဗုံဆော်၊ မီးလောင်ရာ လေပင့်တဲ့ အတီးအမှုတ်သမားတွေလည်း အတီးရပ် အမှုတ်ရပ်သွားတယ်။ ဘွားဘွားရဲ့ ငိုရှိုက်သံပဲ ကျန်တော့တဲ့အချိန်မှာ ကြေကွဲဖွယ် နှဲသံတစ်သံ နှောလာပြန်တယ်။ နှဲသံက မိန်းမငိုသံထက် ပိုလှနေတယ်။ ဘွားဘွားလည်း နှဲသံထဲမှာ အငိုတိတ်သွားပြီး သဘာဝတရားရဲ့ အသံကို နားကြားနေတဲ့အလား အဲဒီ ကောင်းကင်နိုင်ငံတော်ကနေ လွင့်ပျံလာတယ်လို့ ထင်ရတဲ့ ဂီတသံကို နားဆင်နေခဲ့တယ်။ မျက်ရည်စက်ကြောင့် ဘွားဘွားမျက်နှာပေါ်က မျက်နှာချေတွေ ပျက်ကုန်ပြီ။ ကြေကွဲဖွယ် သံစဉ်ကတစ်ဆင့် သူဟာ သေခြင်းရဲ့အသံကို ကြားလိုက်ရတယ်။ သေခြင်းရဲ့အငွေ့အသက်ကို ရှူလိုက်ရတယ်။ သေမင်းရဲ့ ဆန်ပြောင်းပမာ အနီရင့်ရောင်နှုတ်ခမ်းနဲ့ ပြောင်းဖူးပမာ ရွှေဝါရောင် အပြုံးမျက်နှာတို့ကို မြင်လိုက်ရတယ်။

ဝေါထမ်းသမားတွေ အသံတိတ်ပြီး ခြေလှမ်းတွေ လေးလံလာတယ်။ ဝေါယာဉ်ထဲက ယဇ်အမဲရဲ့ ငိုရှိုက်သံနဲ့ ဝေါယာဉ်နောက်က နှဲသံတို့ကြောင့် သူတို့ စိတ်ထဲဗရုတ်ဗရက် ရှုပ်ယှက်ခတ်ကုန်တယ်။ ဆန်ပြောင်းတောလမ်းကလေးပေါ် ရောက်လာချိန်မှာ သတို့သမီးကြိုတဲ့အဖွဲ့နဲ့ မတူတော့ဘဲ မသာချတဲ့အဖွဲ့နဲ့ ပိုတူလာတော့တယ်။ ဘွားဘွားခြေထောက်ရှေ့က ကျွန်တော့်ဘိုးဘိုးဖြစ်လာမယ့် ဝေါထမ်းသမား ယွီကြံ့အောင်ရဲ့ ရင်ထဲမှာ ပုံမှန်မဟုတ်တဲ့ နိမိတ်မြင်ယောင်မှုတစ်ခု ဖြစ်ပေါ်နေတယ်။ အဲဒါကြီးက တဟုန်းဟုန်း တောက်လောင်နေတဲ့ မီးတောက်တစ်ခုပမာ သူ့အနာဂတ်လမ်းခရီးကို အလင်းဆောင်ပေးလိုက်ပြီ။ ဘွားဘွားရဲ့ငိုသံက သူ့ရင်ထဲမှာ ကိန်းအောင်းနေခဲ့တာကြာပြီဖြစ်တဲ့ သနားကြင်နာ ချစ်မေတ္တာကို နှိုးဆွပေးလိုက်ပြီလေ။

လမ်းခုလတ်မှာ ဝေါထမ်းသမားတွေ မင်္ဂလာဝေါယာဉ်ကို လမ်းပေါ်ချပြီး ခဏနားကြတယ်။ ဘွားဘွားလည်း ငိုရလွန်းလို့ မွန်ထူနေပြီမို့ ခြေသေးကလေး တစ်ဖက်ကို ဝေါယာဉ်အပြင်ဘက်ဆီ သတိလက်လွတ် ဆန့်ထုတ်လိုက်မိတယ်။ အဲဒီ သေးသွယ်ကြော့ရှင်း ပြိုင်ဘက်ကင်းတဲ့ ခြေသေးကလေးကို မြင်ရတော့ ဝေါထမ်းသမားတွေလည်း တဒင်္ဂအတွင်း ဆွေမျိုးမေ့သွားတော့တယ်။ ယွီကြံ့အောင်က အနားလာပြီး ခါးကိုညွတ်ကာ ဘွားဘွားရဲ့ ခြေသေးကလေးကို ညင်သာစွာ၊ အမွေးအတောင် မစုံသေးတဲ့ ငှက်ပေါက်ကလေးကို ဆုပ်ကိုင်သလို ညင်သာစွာ ဆုပ်ကိုင်ပြီး ဝေါယာဉ်ထဲကို အသာအယာ ပြန်သွင်းပေးလိုက်တယ်။ ဝေါယာဉ်ထဲက ဘွားဘွားဟာ အဲဒီ နွေးထွေးမှုကြောင့် အသည်းဘဝင်ခိုက်သွားလို့ ဝေါယာဉ်ကန့်လန့်ကာကို လှစ်ပြီး အဲဒီ နွေးထွေးတဲ့ လက်ဖဝါးပိုင်ရှင် အထမ်းသမားရဲ့ပုံပန်းကို ကြည့်ချင်စိတ်တွေ တဖွားဖွား ဖြစ်ပေါ်လာတော့တယ်။

ကျွန်တော် ထင်တယ်၊ နဖူးစာ ရှာလည်တယ်ဆိုတာ ရေးရေစက် ကံပါလာပြီးသား။ ဒါဟာ ငြင်းဆန်လို့ မရတဲ့ အမှန်တရား။ ယွီကြံ့အောင်ဆိုတာလည်း

mgyoe.com

m.gyoe.com
SAMPLE BOOK

ကျွန်တော့်ဘွားဘွားရဲ့ ခြေထောက်ကို ဆုပ်ကိုင်မိခဲ့လို့သာ သူ့ရင်ထဲက ဘဝသစ်တစ်ခု တည်ဆောက်ပေးရေး စိတ်ကူး နိုးကြွလာခဲ့ပြီး အဲဒီကစလို့ သူ့ဘဝတစ်ခုလုံး ပြောင်းလဲလာခဲ့သလို ကျွန်တော့်ဘွားဘွားရဲ့ ဘဝတစ်ခုလုံးလည်း ပြောင်းလဲလာခဲ့တယ်။

ဝေါယာဉ်ကို ပြန်ထမ်းလိုက်ကြပြီ။ နဲ့ကြီးကနေ တောမျောက် ကြိုးခွေသံပမာ အသံကြီးတစ်ချက် မြည်လာပြီးတဲ့နောက် ဘာအသံမှ ထပ်မထွက်လာတော့ဘူး။ လေတိုက်ပြီ။ အရှေ့မြောက်လေ။ ကောင်းကင်ထက်က တိမ်တိုက်တွေ နေရောင်ကို ဖုံးလိုက်လို့ ဝေါယာဉ်ထဲ သာလို့မှောင်ရီလာတယ်။ ဆန်ပြောင်းပင်တွေကို လေတဝူးဝူး တိုက်လို့ အဝေးဆီကို လှိုင်းသံ တဝုန်းဝုန်း မြည်သွားတာကို ဘွားဘွား ကြားခဲ့ရတယ်။ အရှေ့မြောက်အရပ်ဆီက မိုးခြိမ်းသံကိုလည်း ဘွားဘွား ကြားလိုက်ရသေးတယ်။ ဝေါထမ်းသမားတွေ ခြေလှမ်းသွက်လာကြတယ်။ ဆန့်အိမ်ကိုရောက်ဖို့ ခရီး ဘယ်လောက် လိုသေးမှန်း ဘွားဘွား မသိဘူး။ ဘွားဘွားအဖြစ်က တုပ်နှောင်ခံထားရတဲ့ သိုးသငယ် တစ်ကောင်ပမာ သေရဖို့ နီးလာလေ စိတ်တည်ငြိမ်လာလေ။ သူ့ရင်ခွင်ထဲမှာ ထက်မြတဲ့ ကတ်ကြေးတစ်လက် ဆောင်လာခဲ့တယ်။ အဲဒီ ကတ်ကြေးဟာ ဆန့်မောင်ပြားအတွက် ဖြစ်လာနိုင်သလို မိမိအတွက်လည်း ဖြစ်လာနိုင်တယ်။

ဖားပြုပ်လှိုမှာ ဘွားဘွားရဲ့ မင်္ဂလာဝေါယာဉ် ဓားပြအတိုက်ခံရတဲ့ ဇာတ်လမ်းဟာ ကျွန်တော်တို့မိသားစု ပါးစပ်ရာဇဝင်မှာ အထူးအရေးပါတဲ့ နေရာတစ်ခုကို ရရှိထားတယ်။ ဖားပြုပ်လှိုဆိုတာ ချိုင့်ဝှမ်းကြီးထဲက ချိုင့်ဝှမ်းကြီး တစ်ခုပဲ။ မြေဆီသြဇာ အထူးသဖြင့် ကောင်းမွန်တယ်။ အထူးသဖြင့် ရေဓာတ် ကြွယ်ဝတယ်။ အထူးသဖြင့် ဆန်ပြောင်းပင်တွေ ထူထပ်တယ်။ ဘွားဘွား စီးလာတဲ့ မင်္ဂလာဝေါယာဉ် အဲဒီကို ရောက်လာတော့ အရှေ့မြောက်ကောင်းကင်က နီရဲတွတ်တဲ့ လျှပ်စီးတစ်ချက် ပြက်လာလို့ တိမ်တိုက်ကြား ထဲကနေ ဝါညို့ညို့ နေရောင်တစ်စ အသံကုန်ဟစ်ကာ လမ်းပေါ် ထိုးဆင်းလာတယ်။ ဝေါထမ်းသမားတွေ ဟောဟဲလိုက်၊ ချွေးတွေကလည်း တပြိုက်ပြိုက်။ ဖားပြုပ်လှိုထဲ ဆင်းလာတဲ့အခါ လေထုက ထိုင်းမှိုင်းလာတယ်။ လမ်းဘေးနှစ်ဖက်က ဆန်ပြောင်း တွေဟာ မည်းလိုက်တာ ပြောင်လို့၊ နက်လိုက်တာ မှောင်လို့။ လမ်းပေါ်က မြက်ရိုင်း ပန်းရိုင်းတွေဆိုတာ လမ်းပိတ်မတတ် ပေါက်နေကြတာ။ မြောက်မြားစွာသော ပြောင်းပန်း တွေဟာ မြက်ရိုင်းတွေအလယ်မှာ ရီးတံသွယ်သွယ် ထောင်မော့ကာ ခရမ်း၊ အပြာ၊ ပန်းနု၊ အဖြူဆိုတဲ့ အရောင်လေးမျိုးနဲ့ ဖူးပွင့်လို့နေတယ်။ ဆန်ပြောင်းတောထဲက ဖားပြုပ် အော်သံဟာ လွမ်းဆွေးဖွယ်ရာ၊ ပုရစ်ထိုးသံဟာ ကြေကွဲဖွယ်ရာ၊ ဝံပုလွေအူသံဟာ ထိတ်လန့်ဖွယ်ရာ ကောင်းလှတယ်။ ဝေါယာဉ်ထဲက ဘွားဘွားဟာ အအေးဓာတ် တစ်ချက် ရုတ်တရက် စိမ့်ဝင်လာသလို ခံစားရလို့ ကြက်သီးမွေးညင်းများတောင် ထလာမိတယ်။ ဘာကြောင့်မှန်း ဆိုတာတောင် မသိလိုက်ရသေးခင်မှာပဲ ဝေါယာဉ် အပြင်ဘက်က အော်သံတစ်သံကို ကြားလိုက်ရတော့တယ်။

m.gyoe.com

mgyoe.com SAMPLE BOOK

"လမ်းဖြတ်ခ ထားခဲ့"

ဘွားဘွားရင်ထဲ ဒိတ်ခနဲ ဖြစ်သွားတယ်။ ဝမ်းနည်းရမှာလား၊ ဝမ်းသာရမှာလား မဝေခွဲတတ်။ ဘုရားရေ၊ ချာပျဉ်စားနဲ့ လာတိုးနေပါပေါ့လား။

ကောင်းမိတုန်းပေတိုက်နယ်မှာ ဓားပြတွေက မှိုလိုပေါက်။ သူတို့က ဆန်ပြောင်းတောထဲ ငါးတွေလို ပေါ်ချင်တိုင်းပေါ်၊ ပျောက်ချင်တိုင်းပျောက်၊ အုပ်စုဖွဲ့ ပြန်ပေးဆွဲ၊ ကောင်းတာ တစ်ခုမှ မကျန်အောင် မကောင်းတာ အကုန်လုပ်ကြတယ်။ နောက်ဆုံး ဗိုက်ဆာလာတဲ့အခါ လူနှစ်ယောက် ကောက်ဖမ်းပြီး တစ်ယောက်ကို ချုပ်ထား၊ တစ်ယောက်ကို ရွာထဲ ပြန်လွှတ်ပြီးတော့ ကြက်ဥတို့၊ ကြက်သွန်မြိတ်တို့နဲ့ လုံးပတ် လက်တစ်ဆုပ်၊ အရှည်လက်နှစ်ထွာကျော်အရွယ် လိပ်ပြီးစားရတဲ့ မုန့်ပြားကြီး ဘယ်နှချပ် လာပို့လှည့်စမ်း ဆိုပြီး ခိုင်းတတ်တယ်။ စားတဲ့အခါ အဲဒီ 'အပျဉ်' (ဝါ) မုန့်ပြားကြီးကို လက်နှစ်ဖက်နဲ့ 'ချာ'ပြီး (ဝါ) ကိုင်ဆုပ်ပြီး ပါးစပ်ထဲ သွတ်ထည့်ရတာကို အစွဲပြုလို့ 'ချာပျဉ်'ဆိုပြီး နာမည်တွင်လာတာ။

"လမ်းဖြတ်ခ ထားခဲ့"လို့ ချာပျဉ်စားက အော်ပြောနေတယ်။ ဝေါထမ်းသမားတွေ ရပ်တန့်ကုန်ပြီး လမ်းလယ်ကောင်မှာ ကားရားခွရပ်နေတဲ့ လမ်းဓားပြကို ကြောင်ကြည့်နေကြတယ်။ အဲဒီလူက အရပ် သိပ်မမြင့်ဘူး၊ မျက်နှာမှာ မင်နက်လူးထားတယ်။ ခေါင်းပေါ်မှာ ဆန်ပြောင်းရိုးတံတွေနဲ့ ရက်လုပ်ထားတဲ့ ခမောက်တစ်လုံး ဆောင်းထားတယ်။ ကိုယ်ပေါ်မှာ မြက်မိုးကာတစ်ချပ် ခြုံထားတယ်။ မြက်မိုးကာကြားထဲက တစ်ဆင့် ကြယ်သီးတပ် အင်္ကျီနက်နဲ့ ခါးမှာ စည်းထားတဲ့ ခါးပတ်ထူထူတို့ ပေါ်နေတယ်။ ခါးပတ်ကြားမှာ ပိုးစနီနဲ့ ထုပ်ထားတဲ့ ခပ်ဖောင်းဖောင်းအရာတစ်ခု ချိတ်ထားတယ်။ အဲဒီအထုပ်ကို သင်းက လက်တစ်ဖက်နဲ့ ဖိထားတယ်။

တဒင်္ဂအတွင်း ဘွားဘွားလည်း ဘာကိုမှ မကြောက်တော့ဘူး။ သေရမှာတောင် မကြောက်တော့တဲ့ပုံပဲ၊ ဘာကိုများ ထပ်ပြီး ကြောက်နေရဦးမှာလဲ။ သူလည်း ဝေါယာဉ်ကန့်လန့်ကာကို လှစ်ပြီး ချာပျဉ်စားကို လှမ်းကြည့်လိုက်တယ်။

ချာပျဉ်စားက "လမ်းဖြတ်ခ ထားခဲ့၊ အကုန်ပစ်သတ်လိုက်မှာနော်" လို့ ထပ်အော်ပြောရင်း ခါးကြားထဲက အထုပ်နီကို ပုတ်ပြတယ်။

အတီးအမှုတ်သမားတွေလည်း အဘေး ဆုချထားတဲ့ ကြေးပြားတွေ အတွဲလိုက် အတွဲလိုက်ကို ခါးကြားထဲက ထုတ်ပြီး ဟိုလူ့ရှေ့ကို ပစ်ပေးလိုက်ကြရတယ်။ ဝေါထမ်းသမားတွေလည်း ဝေါကို အောက်ချပြီး ခုလေးတင်မှ ရလာခဲ့တဲ့ ကြေးပြားတွေကို နှိုက်ထုတ် ပစ်ပေးလိုက်ကြရတယ်။

ဟိုလူက ကြေးပြားတွဲတွေကို ခြေနဲ့ ကန်ပြီး စုပုံလိုက်တယ်။ မျက်စိကတော့ ဝေါယာဉ်ထဲမှာ ထိုင်နေတဲ့ ကျွန်တော့်ဘွားဘွားကိုသာ အသေစိုက်ကြည့်နေတယ်။

mgyoe.com

mgyoe.com
SAMPLE BOOK

"နင်တို့အားလုံး ဝေါယာဉ်နောက်ကို သွားကြစမ်း၊ မသွားရင် ပစ်သတ်လိုက်မှာနော်"

သူက ခါးမှာ ချိတ်ထားတဲ့ဥစ္စာကို ပုတ်ပြရင်း အကျယ်ကြီး အော်ပြောတယ်။

ဝေါထမ်းသမားတွေလည်း ဝေါယာဉ်နောက်ကို အိပ့် အိပ့် သွားကြတယ်။ နောက်ဆုံးက လိုက်တဲ့ ယ္ဘိုကြံ့အောင်က ဖြုန်းခနဲ နောက်လှည့်ပြီး ချာပျဉ်စားကို ပြုံးစိုက်ကြည့်တယ်။ ချာပျဉ်စားလည်း ရုတ်တရက် မျက်စိမျက်နှာ ပျက်သွားပြီး ခါးကြားထဲက အထုပ်နီကို လက်နဲ့ တင်းတင်းဆုပ်ကိုင်လျက် "လှည့်မကြည့်နဲ့နော်၊ ထပ်လှည့်ကြည့် ပစ်သတ်လိုက်မယ်"လို့ စူးစူးဝါးဝါး အော်တယ်။

လမ်းစားပြက ခါးကြားအထုပ်ပေါ်ကနေ လက်မချဘဲ ဝေါယာဉ်ရှေ့ကို ရှပ်တိုက်သွားပြီး ဘွားဘွားခြေထောက်ကို လက်နဲ့ ညှစ်ကြည့်တယ်။ ဘွားဘွားက ရွှင်ပျပျ တစ်ချက် ပြုံးပြတော့ သင်းလည်း အပူကိုင်မိသလို လက်ကို ဆတ်ခနဲ ပြန်ရုပ်တယ်။

"ဆင်းခဲ့၊ ငါနဲ့ လိုက်ခဲ့"လို့ သူက ပြောတယ်။

ဘွားဘွားက ထိုင်လျက် မလှုပ်။ မျက်နှာပေါ်က အပြုံးဟာ အေးခဲသွားသလို။

"ဆင်းခဲ့စမ်း"

ဘွားဘွားလည်း မတ်တတ်ထပြီး ဝေါထမ်းပိုးကို ဣန္ဒြေရရ ခွကျော်လာပြီးတော့ လန်းဆန်းဝေဆာစွာ ဖူးပွင့်နေတဲ့ ပြောင်းပန်းတွေကြားထဲ ရပ်နေလိုက်တယ်။ ညာဘက်မျက်စိက ချာပျဉ်စားကို ကြည့်ရင်း ဘယ်ဘက်မျက်စိက ဝေါထမ်းသမားတွေနဲ့ အတီးအမှုတ်သမားတွေကို ကြည့်နေတယ်။

"ဆန်ပြောင်းတောထဲ ဝင်စမ်း"လို့ လမ်းစားပြက ခါးကြားထဲက အထုပ်နီပေါ် လက်တင်လျက် ပြောတယ်။

ဘွားဘွားက သာသာယာယာ မတ်တတ်ရပ်လျက်ပဲ။ ဒါပေမဲ့ တိမ်ထုထဲက လက်လိုက်တဲ့ လျှပ်စီးမှာ တအုန်းအုန်း အသံပါ ပါလာတော့ ဘွားဘွားမျက်နှာပေါ်က ရွှင်ပျပျ အပြုံးလည်း တစ်စစီ ကျိုးပဲ့သွားတယ်။

လမ်းစားပြက ဘွားဘွားကို ဆန်ပြောင်းတောထဲ အတင်းမောင်းသွင်းတယ်။ သူ့လက်ကတော့ ခါးကြားထဲက အထုပ်ပေါ်မှာ တင်ထားလျက်ပဲ။ ဘွားဘွားက ယ္ဘိုကြံ့အောင်ကို ရင်ခုန်ဖွယ်ကောင်းတဲ့ မျက်လုံးအစုံနဲ့ လှမ်းကြည့်နေတယ်။

ယ္ဘိုကြံ့အောင်လည်း လမ်းစားပြဆီ တည့်တည့်လျှောက်သွားတယ်။ သူ့ရဲ့ နှုတ်ခမ်းပါးပါးကို တစ်ဖက်အပေါ်ထောင် တစ်ဖက်အောက်စိုက် မျဉ်းတစ်ဖြောင့်တည်း တင်းတင်းရင်းရင်း စေ့ထားတယ်။

"ရှေ့မတိုးနဲ့နော်"

လမ်းစားပြဟာ ဟန်သာ ရှိပြီး အဆန် မရှိတဲ့ အသံနဲ့ အော်ပြောနေတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

"ရှေ့ဆက်တိုးလာရင် ပစ်လိုက်မှာနော်"

သူ့လက်က ခါးကြားထဲက အထုပ်နီပေါ်မှာ တင်ထားလျက်ပဲ။

ယွီကြွံ့အောင်လည်း ချာပျဉ်စားရှေ့ကို အေးအေးဆေးဆေး လျှောက်သွားတယ်။ သူ ရှေ့တစ်လှမ်းတိုးသွားတိုင်း ချာပျဉ်စား နောက်တစ်လှမ်းဆုတ်သွားတယ်။ ချာပျဉ်စားရဲ့ မျက်လုံးထဲကနေ အစိမ်းရောင် မီးပွားတွေ ဖြာထွက်လာတယ်။ ကြည်လင်တဲ့ ချွေးသီး ချွေးပေါက်ဖွေးဖွေးတွေ မျက်နှာပေါ် ထိတ်လန့်စွာ စီးကျလာတယ်။ သုံးလှမ်းအကွာကို ယွီကြွံ့အောင်လည်း ရောက်လာရော သူလည်း ရုက်ကိုး ရုက်ကန်း တစ်ချက်အော်ပြီး လှည့်ပြေးတယ်။ ယွီကြွံ့အောင်လည်း ရှေ့ကို တစ်ဟုန်ထိုး ပြေးပြီး သင်းဖင်တည့်တည့်ကို ဖနောင့်ပျံတစ်ချက် ကျွေးလိုက်တယ်။ လမ်းစားပြလည်း ပေါင်းပင်တွေရဲ့ ထိပ်ဖျား တစ်လျှောက် ပြောင်းပန်းတွေနဲ့ ရှပ်တိုက်လျက် ကလေးတစ်ယောက်ပမာ ခြေလက်ကားရား ဝမ်းလျားမှောက် အနိမ့်ပုံနဲ့ လွင့်ပျံထွက်သွားပြီး နောက်ဆုံးမှာ ဆန်ပြောင်းပင်တွေကြားထဲ ပြုတ်ကျသွားတယ်။

"ချမ်းသာပေးပါ ဆရာရယ်။ ကျွန်တော့်အိမ်မှာ အသက်ရှစ်ဆယ် မိခင်အိုကြီးနဲ့ပါ။ မတတ်သာလို့သာ ကြံမိကြံရာ ကြံမိတာပါဗျာ"

ယွီကြွံ့အောင်ရဲ့ လက်အောက်မှာ လမ်းစားပြ တကြော်ကြော် အော်ပြောနေပုံက အလွတ်ကျက်ထားသလား အောက်မေ့ရတယ်။ ယွီကြွံ့အောင်က သင်းကို ကုပ်ပိုးကနေ ဆွဲလာပြီး ဝေါယာဉ်ရှေ့မှာ ဗုန်းခနဲ ပစ်ချပြီးတော့ ပူညံ ပူညံ လုပ်နေတဲ့ သင်းပါးစပ်ကို တစ်ချက်ပိတ်ကန်ထည့်လိုက်တယ်။ လမ်းစားပြ တစ်ချက်ညည်းတယ်။ ညည်းသံက တစ်ဝက်သာ ထွက်လာပြီး တစ်ဝက်က ဗိုက်ထဲ ပြန်ဝင်သွားတယ်။ သွေးတွေကတော့ နှာခေါင်းထဲကနေ စီးကျလာတယ်။

ယွီကြွံ့အောင်လည်း ကိုယ်ကို ငုံ့ပြီး လမ်းစားပြခါးကြားထဲက ဥစ္စာကို ဆွဲထုတ်လိုက်တယ်။ အထုပ်နီကို ဖြေကြည့်တော့ အထဲမှာ သစ်ကိုင်းကွေးကလေးတစ်ချောင်းသာ တွေ့ရတယ်။ အားလုံး ဟာခနဲ ဟင်ခနဲ ဖြစ်ကုန်ရော။

သင်းက မြေကြီးပေါ် ဒူးထောက်ပြီး အကြိမ်ကြိမ် ဦးချ တောင်းပန်တယ်။ ယွီကြွံ့အောင်က "လမ်းစားပြတိုင်းကတော့ အိမ်မှာ အသက်ရှစ်ဆယ် မိခင်အိုကြီးနဲ့ ပါလို့ ပြောကြတာပဲလေ"လို့ ဆိုပြီး ဘေးတစ်ဖက်ကို ဆုတ်သွားပြီးတော့ ခွေးအုပ်ထဲက ခေါင်းဆောင်က ခွေးအုပ်ကို လှမ်းကြည့်သလို ဝေါထမ်းသမားတွေနဲ့ အတီးအမှုတ် သမားတွေကို လှမ်းကြည့်လိုက်တယ်။

ဝေါထမ်းသမားတွေနဲ့ အတီးအမှုတ်သမားတွေလည်း ဩသံပေးပြီး လမ်းစားပြကို ဆွမ်းကြီးဝိုင်းလောင်းကြတာပေါ့။ စစချင်းမှာ လမ်းစားပြရဲ့ ရူးရူးဝါးဝါး အော်ငိုသံကို ကြားရသေးပေမယ့် တစ်အောင့်ကြာတော့ မကြားရတော့ဘူး။ ဘွားဘွားလည်း လမ်းနံဘေးမှာ ရပ်လို့ ထိုးကြိတ်သတ်ပုတ်တဲ့ ကစဥ့်ကလျား အော်ညည်းသံတွေကို

mgyoe.com

mgyoe.com

နားထောင်ရင်း ယွီကြွဲအောင်ကို တစ်ချက်ကြည့်ပြီးတော့ ကောင်းကင်ထက်က လျှပ်စီးလက်တာကို လှမ်းမျှော်ကြည့်လိုက်တယ်။ ဟို ရွှင်ပျတဲ့၊ ရွှေတမျှ မြင့်မြတ်တဲ့ အပြုံးကတော့ မျက်နှာပေါ်မှာ ဖြစ်တည်နေဆဲ။

အတီးအမှုတ်သမားတစ်ယောက်က လမ်းစားပြေရဲ့ခေါင်းကို နှဲကြီးနဲ့ ခုတ်ထည့်လိုက်တာ နှဲပိုင်းအသွားက နဖူးရိုးထဲ စိုက်ဝင်သွားလို့ မနည်းပြန်ဆွဲနုတ်မှ ကျွတ်ထွက်လာတယ်။ လမ်းစားပြေလည်း ဗိုက်ထဲက ဂလုတစ်ချက်မြည်၊ အကြောဆွဲနေတဲ့ ခန္ဓာကိုယ်လည်း ပြန်ဆန့်လာပြီးတော့ မြေကြီးပေါ်မှာ ခွေခွေကလေး ဖြစ်သွားတယ်။ ဟပြဲသွားတဲ့ ဒဏ်ရာနက်ကြီးကနေ အဖြူ၊ အနီ ရောနှောနေတဲ့ အရည်တစ်မျှင် ခပ်ဖြည်းဖြည်း စိမ့်ထွက်လာတယ်။

"သေသွားပြီလား"

အမှုတ်သမားက ရွှံပလဲသွားတဲ့ နှဲကြီးကို ကိုင်လျက် မေးတယ်။

"သေပြီဟ၊ ဒီကောင့်နယ် တယ်ပျော့သကို"

ဝေါထမ်းသမားတွေ၊ အတီးအမှုတ်သမားတွေ မျက်နှာ သွေးဆုတ်သွားပြီး ထိတ်ထိတ်လန့်လန့် ဖြစ်လာကြတယ်။

ယွီကြွဲအောင်လည်း လူသေကို တစ်ချက်ကြည့်လိုက်၊ လူရှင်တွေကို တစ်ချက်ကြည့်လိုက်နဲ့ စကားတစ်ခွန်းမှ မပြောဘူး။ သူက ဆန်ပြောင်းရွက်တစ်ရွက် ဆွဲဖြဲပြီး ဝေါယာဉ်ပေါ်မှာ ဘွားဘွားအန်ထားတဲ့အန်ဖတ်တွေကို သုတ်တယ်။ ခုနက သစ်ကိုင်းကောက်ကို ပြန်ကောက်ပြီး ပိတ်စနီနဲ့ သုံးလေးချက်လောက် ပြန်ပတ်ပြီးတော့ လွှင့်ပစ်လိုက်တယ်။ လေထဲမှာ သစ်ကိုင်းက ရှေ့ကပြေးပြီး ပိတ်စနီက နောက်မှာကျန်ရစ်ခဲ့ပြီးတော့ လိပ်ပြာနီကြီး တစ်ကောင်ပမာ ဆန်ပြောင်းစိမ်းစိမ်းပေါ် ပြုတ်ကျသွားတယ်။

ယွီကြွဲအောင်က ဘွားဘွားကို ဝေါယာဉ်ပေါ် တွဲတင်ပြီး "မိုးရွာတော့မယ်၊ ခရီးဆက်ကြစို့"လို့ ပြောတယ်။

ဘွားဘွားလည်း ဝေါယာဉ်ကန့်လန့်ကာကို ဆွဲဖြုတ်ပြီး ချောင်ထဲ ထိုးလိုက်တယ်။ သူက လွတ်လပ်တဲ့လေကို ရှူရှိုက်ရင်း ယွီကြွဲအောင်ရဲ့ ပခုံးကျယ်ကျယ်၊ ခါးသွယ်သွယ်ကို ကြည့်နေခဲ့တယ်။ ဝေါယာဉ်နဲ့ နီးနီးလေးမို့ ဘွားဘွား ခြေတစ်ချက် မြှောက်လိုက်တာနဲ့ သူ့ရဲ့ စိမ်းဖန့်ဖန့် လုံးလုံးကျစ်ကျစ် ဦးပြည်းကို ကန်မိနိုင်တယ်။

လေထန်လာလို့ ဆန်ပြောင်းတွေ ရှေ့နောက်ယိမ်းထိုး လှိုင်းထလာတယ်။ လမ်းဘေး နှစ်ဖက်က ဆန်ပြောင်းတွေ လမ်းပေါ် ဦးညွှတ်ကျလာပြီး ကျွန်တော့်ဘွားဘွားကို အလေးပြုကြတယ်။ ဝေါထမ်းသမားတွေလည်း နတ်မြင်းပျံ၊ ဥက္ကာပျံအလား ခြေလှမ်းတွေ မြန်လာကြတယ်။ ဝေါယာဉ်လည်း လှိုင်းထိပ်ဖျားမှာ ရုပ်ပြေးသွားနေတဲ့ လှေငယ် တစ်စင်းပမာ အုံ့ချီးဖွယ်ရာ တည်တည်ငြိမ်ငြိမ် ရှိလာခဲ့တယ်။ အုံ့အွမ်အွမ် ဖားအော်သံတွေက လာလတ္တံ့သော နွေခေါင်ခေါင် မိုးသက်မုန်တိုင်းကို ကြိုဆိုနေကြတယ်။ အုံ့ဆိုင်းဆိုင်း

mgyoe.com

mgyoe.com SAMPLE BOOK

ကောင်းကင်ကြီးက ငွေညိုရောင် ဆန်ပြောင်းမျက်နှာကို စိုက်ကြည့်ရင်း သွေးနီရောင် လျှပ်စီးတစ်ပြက် လက်ချလိုက်တယ်။ မိုးခြိမ်းသံက နားကွဲမတတ်။ ဘွားဘွားလည်း တက်ကြွလာပြီး လေမည်းမည်းကြီး တိုက်ခတ်လို့ ထန်လာတဲ့ လှိုင်းလုံးစိမ်းစိမ်းတွေကို မကြောက်မရွံ့ ကြည့်နေခဲ့တယ်။ တိမ်တိုက်တွေက ကြိုတ်ဆုံလှည့်တဲ့ပမာ ချာလပတ်လည် ရွေ့လာနေတယ်။ လေကြောင်းက မတည်မငြိမ်၊ ဆန်ပြောင်းက ဟိုဒီ ယိမ်းလို့ ယာတောထဲ ဗရုတ်သုတ်ခ ဖြစ်ကုန်တယ်။ အစောဆုံး တစ်သုတ် ပွဲကြမ်းလာတဲ့ မိုးစက်တွေကြောင့် ဆန်ပြောင်းတွေ သိမ့်သိမ့်တုန်သွားတယ်။ ပေါင်းမြက်တွေ ဖိမ့်ဖိမ့်တုန်သွားတယ်။ လမ်းပေါ်က မြေနုတွေ မြေစိုင်ဖြစ်ပြီးမှ ချက်ချင်းပြန့်ပြီး အက်ကွဲသွားတယ်။ ဝေါယာဉ်အမိုးလည်း တဖြောင်းဖြောင်း မြည်သွားတယ်။ ဘွားဘွားရဲ့ ပန်းထိုးဖိနပ်ပေါ် မိုးစက်ကျတယ်။ ယှိုကြွံအောင်ရဲ့ ခေါင်းပေါ် မိုးစက်ကျတယ်။ ဘွားဘွားရဲ့ မျက်နှာကို မိုးစက်စဉ်တယ်။

ယှိုကြွံအောင်တို့လည်း ယုန်တွေလို သုတ်ခြေနှင်လာခဲ့ပေမယ့် အဲဒီ မွှန်းလတ်ချိန် ထစ်ချုန်းမိုးကို လွတ်အောင် မကျော်နိုင်ခဲ့ဘူး။ မိုးရေက မရေမတွက်နိုင်သော ဆန်ပြောင်း တွေပေါ် ကျရောက်တယ်။ မိုးရေက ယာတောထဲမှာ ပျော်ပွဲရွှင်နေတယ်။ ဆန်ပြောင်းပင် အောက်မှာ ပုန်းခိုနေတဲ့ ဖားပြုပ်တွေ အုံးအွမ်အုံးအွမ်နဲ့ ဝမ်းဗိုက်ဖြူဖြူကို ခါပြနေကြတယ်။ ဂူမှောင်မှောင်ထဲမှာ ဆောင့်ကြောင့်ထိုင်အောင်းနေတဲ့ မြေခွေးတွေ ဆန်ပြောင်းပေါ်က လွင့်စဉ်ကျလာတဲ့ မိုးပေါက်ကလေးတွေကို ကြည့်နေကြတယ်။ လမ်းမှာလည်း ရွှံ့ဗွက် တွေ ထလာတယ်။ ပေါင်းမြက်တွေ မြေမှာ ဝပ်လို့၊ ပြောင်းပန်းတွေရဲ့ ခေါင်းစိုစိုတွေ ထိုးထိုးထောင်ထောင် ဖြစ်နေကြတယ်။ ဝေါထမ်းသမားတွေရဲ့ အနက်ရောင် ဘောင်းဘီပွ တွေလည်း အသားကပ်ကုန်လို့ လူတွေလည်း သွယ်လျလျဖြစ်လာကြတယ်။ ယှိုကြွံအောင် ရဲ့ ဦးပြည်းဟာ မိုးရေကြောင့် ပြောင်လက်လာပြီး ဘွားဘွားမျက်လုံးထဲမှာ လပြည့်ဝန်းကြီး နဲ့ တူနေတော့တယ်။ ဘွားဘွားအင်္ကျီလည်း မိုးရေရွှဲသွားပြီ။ နဂိုက ဝေါယာဉ်ကန့်လန့်ကာကို ပြန်တပ်ပြီး မိုးကာလို့ရခဲ့ပေမယ့် သူ ပြန်မတပ်ခဲ့ဘူး။ သူ ပြန်မတပ်ချင်ဘူး။ ပွင့်လင်းတဲ့ ဝေါယာဉ်ကတစ်ဆင့် မတည်မငြိမ် ရှုပ်ထွေးလှတဲ့ လောကကြီးကို ဘွားဘွား မြင်တွေ့ လိုက်ရတယ်။

✧

mgyoe.com

mgyoe.com SAMPLE BOOK

# ၆

အဖေလည်း ဆန်ပြောင်းတွေကို တွန်းဖယ်ရင်း ရွာရှိရာ အနောက်မြောက် အရပ်ဆီကို ရှူးခနဲ ရှားခနဲ ထိုးဖောက်ပြေးလာခဲ့တယ်။ ဆန်ပြောင်း ရေနုတ်မြောင်း တစ်လျှောက် ခွေးတူဝက်တူတစ်ကောင် မကျင်မလည် တိုးဝှေ့ပြေးနေတယ်။ အဖေလည်း သင်းကို ဂရုမစိုက်အားဘဲ မြေလမ်းပေါ်ကိုပဲ တက်လာခဲ့တယ်။ ခလုတ်တိုက်စရာ ဆန်ပြောင်းတွေ မရှိတော့လို့ တောယုန်တစ်ကောင်ရဲ့အလျင်နဲ့ ပြေးလာနိုင်ခဲ့တယ်။ လေးလံတဲ့ ဘရောင်နင်ပစ္စတိုကြောင့် သူ့ခါးပေါ်က ခါးစည်းပိတ်နီဟာ လတံစဥ်ကွေးပမာ တွဲရရွဲကျလို့။ သေနတ်က တင်ရိုးကို လာလာရိုက်လို့ ထုံစပ်စပ် ဖြစ်နေတဲ့ နာကျင်မှုထဲမှာ အဖေလည်း သူ့ကိုယ်သူ ဓားလွတ်ကိုင် မြင်းစီးသူရဲ တစ်ယောက်ပမာ အထင်ရောက်လာ ခဲ့တယ်။ ရွာက လှမ်းသေးတယ်။ ရွာထိပ်က နှစ်ရာချီရှိပြီဖြစ်တဲ့ မှိုင်းညို့ညို့ ပြာမှောင်မှောင် ဂျင်ဂိုပင်က အဖေ့ကို ရှုတည်ကြီးနဲ့ စောင့်ကြိုနေတယ်။ အဖေလည်း ခါးက သေနတ်ကို ဆွဲထုတ်ကိုင်လို့ တစ်ဖက်က ပြေးရင်းလွှားရင်း တစ်ဖက်က ကောင်းကင်ထက်မှာ လူးလာ ပျံသန်းနေတဲ့ငှက်တွေကို တချိန်ချိန် တရွယ်ရွယ် လုပ်လာခဲ့တယ်။

ရွာလမ်းပေါ်မှာ လူသူ မရှိ။ ပြိုလုတဲ့ကာ မြေတံတိုင်းဘေးမှာ လံထားခံရတဲ့၊ ဘယ်သူ့အိမ်ကဟာမှန်း မသိတဲ့ ခြေကျိုးမျက်ကန်း မြည်းတစ်ကောင်ဟာ ခေါင်းငိုက် စိုက်ရပ်ရင်း တုတ်တုတ်မလှုပ်။ လဟာပြင်ထဲက ကျောက်တလိမ့်တုံးပေါ်မှာ နက်ပြာ ရောင် ကြီးကန်းနှစ်ကောင် နားနေတယ်။ ရွာထဲက လူတွေ အားလုံး ကျွန်တော်တို့အိမ်

mgyoe.com

mgyoe.com SAMPLE BOOK
အရက်ဖိုရှေ့က မြေကွက်လပ်ပေါ်မှာ စုရုံး ရောက်ရှိနေကြတယ်။ တစ်ချိန်က အဲဒီ မြေကွက်လပ်ပေါ်မှာ ကျွန်တော်တို့အိမ်က ဒိုင်ခံကောက်တဲ့ ဆန်ပြောင်းတွေ ရဲရဲနီအောင် ခင်းကျင်းထားခဲ့တယ်။ အဲဒီတုန်းက လာသွင်းတဲ့ ဆန်ပြောင်းတွေကို ရေချိန်ကိုက်နေတဲ့ အလုပ်သမားတွေ သစ်သားပြည်တောင်းနဲ့ ကောက်နေကြတာကို မွေးဖြူ ဖုန်ခါတံ တစ်ဖက်နဲ့ ခြေသေးကလေးကို ဖော့နင်း လျှောက်ကြည့်နေတဲ့ ဘွားဘွား မျက်နှာဟာ မနက်ဆည်းဆာပမာ ဝင်းပလို့ နေခဲ့တယ်။ မြေကွက်လပ်ထဲက လူတွေ အားလုံး အရှေ့တောင်အရပ်ကို မျက်နှာမူလျက် အချိန်မရွေး ကြားလာရနိုင်တဲ့ သေနတ်သံကို နားစွင့်နေကြတယ်။ ကျွန်တော့်အဖေနဲ့ အရွယ်မတိမ်းမယိမ်း ကလေးတွေလည်း ခြေယား လက်ယားနေလင့်ကစား ခြေမဆော့၊ လက်မဆော့ဝံ့ဘဲ ငြိမ်နေကြတယ်။

အဖေရယ်၊ မနစ်တုန်းက အာလောဟန်ကို ဝက်သတ်ဓားနဲ့ အရှင်လတ်လတ် အရေခွာခဲ့တဲ့ ဆွန်ဂူရယ်ဟာ မြေကွက်လပ်ထဲကို ဆန့်ကျင်ဘက် အရပ်မျက်နှာ နှစ်ဖက် ကနေ ဝင်လာကြတယ်။ ဟိုကိစ္စပြီးကတည်းက ဆွန်ဂူဟာ စိတ်ကစဉ့်ကလျားဖြစ်၊ ခြေလက်ကော့လန်၊ မျက်လုံးကြောင်တောင်၊ မျက်ကြောတွေဆွဲ၊ ပေါက်ကရ လျှောက် ပြော၊ ပါးစပ်အမြှုပ်ထွက်၊ မြေကြီးပေါ် ဒူးထောက်ပြီးတော့ "အစ်ကိုကြီး အစ်ကိုကြီး အစ်ကိုကြီး၊ မာစတာ လုပ်ခိုင်းလို့ ကျွန်တော့်မှာ မလုပ်ဘဲ မနေရဲလို့ပါဗျာ၊ အစ်ကိုကြီး သေပြီးတဲ့နောက် ကောင်းကင်ပေါ်တက်၊ ကကြိုးတင်တဲ့မြင်းဖြူစီး၊ သံချပ်ဝတ်လို့ ရွှေကြိမ်ကိုင်…"ဆိုပြီး အော်နေခဲ့တယ်။ သူ့ကို ဒီလိုပုံနဲ့ မြင်ရတော့ ရွာထဲကလူတွေလည်း သူ့အပေါ် မုန်းစိတ်တွေ ပြေလာကြတယ်။ ဆွန်ဂူ ရူးသွားပြီး လအနည်းငယ်ကြာတော့ ရောဂါသစ်တစ်မျိုး ထပ်တိုးလာတယ်။ တကြော်ကြော် အော်နေပြီးတဲ့နောက် သူ့ပါးစပ် ပေါက် ရုတ်တရက် ရွဲ့စောင်းသွားပြီး သွားရည်တွေ တောက်တောက်စီးလို့ စကားလည်း မပီတော့ဘူး။ ရွာထဲက လူတွေကတော့ အဲဒါ ဘုရားရိုက်တာပဲလို့ ပြောကြတယ်။

အဖေဟာ ဘရောင်နင်ပစ္စတိုတစ်ဖက်နဲ့ ဟောဟဲလိုက်နေတယ်။ တစ်ခေါင်း လုံးလည်း ဆန်ပြောင်းတွေကနေ ပေကျံလာခဲ့တဲ့ ဖုန်ဖြူဖြူ ဖုတ်နီနီတွေနဲ့ ဖြစ်နေတယ်။ အဝတ်အစား ဖိုသီဖတ်သီ၊ ဗိုက်ခေါက်တွေ အတစ်လိုက်၊ ဘယ်ခြေအားသန် ညာခြေ ပျော့ခွေနဲ့ မြေကွက်လပ်ထဲ ထော့နဲ့ ထော့နဲ့ ဝင်လာတဲ့ ဆွန်ဂူကို ဘယ်သူမှ အဖက် မလုပ်ကြဘူး။ အားလုံးရဲ့အကြည့်တွေက ရဲသွေးရဲမာန် ပြည့်လျှံနေတဲ့ ကျွန်တော့် အဖေပေါ်ကိုသာ ရောက်နေကြတယ်။

ဘွားဘွားက အဖေ့ရှေ့ကို လျှောက်လာတယ်။ အသက်သုံးဆယ်ပြည့်တတ် ခါစ ဘွားဘွားရဲ့ ဆံပင်စည်း၊ ဆံမြိတ်ချထားပုံက ဝင်းပတဲ့ နဖူးကို ဖုံးကာထားတဲ့ ပုလဲခန်းဆီး ခပ်ကျဲကျဲနဲ့ တူနေတယ်။ ဘွားဘွားမျက်လုံးက အစဉ်သဖြင့် အရည်ရွှမ်း နေတယ်။ အဲဒါ ဆန်ပြောင်းအရက်ငွေ့နဲ့ တိုက်ခံထားရလို့ ဖြစ်တာဆိုပြီး တချို့က
mgyoe.com

mgyoe.com SAMPLE BOOK
ပြောကြတယ်။ မိုးလေသည်းထန် ရင်ခုန်မြန်တဲ့ ဆယ့်ငါးနှစ်တာကာလကို ဖြတ်ကျော်လာခဲ့ပြီးတဲ့နောက် ဘွားဘွားလည်း အပျိုမလေးတစ်ယောက်ကနေ ထက်မြက်တဲ့ အိမ်ရှင်မလေးတစ်ယောက် ဖြစ်လာခဲ့ပြီ။

"ဘာဖြစ်လာတာလဲ"

ဘွားဘွား မေးတယ်။

အဖေက ဟောဟဲ ဟောဟဲနဲ့ ဘရောင်နင်ပစ္စတိုကို ခါးကြား ပြန်ထိုးတယ်။

"မိစ္ဆာကောင်တွေ မလာဘူးလား"

ဘွားဘွား ထပ်မေးတယ်။

အဖေပြောတယ်။

"ဆွယ်မှူးလိန်၊ ခွေးမသား၊ သင်းကို မကျော်ဘူး"

"ဘယ်လို ဖြစ်တာလဲ"

ဘွားဘွား မေးတယ်။

အဖေ ပြောတယ်။

"ချာပျဉ်လိုမ့်ကြ"

"တိုက်သံခိုက်သံလည်း မကြားမိပါကလား"

ဘွားဘွား ပြောတယ်။

အဖေ ပြောတယ်။

"ချာပျဉ်လိုမ့်၊ ကြက်ဥ၊ ကြက်သွန်မြိတ် များများထည့် လိပ်"

ဘွားဘွား မေးတယ်။

"မိစ္ဆာကောင်တွေ မလာဘူးလား"

"တပ်မှူးယွီက ချာပျဉ် လိုမ့်ခိုင်းလိုက်တယ်၊ အမေကိုယ်တိုင် လာပို့ပါတဲ့"

ဘွားဘွားလည်း "အမျိုးတို့ရေ၊ အိမ်ပြန်ပြီး ချာပျဉ် လိုမ့်ကြပေတော့ဟေ့" လို့ ပြောလိုက်တယ်။

အဖေ ပြန်လှည့်ပြေးမလို့ လုပ်တော့ ဘွားဘွားက လှမ်းဆွဲထားပြီး မေးတယ်။

"တို့ကွမ်း၊ အမေ့ကို ပြောစမ်း၊ ဆွယ်မှူးလိန်ကိစ္စ ဘယ်လို ဖြစ်တာလဲ"

အဖေက ဘွားဘွားလက်ကို ဖယ်ပြီး ဒေါနဲ့မောနဲ့ ပြောတယ်။

"ဆွယ်မှူးလိန်တို့ကို အရိပ်တောင် မတွေ့ဘူး၊ တပ်မှူးယွီက သင်းတို့ကို မကျော်ဘူးတဲ့"

အဖေ ပြေးထွက်သွားတယ်။ ဘွားဘွားလည်း အဖေရဲ့ ပိန်လှီလှီ နောက်ကျောပုံရိပ်ကိုကြည့်ရင်း သက်ပြင်းတစ်ချက်ချလိုက်တယ်။ မြေကွက်လပ်ပေါ်မှာ ဆွန်ရှူ တစ်ယောက်သာ တွန့်လိမ်ရပ်လျက် ကျန်ရစ်ပြီး ဘွားဘွားကို ပြူးတူး ကြောင်တောင်
mgyoe.com

mgyoe.com SAMPLE BOOK

ကြည့်နေတယ်။ လက်ဟန်ခြေဟန်တွေ ပြရင်း ပါးစပ်ထဲက သွားရည်တွေ တတောက်တောက် ကျနေတယ်။

ဘွားဘွားက ဆွန်ဂူကို အဖက်မလုပ်ဘဲ တံတိုင်းနားမှာ မှီနေတဲ့ မျက်နှာ သွယ်သွယ် မိန်းမပျိုလေးတစ်ယောက်ဆီ လျှောက်သွားတယ်။ မိန်းမပျိုလေးက ဘွားဘွား ကို ကြည့်ပြီး တခစ်ခစ် ရယ်တယ်။ သူ့ရှေ့ကို ဘွားဘွား ရောက်သွားတော့ သူက ရုတ်တရက် ဆောင့်ကြောင့်ထိုင်ချပြီး ခါးကို ကျစ်ကျစ်ပါအောင် ဖက်လို့ ငယ်သံပါအောင် အော်ငိုရင်း ရေအိုင်သဖွယ် မျက်လုံးအစုံကနေ မီးပွားတွေ သဲသဲမဲမဲ ဖြာထွက်ကျလာ တယ်။ ဘွားဘွားလည်း သူ့မျက်နှာကလေးကို ပွတ်သပ်ရင်း "လင်းဇူ၊ သမီး၊ မကြောက် နဲ့" လို့ ပြောရှာတယ်။

အဲဒီတုန်းက ဆယ့်ခုနစ်နှစ်သမီး လင်းဇူဟာ ရွာမှာ ကွမ်းတောင်ကိုင်ပဲ။ တပ်မှူးယွီတစ်ယောက် အရေးတော်ပုံထပြီး လူသူလက်နက် စည်းရုံးခါစမှာ အင်အား ငါးဆယ်တပ်ဖွဲ့တစ်ဖွဲ့ ဖွဲ့နိုင်ခဲ့တယ်။ တပ်ဖွဲ့ထဲမှာ ယူနီဖောင်းအနက်ဝတ်၊ ဖိနပ်ဖြူစီးတဲ့ မျက်နှာဖြူဖြူ ဆံပင်ရှည် နက်မှောင်မှောင်နဲ့ ပိန်လှီလှီ လူငယ်တစ်ယောက်လည်း ပါတယ်။ ပြောသံကြားတာတော့ လင်းဇူဟာ အဲဒီလူငယ်ကို ချစ်မိသွားသတဲ့။ ပီကင်းသံ ပီပီကြီး ပြောတတ်တဲ့၊ ဘယ်တော့မှ မပြုံးမရယ်တတ်တဲ့၊ တစ်နေကုန် မျက်မှောင်ကြီး ကုတ်နေတတ်တဲ့၊ မျက်ခုံးကြားမှာ အရစ်သုံးရစ်ရှိတဲ့ သူ့ကို အားလုံးက တပ်ရေးရင်လို့ ခေါ်ကြတယ်။ လင်းဇူအဖို့တော့ တပ်ရေးရင်ရဲ့ အေးအေးစက်အခွံထဲမှာ ခုခံလို့ မရနိုင်တဲ့ မီးတောက်တစ်ခု ရှိနေတာကြောင့် ခမျာ စားလည်း ဒီစိတ်၊ သွားလည်း ဒီစိတ် ဖြစ်နေ ခဲ့ရှာတယ်။ အဲဒီတုန်းက ဆန်ပြောင်းကောက်တဲ့ အိမ်ရှေ့မြေကွက်လပ်မှာ တပ်မှူးယွီတို့ တပ်ဖွဲ့ မနက်တိုင်းလာပြီး စစ်ရေး လေ့ကျင့်ကြတယ်။ နှဲကြီးမှုတ်တဲ့ နှဲဆရာ လျူစုဆန်ဟာ တပ်မှူးယွီတို့တပ်ရဲ့ ခရာမှုတ်ပဲ။ နှဲကြီးဟာ စစ်ခရာပေါ့။ လေ့ကျင့်ဖို့အချိန် ရောက်တိုင်း လျူစုဆန်က နှဲကြီးမှုတ်ပြီး တပ်ဖွဲ့ကို စုဝေးစေတယ်။ နှဲကြီးသံ ကြားရတာနဲ့ လင်းဇူလည်း အိမ်ကနေ အပြေးကလေး ရောက်လာပြီး လေ့ကျင့်ကွင်းနံဘေးက မြေတံတိုင်းပေါ် တက်ပြီး တပ်ရေးရင်ကို မျှော်နေတတ်တယ်။ တပ်ရေးရင်က လေ့ကျင့်ရေး အရာရှိ။ ခါးပေါ်က နွားသားရေ ခါးပတ်ထူကြီးမှာ ဘရောင်နင်ပစ္စတိုတစ်လက် ချိတ်ထားတယ်။

တပ်ရေးရင်က ရင်ကော့၊ မိုက်ချပ်ပြီး တပ်ဖွဲ့ရှေ့ကို လျှောက်လာပြီးတော့ သတိလို့ အော်လိုက်တဲ့အခါ ဟိုလူတန်းနှစ်တန်းလည်း ခြေထောက်တွေကို ဖွတ်အတင်း စုလိုက် ကြတယ်။

"သတိဆွဲတဲ့အခါ ခြေအစုံကို မတ်မတ်ရပ်၊ မိုက်ချပ်၊ ရင်ကော့၊ မျက်လုံး နှစ်ဖက်က လူကို ကိုက်စားတော့မယ့် ကျားသစ်လို ပြူးထား" လို့ တပ်ရေးရင်က ပြောတယ်။

mgyoe.com

mgyoe.com
SAMPLE BOOK

''ယီးလိုပုံစံ ရပ်နေတာလားကွ''

တပ်ရေးရင်က ဝမ်ဝင်းအိကို ဆောင့်ကန် ပြောတယ်။

''မင်းပုံစံက ပေါင်ကွတနဲ့ လားသေးပေါက်တဲ့အတိုင်းပဲ၊ သောက်ချိုးကို မကျဘူး''

လင်းဇူက တပ်ရေးရင် သူများကို ဆဲရေးကန်ကျောက်နေတာကို ကြည့်ရတာ သဘောကျတယ်။ တပ်ရေးရင်ရဲ့ ဆတ်ဆတ်ကြဲ ဟန်ပန်မူရာကို သူ အရူးအမူး ဖြစ်ခဲ့တယ်။ တပ်ရေးရင် အလုပ်အားလို့ ကျွန်တော်တို့အိမ်ရှေ့ မြေကွက်လပ်မှာ လက်နောက်ပစ်ပြီး လမ်းလျှောက်တဲ့အခါ လင်းဇူက တံတိုင်းနောက်ကွယ်ကနေ သူ့ကို ချောင်းကြည့်တတ်တယ်။

''နင့်နာမည် ဘယ်လို ခေါ်သလဲ''

တပ်ရေးရင်က မေးတယ်။

''လင်းဇူပါ''

''နင် တံတိုင်းနောက်ကနေ ဘာချောင်းကြည့်နေတာလဲ''

''တော့်ကို ကြည့်နေတာပေါ့လို့''

''နင် စာတတ်လား''

''မတတ်ဘူး''

''စစ်ထဲဝင်ချင်သလား''

''မဝင်ချင်ဘူး''

''သြော်... မဝင်ချင်ဘူးကိုး''

နောက်တော့ လင်းဇူ နောင်တရတယ်။ သူက ကျွန်တော့်အဖေကို ပြောပြတယ်၊ တပ်ရေးရင်သာ နောက်တစ်ခွန်း ထပ်မေးခဲ့လို့ရှိရင် သူက စစ်ထဲဝင်ချင်တယ်လို့ ဖြေမိမှာတဲ့။ ဒါပေမဲ့ တပ်ရေးရင် ထပ်မမေးခဲ့ဘူး။

မြေကွက်လပ်မှာ တပ်ရေးရင် တော်လှန်ရေးသီချင်း ဆိုနေတာကို လင်းဇူနဲ့ ကျွန်တော့်အဖေ တံတိုင်းပေါ် ကုတ်ကတ်တက်ပြီး ကြည့်ခဲ့ကြတယ်။ အဖေက အရပ်ပုတော့ အုတ်ခဲသုံးလုံးဆင့် ရပ်မှ ဝင်းထဲကို လှမ်းမြင်ရနိုင်တယ်။ လင်းဇူကတော့ မေးစေ့ချွန်ချွန်ကလေးကို မြေတံတိုင်းပေါ် ထောက်ရင်း မနက်ဆည်းဆာထဲက တပ်ရေးရင်ကို စိုက်ကြည့်နေခဲ့တယ်။ တပ်ရေးရင်က တပ်ဖွဲ့ကို သီချင်းဆို သင်ပေးတယ်။

'ဆန်ပြောင်းမှည့်ပြီ၊ ဆန်ပြောင်းနီပြီ၊ မိစ္ဆာကောင်တွေ လာပြီ၊ မိစ္ဆာကောင်တွေ လာပြီ။ ထီးကျိုးပြီ၊ စည်ပေါက်ပြီ၊ ထလော့ သွေးချင်းတို့၊ ဓား၊ သေနတ်တွေ စွဲကိုင်လို့၊ မိစ္ဆာတိုက်ထုတ် ပြည်ကာစို့...'

တပ်ဖွဲ့ထဲက လူတွေက ထူထူအအတွေမို့ အသံမှန်အောင် မဆိုနိုင်ကြဘူး။ တံတိုင်းပေါ်ကနေ ချောင်းကြည့်နေတဲ့ ကလေးတွေကတော့ ဒီသီချင်းကို ဖင်ပြန်

mgyoe.com

mgyoe.com SAMPLE BOOK

ခေါင်းပြန် ဆိုတတ်နေကြပြီ။ ကျွန်တော့်အဖေ သက်ရှိထင်ရှား ရှိစဉ်တုန်းက ဒီသီချင်းစာသားတွေကို အလွတ်ရနေတုန်းပဲ။

တစ်နေ့တော့ မလင်းဇူဟာ အရဲစွန့်ပြီး တပ်ရေးရင်ကို သွားရှာတာ တပ်ထောက်အခန်းထဲ မှားဝင်မိတယ်။ တပ်ထောက်ဆိုသူက တပ်မှူးယွှီရဲ့ ဘထွေး အရင်းခေါက်ခေါက် ယွှီသွားကြီးပဲ။ အသက်လေးဆယ်ကျော် ယွှီသွားကြီးဟာ အရက်ဆို သည်းခြေကြိုက်၊ လောဘစိတ်တို့၊ ရာဂစိတ်တို့ဆိုလည်း ကြီးမှကြီး။ အဲဒီနေ့က သူဟာ ရေချိန်ကိုက်ပြီး ခပ်ထွေထွေ ဖြစ်နေတာ။ လင်းဇူက သူ့အခန်းထဲ ဖွတ်တိုး ဝင်သွားတော့ မီးကိုတိုးတဲ့ ပိုးဖလံလို၊ ကျားရှေ့ လည်စင်းခံတဲ့ သိုးသငယ်လို ဖြစ်သွားတော့တာပေါ့။

မလင်းဇူကို ကျင့်ကြံလိုက်တဲ့ ယွှီသွားကြီးကို ဖမ်းချုပ်ဖို့ ရဲဘော်တချို့ကို တပ်ရေးရင် အမိန့်ပေးလိုက်တယ်။

အဲဒီတုန်းက တပ်မှူးယွှီက ကျွန်တော်တို့အိမ်မှာ ညအိပ်တယ်။ တပ်ရေးရင် သတင်းလာပို့တဲ့ အချိန်မှာ တပ်မှူးယွှီက ကျွန်တော့်ဘွားဘွားရဲ့ မီးလှုံခုတင်ပေါ်မှာ အိပ်နေတယ်။ ဘွားဘွား ဖြီးလိမ်းပြင်ဆင်ပြီးလို့ အရက်နဲ့ မြည်းဖို့အတွက် ဥငါးတွေ ကြော်မလို့ ပြင်နေချိန်မှာ တပ်ရေးရင် ဒေါနဲ့မောနဲ့ ဝင်ချလာလို့ ဘွားဘွားတောင် လန့်သွားသေးတယ်။

တပ်ရေးရင်က ဘွားဘွားကို မေးတယ်။

"တပ်မှူးကော"

"ခုတင်ပေါ်မှာ အိပ်နေလေရဲ့"

ဘွားဘွား ဖြေတယ်။

"နှိုးလိုက်စမ်းဗျာ"

ဘွားဘွား တပ်မှူးယွှီကို သွားနှိုးတယ်။

တပ်မှူးယွှီက အိပ်မှုန်စုံမွှား ထလာပြီး အကြောဆန့် သမ်းဝေပြီးမှ "ဘာကိစ္စလဲ" လို့ မေးတယ်။

"တပ်မှူး ခင်ဗျ၊ ဂျပန်တွေ ကျုပ်နှမကို မုဒိမ်းကျင့် ဖျက်ဆီးရင် သတ်သင့်သလား"

တပ်ရေးရင် မေးတယ်။

"သတ်"

တပ်မှူးယွှီ ဖြေတယ်။

"တပ်မှူး ခင်ဗျ၊ တရုတ်တွေ ကိုယ့်နှမသားချင်းကို မုဒိမ်းကျင့် ဖျက်ဆီးရင်ရော သတ်သင့်သလား"

"သတ်"

mgyoe.com

mgyoe.com SAMPLE BOOK

"ကောင်းပြီ တပ်မှူး၊ တပ်မှူးဆီက ဒီစကားပဲ ကြားချင်တာ"

တပ်ရေးရင် ပြောတယ်။

"အရပ်သူ ချောင်လင်းဇူကို မုဒိမ်းကျင့်မှုနဲ့ ယွီသွားကြီးကို ဖမ်းချုပ်ဖို့ ကျုပ်အမိန့်ပေးလိုက်ပြီ"

"တကယ်လားကွ"

တပ်မှူးယွီ ပြောတယ်။

"တပ်မှူး ခင်ဗျ၊ ဘယ်တော့ စီရင်မှာလဲ"

တပ်မှူးယွီက တစ်ချက်သမ်းပြီးမှ ပြောတယ်။

"မိန်းမတစ်ယောက်ကို အိပ်တာများကွာ၊ ရေးကြီးခွင့်ကျယ် လုပ်လို့"

"တပ်မှူး ခင်ဗျ၊ ရှင်ဘုရင့်သားတော် ဥပဒေဖောက်လည်း ပြည်သူနည်းတူ ပြစ်ဒဏ်သင့်ရမှာပဲလေ။ ဥပဒေအထက်မှာ ဘယ်သူမှ မရှိရပါဘူး"

"ဒါဖြင့် သူ့ကို ဘယ်လို ပြစ်ဒဏ်ပေးသင့်သလဲကွ"

တပ်မှူးယွီ မှုန်ကုပ်ကုပ် မေးလိုက်တယ်။

"သေနတ်နဲ့ ပစ်သတ်ရမယ်"

တပ်ရေးရင် မဆိုင်းမတွ ဖြေတယ်။

တပ်မှူးယွီလည်း တစ်ချက်စူဆောင့်ပြီး မျက်နှာတစ်ခုလုံး ဒေါသကြောင့် နီရဲတက်လာတယ်။ ပြီးတော့မှ ပြန်ပြုံးပြီး ပြောတယ်။

"တပ်ရေးရင်ကလည်းဗျာ၊ သင်းကို လူရှေ့မှာ ကျာပွတ်နဲ့ အချက်ငါးဆယ်ရိုက်၊ လင်းဇူတို့အိမ်ကို ငွေဒင်္ဂါး နှစ်ဆယ် လျော်ကြေး ပေးလိုက်မယ်ဗျာ၊ ဘယ့်နှယ်လဲ"

"သူက ခင်ဗျားဘထွေးအရင်း ဖြစ်နေလို့လားဗျ"

တပ်ရေးရင် ခနဲ့တဲ့တဲ့ မေးလိုက်တယ်။

"ဒါဖြင့်လည်း အချက် ရှစ်ဆယ်ကွာ၊ ပြီးရင် လင်းဇူကို လက်ထပ်ယူခိုင်း၊ ငါလည်း ထွေးလေးတစ်ယောက် ရတာပေါ့"

တပ်ရေးရင်လည်း ခါးပတ်ကို ချွတ်ပြီး ဘရောင်နင်ပစ္စတိုနဲ့အတူ တပ်မှူးယွီ ရင်ခွင်ထဲ ထိုးထည့်ပေးလိုက်တယ်။ ပြီးတော့ လက်နှစ်ဖက်နဲ့ အရိုအသေ ပေးပြီး "တပ်မှူးနဲ့ကျုပ် လမ်းခွဲပြီဗျာ" ပြောပြီးတာနဲ့ အိမ်ဝင်းထဲကနေ ခြေလှမ်းကျဲကြီးနဲ့ လှည့်ထွက်သွားတယ်။

တပ်မှူးယွီလည်း သေနတ်တစ်ဖက်နဲ့ တပ်ရေးရင်ရဲ့ နောက်ကျောကို ကြည့်ရင်း အံတကြိတ်ကြိတ်နဲ့ ပြောတယ်။

"သွားစမ်းကွာ၊ ကျောင်းသား ချာတိတ်ကလေးကများ ငါ့ ဆရာ လာလုပ်လို့။ နင့်မေလင် ချာပျဉ်စားလာတဲ့ ဆယ်နှစ် တစ်လျှောက် ဒီလောက် မောက်မာတဲ့ကောင်မျိုး

mgyoe.com

mgyoe.com SAMPLE BOOK

မတွေ့ဖူးသေးဘူး''

ဘွားဘွားက ပြောတယ်။

''ကိုရင်ကြွံအောင်၊ တပ်ရေးရင်ကို လက်လွတ်လို့ မဖြစ်ဘူးနော်၊ တပ်သား တစ်ထောင် ရှာရ လွယ်မယ်၊ တပ်ဗိုလ်တစ်ယောက် ရှာရ မလွယ်ဘူး''

''မိန်းမတွေ ဘာနားလည်လို့လဲ''

တပ်မှူးယွိ စိတ်ရှုပ်ရှုပ်နဲ့ ငေါက်လိုက်တယ်။

''အစက တော့်ကို လူစွမ်းဒကောင်းလို့ ထင်ထားခဲ့တာ၊ လက်စသတ်တော့ တော်လည်း အလကားကောင်ပဲကိုး''

ဘွားဘွား ပြောလိုက်တယ်။

တပ်မှူးယွိက သေနတ်ထောင်ပြီး ''နင် သေချင်လို့လား''လို့ ပြောတယ်။

ဘွားဘွားလည်း ရွှေရင်မို့မို့ ပေါ်လာတဲ့အထိ အင်္ကျီရင်ဝကို ဆွဲဖြဲကာ ''ပစ်လိုက်စမ်းပါ''လို့ ပြောလိုက်တယ်။

အဖေလည်း အမေလို့ အကျယ်ကြီး အော်ပြီး ဘွားဘွားရင်ခွင်ထဲ ဝင်တိုးတယ်။

ယွိကြွံအောင်ဟာ ကျုပ်အဖေရဲ့ လုံးချောတည့်မတ်တဲ့ ဦးခေါင်းကို ကြည့်ရင်း၊ ကျွန်တော့်ဘွားဘွားရဲ့ ပန်းနုယ်လှ လနုယ်ဝင်းတဲ့ ရုပ်အဆင်းကို ကြည့်ရင်း ခေါင်းထဲကို အတိတ်ကြောင်းတွေ ဘယ်လောက်များ ပြန်ပြောင်းဝင်လာသလဲ မပြောတတ်ဘူး၊ သက်ပြင်းတစ်ချက်ချ၊ သေနတ်ပြန်သိမ်းပြီး ''နင့်အင်္ကျီ ပြန်ပြင်ဝတ်လိုက်စမ်းကွာ''လို့ ပြောလိုက်တယ်။ ပြီးတာနဲ့ မြင်းစီးကျာပွတ်ဆွဲ၊ ဝင်းထဲ ဆင်းသွားပြီး မြင်းချည်တိုင်ကနေ သူ့ရဲ့မြင်းညိုကလေးကို ဖြုတ်ပြီးတော့ ကုန်းနှီးတောင် မတင်တော့ဘဲ လေ့ကျင့်ကွင်းထဲ ဒီအတိုင်း စီးထွက်သွားတယ်။

တပ်မှူးယွိရောက်လာတာ မြင်တော့ တံတိုင်းနားမှာ ပျင်းရိပျင်းတွဲ မှီနေကြတဲ့ ရဲဘော်တွေလည်း ချက်ချင်း သတိထဆွဲပြီး အားလုံး အသံတိတ်ကုန်တယ်။

ယွိသွားကြီးကို သစ်ပင်တစ်ပင်မှာ လက်ပြန်ကြိုးတုပ်ပြီး ချည်ထားတယ်။

တပ်မှူးယွိဟာ မြင်းပေါ်က ခုန်ဆင်းပြီး ယွိသွားကြီးနားကို လျှောက်လာတယ်။

''ဘထွေးလက်ချက် အမှန်ပဲလား''

ယွိသွားကြီး ပြောတယ်။

''ဟေ့ မောင်အောင်၊ ငါ့ကြိုးဖြေပေးစမ်း၊ မင်းဆီမှာ ငါ မလုပ်တော့ဘူး''

ရဲဘော်တွေက တပ်မှူးယွိကို မျက်ကလဲဆန်ပျာ ကြည့်ကြတယ်။

တပ်မှူးယွိ ပြောတယ်။

''ဘထွေးကို သေနတ်နဲ့ ပစ်သတ်ရလိမ့်မယ်''

ယွိသွားကြီး အော်ဟစ်ကြိမ်းမောင်းတော့တာပေါ့။

mgyoe.com

"အမျိုးယုတ်လေး၊ မင်းက မင်းဘထွေးအရင်းခေါက်ခေါက်ကို ပစ်သတ်မတဲ့လား။ ဘထွေးကျေးဇူးကို ဒီနည်းနဲ့ ဆပ်လိုက်တယ်ပေါ့လေ။ မင်းအဘ အသေစောလို့ မင်းဘထွေး ငါကပဲ မင်းတို့ သားအမိကို ကျွေးမွေးစောင့်ရှောက်လာခဲ့တာလေ။ ငါသာ မရှိခဲ့ရင် မင်းလိုကောင်မျိုး အစောကြီး ကတည်းက ခွေးစာဖြစ်နေလောက်ပြီကွ"

တပ်မှူးယွှီလည်း ယွှီသွားကြီးမျက်နှာကို ကျာပွတ်နဲ့ တစ်ချက်ဆွဲပြီး ဆဲပြီးမှ ဒူးထောက် ပြောတယ်။

"ဘထွေးရေ၊ ဘထွေးကျေးဇူးကို ကြွံအောင် ဘယ်တော့မှ မမေ့ပါဘူးဗျာ။ ဘထွေး သေပြီးတဲ့နောက် ကျုပ် ဘထွေးအတွက် ဂုန်နီခြုံလို့ အသုဘဝတ်စုံ ဝတ်ပေးပါ့မယ်၊ ပွဲတော်ရက် ရောက်တိုင်းလည်း သင်္ချိုင်းဂူကို လာကန်တော့ပါ့မယ်"

တပ်မှူးယွှီ မြင်းပေါ် ပြန်တက်၊ ကျာပွတ်တစ်ချက်သွင်းပြီး တပ်ရေးရင် ထွက်သွားတဲ့ဘက်ဆီ ဒုန်းစိုင်းနှင်သွားတဲ့ မြင်းခွာပေါက်သံ ဂလောက် ဂလောက်ဟာ လောကကြီးတစ်ခုလုံးကိုတောင် သိမ့်သိမ့်တုန်သွားစေခဲ့တယ်။

ယွှီသွားကြီးကို ပစ်သတ်တုန်းက အဖေလည်း သွားကြည့်ခဲ့တယ်။ ယွှီသွားကြီးကို အာဘာနဲ့ ရဲဘော်နှစ်ယောက် ရွာအနောက်ထိပ်ဆီ ဖမ်းခေါ်သွားကြတာ။ ရေပုပ်မည်းမည်းတွေ အိုင်နေတဲ့၊ ခြင်ယင်ပိုးကောင် တလှောင်းလှောင်း ဖြစ်နေတဲ့ လခြမ်းပုံ မြစ်ကွေ့နံဘေးကမ်းစပ်မှာ ပြစ်ဒဏ်စီရင်ဖို့ နေရာသတ်မှတ်လိုက်တယ်။ ကမ်းစပ်ပေါ်မှာ ရော်ရွက်ဝါတွေနဲ့ မိုးမခပင်တစ်ပင် အထီးတည်း ဖြစ်နေတယ်။ မြစ်ကွေ့ထဲမှာ ဖားပြုပ်တွေ တဖုတ်ဖုတ်ခုန်။ ဆံပင်ထွေးကြီးနံဘေးမှာ မိန်းမစီးဖိနပ်စုတ်တစ်ဖက်။

ရဲဘော်နှစ်ယောက်ဟာ ယွှီသွားကြီးကို ကမ်းစပ်နားဆီ ဖမ်းခေါ်လာကြပြီး ဖမ်းထားတဲ့ လက်တွေ လွှတ်ပြီးတော့ အာဘာကို လှမ်းကြည့်ကြတယ်။ အာဘာက ရိုင်ဖယ်သေနတ်ကို ပခုံးက ဖြုတ်ပြီး ဂျောက်ခနဲ မောင်းတင်လိုက်တယ်။

ယွှီသွားကြီးက အာဘာဘက် လှည့်ပြီးပြုံးပြတယ်။ သူ့အပြုံးဟာ ကြင်နာဖော်ရွေလှတယ်၊ ကျနေတစ်စင်းလိုလည်း အုံ့မှိုင်းရီဝေနေတယ်။

"ကိုရင်အာဘာရယ်၊ ငါ့ကို ကြိုးဖြေပေးပါကွာ၊ ကြိုးကြီးတုပ်ရက်နဲ့ ငါသေလို့ မဖြစ်ဘူး"

အာဘာလည်း တစ်ချက်စဉ်းစားပြီး သေနတ်တစ်ဖက်နဲ့ ရှေ့တက်သွားတယ်။ ခါးကြားထဲက လှံစွပ်ဓားနဲ့ ကြိုးကို လေးငါးချက်လောက် ပွတ်ဆွဲပြီး ဖြတ်ပေးလိုက်တယ်။ ယွှီသွားကြီးလည်း ပခုံးတွေခါ၊ အကြောတွေဆန့်ပြီးမှ ကျောလှည့်ပေးလျက် အော်ပြောတယ်။

"ပစ်ကွာ ကိုရင်အာဘာ၊ ချက်ကောင်းကို သေချာချိန်ပစ်ကွဲ့၊ ငါ့ အခံရ ခက်အောင်တော့ မလုပ်နဲ့ကွယ်"

လူတစ်ယောက်ဟာ သေခါနီး တဒင်္ဂမှာတောင်မှ လေးစားဖွယ်ရာ အပြုအမူ

mgyoe.com

mgyoe.com SAMPLE BOOK

မျိုး လုပ်နိုင်ပါကလားလို့ အဖေ ယူဆမိတယ်။ ဘာပဲပြောပြော ယှီသွားကြီးဟာ ကျွန်တော်တို့ကောင်းမိတုန်းပေသားပဲလေ၊ သေဒဏ်ထိုက်တဲ့အပြစ် ကျူးလွန်မိလို့သာ သေရတာဖြစ်ပေမယ့် သေခါနီးမှာ သူ့ရဲကောင်းဆန်ဆန် ပြုမူလိုက်တဲ့ အပြုအမူကြောင့် အဖေ့မှာ ထခုန်မိမတတ် ဘဝင်ခိုက်သွားခဲ့တယ်။

ယှီသွားကြီးဟာ ရေပုပ်မြစ်ကွေ့ဘက်ကို မျက်နှာမူရင်း ကြာဖတ်ကလေး နှစ်ဖတ်၊ သုံးဖတ်နဲ့ ပိန်ကပ်ကပ် ကြာဖြူတစ်ပွင့်မျောနေတဲ့ အောက်က ရေအိုင်ကို လှမ်းကြည့်၊ ပြီးတစ်ဖန် မြစ်ကွေ့မျက်နှာချင်းဆိုင်က ရောင်ခြည်ဖြာနေတဲ့ ဆန်ပြောင်းတောကို လှမ်းမျှော်ကြည့်ပြီး အကျယ်ကြီး အော်ဆိုတယ်။

"ဆန်ပြောင်းနီပြီ၊ ဆန်ပြောင်းနီပြီ၊ မိစ္ဆာကောင်တွေ လာပြီ၊ မိစ္ဆာကောင်တွေ လာပြီ၊ ထီးကျိုးပြီ၊ စည်ပေါက်ပြီ…"

အာဘာလည်း သေနတ်ကို အပေါ်မြှောက်လိုက်၊ အောက်ပြန်ချလိုက်နဲ့ ချီတုံချတုံ ဖြစ်နေတယ်။

ရဲဘော်နှစ်ယောက်က ပြောကြတယ်။

"အာဘာရာ၊ သူ့ကို ချမ်းသာပေးဖို့ တပ်မှူးကို ပြောကြည့်ပါလားကွာ"

အာဘာဟာ သေနတ်ကို ချထားလိုက်ပြီး ယှီသွားကြီး ကပေါက်ချီ ကပေါက်ချာ ဆိုနေတဲ့ သီချင်းကို နားထောင်နေမိတယ်။

ယှီသွားကြီး ပြန်လှည့်လာပြီး မျက်လုံးပြူးကြီးနဲ့ လှမ်းအော်ပြောတယ်။

"ပစ်တော့လကွာ၊ ဘယ့်နှယ်၊ ငါ့ကိုယ်ငါ ပစ်သတ်ရဦးမှာလား"

အာဘာလည်း သေနတ်ကို ယှီသွားကြီးရဲ့ အုတ်ကွပ်ပမာ နဖူးကို ပြန်ချိန်ပြီး သေနတ်မောင်းကို ဖြုတ်ချလိုက်တယ်။

ယှီသွားကြီးရဲ့နဖူး အုတ်ကွပ်တစ်ချပ်ပမာ ကွဲကြေသွားတာ အဖေ တွေ့လိုက်ရပြီး တစ်ဆက်တည်းမှာ ခပ်အုပ်အုပ် သေနတ်သံတစ်ချက် လိုက်လာတယ်။ သေနတ်သံထဲမှာ အာဘာ ဦးညွှတ်လိုက်တယ်။ ဖြူလွလွ ယမ်းငွေ့တစ်လိပ် သေနတ်ပြောင်းဝကနေ ထွက်လာတယ်။ ယှီသွားကြီးရဲ့ ခန္ဓာကိုယ်လည်း မျက်စိနှစ်မှိတ်လောက် တန့်သွားပြီးမှ မြစ်ကွေ့ထဲကို သစ်တုံးတစ်တုံးပမာ ထိုးကျသွားတယ်။

အာဘာ သေနတ်ကို တရွတ်ဆွဲလျက် ပြန်ထွက်သွားတော့ ရဲဘော် နှစ်ယောက်လည်း နောက်က လိုက်သွားကြတယ်။

အဖေနဲ့ ကလေးတစ်သိုက် မြစ်ကွေ့အစပ်ကို ရင်တထိတ်ထိတ်နဲ့ ပြေးသွားပြီး မြစ်ကွေ့ထဲမှာ ပက်လက်မျောနေတဲ့ ယှီသွားကြီးကို ငုံ့ကြည့်ကြတယ်။ သူ့မျက်နှာမှာ အကောင်းပကတိအတိုင်းဆိုလို့ ပါးစပ်တစ်ခုသာ ကျန်တယ်။ ဦးခေါင်းခွံ ပွင့်ထွက်သွားလို့ ဦးနှောက်အရည်အနှစ်တွေ နားနှစ်ဖက်စလုံးမှာ ပေကျံနေတယ်။ မျက်လုံးတစ်ဖက်ဆိုရင် မျက်ခွံကနေ ပြူးထွက်လာနေလိုက်တာ နားမှာ စပျစ်သီးကြီး တစ်လုံး ပန်ထားတာ

mgyoe.com

mgyoe.com SAMPLE BOOK

ကျနေတာပဲ။ ပြုတ်ကျတုန်းက နွံ့ပျော့ပျော့ပေါ် ပိကျသွားလို့ ပိန်လိုလို ကြာဖြူကလေးလည်း အညွန့်ကျိုးသွားပြီး အမှုင်ဖြူဖြူကလေးတွေ သူ့လက်နံဘေးမှာ မျောလို့နေတယ်။ အဖေလည်း ကြာပန်းရဲ့ မွှေးရနံ့ကို ရှူရှိုက်မိတယ်။

နောက်ကျမှ တပ်ရေးရင်က အတွင်းမှာ ဖဲဝါသားခံထားတဲ့၊ အပြင်မှာ ကြေးဒင်္ဂါး အထူလောက် သစ်စေးထူထူသုတ်ထားတဲ့ ဆိုက်ပရပ်သား ခေါင်းတစ်လုံး သယ်လာပြီးတော့ ယွီသွားကြီးကို ခမ်းခမ်းနားနား သင်္ဂြိုဟ်ပေးတယ်။ သင်္ချိုင်းဂူကိုတော့ မြစ်ကမ်း နံဘေးက မိုးမခပင်ကလေးအောက်မှာ လုပ်ပေးလိုက်တယ်။ အသုဘ ချတဲ့နေ့မှာ တပ်ရေးရင်က ဝတ်စုံနက်ကို သပ်သပ်ရပ်ရပ်ဝတ်လို့ ဆံပင်ကို ပြောင်နေအောင် ဖြီးထားပြီး ဘယ်ဘက်လက်မောင်းမှာ ပိုးစနီ ပတ်ထားတယ်။ တပ်မှူးယွီကတော့ အသုဘဝတ်စုံ ဂုန်နီခြုံပြီး အကျယ်ကြီး အော်ငိုခဲ့တယ်။ ရွာထိပ်ရောက်တော့ သူက မြေအိုးတစ်လုံးကို အုတ်ခဲတစ်လုံးပေါ် ပစ်ပေါက်ခွဲလိုက်တယ်။

အဲဒီနေ့က ဘွားဘွားက ကျွန်တော့်အဖေကို အသုဘခါးစည်းဖြူ စည်းပေးတယ်။ သူကိုယ်တိုင်လည်း အသုဘဝတ်စုံ ဂုန်နီခြုံထားတယ်။ အဖေက လက်ထဲမှာ ခပ်လတ်လတ် မိုးမခသား တုတ်တစ်ချောင်းကိုင်လျက် တပ်မှူးယွီနဲ့ ဘွားဘွားတို့ နောက်ကနေ လိုက်ရတယ်။ အုတ်ခဲနဲ့ ထိခတ်ကွဲသွားတဲ့ မြေအိုးရဲ့ အဖြစ်ကို အဖေ မြင်လိုက်ရပြီး တစ်ဆက်တည်းမှာ အဲဒီ မြေအိုးလိုပဲ ယွီသွားကြီးရဲ့ခေါင်းကြီး တစ်စစီ ဖြစ်သွားတဲ့ မြင်ကွင်းကို ပြန်မြင်ယောင်လာမိတယ်။ အဲဒီ အလွန်တရာ ဆင်တူလှတဲ့ ကွဲကြေခြင်း ဖြစ်ရပ်နှစ်ခုရဲ့ နောက်ကွယ်မှာ မလွဲဧကန်သဘော ဆက်စပ်မှုတစ်မျိုး ရှိလိမ့်မယ်လို့ အဖေ ရိုးတိုးရိပ်တိပ် မြင်ယောင်နေမိတယ်။ ဒီကိစ္စနဲ့ ဟိုကိစ္စ အတူဖြစ်လာတဲ့ အခါ တတိယမြောက် ဖြစ်ရပ်တစ်ခု ဖြစ်လာလေဦးမလားလို့လည်း မြင်ယောင်နေမိတယ်။

အဖေက မျက်ရည်မကျ။ အသုဘပို့သူတွေကိုသာ အေးတိအေးစက် ကြည့်နေခဲ့တယ်။ အသုဘပို့တဲ့အဖွဲ့ မိုးမခပင်အောက်မှာ ဝိုင်းကြီးပတ် ရပ်ပြီးကြတဲ့အခါ ခေါင်းတလားအလေးကြီးကို ရှစ်လွှန်းတင်ဂုန်နီကြိုးကြီးပတ်ထားတဲ့ ထိပ်နှစ်ဖက်ကနေ အားကောင်းမောင်းသန် ယောကျ်ားမောင် ဆယ့်ခြောက်ယောက်က မသာကျင်းထဲကို ဖြည်းဖြည်းချင်း ချလိုက်ကြတယ်။ တပ်မှူးယွီက မြေတစ်ဆုပ်ကောက်ပြီး ခေါင်းဖုံးပေါ်ကို ဗုန်းခနဲ ပစ်ပေါက်လိုက်လို့ အားလုံး လန့်ဖျပ်သွားကြသေးတယ်။ ဂေါ်ပြားသမားတွေလည်း မသာကျင်းထဲကို မြေသားနက်တွေ တစ်ကော်ပြီး တစ်ကော် တဖုတ်ဖုတ် ကော်ထည့်ရင်း ခေါင်းတလားဟာလည်း မြေသားနက်ထဲ တဖြည်းဖြည်း မြုပ်သွားတော့တယ်။ မသာကျင်းကိုဖို့တဲ့ မြေသားနက်တွေလည်း မန်းထိုတစ်လုံးပမာ မို့မောက်တက်လာတယ်။ တပ်မှူးယွီက သေနတ်ထုတ်ပြီး မိုးမခပင်ထက်က ကောင်းကင်ကို ချိန်ပြီး သုံးချက်ဆက်တိုက် ပစ်ဖောက်တယ်။ ကျည်ဆန်တွေလည်း သစ်ပင်ထိပ်ပိုင်းကို

mgyoe.com

ထိုးဖောက်လို့ မျက်ခုံးသဏ္ဍာန် ရော်ရွက်ဝါတွေ ခြွေချပြီးတော့ လေထဲမှာ ဝဲလည်လို့ ပျံနေခဲ့တယ်။ ပြောင်လက်လက် ကျည်ခွံသုံးခု အပုပ်နံ့ထောင်းထောင်းထနေတဲ့ မြစ်ကွေ့ထဲ ကျသွားတယ်။ ချာတိတ်ကလေးတစ်ယောက် မြစ်ကွေ့ထဲ ခုန်ဆင်းပြီး ရွှံ့ဗွက်စိမ်းစိမ်း တွေကို တဗွပ်ဗွပ် နင်းလျက် ကျည်ခွံတွေကို ကောက်သွားတယ်။ တပ်ရေးရင်လည်း ဘရောင်နင်ပစ္စတို ထုတ်ပြီး ထုံ့ပိုင်း ထုံ့ပိုင်း သုံးချက်ဖောက်တယ်။ ဘရောင်နင်ကျည်ဆန် တွေလည်း ကြက်တွန်သံလို မြည်ဟည်းပြီး ဆန်ပြောင်းတောပေါ်ကို ထိုးထောင် တက်သွားကြတယ်။ တပ်မှူးယွီနဲ့ တပ်ရေးရင်ဟာ မီးခိုး တလူလူ သေနတ်ကိုယ်စီ ကိုင်လျက် တစ်ယောက်ကိုတစ်ယောက် ပြုံးစိုက်ကြည့်နေခဲ့ကြတယ်။ တပ်ရေးရင်က ခေါင်းတညိတ်ညိတ်နဲ့ "သူ့ရဲကောင်းမှန် ဟန်ပန်မလို အဆန်ပြည့်ပါတယ်"လို့ ပြောပြီး သေနတ်ကို ခါးကြား ပြန်ထိုးပြီးတော့ ရွာဘက်ကို ခြေလှမ်းကျဲကြီးနဲ့ လှည့်ထွက်သွား တယ်။

သေနတ်ကိုင်ထားတဲ့ တပ်မှူးယွီရဲ့လက် တဖြည်းဖြည်းမြှောက်လာပြီး သေနတ် ပြောင်းဝက တပ်ရေးရင်ရဲ့ နောက်ကျောဆီ ချိန်လိုက်တာကို အဖေ သတိထားမိ လိုက်တယ်။ အသုဘပို့တဲ့လူတွေ ထိတ်လန့်ပြီး ကြက်သေသေကုန်ကြတယ်။ တပ်ရေးရင် ကတော့ ဘာမှမသိဘဲ ခြေလှမ်းကျဲကြီးနဲ့ ရင်ကော့လို့ ခွေးသွားစိပ်သဖွယ် လည်ပတ်နေတဲ့ နေမင်းကြီးကို မျက်နှာမူပြီး ရွာဘက်ဆီကို ဣန္ဒြေရရ ဆက်လျှောက်သွားနေတယ်။ တပ်မှူးယွီလက်ထဲက သေနတ် ဆတ်ခနဲ တစ်ချက်တုန်သွားတာ အဖေ မြင်လိုက်တယ်။ သေနတ်သံကတော့ သိမ်မွေ့လွန်းလို့၊ ဝေးလံလွန်းလို့ အဖေ မကြားမိလိုက်ရသလောက်ပဲ။ ကျည်ဆန်ဟာ ခပ်နိမ့်နိမ့် ပျံရင်း တပ်ရေးရင်ရဲ့ ဆံပင်နက်ကြီးပေါ်ကနေ ရှပ်တိုက် ထွက်သွားတာ အဖေ မြင်လိုက်တယ်။ တပ်ရေးရင် နောက်လှည့် မကြည့်ဘူး။ ခြေလှမ်း မှန်မှန်နဲ့ ရှေ့ဆက်သွားနေခဲ့တဲ့ သူ့ဆီကနေ အတော်ကလေး ရင်းနှီးတဲ့ လေချွန်သံ တစ်သံကို အဖေ ကြားလိုက်ရတယ်။ အဲဒါကတော့ 'ဆန်ပြောင်းနီပြီ၊ ဆန်ပြောင်းနီပြီ' ဆိုတဲ့ သံစဉ်ပဲ။ ကျွန်တော့်အဖေ မျက်ဝန်းမှာ မျက်ရည်ဝဲလာတယ်။ တပ်ရေးရင်ကတော့ ဝေးသထက် ဝေးသွားလို့ အရိပ်လည်း ရှည်သထက် ရှည်လာတယ်။ တပ်မှူးယွီက နောက်တစ်ချက် ထပ်ပစ်လိုက်တယ်။ သေနတ်သံက မိုးမြေသိမ့်သိမ့်။ ကျည်ဆန်ရဲ့ ပျံသန်းမှုနဲ့ သေနတ်သံရဲ့ ပျံသန်းမှုကို ကျွန်တော့်အဖေ တစ်ချိန်တည်း တစ်ပြိုင်တည်း ခံစားမိခဲ့တယ်။ ကျည်ဆန်က ဆန်ပြောင်းရိုးတံ တစ်ချောင်းကို သွားမှန်လို့ ဆန်ပြောင်း မြေခတယ်။ နွေးကွေးတဲ့ မြေခမှုဖြစ်စဉ်အတွင်းမှာပဲ အဲဒီ ဆန်ပြောင်းရိုးတံကို နောက်ထပ် ကျည်တစ်တောင့်က တစ်စစီ ပစ်ခွင်းလိုက်ပြန်တယ်။ တပ်ရေးရင်တစ်ယောက် ခါးကို ညွတ်လို့ လမ်းဘေးက ရွှေဝါရောင် ဆူးလေပွင့်ကို ခူးပြီး နှာခေါင်းဝမှာ အကြာကြီး

mgyoe.com

mgyoe.com

ရှူလို့နေသလားလို့ အဖေ ထင်မိသယောင် ဖြစ်ခဲ့သေးတယ်။

အဖေ ကျွန်တော့်ကို ပြောပြဖူးတယ်၊ တပ်ရေးရင်ဟာ ကွန်မြူနစ်တစ်ယောက် ဖြစ်ဖို့ များသတဲ့။ ဒီလို သူရဲကောင်းသန့်သန့်တွေဟာ ကွန်မြူနစ်ကလွဲလို့ တခြား မဖြစ်နိုင်ဘူးတဲ့။ ဒါပေမဲ့ သူရဲကောင်းမျိုး တပ်ရေးရင်ဟာ သက်ဆိုးမရှည်ခဲ့ရှာဘူး။ ခေါင်းမော့၊ ရင်ကော့ပြီး ခြေလှမ်းကျဲကြီးတွေနဲ့ ရဲမာန်အပြည့် လျှောက်လှမ်းသွားခဲ့ပြီးတဲ့နောက် သုံးလအကြာမှာ သူ့ရဲ့ဘရောင်နင်ပစ္စတိုကို တိုက်ချွတ်နေတုန်း ကျည်ချော်ထွက်လို့ သူ့ကိုယ်သူ ပစ်မိပြီး သေသွားတယ်။ ကျည်ဆန်ဟာ ညာဘက် မျက်လုံးက ဖောက်ဝင်ပြီး ဘယ်ဘက်နားက ပြန်ထွက်တယ်။ သူ့မျက်နှာတစ်ခြမ်းလုံး သတ္တုပြာရောင်အမှုန့်တွေ အလိမ်းလိမ်း ပေကျံကျန်ရစ်ပြီး ညာဘက်နားကနေ သွေးမည်းမည်း သုံးလေးငါးစက် စီးကျတယ်။ သေနတ်သံကြားလို့ လူတွေအုံလာချိန်မှာ သူက မြေကြီးပေါ် လဲသေနှင့်နေပြီ။

တပ်မှူးယွီလည်း တပ်ရေးရင်ရဲ့ ဘရောင်နင်ပစ္စတိုကို ကောက်ကိုင်ပြီး အတန်ကြာအောင် နှုတ်ဆိတ်နေခဲ့တယ်။

✧

mgyoe.com SAMPLE BOOK

၇

ဘွားဘွားက ချာပျဉ်တစ်ထမ်း ထမ်းလျက်၊ ဝမ်ဝင်းအိမိန်းမက ပဲတီစိမ်းဟင်းချိုနှစ်ပုံး ထမ်းလျက် မင်ရည်မြစ်ကူးတံတားဆီကို ခပ်သုတ်သုတ် လျှောက်လာခဲ့ကြတယ်။ အစက သူတို့ ဆန်ပြောင်းတောကို ကန့်လန့်ဖြတ်ပြီး အရှေ့တောင်အရပ်ဆီ တည့်တည့်ဖောက်ထွက်လာမလို့ စဉ်းစားခဲ့သေးတယ်။ ဒါပေမဲ့ ဆန်ပြောင်းတောထဲရောက်မှ ပခုံးပေါ်က အထမ်းတစ်ဖက်နဲ့ သွားရခက်မှန်း သိလာတာနဲ့ ဘွားဘွားက "အစ်မရေ၊ လမ်းမှန်ကပဲ တည့်တည့်သွားစို့၊ လမ်းမှန်ပဲ ခရီးမြန်မယ်"လို့ ပြောလိုက်တယ်။

ဘွားဘွားနဲ့ ဝမ်ဝင်းအိမိန်းမဟာ ပျံ့သန်းနေတဲ့ ငှက်ကြီးနှစ်ကောင်လို ဟင်းလင်းပြင်ကြီးထဲမှာ မာန်ပါပါ လှုပ်ရှားသွားလာနေကြတယ်။ ဘွားဘွားကိုယ်မှာ အနီရင့်ရောင် အပေါ်အင်္ကျီ ဝတ်ထားတယ်။ ဆီလိမ်းပြီး ထုံးထားတဲ့ ပိတုန်းရောင်ကေသာက ပြောင်ဝင်းနက်မှောင်လျက်။ ဝမ်ဝင်းအိမိန်းမဟာ လူပုံပန်းကသာ ခပ်ပျပ်ပျပ်ဖြစ်ပေမယ့် ခြေသွက်လက်သွက်တော့ ရှိသား။ တပ်မှူးယွီ လူသူလက်နက် စည်းရုံးစဉ်က ဝမ်ဝင်းအိကို သူကပဲ အိမ်ခေါ်လာပြီး ပြောက်ကျားတပ်ဖွဲ့မှာ ပေးပါရအောင် ပြောပေးဖို့ ဘွားဘွားဆီမှာ အပူကပ်ခဲ့တာ။ ဘွားဘွားလည်း မဆိုင်းမတွ ခေါင်းညိတ်လိုက်တယ်။ တပ်မှူးယွီဟာ ဘွားဘွားမျက်နှာနဲ့ ဝမ်ဝင်းအိကို လက်ခံထားလိုက်ရတယ်။ တပ်မှူးယွီက "မင်း သေရမှာ ကြောက်သလား" မေးတော့ ဝမ်ဝင်းအိက "ကြောက်တယ်" ဖြေလိုက်လို့ သူ့မိန်းမလည်း "တပ်မှူးရယ်၊ သူပြောတဲ့ ကြောက်တယ်ဆိုတာ မကြောက်တဲ့ သဘောပါ၊ ဂျပန်လေယာဉ်တွေက ကျုပ်သားသုံးယောက်ကို တစ်စစီဖြစ်အောင် ဗုံးကြဲသတ်ခဲ့တာတော့"လို့ ဝင်ပြောလိုက်ရတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

ဝမ်ဝင်းအိဟာ စစ်ထဲဝင်ရမယ့် လူစားမျိုး မဟုတ်ဘူး။ သူက တုံ့ပြန်မှု နှေးတယ်။ ဘယ်ညာလည်း မကွဲဘူး။ လေ့ကျင့်ကွင်းမှာ လေ့ကျင့်တုန်းက တပ်ရေးရင် ဆော်ပလော် တီးတာ ဘယ်လောက်များတောင် ခံလိုက်ရမလဲ မသိဘူး။ သူ့မိန်းမလည်း သူ့ကို ညာလက်မှာ ဆန်ပြောင်းရိုးတံတစ်ဆုပ် ကိုင်ခိုင်းထားပြီး ညာလှည့်လို့ အမိန့်သံကြားတာနဲ့ ဆန်ပြောင်းရိုးတံ ဆုပ်ထားတဲ့ လက်ဘက်ကို လှည့်ဖို့ မှာထားရတယ်။ စစ်ထဲဝင်ပြီးတဲ့နောက် ဝမ်ဝင်းအိမှာ ကိုင်စရာ လက်နက် မရှိဘူးဆိုလို့ ဘွားဘွားလည်း အိမ်က ငှက်ပစ်သေနတ်ကို သူ့ ပေးလိုက်တယ်။

ဘွားဘွားတို့လည်း ကွေ့ကောက်ကောက် မင်ရည်မြစ် တာရိုးတစ်လျှောက် လျှောက်လာခဲ့ကြတယ်။ တာရိုးထက်မှာ ဖူးပွင့်နေတဲ့ ပန်းဝါဝါတွေ၊ ဟိုးအဝေးက သွေးရောင် လွှမ်းတဲ့ ဆန်ပြောင်းနီတွေကို မကြည့်အားဘဲ အရှေ့ဘက်ကိုသာ အပြင်းနှင်လာခဲ့ကြတယ်။ ဝမ်ဝင်းအိမိန်းမက အလုပ်ကြမ်းလုပ်နေကျ ဖြစ်ပြီး ဘွားဘွားကတော့ ဖိမ်ခံနေကျ ဖြစ်သမို့ ဘွားဘွား ချွေးတလုံးလုံး ကျနေချိန်မှာ ဝမ်ဝင်းအိမိန်းမကတော့ ချွေးတစ်စက်တောင် မစို့ရှာဘူး။

အဖေက တံတားထိပ်ကို အစောကြီးကတည်းက ပြန်ရောက်နေပြီ။ မကြာခင် ချာပျဉ် ရောက်လာလိမ့်မယ်လို့ တပ်မှူးယွီကို အစီရင်ခံတယ်။ တပ်မှူးယွီက ကျေနပ်အားရစွာ အဖေ့ခေါင်းကို တစ်ချက် ပုတ်တယ်။ ရဲဘော်တွေထဲက တစ်ဝက်လောက်က ဆန်ပြောင်းတောထဲ လဲလျောင်းရင်း နေဆာလှုံနေကြတယ်။ အဖေလည်း အားအားရှိတာနဲ့ လမ်းအနောက်ဘက်က ဆန်ပြောင်းတောထဲ ဝင်ပြီး အာဘာတို့ ဘာလုပ်နေကြသလဲကို သွားကြည့်တယ်။ အာဘာက ဓားရှည်ကို စိတ်ရှည်လက်ရှည် သွေးနေတယ်။ အဖေလည်း ခါးကြားက ဘရောင်နင်ပစ္စတိုပေါ် လက်တင်ကာ အာဘာ့ရှေ့မှာ အောင်နိုင်သူရဲ့ အပြုံးမျိုးနဲ့ ရပ်ကြည့်နေတယ်။ အဖေ့ကိုမြင်တော့ အာဘာ သွားဖြဲ ရယ်ပြတယ်။ အိပ်ပျော်နေတဲ့ ရဲဘော်တစ်ယောက်ဆီက ဟောက်သံ အကျယ်ကြီး ထွက်နေတယ်။ နိုးနေတဲ့ လူတွေလည်း ပျင်းရိပျင်းတွဲ လှဲနေကြတယ်။ ဘယ်သူမှ အဖေနဲ့ စကား မပြောဘူး။ အဖေလည်း ကားလမ်းပေါ်ကို ပြန်ခုန်တက်လာတယ်။ အဝါရောင် ကားလမ်းဟာ အဖြူရောင် ဖောက်ကာ နုံးချည့်နေပြီ။ ကားလမ်းကို ဖြတ်ပိတ်ထားတဲ့ ထွန်ခြစ်တွဲ လေးတွဲရဲ့ ထွန်သွားတွေက မိုးပေါ်ထောင်လို့။ သူတို့လည်း စောင့်နေရတာ စိတ်မရှည်တော့ဘူး ထင်တယ်လို့ အဖေ အောက်မေ့မိတယ်။ ရေမျက်နှာပြင်ထက်က ကျောက်တံတားဟာ နာလန်ထခါစ လူမမာနဲ့ တူတယ်။ နောက်တော့ အဖေလည်း တာရိုးပေါ်မှာ သွားထိုင်ပြီး အရှေ့ဘက်ကို ကြည့်လိုက်၊ အနောက်ဘက်ကို ကြည့်လိုက်၊ မြစ်ထဲက ရေစီးကို ကြည့်လိုက်၊ တောဘဲတွေကို ကြည့်လိုက်နဲ့ ရှိနေတယ်။ မြစ်ထဲက ရှခင်းက သိပ်လှတယ်။ ဗေဒါတွေ ရှင်သန်လျက်၊ လှိုင်းကြက်ခွပ်ကလေးတွေ တစ်ခုစီရဲ့အထဲမှာ လှို့ဝှက်ချက်တွေ အသီးသီး ရှိနေကြတယ်။ ဒိုက်ဗေဒါထဲမှာ ရောက်နေတဲ့ လားရိုးလိုလို၊ မြင်းရိုးလိုလို

mgyoe.com

mgyoe.com SAMPLE BOOK

အရိုးဖြူဖြူတွေကို အဖေ တွေ့လိုက်ရတယ်။ အဖေလည်း အိမ်က လားနက်ကြီး နှစ်ကောင်ကို ပြန်အောက်မေ့လာတယ်။ နွေဦးကာလ ယာတောထဲ တောယုန်တွေ အုပ်လိုက် ပြေးလွှား နေချိန်မှာ ဘွားဘွားက လားကြီးပေါ်ကနေ အမဲပစ်သေနတ်နဲ့ တောယုန်နောက် လိုက်ခဲ့တယ်။ အဖေက လားပေါ်မှာ ဘွားဘွားခါးကို ဖက်ရင်း လိုက်ပါလာခဲ့တယ်။ လားခြောက်လို့ ကြောက်လန့်ကုန်တဲ့ တောယုန်တွေကို ဘွားဘွားက သေနတ်နဲ့ ပစ်ဖမ်းတယ်။ အိမ်ပြန်လာတိုင်း လားလည်ပင်းမှာ တောယုန်တစ်တွဲကြီး ချိတ်လို့ ပါလာတတ်တယ်။ တောယုန်သားစားရင်း ဘွားဘွားရဲ့အံသွားကြားထဲ ဆန်ပြောင်းစေ့အရွယ် သံစေ့တစ်စေ့ ညပ်ခဲ့ဖူးတယ်။ ဘယ်လိုမှ ပြန်ကလော်ထုတ်လို့ မရဘူး။ တာရိုးပေါ်က ပုရွက်ဆိတ်တွေကို အဖေ မြင်ရပြန်တယ်။ အနီရင့်ရောင် ပုရွက်ဆိတ်တစ်သိုက် ရွှံ့သဲတွေကို ခပ်သုတ်သုတ် သယ်နေကြတယ်။ အဖေက သူတို့ထဲကို မြေစိုင်တစ်ခဲ ထည့်လိုက်တယ်။ လမ်းပိတ်ခံရတဲ့ ပုရွက်ဆိတ်တွေက ပတ်မသွားကြဘဲ မြေစိုင်ပေါ်ကို အတင်းကုတ်ကတ်တက်ကြတယ်။ အဖေလည်း မြေစိုင်ကို ပြန်ယူပြီး မြစ်ထဲ လွှင့်ပစ်လိုက်တယ်။ မြေစိုင် ကျလာပေမယ့် မြစ်ရေထဲမှာ အသံမမြည်ခဲ့ဘူး။

နေမွန်းတည့်ပြီ။ မြစ်ထဲမှာ ပူလောင်လောင် ညှီနံ့တွေ တက်လာပြီ။ အရောင် တဖိတ်ဖိတ်တောက်၊ အသံ တကျည်ကျည်မြည်။ ကောင်းကင်နဲ့ မြေကြီးကြားမှာ ဆန်ပြောင်းရဲ့ အနီရောင်အမှုန်တွေ၊ ဆန်ပြောင်းအရက်ရဲ့ မွှေးရနံ့တွေနဲ့ ပြည့်နှက်နေသလို အဖေ ခံစားမိတယ်။ အဖေလည်း တာရိုးပေါ်မှာ ပက်လက်လှဲလိုက်တယ်။ အဲဒီ အခိုက်မှာပဲ သူ့ရင်တွေ တဒိတ်ဒိတ် ခုန်လာတယ်။ တကယ်တော့ စောင့်စားမှု မှန်သမျှဟာ ရလဒ် ထွက်ပေါ်လာမှာ ဖြစ်ကြောင်း၊ အဲဒီ ရလဒ် ထွက်ပေါ်လာချိန်ဟာ အဲဒီလောက်ကို ရိုးရှင်းလှ၊ သဘာဝကျလှတဲ့အကြောင်း နောင်ကျမှ သူ နားလည်လာခဲ့တယ်။ ဆန်ပြောင်း တောကြားက ကားလမ်းမပေါ်မှာ အစိမ်းရင့်ရောင် ပိုးတောင်မာသဏ္ဍာန် ထူးဆန်းတဲ့ သတ္တဝါကြီးလေးကောင် အသံတိတ် တက်လာနေကြတာကို အဖေ တွေ့လိုက်ရတယ်။

"ကား" လို့ ကျွန်တော့်အဖေ ဗလုံးဗထွေး ပြောလိုက်တာကို ဘယ်သူမှ အဖက်မလုပ်။

"မိစ္ဆာကောင်တွေရဲ့ ကား"

ကျွန်တော့်အဖေ ခုန်ပေါက်ထလာပြီးတော့ အဲဟို ကြယ်ကြွေပမာ ပစ်လွှတ် လာတဲ့ ကားတွေကို ကြောင်ကြည့်နေမိတယ်။ ကားအမြီးပိုင်းမှာ ဝါရော်ရော် အမြီးရှည် တစ်ချောင်း တရွတ်ဆွဲလျက်။ ကားဦးပိုင်းမှာ ဖြူတောက်တောက် အလင်းရောင်တွေ တဖျပ်ဖျပ် လှုပ်ခါလျက်။

"ကား...လာပြီဟေ့"

အဖေ့အသံက ဓားတစ်လက်ပမာ လူတွေ အားလုံးကို ခုတ်သတ်လိုက်တဲ့အလား ဆန်ပြောင်းတောထဲမှာ ကြောင်တောင်တောင် တိတ်ဆိတ်မှုတစ်ရပ် လွှမ်းခြုံသွားတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

တပ်မှူးယို့ ဝမ်းသာအားရ ထအော်တယ်။

"နွမဖောင်းတွေ လာချေပြီပေါ့ကွာ။ ညီနောင်တို့ရေ၊ အသင့်ပြင်ကြဟေ့၊ ငါက ပစ်ဆိုတာနဲ့ ပစ်နော်"

လမ်းအနောက်ဘက်မှာ အာဘာက ဖင်ကို ပုတ်ရင်း ထခုန်တယ်။ ရဲဘော်တွေလည်း ခါးကို ညွတ်ကာ လက်နက်ဆွဲပြီး တာရိုးပေါ် ဝပ်လိုက်ကြတယ်။

ကားသံတဝူးဝူး ကြားရပြီ။ အဖေက တပ်မှူးယို့နံဘေးမှာ ဝပ်လျက် ဘရောင်နင်ပစ္စတိုအလေးကြီးကို ဆုပ်ကိုင်ထားတယ်။ လက်ကောက်ဝတ်က စပ်ဖျဉ်းဖျဉ်းနဲ့ ညောင်းထုံလာပြီ။ လက်ဖဝါးတစ်ခုလုံး ချွေးတွေ ရွှဲနေပြီ။ လက်ခွက ကြွက်သားဟာ ဆတ်ခနဲ တစ်ချက်ခုန်လာပြီးတဲ့နောက်မှာ တဒုတ်ဒုတ် ဆက်တိုက် ခုန်လာတော့တယ်။ ဆီးစေ့သာသာ အသားတုံးက စည်းနရီကျနစွာ ခုန်နေတာကို အဖေ အံ့သြစွာ ကြည့်နေမိတယ်။ အဲဒီထဲမှာ ဥခွံကနေ ရုန်းထွက်လာတော့မယ့် ငှက်ကလေးတစ်ကောင် ဝှက်ထားတဲ့ အလား။ အဖေက သူ့ကို မခုန်စေချင်တာနဲ့ လက်ကို တအားဆုပ်ထားလိုက်တာ လက်မောင်းတစ်ဖက်လုံးပါ ဆတ်ဆတ်တုန်လာတော့တယ်။ တပ်မှူးယို့ အဖေ့နောက်ကျောကို တစ်ချက်နှိပ်ပေးလိုက်တော့မှ အဲဟို ကြွက်သားလည်း ရုတ်တရက် အခုန်ရပ်သွားတော့တယ်။ အဖေက ဘရောင်နင်ပစ္စတိုကို ဘယ်ဘက်လက်နဲ့ ပြောင်းကိုင်လိုက်ရတယ်။ ညာဘက်လက်က လက်ချောင်း ငါးချောင်းစလုံး လက်အံသေနေလို့ တော်တော်နဲ့ ဆန့်လို့မရဘဲ ဖြစ်နေခဲ့တယ်။

ကားတွေဟာ အရှိန်ပြင်းပြင်း အနီးကပ်လာလို့ ကြီးသထက် ကြီးလာပြီ။ ကားခေါင်းက မြင်းခွာအရွယ် မျက်လုံးအစုံကနေ အဖြူရောင်အလင်းတန်းတွေ လွှင့်ထုတ်လျက်။ တဝုန်းဝုန်းမြည်တဲ့ အင်ဂျင်စက်သံဟာ မိုးသက်အကြို လေပြင်းသံနဲ့ တူပြီးတော့ သူစိမ်းဆန်တဲ့ စိတ်ဖိစီးဖွယ် တက်ကြွမှုတစ်မျိုးကို ဆောင်ကြဉ်းလာနေတယ်။ အဖေ့ဘဝမှာ မော်တော်ကားကို ဒါ ပထမဆုံး မြင်ဖူးတာပဲ။ ဒီထူးဆန်းတဲ့ သတ္တဝါကြီးဟာ မြက်စားတာလား၊ ကောက်နှံစားတာလား၊ ရေသောက်တာလား၊ သွေးသောက်တာလား သိချင်နေမိတယ်။ ဒီကောင်တွေဟာ အိမ်က နုပျိုသန်မာတဲ့ ခါးသွယ်သွယ် လားနှစ်ကောင် ထက်တောင် အပြေးသန်နေတာပဲ။ လဝန်းပမာ ကားဘီးတွေက တဝီဝီ လိမ့်လာသမို့ ဖုန်တွေ တထောင်းထောင်း ထ။ တဖြည်းဖြည်းနဲ့ ကားပေါ်ကဟာတွေကို မြင်လာရပြီ။ ကျောက်တံတားနား ရောက်ခါနီးမှာ ကားတွေ အရှိန်လျှော့လိုက်ကြတယ်။ မီးခိုးဝါဝါတွေက ကားနောက်ပိုင်းကနေ ကားခေါင်းကို ဖုံးလွှမ်းသွားလို့ ရှေ့ဆုံးကားပေါ်က ပြောင်လက်လက် သံခေါင်းဆောင်း ဆောင်းပြီး ကာကီရောင်ဝတ်ထားတဲ့ လူနှစ်ဆယ်ကျော်ကို မှုန်ရီအုံ့ဆိုင်းသွားတော့တယ်။ အဲဒီ သံခေါင်းဆောင်းတွေကို သံခမောက်လို့ ခေါ်မှန်း နောင်ကျမှ အဖေ သိရတယ်။ (၁၉၅၈ ခုနှစ်မှာ သံမဏိတွေ အကြီးအကျယ် ကျိုချက်ကြတော့ အိမ်က သံအိုးကင်းကို သိမ်းယူသွားကြလို့ ကျွန်တော့်အစ်ကိုလည်း

mgyoe.com

mgyoe.com SAMPLE BOOK

သံပုံထဲကနေ သံခမောက်တစ်လုံး သွားခိုးလာခဲ့ပြီး မီးသွေးမီးပေါ်မှာ အဲဒီဟာနဲ့ ရေနွေးကျို၊ ထမင်းချက်ခဲ့ကြသေးတယ်။ အဲဒီတုန်းက မီးခိုးငွေ့ထဲ အရောင်ပြောင်းနေတဲ့ သံခမောက်ကို စိုက်ကြည့်ရင်း အဖေ့ရဲ့ အစိမ်းရောင်မျက်လုံးထဲကနေ မာန်မပြိုသေးတဲ့ မြင်းအိုရဲ့ ကြေကွဲဖွယ် ဝေဒနာတွေ ဖိတ်လျှံကျနေခဲ့တယ်။) အလယ်က ကားနှစ်စီးပေါ်မှာတော့ တောင်ပို့ငယ်လောက်ရှိတဲ့ အိတ်ဖြူဖွေးဖွေးတွေ တင်လာခဲ့တယ်။ နောက်ဆုံးကားပေါ်မှာ ထိပ်ဆုံးက ကားနည်းတူ သံခမောက်ဆောင်း ဂျပန်စစ်သားနှစ်ဆယ်ကျော် မတ်တတ် လိုက်ပါလာခဲ့ကြတယ်။

တာရိုးနား ရောက်ခါနီးမှာ တအိအိ လိမ့်လာတဲ့ ဘီးတွေဟာ ကြီးမား လေးလံလာသယောင်။ လေးထောင့်စပ်စပ် ကားခေါင်းကြီးကလည်း အဖေ့ အမြင်မှာ ရောမ ပုရွက်ဆိတ်ခေါင်းကြီးနဲ့ တူနေတော့တယ်။ ဖုန်ဝါဝါတွေ ခပ်ကျဲကျဲ ဖြစ်သွားပြီ။ ကားဖင်ကနေ နက်ပြာရောင် မီးခိုးတွေ တဖွတ်ဖွတ် ထွက်လျက်။

ခေါင်းမပြူဝံ့ဘဲ ဝပ်နေတဲ့ အဖေရဲ့ ခြေဖျားကနေ မကြုံစဖူး အအေးဓာတ် တစ်မျိုး ဝမ်းဗိုက်အထိ တက်လာပြီးတော့ ကြီးစွာသော ဖိအားတစ်ခု စုပြုံဖြစ်ပေါ်လာ ခဲ့တယ်။ အဖေ သေးပေါက်ချင်ပြီ။ သေးက ဂျီးထိပ်ကနေ ပန်းထွက်တော့မယ်။ သေးမထွက်အောင် အဖေလည်း ဖင်ကို တအားလှုပ်ခါနေမိတယ်။ တပ်မှူးယို့လည်း မျက်နှာထားတင်းတင်းနဲ့ "ခွေးမသား၊ ငြိမ်ငြိမ်နေစမ်း"လို့ ငေါက်လိုက်တယ်။

အဖေလည်း မတတ်သာတဲ့အဆုံး သူ့ကို အဖေရယ်၊ သေးပေါက်ချင်လို့ပါ ဆိုပြီး ခွင့်တောင်းလိုက်ရတယ်။

တပ်မှူးယို့ ခွင့်ပြုလို့ အဖေဟာ ဆန်ပြောင်းတောထဲ ပြန်ဆုတ်လာပြီး ဂျီးထိပ်ပူလောင်တဲ့ ဆန်ပြောင်းနီရောင် သေးတွေကို အားပါးတရ ပန်းထုတ်လိုက်တယ်။ အဲဒီတော့မှ သူ အတော်ကလေး ပေါ့သွားတယ်။ သူ မရည်ရွယ်ဘဲ လှမ်းကြည့်လိုက်မိတဲ့ ရဲဘော်တွေရဲ့မျက်နှာတွေဟာ နတ်ကျောင်းထဲက နတ်ရုပ်တွေလို ကြောက်စရာ ကောင်းလှ တယ်။ ဝမ်ဝင်းအိဆိုရင် လျှာကြီးက တွဲလောင်း၊ မျက်လုံးကလည်း ဖွတ်ကောင်လို ကြောင်တောင်တောင်။

ကားတွေဟာ သတိကြီးတဲ့ သားရဲပမာ အသက်မရှူဘဲ မောင်းတက်လာတယ်။ သူတို့ကိုယ်ပေါ်က ကြိုင်လှိုင်တဲ့ မွှေးရနံ့ကို အဖေ ရှူမိတယ်။ အဲဒီအချိန်မှာ ကွေ့ကောက် ကောက် မင်ရည်မြစ်တာရိုးထက်မှာ ပဒုမ္မာအင်္ကျီနီ ချွေးစိုရွဲနဲ့ ကျွန်တော့် ဘွားဘွားရယ်၊ ဟောဟဲလိုက်နေတဲ့ ဝမ်ဝင်းအိမိန်းမရယ် ထွက်ပေါ်လာတယ်။

ကျွန်တော့်ဘွားဘွားက ချာပျဉ်တစ်ထမ်း ထမ်းလျက် ဝမ်ဝင်းအိမိန်းမက ပဲတီစိမ်း ဟင်းချိုတစ်ထမ်း ထမ်းလျက်၊ မင်ရည်မြစ်လယ်မှာ အဖြစ်ဆိုးနေရာတဲ့ ကျောက်တံတားကို အလွယ်တကူ လှမ်းမြင်လိုက်ရတယ်။ ဘွားဘွားက ဝမ်ဝင်းအိ မိန်းမကို "အစ်မရေ၊ ရောက်ပြီနော်"လို့ နှစ်သိမ့်စကားပြောတယ်။ ဘွားဘွားဟာ

mgyoe.com

. mgyoe.com SAMPLE BOOK

အိမ်ထောင်ကျပြီးကတည်းက ခြေမွေးမီးမလောင် လက်မွေးမီးမလောင် နေလာခဲ့သူမို့ ဒီချာပျဉ်ထမ်းအလေးကြီးကို ထမ်းလာခဲ့ရလို့ သူ့ပခုံးနုနုပေါ်မှာ ညိုမည်းကြီးတစ်ကွက် နက်နက်ကြီး စွဲထင်ခဲ့တယ်။ အဲဒီ ညိုမည်းကွက်ကြီးဟာ သူနဲ့အတူ ကောင်းကင်ဘုံအထိ ပါသွားခဲ့တယ်။ အဲဒီညိုမည်းကွက်ကြီးဟာ ဂျပန်တွေကို ခုခံတော်လှန်ခဲ့တဲ့ ကျွန်တော့် ဘွားဘွားရဲ့ ရဲရဲတောက် ဂုဏ်ယူဖွယ် အမှတ်အသားကြီး ဖြစ်တယ်။

ကျွန်တော့်အဖေကပဲ ဘွားဘွားကို ဦးဆုံး တွေ့ခဲ့တာ။ တအိအိနဲ့ အနားကပ် လာနေတဲ့ ကားတွေကို အားလုံးက မျက်လုံးဒေါက်ထောက် ကြည့်နေကြချိန်မှာ အဖေဟာ ဆန်းကြယ်တဲ့ ခွန်အားတစ်ခုရဲ့ အလင်းပြမှုကြောင့် အနောက်ဘက်ကို တစ်ချက် လှည့်ကြည့်လိုက်တာ လိပ်ပြာနီကြီးတစ်ကောင်ပမာ ခပ်ဖြည်းဖြည်း ပျံလာနေတဲ့ ဘွားဘွား ကို မြင်လိုက်ရလို့ အကျယ်ကြီး အော်ခေါ်လိုက်တယ်။

"အမေ..."

အဖေ့အော်သံကပဲ အမိန့်ပေးလိုက်တဲ့အလား ဂျပန့်လော်ရီကားဆီကနေ ကျည်မိုး တစ်ပြိုက် ပစ်လွှတ်လာတယ်။ ကားအမိုးပေါ်မှာ တပ်ဆင်ထားတဲ့ ဂျပန် စက်သေနတ် သုံးလက်က ပစ်လွှတ်လာတဲ့ သေနတ်သံဟာ မိုးသည်းည ခွေးဟောင်သံလို စိတ်အိုက်ဖွယ် ကောင်းလှတယ်။ အဖေ့မျက်စိရှေ့မှာတင် ဘွားဘွားရင်ဘတ်ပေါ်က အင်္ကျီမှာ ဖြောက်ဖြောက် ဆိုပြီး အပေါက်နှစ်ပေါက် ဖြစ်သွားတယ်။ ဘွားဘွား ရွှင်မြူးစွာ တစ်ချက်အော်ပြီး ထိုးလဲကျလို့ သူ့ကျောပြင်ပေါ် ထမ်းပိုး ပိတယ်။ ချာပျဉ်တောင်းနှစ်လုံးမှာ တစ်လုံးက တာရိုးတောင်ဘက်ဆီ၊ တစ်လုံးက တာရိုး မြောက်ဘက်ဆီ အသီးသီးလိမ့်သွားကြတယ်။ မုန့်ပြားဖြူဖြူတွေ၊ ကြက်သွန်စိမ်းစိမ်းတွေ၊ ကြက်ဥကြော်တွေ အားလုံး မြက်ခင်းစိမ်းစိမ်း ပေါ် ပြန့်ကျဲကုန်တယ်။ ဘွားဘွား လဲကျပြီးတဲ့နောက်မှာ ဝမ်ဝင်းအိမ်နီးမရဲ့ လေးထောင့် စပ်စပ် ဦးခေါင်းကနေလည်း နီဝါဝါ အရည်တွေ ပန်းထွက်လာပြီး အဝေးကြီး အဝေးကြီး ကို စဉ်သွားတယ်။ တာရိုးအောက်က ဆန်ပြောင်းပေါ်အထိ စဉ်တယ်။ အဲဒီ ပုပုသေးသေး အမျိုးသမီးဟာ သေနတ်မှန်သွားပြီးတဲ့နောက် နောက်ကို တစ်လှမ်းဆုတ်သွားပြီး တာရိုးတောင်ဘက်ဆီကို ယိုင်လဲကျသွားတယ်။ ဟင်းရည်တွေ ရွှဲစိုသွားပုံဟာ အာဇာနည် သွေးအလား ထင်မှတ်မှားရတယ်။ သံပုံးတစ်လုံးဆိုရင် မြစ်ထဲ ခုန်ပေါက်ကာ ပြုတ်ကျ၊ မည်းမှောင်မှောင် မြစ်ရေထဲ တအိအိ မျောလာရင်း အာဘာ့ရှေ့က ဖြတ်သွား၊ ကျောက်တံတားတိုင်နဲ့ နှစ်ချက်လောက် ဆောင့်၊ တံတားခုံးအောက်ထဲ မျောဝင်ပြီး တစ်ဖန် တပ်မှူးယွီရှေ့က၊ ကျွန်တော့်အဖေရှေ့က၊ ဝမ်ဝင်းအိရှေ့က၊ ဖန်းလုတ်၊ ဖန်းချီး ညီနောင်ရှေ့က ဖြတ်သန်း မျောပါသွားပြန်တယ်။

"အမေ..."

ကျွန်တော့်အဖေ အသံကုန် ဟစ်အော်ပြီး တာရိုးပေါ် ခုန်တက်လာတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

တပ်မှူးယွီက ကျွန်တော့်အဖေကို လှမ်းဆွဲတာ မမိလိုက်ဘူး။ တပ်မှူးယွီက "ပြန်လာခဲ့စမ်း" လို့ လှမ်းအော်တယ်။ တပ်မှူးယွီအမိန့်ကို ကျွန်တော့်အဖေ မကြားလိုက်ဘူး။ သူ ဘာမှ မကြားတော့ဘူး။ အဖေ့ရဲ့ ကိုယ်ခန္ဓာပိန်သေးသေးဟာ တာရိုးလမ်း ကျဉ်းကျဉ်းပေါ်မှာ ပြေးလွှားနေတယ်။ အဖေ့ကိုယ်ပေါ်မှာ နေရောင်ကျလို့ တလက်လက် ဖြစ်နေတယ်။ တာရိုးပေါ် ခုန်တက်လာကတည်းက လွှင့်ပစ်ထားခဲ့တဲ့ သေနတ်ဟာ အရွက်တွေ ကျိုးပဲ့နေတဲ့ ရွှေရောင်ဆူးလေပင်တစ်ပင်ပေါ် ကျသွားတယ်။ အဖေဟာ ပျံသန်းနေတဲ့ ငှက်ကလေးပမာ လက်နှစ်ဖက်ကို ဖြန့်ကားလျက် ဘွားဘွားဆီ ပြေးသွားတယ်။ တာရိုးထက်မှာ ငြိမ်သက်နေတယ်။ ဖုန်ကျသံတောင် ကြားရတယ်။ မြစ်ကတော့ အရောင်သာလက်ပြီး ရေမစီး။ တာရိုးအပြင်က ဆန်ပြောင်းကတော့ ခပ်တည်တည်။ အဖေ့ရဲ့ ပိန်သေးသေး ခန္ဓာကိုယ် တာရိုးထက်မှာ ပြေးလွှားနေတယ်။ အဖေ အကျယ်ကြီး အော်တယ်။ "အမေ… အမေ… အမေ…" အဲဒီ "အမေ"ခေါ်သံထဲမှာ လူတို့ရဲ့ သွေးတွေ၊ မျက်ရည်တွေ၊ နက်ရှိုင်းတဲ့ မိသားစုမေတ္တာတွေ၊ မြင့်မြတ်တဲ့ အကြောင်းတရားတွေ ပြည့်နှက်နေတယ်။ အဖေလည်း အရှေ့ဘက်က တာရိုးကို ဖြတ်ပြေးပြီးတဲ့နောက် ထွန်ခြစ်တွဲကို ခုန်ကျော်ပြီး အနောက်ဘက်က တာရိုးပေါ် တက်လာခဲ့တယ်။ တာရိုးအောက်က အာဘာတို့ရဲ့ ကျောက်ဖြစ်ရုပ်ကြွင်းပမာ မျက်နှာသေတွေနားက အဖေ ဖြတ်ကျော်လာခဲ့တယ်။ ဘွားဘွားကိုယ်ပေါ် အဖေ မှောက်ချလိုက်ပြီး အမေ ထပ်ခေါ်တယ်။ တာရိုးထက်မှာ မှောက်လျက်လဲနေတဲ့ ဘွားဘွားမျက်နှာဟာ တာရိုးနံဘေးက ပေါင်းမြက်တွေနဲ့ ကပ်နေတယ်။ ဘွားဘွားနောက်ကျောပေါ်က အနားလန်နေတဲ့ ကျည်ပေါက် နှစ်ပေါက်ကနေ လတ်ဆတ်တဲ့ ဆန်ပြောင်းအရက်နံ့ သင်းပျံ့လှိုင်နေတယ်။ အဖေက ဘွားဘွားကို ပခုံးကနေ ဆွဲပြီး ပက်လက်လှန်လိုက်တယ်။ ဘွားဘွားမျက်နှာ ဒဏ်ရာ မရ။ မျက်နှာထားက တည်တည်ကြည်ကြည်ပဲ။ ဆံပင်တွေလည်း ဖွာလန်ကျဲ မနေဘူး။ ဆံမြိတ်ငါးစအောက်က သုံးရက်လ မျက်ခုံးဟာ အောက်ငိုက်ကျနေပြီ။ ဘွားဘွား မျက်စိဟာ တစ်ဝက်သာ ပွင့်လျက်။ ဖြူဖျော့ဖျော့ မျက်နှာပေါ်က နှုတ်ခမ်းအစုံဟာ နီရဲနေဆဲ။ အဖေက ဘွားဘွားရဲ့ လက်နွေးနွေးကို ဆုပ်ကိုင်ပြီး အမေလို့ တစ်ခွန်း ထပ်ခေါ်တယ်။ ဘွားဘွား မျက်စိဖွင့်တယ်။ အပြစ်ကင်းတဲ့ အပြုံးရိပ် သန်းလာတယ်။ ဘွားဘွားက နောက်ထပ်လက်တစ်ဖက်ကို အဖေ့ဆီ ထိုးပေးလိုက်တယ်။

မိစ္ဆာလော်ရီကားတွေ တံတားထိပ်မှာ ရပ်တယ်။ စက်သံက တိုးချည် ကျယ်ချည် မြည်နေဆဲ။

တာရိုးထက် မြင့်မြင့်မားမား လူရိပ်တစ်ခု ဖျတ်ခနဲ ပေါ်လာပြီး ကျွန်တော့် အဖေနဲ့ ကျွန်တော့်ဘွားဘွားကို တာရိုးအောက် ဆွဲချသွားတယ်။ အာဘာ့လက်ချက်ပဲ။ အဖေ မသိလိုက်ခင်မှာပဲ လေရူးပမာ ကျည်ဆန်တွေဟာ ခေါင်းပေါ်က မရေမတွက် နိုင်သော ဆန်ပြောင်းပင်တွေကို တစ်စစီဖြစ်အောင် ပစ်ခတ်လိုက်ပြန်ပြီ။

mgyoe.com

mgyoe.com
SAMPLE BOOK

လော်ရီကားလေးစီးက တံတားတစ်ဖက်မှာ ပူးကပ်ပြီး ငြိမ်နေတယ်။ ထိပ်ဆုံးနဲ့ နောက်ဆုံးကားပေါ်က စက်သေနတ်ရှစ်လက်ကနေ ပစ်လွှတ်လိုက်တဲ့ ကျည်ဆန်တွေဟာ အလင်းတန်းတွေအဖြစ် စုစည်းလို့ စုတ်ပြဲနေတဲ့ ယပ်တောင် မျက်နှာပြင်တွေ တစ်ခုပြီး တစ်ခုအဖြစ် ရက်ရှယ်ပြီးတော့ကာ လမ်းအရှေ့ဘက်ဆီကို ရောက်လိုက်၊ လမ်းအနောက်ဘက်ဆီကို ရောက်လိုက် ဖြစ်နေတော့တယ်။ ဆန်ပြောင်းတွေကတော့ သံပြိုင် ငိုကြွေးလို့ နေကြပေါ့။ ဆန်ပြောင်းရဲ့ ခြေတံလက်တံ အကိုင်းအပြတ်တွေဟာ အောက်ကို ထိုးဆင်းလို ထိုးဆင်း၊ အထက်ကို ပျံတက်လို ပျံတက်။ တာရိုးပေါ်ကို ထိမှန်လာတဲ့ ကျည်ဆန်တွေကြောင့် ယမ်းငွေ့ဝါဝါတွေ တလိပ်လိပ် တက်ကာ ဖုတ်ဖုတ်မြည်သံ တရစပ် မြည်လာတယ်။

တာရိုးကုန်းစောင်းပေါ်က ရဲဘော်တွေ ကိုယ်ကို မြက်ရိုင်း၊ မြေသားနက်တို့နဲ့ တစ်သားတည်းနီးပါး ဝပ်နေကြတယ်။ တုတ်တုတ်မလှုပ်။ စက်သေနတ်ဟာ သုံးမိနစ်လောက် တရစပ် ပစ်ပြီးတဲ့နောက် ရုတ်တရက် အပစ်ရပ်သွားတယ်။ ကားဘေးပတ်လည်မှာ ရွှေရောင်ဝင်းဝင်း ကျည်ခွံတွေချည်းပဲ။

တပ်မှူးယို့က "မပစ်နဲ့"လို့ ခပ်တိုးတိုး ပြောလိုက်တယ်။

မိစ္ဆာတွေလည်း ငြိမ်နေတယ်။ မြစ်ရေပြင်ပေါ်က ယမ်းငွေ့ပါးပါးတွေလည်း လေပြည်နဲ့အတူ အရှေ့ဘက်ကို လွင့်ပျံသွားကြတယ်။

အဖေ ကျွန်တော့်ကို ပြောပြတယ်၊ အဲဒီ ငြိမ်ဆိတ်နေတဲ့ အခိုက်အတန့်မှာပဲ ဝမ်ဝင်းအိဟာ တာရိုးပေါ်ကို ဒယိမ်းဒယိုင် တက်ပြီး ရပ်နေမိတယ်။ ငှက်ပစ်သေနတ်ကိုင်လျက် ပါးစပ်အဟောင်းသား ကြောင်တောင်ငေးရင်း ကြေကွဲခြင်းများစွာနဲ့ "ကလေးတို့အမေရေ"လို့ အကျယ်ကြီး အော်လိုက်တယ်။ ခြေလှမ်းမလှမ်းနိုင်ခင်မှာပဲ ဝမ်းဗိုက်ပေါ်ကို ကျည်မိုးတွေ ရွာကျလို့ လဝန်းသဖွယ် အလင်းပေါက်တဲ့ အခေါင်းပေါက်ကြီးတစ်ခု ဖြစ်သွားတယ်။ အူဖတ်တွေ ကပ်နေတဲ့ ကျည်ဆန်တွေဟာ တပ်မှူးယို့ခေါင်းပေါ်ကနေ တရှပ်ရှပ် ဖြတ်ပျံသွားကြတယ်။

ဝမ်ဝင်းအိလည်း တာရိုးပေါ်ကနေ ခေါင်းငိုက်စိုက်ကျပြီး မြစ်ထဲ ကျသွားတယ်။ သူ့မိန်းမနဲ့ သူ တံတားရဲ့ တစ်ဖက်စီမှာ တစ်ယောက်ကို တစ်ယောက် လှမ်းမျှော်ကြည့်လျက်။ သူ့နှလုံး ခုန်နေသေးတယ်။ ဦးခေါင်းလည်း ပကတိအတိုင်းပဲ။ ပုံမှန်မဟုတ်တဲ့ ကြည်လင်သော ထွင်းဖောက်မှု ခံစားချက်တစ်မျိုး သူ့နှလုံးသားထဲ လျှံတက်လာတယ်။

အဖေ ကျွန်တော့်ကို ပြောပြတယ်၊ ဝမ်ဝင်းအိတို့လင်မယားမှာ တန်းစီလိုက်ရင် လှေကားထစ်သဖွယ်ဖြစ်တဲ့ သားသုံးယောက်ထွန်းကားခဲ့သတဲ့။ သားသုံးယောက်စလုံး ဆန်ပြောင်းထမင်းစားလို့ ဖွံ့ထွားဝဖြိုးကြသတဲ့။ တစ်နေ့ ဝမ်ဝင်းအိတို့လင်မယား ယာတောထဲ ဆန်ပြောင်းရိတ်နေတုန်း ကလေးသုံးယောက်ဟာ အိမ်ဝင်းထဲ ဆော့

mgyoe.com

mgyoe.com SAMPLE BOOK

ကစားနေကြတယ်။ အဲဒီအခိုက် ရွာအထက်ဝေဟင်မှာ တဝုန်းဝုန်း ဖြတ်ပျံသွားတဲ့ တောင်ပံနှစ်ထပ် ဂျပန်လေယာဉ်တစ်စင်းကနေ ဥတစ်လုံး ဥချလိုက်တာ ဝမ်ဝင်းအိတို့ အိမ်ဝင်းထဲ ကျလို့ ကလေးသုံးယောက်စလုံး တစ်စစီဖြစ်ပြီး အိမ်ထုပ်တန်းမှာ ချိတ်လိုချိတ်၊ သစ်ကိုင်းထက်မှာ တွဲလိုတွဲ၊ အိမ်နံရံမှာ ပေကျံလို ပေကျံကုန်သတဲ့… တပ်မှူးယို့ ဂျပန်ခုခံရေးတပ်ဖွဲ့ ဖွဲ့တော့ ဝမ်ဝင်းအိကို သူ့မိန်းမက တစ်ခါတည်း တပ်ထဲ သွင်းပေးလိုက်တာတဲ့… ။

တပ်မှူးယို့က မြစ်ရေထဲ ခေါင်းတစ်ဝက်နစ်နေရှာတဲ့ ဝမ်ဝင်းအိကို အံကြိတ်ပြီး နာနာကြီး စိုက်ကြည့်ရင်း "မလှုပ်နဲ့"လို့ ခပ်အုပ်အုပ် တစ်ချက် အော်လိုက်ပြန်တယ်။

✧

mgyoe.com

mgyoe.com SAMPLE BOOK

## ၈

လွင့်စဉ်လာတဲ့ ဆန်ပြောင်းစေ့တွေ ဘွားဘွားမျက်နှာပေါ်မှာ ခုန်ဆွ ခုန်ဆွ။ တစ်စေ့ဆိုရင် သူ့ရဲ့ ဟတော့မယောင် နှုတ်ခမ်းကြားထဲ ခုန်ဝင်သွားပြီး သွားဖြူဖြူပေါ်မှာ ကပ်နေခဲ့တာ။ အဖေဟာ ဘွားဘွားရဲ့ အနီလျော့ကာ ဖြူဖျော့လာနေတဲ့ နှုတ်ခမ်းအစုံကို ကြည့်ရင်း အမေလို့ ဆိုနှင့်စွာ တစ်ချက်ခေါ်မိတယ်။ မျက်ရည်တွေ ရင်ဘတ်ပေါ်အထိ စီးကျလာပြီ။ ဆန်ပြောင်းနဲ့ ဖွဲ့စည်းထားတဲ့ ပုလဲမိုးထဲမှာ ဘွားဘွား မျက်လုံးပွင့်လာတယ်။ ဘွားဘွားမျက်လုံးကနေ ပုလဲပမာ ရောင်စဉ်တွေ ထုတ်လွှတ်နေတယ်။ "လူလေး၊ မင်းမွေးစားအဖေကော…" ဘွားဘွား မေးလိုက်တယ်။ အဖေက "စစ်တိုက်နေတယ်"လို့ ပြန်ဖြေတယ်။ ဘွားဘွား ပြောတယ်။

"သူဟာ တကယ်တော့ မင်းအဖေအရင်းပဲကွဲ့…" အဖေ ခေါင်းညိတ်တယ်။

ဘွားဘွားက ကုတ်ကတ်ပြီး ထထိုင်ဖို့ လုပ်တယ်။ ကိုယ်ကို လှုပ်လိုက်တာနဲ့ ဒဏ်ရာပေါက်နှစ်ပေါက်က သွေးတွေ ဝေါခနဲ လျှံထွက်လာတယ်။

"ကျုပ် သူ့ကို သွားခေါ်လာခဲ့မယ် အမေ"

အဖေက ပြောတယ်။

ဘွားဘွားက လက်ခါပြပြီး ဆတ်ခနဲ ထထိုင်တယ်။

"တို့ကွမ်း… သားရယ်… အမေ့ကို ထူပါဦး… အမေတို့ အိမ်ပြန်ကြမယ်၊ အိမ်ပြန်ကြမယ်လေ…"

အဖေလည်း ဒူးထောက်ချပြီး ဘွားဘွားလက်မောင်းကို သူ့လည်ပင်းမှာ ဖက်ထားစေပြီးတော့ ဘွားဘွားကို ကုန်းပိုးကာ ရုန်းထလိုက်တယ်။ ဘွားဘွားရင်ဘတ်

mgyoe.com

mgyoe.com

ပေါ်က သွေးတွေ ချက်ချင်းပဲ အဖေ့ခေါင်းမှာ ရွဲသွားတော့တယ်။ ဘွားဘွားရဲ့ သွေးစိမ်းရှင်ရှင်ထဲကနေ ဆန်ပြောင်းအရက်နံ့ပြင်းပြင်းကို အဖေ ရှူမိနေရဆဲ။ ဘွားဘွားရဲ့ လေးလံတဲ့ ခန္ဓာကိုယ်ကို ထမ်းရင်း ဆန်ပြောင်းတောထဲကို ဒယိမ်းဒယိုင် လှမ်းလျှောက်သွားတယ်။ ကျည်ဆန်တွေဟာ သူတို့ခေါင်းပေါ်ကနေ ကျော်ပြီး ဆန်ပြောင်းတွေကို သတ်ဖြတ်နေတယ်။ အဖေလည်း ပွတ်သိပ်နေတဲ့ ဆန်ပြောင်းရိုးတံတွေကို ဖယ်ရှားရင်း တစ်လှမ်းချင်း လှမ်းလာခဲ့တယ်။ ချွေးရည်တွေ၊ မျက်ရည်တွေက ဘွားဘွားသွေးရည်တွေနဲ့ ရောလို့ အဖေ့မျက်နှာတစ်ခုလုံးကို ရစရာမရှိ ဖြစ်သွားစေတယ်။ ဘွားဘွားရဲ့ ခန္ဓာကိုယ် လေးသထက်လေးလာတယ်လို့ အဖေ အောက်မေ့မိတယ်။ ဆန်ပြောင်းရွက်တွေ မထောက်မညှာ ခလုတ်တံသင်းပြုကြလို့ သူ မှောက်လျက်လဲပြီး ဘွားဘွား ကိုယ်အလေးကြီး သူ့အပေါ် ပိကျတယ်။ အဖေဟာ ဘွားဘွားခန္ဓာကိုယ်အောက်ကနေ တိုးထွက်လာပြီး ဘွားဘွားကို ပက်လက်လှန်လိုက်တယ်။ မျက်နှာမော့ထားတဲ့ ဘွားဘွားက သက်ပြင်းတစ်ချက်ချပြီး အဖေ့ကို အသာအယာ ပြုံးပြတယ်။ ဒီအပြုံးက လှျို့ဝှက်နက်နဲလှတယ်။ ဒီအပြုံးက သံပူတစ်ခုလို အဖေ့မှတ်ဉာဏ်ထဲမှာ မြင်းခွာပုံ အမှတ်တံဆိပ်တစ်ခု ခတ်နှိပ်ထားလိုက်တယ်။

ဘွားဘွား လှဲနေတယ်။ ရင်ဘတ်ပေါ်က အပူဓာတ် တဖြည်းဖြည်း လျော့နည်းလာပြီ။ သားမောင်က သူ့အင်္ကျီကို ချွတ်လိုက်သလား သူ ဝိုးတဝါး သိလိုက်မိတယ်။ သားမောင်က သူ့ရင်သားပေါ်က ဒဏ်ရာနဲ့ ရင်သားအောက်က ဒဏ်ရာတို့ကို လက်နဲ့ အုပ်ဖိပေးထားတယ်။ ဘွားဘွားရဲ့သွေးတွေက အဖေ့လက်အစုံကို နီတစ်ပြန် စိမ်းတစ်လှည့် အရောင်ဆိုးလိုက်တယ်။ ဘွားဘွားရဲ့ ဖြူစင်တဲ့ ရင်ဘတ်လည်း ကိုယ့်သွေးနဲ့ကိုယ် စိမ်းတစ်ချီ နီတစ်လှည့် အရောင်ဆိုးခံရတယ်။ ကျည်ဆန်က ဘွားဘွားရဲ့သားမြွတ်ကို ထွင်းဖောက်သွားလို့ ပန်းနုရောင်ပျားအုံသဏ္ဍာန်အဖွဲ့အစည်း ပေါ်လာတယ်။ ဘွားဘွား ရင်သားကို ကြည့်ရင်း အဖေ ယူကျုံးမရ ဖြစ်နေတယ်။ ဘွားဘွားဒဏ်ရာကနေ သွေးတွေ စီးကျမလာအောင် အဖေ အုပ်မထားနိုင်တော့ဘဲ သွေးစိမ်းရှင်ရှင် ထွက်နေတာကိုသာ ဒီအတိုင်း ကြည့်နေခဲ့ရတယ်။ ဘွားဘွားမျက်နှာ ဖြူသထက်ဖြူလာပြီ။ ခန္ဓာကိုယ်လည်း အချိန်မရွေး မိုးပေါ်ပျံတက်တော့မယ့်အလား ပေ့ါပါးသထက် ပေ့ါပါးလာပြီ။

ဘွားဘွားဟာ ဆန်ပြောင်းအရိပ်အောက်မှာ တပ်မှူးယွီနဲ့သူ အတူဖန်ဆင်းခဲ့တဲ့ ကျွန်တော့်အဖေရဲ့ သေသပ်ချောမွေ့တဲ့ မျက်နှာကို ကြည်နူးစွာ ကြည့်နေခဲ့တယ်။ ကုန်လွန်ခဲ့သော နှစ်ကာလတွေအတွင်း သက်ဝင်လှုပ်ရှားရှိခဲ့တဲ့ ဘဝရုပ်ပုံတွေဟာ ကဆုန်ပေါက်မြင်းတွေအလား သူ့မျက်စိရှေ့မှာ တဖျပ်ဖျပ် ဖြတ်သွားနေကြတယ်။

အဲဒီနှစ်က မိုးသည်းထဲမှာ လှေစီးနေတဲ့အလား ဝေါယာဉ်စီးလို့ ဆန့်ထိန်ရှု တို့နေတဲ့ ရွာထဲကို ဝင်လာတုန်းက လမ်းမှာ ရေတွေလျှံလို့၊ ရေပြင်ထက်မှာ ဆန်ပြောင်းခွံတစ်လွှာ မျောနေခဲ့တဲ့အဖြစ်ကို ဘွားဘွား ပြန်အမှတ်ရမိတယ်။ ဆန့်အိမ်ရှေ့မှာ မင်္ဂလာ

mgyoe.com

mgyoe.com SAMPLE BOOK

ဝေါယာဉ်ဆိုက်တော့ ပဲတောင့်ပုံ ကျစ်ဆံမြီးကလေးတစ်ချောင်း ကျစ်ထားတဲ့ ပိန်ခြောက်ခြောက် အဘိုးကြီးတစ်ယောက်သာ ထွက်လာကြိုတယ်။ မိုးစဲသွားပြီဖြစ်ပေမယ့် မြေကြီးပေါ်က ရေအိုင်ထဲကို မိုးပေါက်ကလေးတွေ တဖြောက်ဖြောက်ကျနေဆဲ။ အတီးအမှုတ်သမားတွေ တီးမှုတ်နေလင့်ကစား ဘယ်သူမှ ဝိုင်းအုံပြီး လာမကြည့်ကြဘူး။ ဘွားဘွားလည်း အခြေအနေ မဟန်မှန်း သိလိုက်ရတယ်။ မင်္ဂလာပွဲ ကန်တော့ဖို့ ကျွန်တော့်ဘွားဘွားကို လာတွဲတာက ယောက်ျားကြီး နှစ်ယောက်။ တစ်ယောက်က ငါးဆယ်ကျော်၊ တစ်ယောက်က လေးဆယ်ကျော်။ ငါးဆယ်ကျော်တစ်ယောက်က အဘလျှူလောဟန်။ လေးဆယ်ကျော် တစ်ယောက်က အရက်ဖိုထဲက အလုပ်သမား။

အထမ်းသမားတွေ၊ အတီးအမှုတ်သမားတွေ ရေထဲမှာ ရပ်ရင်း ကြွက်စုတ်တွေ ဖြစ်နေကြတယ်။ ရှုတည်တည် မျက်နှာထားနဲ့ ပိန်ခြောက်ခြောက် ယောကျ်ားကြီး နှစ်ယောက်က နီရဲတောက်တဲ့ ကျွန်တော့်ဘွားဘွားကို မှောင်ရိရိ ခန်းဆောင်ထဲ တွဲခေါ် လာကြတယ်။ အရက်အိုးထဲ စိမ်လာခဲ့ကြသလား အောက်မေ့ရတဲ့ ယောကျ်ားကြီး နှစ်ယောက်ကိုယ်ပေါ်က အရက်နံ့ပြင်းပြင်းကို ဘွားဘွား ရလိုက်တယ်။

မင်္ဂလာပွဲ ကန်တော့တဲ့အခါ ဘွားဘွားခေါင်းမှာ ဟိုနံ့နံ့စော်စော် ခေါင်းခြုံ ပဝါ ခြုံထားတုန်းပဲ။ ဖယောင်းတိုင်မီး လောင်ကျွမ်းနေတဲ့ ညှီနံ့ထဲမှာ ဘွားဘွားဟာ နူးညံ့တဲ့ ပိုးစတစ်စကို လက်ခံယူပြီး လူတစ်ယောက် ဆွဲသွားတဲ့နောက် လိုက်သွားရ တယ်။ ဒီခရီးလမ်းဟာ မှောင်မိုက်လှတယ်၊ ငြီးငွေ့ဖွယ်ကောင်းလှတယ်၊ ထိတ်လန့်မှု တွေပြည့်နှက်နေတယ်။ ဘွားဘွားကို မီးလှုံ့ခုတင်ဆီ ခေါ်လာပြီး အဲဒီပေါ်မှာ ထိုင်စေတယ်။ ခေါင်းခြုံပဝါကို ဘယ်သူမှ လာမလှစ်တာနဲ့ ဘွားဘွားလည်း ကိုယ့်ဘာသာပဲ လှစ်လိုက် တယ်။ ခုတင်အောက်က လေးထောင့် ခွေးခြေခုံပေါ်မှာ မျက်နှာအကြောဆွဲပြီး ခွေခွေ ကလေးဖြစ်နေတဲ့ ယောကျ်ားတစ်ယောက်ကို သူ မြင်လိုက်ရတယ်။ အဲဒီ ခေါင်းပြားပြားနဲ့ အောက်မျက်ခွံမှာ နီရဲရွှတ်တွနေတဲ့ ယောကျ်ားက မတ်တတ်ထလာပြီး ကြက်ခြေထောက် ပမာ သူ့လက်တစ်ဖက်နဲ့ ဘွားဘွားကို လှမ်းဆွဲမယ်လုပ်တော့ ဘွားဘွားလည်း အကျယ် ကြီး ထအော်၊ ရင်ခွင်ထဲကနေ ကတ်ကြေးတစ်လက် ဆွဲထုတ်၊ ခုတင်ပေါ် တက်ရပ်ပြီး သင်းကို ဘုကြည့်ကြည့်လိုက်တော့မှ ယောကျ်ားလည်း ခွေးခြေခုံပေါ် တွန့်ဆုတ် တွန့်ဆုတ် ပြန်ထိုင်ချတယ်။ အဲဒီညက တစ်ညလုံး ဘွားဘွားဟာ ကတ်ကြေးကို လက်က မချခဲ့သလို ခေါင်းပြားမောင်လည်း ခွေးခြေခုံက ဖင်တစ်ချက် မကြွခဲ့ဘူး။

နောက်တစ်နေ့မနက်မှာ ဟိုယောကျ်ား အိပ်ပျော်နေတုန်း ဘွားဘွားလည်း ခုတင်ပေါ်ကနေ အခန်းပြင်ကို လစ်ပြေးလာပြီး တံခါးမကြီးကို ဖွင့်လို့ ထွက်ပြေးမယ် လုပ်တုန်း တစ်ယောက်က သူ့ကို ဖမ်းဆွဲလိုက်တယ်။ ဟိုပဲတောင့်ကျစ်ဆံမြီးနဲ့ ပိန်ခြောက်ခြောက် အဘိုးကြီးက သူ့လက်ကောက်ဝတ်ကို ဖမ်းဆုပ်ပြီး စူးစူးရဲရဲ စိုက်ကြည့်နေတယ်။

ဆန့်ထိန်ရှုဟာ ချောင်းနှစ်ချက် ဟန့်လိုက်ပြီးတော့မှ ပြုံးချိုချို မျက်နှာထား

mgyoe.com

mgyoe.com SAMPLE BOOK

ပြင်ပြီး "ငါတို့အိမ် ရောက်လာမှတော့ ညည်းလည်း ငါ့သမီးရင်းလိုပဲပေါ့ကွယ်။ မောင်ပြားဟာက ရောဂါမဟုတ်ပါဘူးကွဲ့။ သူ့မျှား လျှောက်ပြောတာ နားမယောင်လေနဲ့။ တို့ဆီမှာက မိသားစုလုပ်ငန်း ကြီးသလောက် မောင်ပြားက ရိုးလေတော့ ညည်းရောက်လာတဲ့အခါ ဒီအိမ်ထောင်ကို ညည်းကပဲ ဦးစီးရမှာကွဲ့" လို့ ပြောတယ်။ ဆန့်ထိန်ရှူက ကြေးဝါသော့တွဲကြီးတစ်တွဲ ထိုးပေးပေမယ့် ဘွားဘွား လက်ခံမယူခဲ့ဘူး။

ဒုတိယညမှာလည်း ဘွားဘွားက ကတ်ကြေးကို လက်က မချဘဲ မိုးလင်းတဲ့အထိ ထိုင်နေခဲ့တယ်။

တတိယနေ့ မနက်ကျတော့ ကျွန်တော့်အဘေးက မြည်းတစ်ကောင်ဆွဲလို့ ကျွန်တော့်ဘွားဘွားကို လာပြန်ကြိုတယ်။ မင်္ဂလာဦး သုံးရက်မြောက်မှာ သမီးပြန်ကြိုတာဟာ ကောင်းမိတုန်းပေတိုက်နယ်ရဲ့ ဓလေ့ထုံးစံပေပဲ။ အဘေးဟာ ဆန့်ထိန်ရှူနဲ့ နေမွန်းတိမ်းတဲ့အထိ သောက်စားနေပြီးမှ အိမ်ပြန်ဖို့ ပြင်တယ်။

ဘွားဘွားလည်း စောင်ပါးခြုံထားတဲ့ မြည်းကျောပေါ်မှာ တင်ပါးလွှဲထိုင်ပြီး ရွာပြင်ကိုလုပ်လီလုပ်လဲ့ ထွက်လာခဲ့တယ်။ မိုးကြီးချပြီး သုံးရက်အကြာ လမ်းမျက်နှာပြင်ဟာ စိုစွတ်နေဆဲ။ ဆန်ပြောင်းတောထဲ အငွေ့ဖြူတွေ တလူလူ ဝေလျက်။ အငွေ့ဖြူတွေ ရစ်သိုင်းနေတဲ့ ဆန်ပြောင်းစိမ်းတွေထဲမှာ နတ်ငွေ့နတ်သက်တွေ ရှိနေတဲ့အလား။ အဘေးလွယ်အိတ်ထဲမှာ ငွေဒင်္ဂါးတွေ ချွင်ချွင်မြည်။ လူလည်း သောက်ထားလိုက်တာ သိုင်းကွက်နင်းလို့ မျက်လုံးတွေလည်း မှုန်ဝေနေပြီ။ လည်တမော့မော့နဲ့ တရွေ့ရွေ့ သွားနေတဲ့ မြည်းငယ်ရဲ့ ခွာသွယ်သွယ်က လမ်းစိုစိုပေါ်မှာ ခွာရာတွေ ချန်ထားခဲ့တယ်။ ဘွားဘွားလည်း မြည်းပေါ်ထိုင်လျက် တစ်ချက် တစ်ချက် မူးဝေလာတယ်။ သူ့မျက်ခွံတွေ နီရဲရောင်ကိုင်းနေပြီး ဆံပင်တွေလည်း ဖွာလန်ကျဲနေတယ်။ သုံးရက်အတွင်း တစ်ဆစ်စာ ထပ်ကြီးထွားလာတဲ့ ဆန်ပြောင်းတွေက ကျွန်တော့်ဘွားဘွားကို သရော်တော်တော် ကြည့်နေကြတယ်။

ဘွားဘွားပြောတယ်။

"အဖေ၊ သူတို့အိမ်ကို ကျုပ် မပြန်ချင်တော့ဘူး၊ သူတို့ အိမ်ကို ကျုပ် သေတောင် ပြန်မသွားတော့ဘူး"

အဘေးပြောတယ်။

"ဒီမှာ သမီး၊ ညည်းကံကောင်းချက်နော်၊ ညည်း ယောက္ခမက ငါ့ကို လားနက်ကြီးတစ်ကောင် လက်ဆောင်ပေးမှာတဲ့၊ ဒီမြည်းကို ငါ ပြန်ရောင်းပြီးတော့…"

မြည်းကလေးဟာ လေးထောင့်စပ်စပ် ခေါင်းကို ဆန့်ပြီး လမ်းဘေးက ရွှံ့စက်တွေ ပေနေတဲ့ မြက်စိမ်းတွေကို တစ်ကိုက် ကိုက်လိုက်တယ်။

ဘွားဘွားက ငိုယိုလျက်။

"အဖေရယ်၊ သင်းက အနူ…"

mgyoe.com

mgyoe.com SAMPLE BOOK

အဘေးပြောတယ်။

"ညည်းယောက္ခမက တို့အိမ်ကို လားတစ်ကောင် ပေးမှာကွဲ့နော်..."

အဘေးတစ်ယောက် မူးနေပုံများ လူရုပ်တောင် မပေါက်တော့ဘူး။ သောက်ထားစားထားတဲ့ အရက်တွေ၊ အသားတွေကို လမ်းဘေးချုံပုတ်ပေါ် တစ်လမ်းလုံး အန်ချ လာခဲ့တာ။ အန်ဖတ်တွေကြောင့် ဘွားဘွား အော်ဂလီဆန်လာတယ်။ သူ့ကို ဘွားဘွား စက်ဆုပ် မုန်းတီးလာတယ်။

ဖားပြုပ်လျှိုကို ရောက်တော့ တထောင်းထောင်းထနေတဲ့ အပုပ်နံ့ကြောင့် မြည်းနားရွက်တောင် ငိုက်စိုက်ကျတယ်။ ဟိုနေ့က လမ်းစားပြရဲ့ အလောင်းကို ဘွားဘွား မြင်လိုက်ရတယ်။ ဖောင်းကားနေတဲ့ သူ့ဗိုက်ပေါ်မှာ မြစိမ်းရောင် ယင်ကောင်တွေ တစ်လွှာလိုက်ကြီး အုံနားနေတယ်။ မြည်းဟာ ဘွားဘွားကို တင်လျက် အပုပ်ကောင် အလောင်းရှေ့က ဖြတ်ပြေးသွားလို့ ယင်ကောင်တွေ ဒေါသတကြီး ထပျံကြတာ တိမ်ထုစိမ်းစိမ်းတစ်ခု ဖြစ်လာတယ်။ မြည်းနောက်က လိုက်လာတဲ့ အဘေးရဲ့ခန္ဓာကိုယ်ဟာ လမ်းထက်တောင် ပိုပြီး ကျယ်ကားနေသလား ထင်ရတယ်။ တော်ကြာနေ ဘယ်ဘက်က ဆန်ပြောင်းတွေနဲ့ပွတ်မိလိုက်၊ တော်ကြာနေ ညာဘက်က ပေါင်းမြက်တွေနဲ့ ပွတ်မိလိုက် ဖြစ်နေတယ်။ အလောင်းရှေ့ ရောက်တော့ ယောဟဲလိုက်နေတဲ့ အဘေးဟာ ပါးစပ်က ပွစိ ပွစိနဲ့ "ငမွဲကောင်ရေ၊ ဟေ့ ငမွဲကောင်ရေ... နင် ဒီမှာ အိပ်နေတော့မှာလား..."လို့ ရေရွတ်သေးတယ်။ အဲဒီ လမ်းစားပြရဲ့ ရွှေဖရုံသီးပမာ မျက်နှာကြီးကို ဘွားဘွား မေ့မရနိုင်ခဲ့ဘူး။ ယင်ကောင်တွေ လန့်ပျံကုန်တဲ့ တဒင်္ဂမှာ သေပြီးနောက် လမ်းစားပြရဲ့ တင့်တယ်တဲ့ မျက်နှာထားနဲ့ ရှင်စဉ်က လမ်းစားပြရဲ့ ရက်စက်သလောက် သူရဲဘောကြောင်တဲ့ မျက်နှာထားတို့ဟာ သိသိသာသာ ကွဲပြားလာခဲ့တယ်။

ခရီး တစ်ဖာလုံပြီး တစ်ဖာလုံ ဆက်လာခဲ့ပြီးနောက် နေစောင်းလို့ ကောင်းကင်ဟာ တောင်ကျချောင်းရေပမာ ကြည်လင်နေတယ်။ အဘေးလည်း မြည်းနောက်မှာ ပြတ်ကျန်နေရစ်ခဲ့တယ်။ လမ်းမှတ်မိတဲ့ မြည်းဟာ ဘွားဘွားကို တင်လျက် စိမ်ပြေနပြေ ခရီးဆက်လာခဲ့တယ်။ ကွေ့ကလေးတစ်ခုရောက်လို့ မြည်းလည်း ကွေ့လိုက်ရော ဘွားဘွားလည်း နောက်ပြန် လန်လို့ မြည်းကျောပေါ်က လွတ်သွားချိန်မှာ အားကောင်းမောင်းသန် လက်တစ်ဖက်က သူ့ကို လှမ်းဆွဲပြီး ဆန်ပြောင်းတောထဲ ပွေ့ခေါ်သွားတော့တယ်။

ဘွားဘွားမှာ ရုန်းဖို့ အားမရှိသလို ရုန်းလိုစိတ်လည်း မရှိခဲ့ဘူး။ သုံးရက်တာ ဘဝသစ်ဟာ ပျက်ပြားသွားတဲ့ အိပ်မက်တစ်ခုပမာ ဖြစ်နေလို့ တစ်ယောက်သောသူဟာ တစ်မိနစ်အတွင်း မဟာခေါင်းဆောင်ကြီးတစ်ပါး ဖြစ်လာတယ်။ ဒီသုံးရက် အတွင်း ဘဝအကြောင်းကို ကောင်းကောင်းသဘောပေါက်လာခဲ့တဲ့ ဘွားဘွားက ဟိုလူ ပွေ့ချီရ သက်သာအောင်လို့တောင် သူ့လက်တစ်ဖက်နဲ့ ဟိုလူ့လည်ပင်းကို ဖက်ထားလိုက်ပါသေးတယ်။ ဆန်ပြောင်းရွက်တွေ တရှပ်ရှပ်မြည်။ လမ်းဆီကနေ "သမီးရေ၊ ညည်း

mgyoe.com

mgyoe.com SAMPLE BOOK

ဘယ်ရောက်သွားတာလဲဟေ''ဆိုတဲ့ အဘေးရဲ့ အသံစာစာ လွင့်ပျံ့လာတယ်။

ကျောက်တံတားအနီးအနားကနေ နှဲကြီးရဲ့ ကြေကွဲဖွယ် အသံရှည်ကြီးနဲ့ စက်သေနတ်တွေရဲ့ မသဲကွဲတဲ့ ပစ်ခတ်သံတွေ လွင့်ပျံ့လာတယ်။ သွေးတွေဟာ ဘွားဘွား အသက်ရှူလိုက်တိုင်း တပွက်ပွက် ပန်းထွက်နေဆဲ။ ''အမေရယ်၊ သွေးမထွက်ပါနဲ့တော့၊ သွေးတွေကုန်ရင် အမေလည်း သေပြီပေါ့''လို့ အဖေ မြည်တမ်းနေရှာတယ်။ အဖေက ဆန်ပြောင်းအမြစ်အောက်ကနေ မြေသားနက် တစ်ဆုပ်နှိုက်ပြီး ဘွားဘွားဒဏ်ရာပေါ် အုပ်ထားပေးလိုက်တယ်။ မကြာဘူး၊ သွေးတွေ ထပ်စိမ့်ထွက်လာပြန်တယ်။ အဖေ နောက်တစ်ဆုပ် ထပ်နှိုက်တယ်။ ဘွားဘွားကတော့ နှစ်သိမ့်စွာပြုံးရင်း ခန့်မှန်းမရအောင် လျှို့ဝှက်နက်နဲလှတဲ့ ကောင်းကင်ပြာပြာကို ကြည့်နေတယ်။ ခွင့်လွှတ်တတ်တဲ့၊ နွေးထွေးတဲ့၊ မိခင်နဲ့တူတဲ့ ဆန်ပြောင်းတွေကို ကြည့်နေတယ်။ ပန်းပွင့်ဖြူလေးတွေ ရံထားတဲ့ စိမ်းစိုစို လမ်းကလေးတစ်လမ်း ဘွားဘွားခေါင်းထဲ ပေါ်လာတယ်။ အဲဒီ လမ်းကလေးပေါ်မှာ ဘွားဘွားက မြည်းကလေးစီးလို့ သာသာယာယာ ခရီးသွား နေခဲ့တယ်။ ဆန်ပြောင်း တောနက်ထဲက ဟိုမောင်သန်မာရဲ့ အသံဝါကြီးနဲ့ သီဆိုသံက ဆန်ပြောင်းတွေက ဖုံးလွှမ်းသွားတယ်။ ဘွားဘွားလည်း သီချင်းသံနောက်ကို လိုက်ရင်း တိမ်လွှာစိမ်းစိမ်း စီးနေရတဲ့ ပမာ ဆန်ပြောင်းရွက်ဖျားတွေပေါ် နင်းလျှောက်လို့ သွားနေခဲ့တယ်။

ဟိုလူက ဘွားဘွားကို မြေကြီးပေါ် ချလိုက်တယ်။ မုန့်နှစ်ပမာ တစ်ကိုယ်လုံး ပျော့နေတဲ့ ဘွားဘွားက သိုးသငယ်ကြည့် ကြည့်လျက်။ ဟိုလူက မျက်နှာဖုံး ပိတ်စ အနက်ကို ချွတ်လိုက်တယ်။ သူပဲ။ တိတ်တခိုး ဘုရားတရင်း သာယာကြည်နူးဖွယ် တုန်လှုပ်မှုကြီး တစ်ချက်ကြောင့် ဘွားဘွားမျက်ဝန်းမှာ မျက်ရည်ပူတွေ ဝဲလာတယ်။

ယွီကြဲ့အောင်ဟာ မိုးကာအင်္ကျီချွတ်ပြီး အနားက ဆန်ပြောင်းပင်တွေကို နင်းခြေပြီးတော့ အဲဒီ ဆန်ပြောင်းအလောင်းတွေပေါ်မှာ မိုးကာအင်္ကျီကို ဖြန့်ခင်း လိုက်တယ်။ သူက ကျွန်တော့်ဘွားဘွားကို မိုးကာအင်္ကျီပေါ် ပွေ့တင်တယ်။ ဘွားဘွား လည်း ဗလာကျင်းထားတဲ့ သူ့ရင်အုပ်ကြီးကို လိပ်ပြာလွင့်မတတ် ငေးကြည့်ရင်း မည်းကြုတ်ကြုတ် အရေပြားအောက်မှာ သွေးရည်တွေ အစီးသန်သန် အစဉ်မပြတ် စီးဆင်းလည်ပတ်နေတာကိုတောင် မြင်မိသယောင်။ ဆန်ပြောင်းပင်ဖျား၊ ငွေ့တလူလူ၊ လေးရပ် ရှစ်ခွင် ဆန်ပြောင်းကြီးထွားသံ မြည်ဟည်းလျက်။ လေငြိမ်၊ လှိုင်းသက်၊ မျက်စိကျိန်းစဖွယ် စွတ်စိုစို နေရောင်ခြည် အလင်းတန်းတွေ ဆန်ပြောင်းပင်ကြား ထိုးဖောက်ရက်ရှယ်။ ဘွားဘွား ရင်ခုန်နေတယ်။ ဆယ့်ခြောက်နှစ်သမီးတစ်ယောက်ရဲ့ အနှစ်နှစ်အလလ မျိုသိပ်လာခဲ့တဲ့ ချစ်ဇောဟုန်တွေ ပေါက်ကွဲထွက်လာတော့မယ်။ ဘွားဘွားဟာ မိုးကာအင်္ကျီပေါ်မှာ လူးလွန့်လျက်။ ယွီကြဲ့အောင်ဟာ တစ်ဆင့်ချင်း ပုလာပြီး ဒူးနှစ်ဖက်ကို ဒုန်းခနဲ ထောက်ချလိုက်တယ်။ သူက ဘွားဘွားနံဘေးမှာ

mgyoe.com

mgyoe.com
SAMPLE BOOK

ဒူးထောက်လိုက်တာ။ ဘွားဘွားတစ်ကိုယ်လုံး ကတုန်ကယင်။ မွေးထုံတဲ့ အဝါရောင် မီးတောက်တစ်ခု သူ့မျက်နှာထက်မှာ တပြက်ပြက် တောက်လောင်နေတယ်။ ယို့ကြုံအောင် က ကျွန်တော့်ဘွားဘွားရဲ့ အတွင်းခံအင်္ကျီကို ကြမ်းကြမ်းတမ်းတမ်း ဆွဲချွတ်လိုက်လို့ ဘွားဘွားရဲ့ တုန်ရီအေးစက်၊ ကြက်သီးမွေးညင်းထနေတဲ့ ရွှေရင်နှစ်မြွာပေါ် အလင်းရောင် တွေ ကျရောက်လာတယ်။ သူ့လုပ်ရပ်ကြောင့် ဖြစ်လာတဲ့ စူးရှပြင်းထန်တဲ့ နာကျင်မှုနဲ့ သာယာမှုတို့က ဘွားဘွားရဲ့ အာရုံကြောတွေကို လှုံ့ဆော်နှိုးဆွလာလို့ ဘွားဘွားလည်း "ဘုရားရေ …"လို့ အသံပြာပြာနဲ့ ခပ်တိုးတိုး ညည်းညူပြီးသကာလ မေ့မြောသွား တော့တယ်။

ဘွားဘွားနဲ့ ဘိုးဘိုးဟာ အညွန့်တလူလူ ဖြစ်နေတဲ့ ဆန်ပြောင်းတောထဲမှာ ချစ်ဗျူဟာခင်းခဲ့ကြတယ်။ လူ့လောကရဲ့ ပညတ်ဓလေ့တွေကို ထိမထင်တဲ့ နှလုံးသား နှစ်ခုဟာ အပြန်အလှန် သာယာနေတဲ့ သူတို့ရဲ့ရုပ်ခန္ဓာတွေထက်တောင် ပိုလို့ ပူးပူးကပ်ကပ် ရှိနေခဲ့တယ်။ သူတို့ဟာ ဆန်ပြောင်းတောထဲ တိမ်စိုင်ဖွဲ့လို့ မိုးရွာကြရင်း ကျွန်တော်တို့ ကောင်းမိတုန်းပေတိုက်နယ်ရဲ့ အရောင်အသွေးစုံလင်တဲ့ သမိုင်းအတွက် အနီရောင် စုတ်ချက်တစ်ချက် ရေးဆွဲပေးခဲ့ပေတယ်။ ကျွန်တော့်အဖေဟာ ကောင်းကင်နဲ့ မြေကြီးရဲ့ အဆီအနှစ်ကနေ ပေါက်ဖွားလာခဲ့တဲ့၊ နာကျင်မှုနဲ့ အပျော်ရှိင်းတို့ကနေ ဖြစ်ပေါ်လာတဲ့ ပုံဆောင်ခဲလို့ ပြောလို့ ရတယ်။ မြည်းက တဟီးဟီးအော်ကာ ဆန်ပြောင်းတောထဲ တိုးဝင်လာတယ်။ ဘွားဘွားလည်း မှုန်ရီဝေတဲ့ ကောင်းကင် နိုင်ငံတော်ကနေ ရက်စက်တဲ့ လူ့ပြည်ကို ပြန်ရောက်လာခဲ့တယ်။ သူ ထထိုင်တယ်။ ကယောက်ကယက် ဖြစ်နေတဲ့ သူ့ရဲ့ပါးပြင်ပေါ် မျက်ရည်တွေ စီးကျနေတယ်။

"သူက တကယ့် အနူကြီးတော့်"

ဘွားဘွား ပြောတယ်။ ဒူးထောက်လျက် ရှိနေတဲ့ ဘိုးဘိုးဟာ ဘယ်က ဘယ်လို ပေါ်လာမှန်း မသိတဲ့ နှစ်ပေနီးပါးရှိတဲ့ ဓားကလေးတစ်လက်ကို ဓားအိမ်ကနေ ရှမ်းခနဲ ဆွဲထုတ်လိုက်တယ်။ ခပ်ကွေးကွေးရှိတဲ့ ဓားသွားဟာ ကြက်သွန်မြိတ်အရွက်နဲ့ ခပ်ဆင်ဆင်။ ဘိုးဘိုး ဝှေ့လိုက်တဲ့ ဓားချက်ဟာ ဆန်ပြောင်းရိုးတံတွေကြားထဲ ဖြတ်သွားတယ်။ တိခနဲ ပြတ်ပြီး မြေခသွားရှာတဲ့ ဆန်ပြောင်းနှစ်ပင်ရဲ့ ခပ်စောင်းစောင်း ဓားခုတ်ရာထဲကနေ အစိမ်းရင့်ရောင် အရည်တွေ စိမ့်ထွက်လာတယ်။

"နောက် သုံးရက်ကြာ နင် ဒီကိုသာ ပြန်လာခဲ့"

ဘိုးဘိုး ပြောတယ်။ ဘွားဘွားက နားမလည်တဲ့ အကြည့်နဲ့ ကြည့်နေတယ်။ ဘိုးဘိုး အဝတ်အစား ပြန်ဝတ်တယ်။ ဘွားဘွားလည်း သပ်သပ်ရပ်ရပ်ဖြစ်အောင် ပြန်ပြင် ဝတ်တယ်။ ခုနက ဓားကလေးကို ဘိုးဘိုး ဘယ်မှာ ပြန်ဝှက်ထားလိုက်မှန်း ဘွားဘွား မသိလိုက်ရရှာဘူး။ ဘိုးဘိုးက ဘွားဘွားကို လမ်းဆီ ပြန်ပို့ပေးပြီးတော့ လှစ်ခနဲ ကိုယ်ယောင်ပျောက်သွားပြန်တယ်။

mgyoe.com

mgyoe.com SAMPLE BOOK

သုံးရက်အကြာ မြည်းကလေးက ဘွားဘွားကို ပြန်တင်လာခဲ့တယ်။ ရွာထဲရောက်တာနဲ့ ဆန့်သားအဖ အသတ်ခံရတဲ့သတင်းကို ကြားရတော့တာပဲ။ ရွာအနောက်ထိပ် မြစ်ကွေ့ထဲမှာ အလောင်းတွေကို ပစ်ထားခဲ့တာတဲ့။

ဘွားဘွားဟာ ဆန်ပြောင်းတောရဲ့ ရှင်းသန့်တဲ့ နွေးထွေးမှုထဲမှာ လဲလျောင်းနေရင်း သူ့တစ်ကိုယ်လုံး ပေါ့ပါးလာသယောင် ဆန်ပြောင်းကောက်နံ့တွေနဲ့အတူ လွတ်လပ်စွာ မျောပါနေသလို ခံစားလာရတယ်။ စောစောက ကဆုန်ပေါက်မြင်းတွေပမာ ရုပ်ပုံကားတွေရဲ့ လှုပ်ရှားမှုဟာလည်း အရှိန်နှေးလာပြီး ဆန့်မောင်ပြား၊ ဆန့်ထိန်ရှူ၊ အဘေး၊ အဘေးမ၊ အဘလောဟန်⋯ တို့ရဲ့ ရန်ငြိုးကြီးတဲ့၊ ကျေးဇူးကြီးတဲ့၊ ရက်စက်တဲ့၊ သဘောထားကြီးတဲ့ ရုပ်သွင်တို့ဟာ ပေါ်လာပြီးနောက် အားလုံး ပြန်ပျောက်သွားကြပြီ။ ဘွားဘွားရဲ့အနှစ်သုံးဆယ်သမိုင်းအတွက် နောက်ဆုံးစုတ်ချက်ကို ဘွားဘွားကိုယ်တိုင် ရေးဆွဲနေတယ်။ ဖြစ်ပြီးခဲ့တာတွေ အားလုံးဟာ ရနံ့ထုံမွှေးတဲ့ သစ်သီးတွေပမာ မြေကြီးပေါ်ကို မြားပမာ ထိုးဆင်းလာကြတယ်။ အနာဂတ်ကိုတော့ ဘွားဘွားဟာ လွင့်ပြယ်ခါနီး မှုန်ပျပျ အလင်းစက်ဝန်းတစ်ခုအဖြစ်သာ မြင်ရတော့တယ်။ ခဏတာမျှသာဖြစ်တဲ့ စေးကပ်ကပ်နိုင်သလို ချောကျိကျိလည်းနိုင်လှတဲ့ ပစ္စုပ္ပန်ကိုတော့ ဘွားဘွားဟာ မလွှတ်တမ်း ဆုပ်ကိုင်ထားနိုင်ဖို့ အသားကုန် ကြိုးစားနေရှာတယ်။ ကျွန်တော့်အဖေ သူ့လက်ကလေးနဲ့ ပွတ်သပ်ပေးနေတာကို ဘွားဘွား ခံစားသိခဲ့တယ်။ အမေလို့ ခေါ်လိုက်တဲ့ အဖေ့ရဲ့ မဝံ့မရဲ ခေါ်သံကြောင့် ဘွားဘွားရဲ့ အချစ်၊ အမုန်း ပြယ်ပျောက်သွားပြီဖြစ်တဲ့၊ ကျေးဇူး ရန်ငြိုး ကျေပျက်သွားပြီဖြစ်တဲ့ အသိစိတ်ထဲမှာ လူ့ဘဝကို မြတ်နိုးတွယ်တာမိတဲ့ မီးရှူးမီးပွားတွေ ဖြာထွက်လာပြန်တယ်။ ကျွန်တော့်အဖေမျက်နှာကို ပွတ်သပ်ဖို့အတွက် ဘွားဘွားက လက်မောင်းကို ကြိုးစားမြှောက်ပေမယ့် ဘယ်လိုမှ မြှောက်လို့ မရဘဲ ဖြစ်နေရှာတယ်။ ဘွားဘွားဟာ အထက်ကို ပျံတက်နေတယ်။ ကောင်းကင်နိုင်ငံတော်ဆီက ပစ်လွှတ်လာတဲ့ ငါးရောင်ခြယ် အလင်းတန်းကြီးတစ်ခုကို သူ မြင်ရပြီ။ ကောင်းကင် နိုင်ငံတော်က လာတဲ့၊ နှဲကြီး နှဲငယ်နဲ့ သံပြိုင်တီးမှုတ်လိုက်တဲ့ ခံ့ညားတဲ့ ဂီတသံကို သူ ကြားရပြီ။

ဘွားဘွား နွမ်းလျနေပြီ။ ပစ္စုပ္ပန်ဆိုတဲ့၊ လူ့ဘဝလူ့လောကဆိုတဲ့ ချောကျိကျိနိုင်သောလက်ကိုင်ဟာ သူ့လက်ထဲကနေ လျှောခနဲ လွတ်ထွက်သွားတော့မယ်။ သေခြင်းဆိုတာ ဒါလား။ ငါ သေရတော့မှာလား။ ဒီမိုး၊ ဒီမြေ၊ ဒီဆန်ပြောင်း၊ ဒီသားမောင်၊ ဒီ စစ်တိုက်နေတဲ့ ချစ်သူမောင်ကို နောက်ထပ် ဘယ်တော့မှ မတွေ့ရတော့ဘူးလား။ ဝေးလံလှတဲ့ သေနတ်သံ၊ အရာအားလုံးကြားမှာ မြူခိုးထူထူတစ်လွှာ ခြားလို့နေ။ တို့ကွမ်း၊ တို့ကွမ်း။ သားရယ်၊ အမေ့ကို တစ်ချက် ထူပါဦး၊ အမေ့ကို ဆွဲထားပါ၊ အမေ မသေချင်သေးဘူး။ ကောင်းကင်ဘုရားရေ၊ ကောင်းကင်ဘုရားရဲ့⋯၊ အရှင်ဟာ ကျုပ်ကို ချစ်သူတစ်ယောက် ပေးသနားခဲ့တယ်။ သားတစ်ယောက် ပေးသနားခဲ့တယ်။ ဥစ္စာ

mgyoe.com

mgyoe.com
SAMPLE BOOK

ချမ်းသာ ပေးသနားခဲ့တယ်။ ဆန်ပြောင်းနီပမာ ပြည့်ဝတဲ့ အနှစ်သုံးဆယ်တာ ဘဝ တစ်ခုကို ပေးသနားခဲ့တယ်။ ကောင်းကင်ဘုရားရေ၊ ကျုပ်ကို ပေးသနားပြီးမှတော့ ပြန်မယူပါနဲ့တော့။ ကျုပ်ကို ခွင့်လွှတ်တော်မူပါ။ ကျုပ်ကို ချမ်းသာပေးတော်မူပါ။ ကောင်းကင်ဘုရားရေ၊ ကျုပ်မှာ အပြစ်ရှိတယ် ထင်လို့လား။ နူနာစွဲရောဂါသည် တစ်ယောက်နဲ့ အတူအိပ်ပြီးတော့ ရွတ်တွပုပ်ပွတဲ့ နတ်ဆိုးတစ်သိုက် မွေးထုတ်ပြီး ဒီလှပတဲ့လောကကြီးကို အကျည်းတန်အောင်လုပ်တာ မှန်တယ်ထင်သလား၊ မှားတယ် ထင်သလား။ ကောင်းကင်ဘုရားရေ၊ ကာယိန္ဒြေဆိုတာ ဘာလဲ၊ လမ်းမှန်ဆိုတာ ဘာလဲ။ ကောင်းမြတ်ခြင်းဆိုတာ ဘာလဲ၊ ဆိုးယုတ်ခြင်းဆိုတာ ဘာလဲ။ အရှင်က ဒီအကြောင်းတွေ ကျုပ်ကို တစ်ခါမှ မပြောပြခဲ့တော့ ကျုပ်လည်း ကိုယ်မှန်တယ် ထင်သလို လုပ်ခဲ့ရတာပေါ့။ ကျုပ်ဟာ သာယာမှုကို မြတ်နိုးတယ်။ ခွန်အားကို မြတ်နိုးတယ်။ အလှတရားကို မြတ်နိုးတယ်။ ကျုပ်ခန္ဓာကို ကျုပ်ပိုင်တယ်။ ကျုပ်သာလျှင် ကျုပ်ဘဝရဲ့ ပွဲကိုင်ရှင်။ ကျုပ် အပြစ်ဖြစ်မှာ မကြောက်ဘူး။ အပြစ်ဒဏ်ခံရမှာ မကြောက်ဘူး။ အရှင့်ရဲ့ ငရဲပြည်ဆယ့်ရှစ်ထပ်ကို ကျရမှာလည်း မကြောက်ဘူး။ ကျုပ် လုပ်သင့်ကိုင်သင့်တာ အကုန် လုပ်ခဲ့ကိုင်ခဲ့ပြီးပြီ။ ကျုပ် ဘာကိုမှ မကြောက်ဘူး။ ဒါပေမဲ့ ကျုပ် မသေချင်ဘူး။ အသက်ရှင်ချင်တယ်။ ဒီလောကကြီးကို နောက်ထပ် မြင်ချင်သေးတယ်။ အို…ကောင်းကင် ဘုရားရေ…။

ဘွားဘွားရဲ့ သစ္စာစကားကို ကောင်းကင်ဘုရား ကြားသွားလို့လား မသိဘူး၊ သူ့ရဲ့ ခြောက်ကပ်နေတဲ့ မျက်ဝန်းထဲမှာ အရည်တွေ တစ်ဖန်ရွှမ်းလာပြန်ပြီ။ ကောင်းကင် နိုင်ငံတော်က လာတဲ့၊ ဆန်းကြယ်တဲ့ အလင်းတစ်ခု သူ့မျက်လုံးထဲ တောက်ပလာတယ်။ ဘွားဘွားဟာ အဖေ့ရဲ့ ရွှေဝါရောင်မျက်နှာရယ်၊ ဘိုးဘိုးနဲ့တူတဲ့ မျက်လုံးတစ်စုံရယ်ကို ပြန်မြင်လာရပြီ။ ဘွားဘွား နှုတ်ခမ်း ဖွဖွလှုပ်ပြီး 'တို့ကွမ်း' လို့ တစ်ချက်ခေါ်တော့ အဖေက ဝမ်းသာအားရနဲ့-

"အမေ၊ အမေ ပြန်ကောင်းလာပြီ။ အမေ မသေရဘူး။ ကျုပ် အမေ့သွေးတွေကို တိတ်အောင်လုပ်ပေးလိုက်ပြီ။ သွေး မထွက်တော့ဘူး။ ကျုပ် အခုပဲ အဖေ့ကို အမေ့ဆီ လာတွေ့ဖို့ သွားခေါ်မယ်။ အမေ မသေရဘူးနော်။ အဖေ့ကို စောင့်နေနော်"

အဖေ ပြေးသွားတယ်။ အဖေ့ခြေသံတွေက ညင်သာတဲ့ စကားသံတွေ ဖြစ်သွား တယ်။ ခုနက ကြားရတဲ့၊ ကောင်းကင်နိုင်ငံတော်ကလာတဲ့ ဂီတသံတွေ ဖြစ်သွားတယ်။ စကြဝဠာရဲ့ အသံကို ဘွားဘွား ကြားရတယ်။ အဲဒီ အသံက ဆန်ပြောင်းနီတွေဆီက လာတဲ့အသံ။ ဘွားဘွားက ဆန်ပြောင်းနီတွေကို စိုက်ကြည့်နေတယ်။ မှုန်ရီနေတဲ့ သူ့ မျက်ဝန်းထဲမှာ ဆန်ပြောင်းတွေဟာ တစ်မူထူးခြားစွာ၊ မတူဆန်းပြားစွာ ရှိနေကြတယ်။ ညည်းညူလျက်၊ တွန့်လိမ်လျက်၊ ဟစ်ကြွေးလျက်၊ ရစ်တွယ်လျက် ရှိနေကြတာ သူတို့ဟာ တော်ကြာနေရင်း မကောင်းဆိုးဝါးနဲ့ တူလိုက်၊ တော်ကြာနေရင်း ဆွေမျိုးရင်းချာနဲ့တူလိုက်။

mgyoe.com

mgyoe.com SAMPLE BOOK

သူတို့ဟာ ဘွားဘွားမျက်စိထဲမှာ မြွေပမာ ရစ်ခွေနေလိုက်၊ ရှုးရှုးရှဲရှဲနဲ့ ပါးပျဉ်းထောင်လာလိုက် ရှိနေကြတယ်။ သူတို့ရဲ့ အရောင်အဆင်းကို ဘွားဘွား ပြောမပြနိုင်တော့ဘူး။ သူတို့ဟာ နီနီစိမ်းစိမ်း၊ ဖြူဖြူမည်းမည်း၊ ပြာပြာစိမ်းစိမ်း။ သူတို့က ဝါးလုံးကွဲ ရယ်ကြတယ်။ ချုံးပွဲချ ငိုကြတယ်။ ငိုလို့ ထွက်ကျလာတဲ့ မျက်ရည်တွေက ဘွားဘွားရင်ထဲက တစပြင်လို ဖြစ်နေတဲ့ သဲသောင်ပြင်ပေါ်ကို မိုးစက်တွေလို ရွာချကြတယ်။ ဆန်ပြောင်းစပ်ကြားကို ကောင်းကင်ပြာပြာတွေနဲ့ ကွပ်ထားတယ်။ ကောင်းကင်ကြီးဟာ ဟောဒီလောက်ကို အမြင့်ကြီး ဖြစ်သလို ဟောဒီလောက်လည်း နိမ့်နိမ့်ကလေး ဖြစ်နေပြန်တယ်။ ကောင်းကင်ကြီးဟာ မြေကြီးရယ်၊ လူရယ်၊ ဆန်ပြောင်းရယ်နဲ့ အတူတကွ ရက်ရှယ်ထားပြီးတော့ အားလုံးဟာ ဧရာမ အမိုးကြီးတစ်ခုအောက်မှာ ဖုံးအုပ်ခံထားရတယ်လို့ ဘွားဘွား ခံစားမိတယ်။ ကောင်းကင်ထက်က တိမ်ဖြူတွေ ဆန်ပြောင်းတွေကို ရှပ်တိုက်သွားသလို ဘွားဘွားမျက်နှာကိုလည်း ရှပ်တိုက်သွားကြတယ်။ တိမ်ဖြူရဲ့ အနားသွားမာမာတွေက ဘွားဘွားမျက်နှာပေါ်မှာ တကျစ်ကျစ်မြည်။ တိမ်ဖြူရဲ့ အရိပ်ဟာ တိမ်ဖြူနဲ့အတူ ထက်ကြပ်မကွာ လိုက်လို့နေ။ ဖွေးဖွေးဖြူတဲ့ ချိုးဖြူတစ်အုပ် ကောင်းကင်အမြင့်ကနေ ထိုးဆင်းလာပြီး ဆန်ပြောင်းပင်ဖျားမှာ နားနေကြတယ်။ ချိုးကူသံကြောင့် နိုးထလာတဲ့ ဘွားဘွားဟာ ချိုးငှက်တွေရဲ့ ပုံပန်းသဏ္ဌာန်ကို ထင်ထင်ရှားရှားကြီး မြင်လိုက်ရတယ်။ ချိုးငှက်တွေကလည်း ဘွားဘွားကို ဆန်ပြောင်းစေ့တွေလောက်ရှိတဲ့၊ နီရဲတွတ်နေတဲ့ မျက်လုံးကလေးတွေနဲ့ ပြန်ကြည့်ကြတယ်။ ဘွားဘွားက ချိုးငှက်တွေကို ဟန်ဆောင်မှု ကင်းစွာ ပြုံးပြလိုက်တယ်။ ချိုးငှက်တွေကလည်း နောက်ဆုံးအချိန်မှာ ဘဝအပေါ် ထားရှိတဲ့ ဘွားဘွားရဲ့ တွယ်တာစိတ်နဲ့ ချစ်စိတ်တွေကို အပြုံးကြီးတွေနဲ့ တုံ့ပြန်ကြတယ်။ အမျိုးတို့ရေ၊ နင်တို့ကို ငါ မခွဲနိုင်ဘူးဟယ်လို့ ဘွားဘွား အကျယ်ကြီး အော်မိတယ်။ ချိုးငှက်တွေက ဆန်ပြောင်းနှံတွေ တစ်တွဲပြီးတစ်တွဲ ဆိတ်ယူသွားပြီး ဘွားဘွားရဲ့ အသံတိတ်မြည်တမ်းမှုကို တုံ့ပြန်လိုက်တယ်။ ချိုးငှက်တွေဟာ ဆန်ပြောင်းတွေကို ထိုးဆိတ်ကာ ဝါးမျိုရင်း သူတို့ရင်ပုံတွေ တဖြည်းဖြည်း မို့ဖောင်းလာကြတယ်။ စိတ်လှုပ်ရှားစွာ အစာထိုးဆိတ်ရင်း သူတို့အမွေးအတောင်တွေ ထိုးထိုးထောင်လာကြတယ်။ အဲဟို ယပ်တောင်ပုံ အမြီးတောင်ဟာ မိုးထဲလေထဲ လှုပ်ခါနေတဲ့ ပွင့်ချပ်ပမာ။ အိမ်က တံစက်မြိတ်အောက်မှာ ချိုးတွေ တစ်အုပ်လိုက်ကြီး မွေးခဲ့ဖူးတယ်။ ဆောင်းဦးရာသီ ရောက်ရင် ဘွားဘွားက ဝင်းထဲမှာ ရေကြည်အပြည့်ဖြည့်ထားတဲ့ သစ်သားဇလုံကြီးတစ်လုံး ချပေးထားတယ်။ ယာတောထဲက ပျံလာကြတဲ့ ချိုးငှက်တွေဟာ ဇလုံနှုတ်ခမ်း ပတ်လည်မှာ ညီညီညာညာ ဆောင့်ကြောင့်ထိုင်လျက် ရေကြည်ထဲက ကိုယ့်အရိပ် ကိုယ်ကြည့်ရင်း စလုတ်ထဲက ဆန်ပြောင်းစေ့တွေကို တထွီထွီ ထွေးထုတ်ကြတယ်။ ချိုးငှက်တွေ ဝင်းထဲမှာ ဟန်တစ်လုံးပန်တစ်လုံးနဲ့ လျှောက်သွားကြတယ်။ ချိုးငှက်။ ငြိမ်းချမ်းတဲ့၊ အချိန်စီးတဲ့

mgyoe.com
SAMPLE BOOK

ဆန်ပြောင်းဦးခေါင်းထက်မှာ စစ်ဘေးကြောင့် အိမ်ကနေ ထွက်ပြေးလာခဲ့ကြရရှာတဲ့ ချိုးငှက်တစ်သိုက် နားခိုနေကြတယ်။ ဘွားဘွားကို စိုက်ကြည့်နေကြတဲ့ သူတို့ဟာ ဘွားဘွားဆီမှာပဲ ကြေကွဲစွာ ရင်ဖွင့်နေကြသယောင်။

ဘွားဘွားမျက်လုံးတွေ ဝေဝါးလာပြန်ပြီ။ ချိုးငှက်တွေ တောင်ပံ တဖျပ်ဖျပ် ခတ်ကာ ပျံတက်ရင်း အတော်ကလေး ရင်းနှီးပြီးသားဖြစ်တဲ့ တေးသွားတစ်ပုဒ်ရဲ့ စည်းချက်နဲ့အညီ ပင်လယ်နဲ့တူတဲ့ ကောင်းကင်ပြာပြာထက်မှာ ပျံသန်းသွားကြတယ်။ ဘွားဘွား လွင့်ပျံတက်လာပြီး ချိုးငှက်တွေနည်းတူ အသစ်ပေါက်လာတဲ့ တောင်ပံ တစ်စုံကို ခတ်ကာ ပေါ့ပါးစွာ ဝဲပျံနေတယ်။ မြေသားနက်က သူ့အောက်မှာ၊ ဆန်ပြောင်းတွေက သူ့အောက်မှာ။ စုတ်ပြတ်နေတဲ့ ကျေးရွာ၊ ကွေ့ကောက်နေတဲ့ မြစ်ကြောင်း၊ ရောယှက်နေတဲ့ လမ်းတွေကို ဘွားဘွား လွမ်းတသသ ကြည့်နေမိတယ်။ ချစ်ချစ်တောက်ပူတဲ့ ကျည်ဆန်တွေ ထိမှန်လို့ ကွဲပြဲသွားတဲ့ လောကကြီးရယ်၊ သေခြင်းနဲ့ ရှင်ခြင်း လမ်းဆုံမှာ တွေဝေငေးမောနေကြတဲ့ သတ္တဝါအပေါင်းရယ်ကိုလည်း ကြည့်နေမိတယ်။ နောက်ဆုံး အကြိမ်အနေနဲ့ ဘွားဘွားဟာ ဆန်ပြောင်းအရက်ရဲ့ အနံ့ကို ရှူရှိုက်နေတယ်။ ညှီအိမ့်အိမ့် သွေးပုပ်ရဲ့ အနံ့ကို ရှူရှိုက်နေတယ်။ တစ်ခါမှ မမြင်ဖူးတဲ့ မြင်ကွင်းတစ်ခု ဘွားဘွား ခေါင်းထဲမှာ ဖျတ်ခနဲ ပေါ်လာတယ်။ မညှာမတာ ရွာကျလာတဲ့ ကျည်ဆန်မိုးသည်းထဲမှာ စုတ်ပြတ်သတ်နေတဲ့ အဝတ်အစားတွေနဲ့ ရုပ်ဆွေရွာမျိုးတွေ ဆန်ပြောင်းတောထဲ ခြေလက် ကားရား လဲလို့နေ…။

လူ့လောကနဲ့ ဆက်သွယ်ထားတဲ့ နောက်ဆုံးကြိုးတစ်မျှင် ပြတ်လုနီးပြီ။ ရှိရှိသမျှသော ပူပန်မှုတွေ၊ နာကျင်မှုတွေ၊ တုန်လှုပ်မှုတွေ၊ စိတ်ပျက်အားလျော့မှုတွေ အားလုံး ဆန်ပြောင်းတောထဲ ကျရောက်လာကြတယ်။ ဆန်ပြောင်းနှံတွေပေါ် မိုးသီး ကြွေကျတဲ့ပမာ ရိုက်ခတ်နေကြတယ်။ မြေသားနက်မှာ အမြစ်တွယ်ပြီး ဖူးပွင့်လာတဲ့ ဖန်တွတွ အသီးဟာ နောက်မျိုးဆက်တွေ တစ်ဆက်ပြီးတစ်ဆက် ဆက်ခံရဦးမယ်။ ဘွားဘွား လွတ်မြောက်သွားပြီ၊ ချိုးငှက်တွေနဲ့အတူ ပျံသန်းသွားနေပြီ။ သေးကျုံ့သွားလိုက်တာ လက်သီးဆုပ်လောက်သာ ရှိတော့တဲ့ သူ့အတွေးနယ်ထဲမှာ ပျော်ရွှင်မှု၊ ဆိတ်ငြိမ်မှု၊ နွေးထွေးမှု၊ သာယာမှု၊ သဟဇာတဖြစ်မှုတို့နဲ့ ပြည့်လျှမ်းနေတယ်။ ဘွားဘွား ကျေနပ်အားရတယ်။ သူက ကြည်ညိုသဒ္ဓါထက်သန်စွာ မြည်တမ်းလိုက်တယ်

"ကောင်းကင်ဘုရားရေ၊ အို…ကောင်းကင်ဘုရားရေ…"

✧

mgyoe.com

mgyoe.com SAMPLE BOOK

# ၉

လော်ရီကားပေါ်က စက်သေနတ်တွေ တရစပ် ပစ်ခတ်နေတယ်။ ကားဘီးတွေလည်း လည်ပတ်လို့ ကြုံကြုံခိုင်တဲ့ ကျောက်တံတားကြီးပေါ်ကို တက်လာနေပြီ။ သတိမထားဘဲ တာရိုးပေါ် ခေါင်းဖော်မိတဲ့ ရဲဘော်တွေ တာရိုးအောက်မှာ တုံးလုံးမှောက် သေကုန်ပြီ။ ဘိုးဘိုး ဒေါသမီးတောက်နေတယ်။ ကားတွေအကုန် တံတားပေါ်တက်လာပြီ။ စက်သေနတ်ကျည်ဆန်တွေလည်း တဝီဝီ ပျံလို့နေတယ်။ ဘိုးဘိုးက "ညီနောင်တို့ရေ၊ ပစ်"လို့ ပြောလိုက်တယ်။ ဘိုးဘိုးက သေနတ်သုံးချက် ဒိုင်း ဒိုင်း ဒိုင်း ပစ်လိုက်တာ ဂျပန်စစ်သားနှစ်ယောက် ကားခေါင်မိုးပေါ် မှောက်သွားပြီး ကားခေါင်းပေါ်ကို သွေးမည်းမည်းတွေ ပေကျံသွားတယ်။ ဘိုးဘိုးရဲ့ သေနတ်သံနဲ့အတူ လမ်းရဲ့ အရှေ့၊ အနောက် နှစ်ဖက်က တာရိုးအကွယ်ကနေ စုတ်ပြတ်သတ်နေတဲ့ သေနတ်သံတွေ မြည်လာကြပြီး ဂျပန်စစ်သား ခုနစ်ယောက်၊ ရှစ်ယောက် လဲကျသွားတယ်။ ဂျပန်စစ်သားနှစ်ယောက် ကားအောက်ကို ပြုတ်ကျလာတယ်။ ခြေလက်တွေ လူးလွန့်ရင်း တံတားဘေးနှစ်ဖက်က ရေမည်းထဲကို တည့်တည့်ထိုးကျသွားကြတယ်။ ဖန်းညီနောင်ရဲ့ လုပ်အမြောက်ကြီးက ဒေါမာန်ဟုန်နဲ့ တစ်ချက်မြည်းဟိန်းလိုက်တာ၊ မီးတောက်ကြီးတစ်ခု ပန်းထွက်လာပြီး မြစ်ကြောင်းထက်မှာ ကြောက်စရာကောင်းစွာ တစ်ချက်ပြက်ပြီး သံလုံးတွေ၊ သံစေ့တွေ အကုန်လုံး ဒုတိယကားပေါ်မှာ တင်လာတဲ့ အိတ်ဖြူဖြူတွေပေါ် ကျရောက်သွားကြတယ်။ ယမ်းမီးတောက်ပြီးတဲ့နောက်မှာ မရေမတွက်နိုင်သော အပေါက်တွေဆီကနေ ဖြူဖြူဖွေးဖွေး ဆန်စေ့တွေ တဝေါဝေါစီးကျလာတော့တယ်။ ကျွန်တော့်အဖေဟာ ဘိုးဘိုးနဲ့ စကားပြောချင်ဇောနဲ့ ဆန်ပြောင်းတောထဲကနေ တာရိုးဘက်ကို မြွေသွားသွားခဲ့တယ်။ ဘိုးဘိုးက ပစ္စတိုထဲကို ကျည်ဆန်တွေ

mgyoe.com

mgyoe.com
SAMPLE BOOK

ကပျာကယာ သိပ်ထည့်နေတယ်။ မိစ္ဆာကောင်တွေရဲ့ ပထမလော်ရီကားက တံတားပေါ်ကို ဆိုကုန်နင်းပြီး တက်လာခဲ့တာ၊ မိုးပေါ်ထောင်ထားတဲ့ ထွန်ခြစ်သွားတွေနဲ့ ညားလို့ ရှေ့ဘီး ပေါက်သွားတယ်။ ကားက တဝူးဝူး မြည်လျက် တရကြမ်း တိုးလာခဲ့လို့ ထွန်ခြစ်တွဲတွေ နောက်ကို တရတွန်း ဆုတ်သွားတယ်။ ကားကြီးဟာ ဖြူကောင်ကို မျိုမိလို့ လည်ပင်းကို နာကျင်ခံခက်စွာ ခါယမ်းနေတဲ့ မြွေတစ်ကောင်နဲ့ တူနေသလား အဖေ ခံစားမိတယ်။ ပထမကားပေါ်က မိစ္ဆာကောင်တွေ တဖွဲဖွဲ ခုန်ဆင်းလာကြတယ်။ ဘိုးဘိုးက "လျှူကြီး၊ ခရာမှုတ်" လို့ ပြောလိုက်တယ်။ နှဲဆရာလျှူလည်း နှဲကြီးကို မှုတ်တယ်။ နှဲသံဟာ ကြေကွဲဖွယ်၊ ထိတ်လန့်ဖွယ် ကောင်းလှတယ်။ "တက်…" ဘိုးဘိုးက အော်ပြီးတာနဲ့ သေနတ်ဆွဲကာ ခုန်ထလာပြီး ချိန်တောင် မချိန်ဘဲ ပစ်ထည့်လိုက်တာ ဂျပန်စစ်သားတွေ တစ်ယောက်ပြီး တစ်ယောက် သူ့သေနတ်ပြောင်းဝမှာ ကုန်းသွား၊ ကော့သွားကြတယ်။ အနောက်တက်က ရဲဘော်တွေလည်း ကားရှေ့ကို ပြေးတက်လာကြတယ်။ ရဲဘော်တွေနဲ့ ဂျပန်စစ်သားတွေ ရောကုန်ပြီ။ နောက်ကားတွေ ပေါ်က ဂျပန်စစ်သားတွေလည်း သေနတ် မိုးပေါ်ထောင် ပစ်ကြတယ်။ ကားပေါ်မှာ မိစ္ဆာနှစ်ကောင် ကျန်သေးတယ်။ အာဘာတစ်ယောက် ကားပေါ်ကို တစ်ဟုန်ထိုး ခုန်တက်သွားတာ ဘိုးဘိုးတွေ့လိုက်တယ်။ မိစ္ဆာနှစ်ကောင်က လှံစွပ်နဲ့ ရင်ဆိုင်တယ်။ အာဘာက လှံစွပ်တစ်လက်ကို ဓားနှောင့်နဲ့ ကာပြီး အလိုက်သင့် ပိုင်းထည့်လိုက်တယ်။ သံခမောက်ဆောင်းထားတဲ့ မိစ္ဆာခေါင်းတစ်လုံး လျှောခနဲ ပြတ်ထွက်လာပြီး လေထဲမှာ ငယ်သံပါအောင် အော်လျက် လွင့်ထွက်သွားလိုက်တာ မြေကြီးပေါ် ဖုတ်ခနဲ ကျလာပြီးတာတောင် ပါးစပ်က အသံမြည်နေတုန်းပဲ။ အာဘာ့ဓားချက် တယ်မြန်ပါလားလို့ အဖေ အောက်မေ့မိတယ်။ မိစ္ဆာခေါင်းက ခနွာနဲ့ အိုးစားကွဲခါနီးဆဲဆဲမှာ ဖြစ်ပေါ်ခဲ့တဲ့ ထိတ်လန့်ချောက်ချားတဲ့ မျက်နှာ အမူအရာကို အဖေ မြင်ခဲ့ရတယ်။ ပါးကြွက်သားတွေ အကြောဆွဲ၊ နှာခေါင်းပေါက်ကလည်း တရှုံ့ရှုံ့နဲ့ နှာချေတော့မလား အောက်မေ့ရတယ်။ အာဘာက မိစ္ဆာခေါင်း နောက်တစ်လုံးကို ဖြတ်လိုက်ပြန်တယ်။ အလောင်းကိုယ်ဟာ ကားလက်ရန်းမှာ မှီလျက်၊ လည်ပင်းထက်က အရေပြား ဆတ်ခနဲ တစ်ချက်ကျုံ့သွားပြီး သွေးတွေ တပြွတ်ပြွတ် ပန်းထွက်လာတယ်။ အဲဒီ အခိုက်မှာပဲ နောက်ကားပေါ်က မိစ္ဆာကောင်တွေ စက်သေနတ်နဲ့ ဆွဲထည့်လိုက်လို့ ဘိုးဘိုးရဲ့ ရဲဘော်တွေလည်း မိစ္ဆာအလောင်းတွေပေါ် သစ်သားတိုင်တွေပမာ လဲကျသွားတော့တယ်။ အာဘာလည်း ကားခေါင်းပေါ်မှာ ဖင်ထိုင်ကျတယ်။ ရင်ဘတ်ပေါ်က အပေါက်တွေကနေ သွေးတွေ ပန်းထွက်လျက်။

ဘိုးဘိုးနဲ့ အဖေလည်း ဆန်ပြောင်းတောထဲ တွားဝင်သွားပြီး တာရိုးပေါ်ကနေ ဖြည်းဖြည်းချင်း ခေါင်းပြူလာကြတယ်။ နောက်ဘက်ဆုံးက ကားက တဝူးဝူးနဲ့ နောက်ပြန်ဆုတ်နေတယ်။ ဘိုးဘိုး အော်လိုက်တယ်။

mgyoe.com

mgyoe.com SAMPLE BOOK

"ဖန်းလုတ်၊ အမြောက်ပစ်၊ အဲဟို ခွေးမသားကို ထိအောင်ပစ်"

ဖန်းညီနောင်လည်း ခဲယမ်းထည့်ပြီးသား လုပ်အမြောက်ကြီးကို တာရိုးပေါ် တင်လိုက်တယ်။ စနက်တံ မီးညှိဖို့ ကုန်းလိုက်တဲ့ ဖန်းလုတ်ဗိုက်ကို ကျည်တစ်တောင့် လာမှန်လို့ အူစိမ်းစိမ်းတစ်ခွေ လျှော့ခနဲ ထွက်ကျလာတယ်။ ဖန်းလုတ် အမိ တစ်ချက်တပြီး ဗိုက်ကိုအုပ်ကာ ဆန်ပြောင်းတောထဲ လှိမ့်ဝင်သွားတယ်။ ကားက တံတားပေါ်ကနေ ဆုတ်ခွာသွားတော့မှာမို့ ဘိုးဘိုးလည်း "အမြောက်ပစ်"လို့ စိတ်လောကြီးစွာ အော်လိုက်မိတယ်။ ဖန်းချီးက မီးညှိတံကိုင်ပြီး စနက်တံကို ကတုန်ကယင် မီးသွားညှိပေမယ့် ဘယ်လိုမှ ညှိလို့ မရဘဲ ဖြစ်နေတယ်။ အဲဒါနဲ့ ဘိုးဘိုး ခုန်တက်သွားပြီး မီးညှိတံကို လုယူကာ နှုတ်ခမ်းနားမှာ မှုတ်လိုက်တော့မှ မီးပြန်တောက်လာတယ်။ ဘိုးဘိုးက စနက်တံကို မီးညှိတံနဲ့ တို့လိုက်တယ်။ စနက်တံလည်း တကျည်ကျည်မြည်လျက် မီးခိုးဖြူတွေ ထွက်လာပြီး ပျောက်ခြင်းမလှ ပျောက်သွားတယ်။ လုပ်အမြောက်ကြီးကတော့ တိတ်ဆိတ်ငြိမ်သက်လျက်။ အိပ်ပျော်နေသလား အောက်မေ့ရတယ်။ ဒီအမြောက်တော့ ပေါက်မှာမဟုတ်ပါဘူးလေလို့ အဖေ အောက်မေ့မိတယ်။ မိစ္ဆာလော်ရီကား တံတားထိပ်ကနေ ဆုတ်ခွာသွားပြီ။ ဒုတိယတစ်စီးနဲ့ တတိယတစ်စီးလည်း လိုက်ဆုတ်နေကြပြီ။ ကားပေါ်က ဆန်တွေ တဝေါဝေါ စီးကျလျက်။ တံတားပေါ် စီးကျ၊ မြစ်ရေထဲ စီးကျလို့ မြစ်ရေပြင် တစ်ခုလုံး အစက်အပြောက်တွေ ထင်လာတယ်။ မိစ္ဆာအလောင်းတချို့ အရှေ့ဘက်ကို တအိအိ မျောလျက်။ အလောင်းက သွေးတွေ မြစ်ရေကို စွန်းထင်း။ သွေးစွန်းရေထဲမှာ ငါးရှဉ့်ဖြူတွေ အုပ်လိုက်ကူးခတ်။ လုပ်အမြောက်ကြီးဟာ တစ်အောင့်လောက် ငြိမ်နေပြီး သကာလ အုန်းခနဲ ထပေါက်တယ်။ အမြောက်ရဲ့သံမဏိကိုယ်ထည် တာရိုးကနေ အမြင့်ကြီး ခုန်တက်ကာ ကျယ်ပြောတဲ့ မီးလျှံကြီးတစ်ခု ထွက်လာပြီးတော့ ဆန်စေ့တွေ စီးကျနေတဲ့ ကားကြီးကို တည့်တည့်ထိမှန်သွားတယ်။ ကားအောက်ပိုင်းကနေ မီးထတောက်တယ်။

တံတားပေါ်က ဆုတ်နေတဲ့ကား ရပ်သွားပြီ။ ကားပေါ်က မိစ္ဆာကောင်တွေ တဖွဲဖွဲ ခုန်ဆင်းလာပြီး မျက်နှာချင်းဆိုင်က တာရိုးပေါ်မှာ သွားဝပ်ကာ စက်သေနတ် ထောင်ပြီး ဒီဘက်ကို တရစပ်ပစ်ခတ်လာတယ်။ ဖန်းလုတ်မျက်နှာ သေနတ်တစ်ချက် မှန်တယ်။ နှာခေါင်းတစ်ခုလုံး စုတ်ပြတ်သတ်သွားပြီ။ သူ့သွေးတွေ စဉ်လာလို့ အဖေ့ မျက်နှာတစ်ခုလုံး ပေကျံသွားတယ်။

မီးလောင်နေတဲ့ ကားပေါ်က မိစ္ဆာနှစ်ကောင် ကားတံတားဖွင့် ခုန်ဆင်းလာပြီး မြစ်ထဲကို ကမန်းကတန်း ခုန်ချတယ်။ အလယ်က ဆန်တင်လာတဲ့ ကားကတော့ ရှေ့တိုး မရ၊ နောက်ဆုတ် မရ ဖြစ်နေလို့၊ တံတားပေါ်မှာ သွေးရူးသွေးတန်း မြည်တမ်းလျက်၊ ကားဘီးကလည်း ကမူးရှူးထိုး လည်ပတ်နေတယ်။ ဆန်စေ့တွေ ဆိုတာ မိုးရွာကျသလို တဝေါဝေါကို စီးကျလာတယ်။

mgyoe.com

mgyoe.com
SAMPLE BOOK

မျက်နှာချင်းဆိုင်က မိစ္ဆာကောင်တွေ ရုတ်တရက် အပစ်ရပ်သွားတယ်။ ပစ္စတိုတချို့သာ ဒိုင်းခနဲ ဒိုင်းခနဲ မြည်ကျန်ရစ်တယ်။ မိစ္ဆာဆယ်ကောင်ကျော် သေနတ်ပွေ့လျက် မီးလောင်ကားရဲ့ ဘေးနှစ်ဖက်တစ်လျှောက် မြောက်ဘက်ဆီကို ကုန်းကုန်းကွကွ တက်သွားကြတယ်။ ဘိုးဘိုးက "ပစ်"လို့ အော်လိုက်ပေမယ့် လိုက်ပစ်သူဟာ မပြစ်စလောက်။ အဖေ လည်ပြန်ကြည့်လိုက်တော့ တာရိုးပေါ် တာရိုးအောက်မှာ ရဲဘော်တွေရဲ့ အလောင်းတွေဟာ အတုံးအရုံး။ ဒဏ်ရာရတဲ့ ရဲဘော်တွေလည်း ဆန်ပြောင်းတောထဲမှာ ညည်းညူအော်ဟစ်နေကြတယ်။ ဘိုးဘိုး တရစပ် ပစ်လိုက်လို့ တံတားပေါ်က မိစ္ဆာကောင်တွေ အောက်ပြုတ်ကျကုန်တယ်။ လမ်းအနောက်ဘက်ကလည်း သေနတ်သံတချို့ မြည်လာလို့ မိစ္ဆာတချို့လဲကျသွားသေးတယ်။ မိစ္ဆာကောင်တွေ ပြန်ဆုတ်သွားပြီ။ မြစ်တောင်ဘက် တာရိုးက ပစ်လိုက်တဲ့ ကျည်ဆန်တစ်တောင့် ဘိုးဘိုးလက်မောင်းကို လာမှန်တယ်။ ဘိုးဘိုးသေနတ် လက်က လွတ်ကျပြီး လည်ပင်းမှာ တွဲလောင်း ချိတ်နေတယ်။ ဘိုးဘိုး ဆန်ပြောင်းတောထဲ ဆုတ်ခွာလာခဲ့ပြီး "တို့ကွမ်း၊ ငါ့ ကူပါဦးကွာ"လို့ လှမ်းအော်ပြောတယ်။ ဘိုးဘိုးက အင်္ကျီလက်ကို ဆွဲဖြဲလိုက်တယ်။ အဖေ့ကို သူ့ခါးကြားထဲက ပိတ်ဖြူကို ဆွဲထုတ်ခိုင်းပြီး အဲဒီဟာနဲ့ ဒဏ်ရာကို ကျပ်စည်းခိုင်းတယ်။ အဖေလည်း အခွင့်သာတာနဲ့ "အဖေ၊ အဖေ့ကို အမေတွေ့ချင်နေတယ်"လို့ ပြောလိုက်တယ်။ ဘိုးဘိုးက "သားလိမ္မာကြီး၊ အဖေနဲ့အတူ အဲဟို ခွေးမသားတွေကို အရင်ရှင်းပစ်လိုက်ရအောင်လားကွာ"လို့ ပြောတယ်။ အဖေ လွှင့်ပစ်ခဲ့တဲ့ ဘရောင်နင်ပစ္စတိုကို ဘိုးဘိုးက ခါးကြားထဲကနေ ထုတ်ပေးလိုက်တယ်။ နဲ့ဆရာလျူက သွေးသံရဲရဲ ပေါင်တစ်ဖက်ကို တရွတ်ဆွဲလျက် တာရိုးကနေ တက်လာတယ်။ သူက မေးတယ်-

"တပ်မှူး၊ ခရာမှုတ်ရမလား"

"မှုတ်ကွာ"

ဘိုးဘိုး ပြောလိုက်တယ်။

နဲ့ဆရာလျူဟာ ခြေတစ်ဖက်ဒူးထောက်၊ ခြေတစ်ဖက်တရွတ်ဆွဲလျက် နဲ့ကြီးကို မိုးပေါ်ထောင်ကာ အနီရင့်ရောင်အသံတွေ လွင့်ပျံထွက်လာအောင် မှုတ်လိုက်တယ်။

"ညီနောင်တို့ရေ၊ တက်"

ဘိုးဘိုး အကျယ်ကြီး အော်တယ်။

လမ်းအနောက်ခြမ်းက ဆန်ပြောင်းတောထဲကလည်း အသံတချို့ လိုက်အော်လာကြတယ်။ ဘိုးဘိုးဟာ ဘယ်လက်နဲ့ သေနတ်ကိုင်ပြီး ခုန်ထလိုက်ခါရှိသေး၊ သူ့ပါးပြင်ဘေးကနေ ကျည်ဆန်တွေ ရှပ်ပျံသွားကြလို့၊ ဘိုးဘိုးလည်း မြေကြီးပေါ် လှဲချလူးလိမ့်ပြီး ဆန်ပြောင်းတောထဲ ပြန်ဝင်သွားခဲ့တယ်။ လမ်းအနောက်ဘက် တာရိုးကနေ ငယ်သံပါတဲ့ အော်သံတစ်သံ ထွက်လာတယ်။ နောက်ထပ် ရဲဘော် တစ်ယောက် သေနတ်မှန်သွားပြီဆိုတာ အဖေ သိလိုက်တယ်။

mgyoe.com

mgyoe.com SAMPLE BOOK


နှဲဆရာလျှက နှဲကြီးကို မိုးပေါ်ထောင်မှုတ်တယ်။ အနီရင့်ရောင် အသံကြောင့် ဆန်ပြောင်းပင်တွေ လှုပ်ခါသွားတယ်။

ဘိုးဘိုးက အဖေ့လက်ကို ဖမ်းဆုပ်ထားပြီး ''သား၊ အဖေနဲ့ လိုက်ခဲ့၊ လမ်းအနောက်ဘက်က ညီနောင်တွေနဲ့ သွားပေါင်းကြရအောင်''လို့ ပြောတယ်။

တံတားပေါ်က ကားတွေ အငွေ့တလူလူ။ တပျတ်ပျတ် မြည်နေတဲ့ မီးတောက်ထဲမှာ ဆန်တွေဟာ ဆီးနှင်းဥတွေလို မြစ်ပြင်ထက်မှာ ဝဲပျံလျက်။ ဘိုးဘိုးဟာ အဖေ့ကိုဆွဲပြီး ကားလမ်းကို ခုန်လွှားဖြတ်ကျော်လာခဲ့တယ်။ သူတို့နောက်က လိုက်လာတဲ့ ကျည်ဆန်တွေက လမ်းမျက်နှာပြင်ပေါ် တဒိုင်းဒိုင်းကျတယ်။ တစ်မျက်နှာလုံး တူးချစ်ပြီး အရေပြားတွေ ကွဲအက်နေတဲ့ ရဲဘော်နှစ်ယောက် ဘိုးဘိုးနဲ့ အဖေ့ကို တွေ့တော့ ပါးစပ်ကြီး ဖြဲကာ ငိုယိုပြောတယ်။

''တပ်မှူး၊ ကျုပ်တို့ တပ်လုံးပြုတ်ပြီဗျာ''

ဘိုးဘိုးလည်း ဆန်ပြောင်းတောထဲ ခေါင်းငိုက်စိုက် ထိုင်ကျသွားတယ်။ အတော်ကြာအောင် ခေါင်းပြန်ထောင် မလာနိုင်ခဲ့ဘူး။ မြစ်တစ်ဖက်ကမ်းက မိစ္ဆာကောင်တွေလည်း အပစ်ရပ်လိုက်ကြပြီ။ တံတားပေါ်မှာတော့ ကားမီးလောင်နေတဲ့ အသံတွေ မြည်လျက်။ လမ်းအရှေ့ဘက်မှာက နှဲဆရာလျှုရဲ့ နှဲကြီးသံ။

· အဖေ့မှာ ကြောက်စိတ် မရှိတော့ဘူး။ သူက တာရိုးတစ်လျှောက် အနောက်ဘက်ဆီ တစ်ဖြတ်လောက် လစ်ထွက်လာခဲ့ပြီး ရော်ဝါဝါမြက်ပင်တစ်ဖုတ်ကြားကနေ တိတ်တိတ်ကလေး ခေါင်းပြူကြည့်တယ်။ မီးမလောင်သေးဟဲ့ ဒုတိယကားရဲ့ နောက်ခန်းကနေ ဂျပန်စစ်သားတစ်ယောက် ခုန်ဆင်းလာတာ အဖေ မြင်လိုက်ရတယ်။ တစ်ဖန် ဂျပန်စစ်သားက ကားရှေ့ခန်းကနေ မိစ္ဆာအိုကြီးတစ်ကောင်ကို ဆွဲထုတ်လာပြန်တယ်။ မိစ္ဆာအိုဟာ တစ်မူထူးစွာ ပိန်လှီလှတယ်။ ဖွေးဖွေးဖြူတဲ့ လက်အိတ်အစုံ စွပ်ထားပြီး တင်ပါးမှာလည်း ဓားရှည်တစ်လက် ချိတ်ထားသေးတယ်။ သားရေလည်ရှည်ဘွတ်ဖိနပ်က ဒူးခေါင်းအထိ မြင့်တယ်။ သင်းတို့က ကားနံဘေးကနေ တံတားတိုင်ကို တွယ်ဆင်းမလို့ လုပ်တယ်။ အဖေက ဘရောင်နင်ပစ္စတိုကို ထောင်လိုက်တယ်။ သူ့လက်က ကတုန်ကယင်။ ဟိုမိစ္ဆာအိုရဲ့ ဖင်ပြားပြားက အဖေ့သေနတ်ပြောင်းဝမှာ ယီးတီးယိုင်တိုင် လာလုပ်နေတယ်။ အဖေလည်း အံကိုကြိတ်၊ မျက်စိမှိတ်ပြီး သေနတ်မောင်းကို ဖြုတ်လိုက်တယ်။ ဘရောင်နင်က ဒိုင်းခနဲမြည်၊ ကျည်ဆန်က ရှူးခနဲ ထွက်ပြီး ရေထဲ ထိုးဆင်းသွားလို့ ငါးရှဉ့်ဖြူ တစ်ကောင်ရဲ့ ဗိုက်ကို သွားမှန်တယ်။ ဂျပန်အရာရှိ ရေထဲ ပြုတ်ကျသွားတယ်။ အဖေ ထအော်တယ်။

''အဖေ၊ အရာရှိကြီးဗျ''

အဖေ့နောက်စေ့ကနေ သေနတ်သံတစ်ချက် မြည်လာတယ်။ မိစ္ဆာအိုရဲ့ ဦးခေါင်း ပွင့်ထွက်သွားပြီး ရေထဲမှာ သွေးတစ်ကွက် ပွက်ထွက်လာတယ်။ ကျန်တဲ့ မိစ္ဆာကောင်

mgyoe.com

mgyoe.com
SAMPLE BOOK


ကတော့ တံတားကျောက်တုံးအကွယ်ဆီကို လေးဖက်ထောက်ပြီး ဝင်ပုန်းတယ်။

မိစ္ဆာကောင်တွေရဲ့ ကျည်ဆန်မိုး ရွာကျလာပြန်ပြီ။ ဘိုးဘိုးက အဖေ့ကို ဝပ်နေအောင် ဖိထားတယ်။ ကျည်ဆန်တွေက ဆန်ပြောင်းတောထဲမှာ တဒိုင်းဒိုင်းမြည်။

"ဒါမှ ငါ့သားကွ"လို့ ဘိုးဘိုး ပြောလိုက်တယ်။

သူတို့ ပစ်သတ်လိုက်တဲ့ မိစ္ဆာကောင်ကြီးဟာ နာမည်ကျော် စစ်ဗိုလ်ချုပ် နာကာအိုကာ နီတာကာမှန်း အဖေနဲ့ ဘိုးဘိုး မသိခဲ့ကြဘူး။

နဲ့ဆရာလျှုရဲ့ နဲ့ကြီးက အသံမစဲ။ ကောင်းကင်က နေလုံးဟာ ကားမီးတောက် အရှိန်ကြောင့် နီတစ်ခါ စိမ်းတစ်လှည့်နဲ့ ကျုံ့ကျုံ့ယုံ့ယုံ့ ဖြစ်ချင်နေပြီ။

အဖေ ပြောတယ်။

"အဖေ၊ အမေက အဖေ့ကို တွေ့ချင်လို့တဲ့၊ ခေါ်ခိုင်းလိုက်တယ်"

ဘိုးဘိုး မေးတယ်။

"မင်းအမေ အသက်ရှိသေးလား"

အဖေ ပြောတယ်။

"ရှိသေးတယ်"

အဖေက ဘိုးဘိုးလက်ကို ဆွဲပြီး ဆန်ပြောင်းတောနက်ထဲဆီ ဝင်သွားကြတယ်။

ဆန်ပြောင်းပင်အောက် လှဲနေတဲ့ ဘွားဘွားရဲ့ မျက်နှာပေါ်မှာ ဆန်ပြောင်း အရိပ်တွေ ကျနေတယ်။ မျက်နှာပေါ်မှာ ကျွန်တော့်ဘိုးဘိုးအတွက် ပြင်ဆင်ထားတဲ့ မြင့်မြတ်တဲ့ အပြုံးရိပ် ချန်ထားတယ်။ ဘွားဘွားမျက်နှာဟာ ဖြူစင်ရှင်းသန့်နေတယ်။ မျက်စိ မမှိတ်သေးဘူး။

ဘိုးဘိုးရဲ့ မာကျောခက်ထန်တဲ့ မျက်နှာပေါ်မှာ မျက်ရည်စီးကြောင်း နှစ်ကြောင်း စီးကျလာတာ အဖေ ပထမဆုံးအကြိမ် မြင်ခဲ့ရတယ်။

ဘိုးဘိုးဟာ ဘွားဘွားနံဘေးမှာ ဒူးထောက်လျက် ဒဏ်ရာမရတဲ့ဘက်က လက်နဲ့ ဘွားဘွားမျက်လွှာကို ချပေးလိုက်တယ်။

၁၉၇၆ ခုနှစ်မှာ ကျွန်တော့်ဘိုးဘိုး ကွယ်လွန်တုန်းကလည်း အမေဟာ လက်ချောင်းနှစ်ချောင်း ချို့တဲ့နေတဲ့ သူ့ဘယ်ဘက်လက်နဲ့ ဘိုးဘိုးရဲ့ ဝိုင်းစက်တဲ့ မျက်လုံး အစုံကို ပိတ်ပေးခဲ့တယ်။ ၁၉၅၈ ခုနှစ် ဂျပန်ပြည် ဟော့ကိုင်းဒိုး တောနက်ထဲကနေ ပြန်လာပြီးတဲ့နောက်ပိုင်း ဘိုးဘိုးဟာ စကားသိပ်မပြောတတ်တော့ဘူး။ သူ့နှုတ်က ထွက်တဲ့ စကားလုံးတိုင်းဟာ အင်မတန် လေးလံတဲ့ ကျောက်တုံးပမာ။ ဘိုးဘိုး ဂျပန်ကနေ ပြန်လာတုန်းက ရွာထဲမှာ အခမ်းအနားကြီးနဲ့ ကြိုဆိုပွဲလုပ်ပေးလို့ မြို့နယ်အုပ်ချုပ်ရေးမှူး ကိုယ်တိုင်တောင် ကြွရောက် ချီးမြှင့်ခဲ့သေးတယ်။ အဲဒီတုန်းက ကျွန်တော် နှစ်နှစ်ပဲ ရှိသေးတယ်။ ကျွန်တော် မှတ်မိသေးတယ်၊ ရွာထိပ်က ဂျင်ဂိုပင်အောက်မှာ ရှစ်ယောက် ထိုင် လေးထောင့်စားပွဲကြီး ရှစ်လုံးကို တန်းစီခင်းထားတာ။ ဝိုင်းတိုင်းမှာ အရက်တစ်အိုးနဲ့

mgyoe.com

mgyoe.com

ပန်းကန်လုံးဖြူကြီး ဆယ်လုံးပါတယ်။ မြို့နယ်အုပ်က အရက်အိုးထဲကနေ အရက် တစ်ပန်းကန် ငှဲ့ပြီး ဘိုးဘိုးကို လက်နှစ်ဖက်နဲ့ ပေးတယ်။

"အဘ သူရဲကောင်းကြီး ခင်ဗျာ၊ အဘကို အရက်တစ်ခွက်နဲ့ ဂုဏ်ပြုပါတယ်၊ အဘဟာ ကျုပ်တို့မြို့နယ်ဂုဏ်ဆောင် ပုဂ္ဂိုလ်ကြီး ဖြစ်ပါတယ်"

ဘိုးဘိုးလည်း အနိုင်နိုင် ထလာပြီး မှိုင်းရီရီ မျက်လုံးတွေ တလည်လည်နဲ့ ပြောရှာတယ်။

"အော့… အော့… သေနတ်… သေနတ်"

ဘိုးဘိုး အရက်ခွက်ကို နှုတ်ခမ်းမှာ တေ့လိုက်တာ ကျွန်တော် မြင်ခဲ့ရတယ်။ သူ့ရဲ့ အရေတွန့်နေတဲ့ လည်ပင်းက စလုတ်ဟာ တက်လိုက် ဆင်းလိုက်၊ အရက်ကတော့ ပါးစပ်ထဲ သိပ်မဝင်ပါဘူး၊ မေးစေ့တစ်လျှောက် သူ့ရင်ဘတ်ပေါ်ကိုသာ စီးကျသွားခဲ့တာပါ။

ကျွန်တော် မှတ်မိသေးတယ်၊ ဘိုးဘိုးက ကျွန်တော့်လက်ကို ဆွဲ၊ ကျွန်တော် က ခွေးနက်လေးတစ်ကောင်ကို ဆွဲကာ ကျွန်တော်တို့ ယာတောထဲ လျှောက်သွားခဲ့ ကြတယ်။ ဘိုးဘိုးက မင်ရည်မြစ်ကူးတံတားကြီးဆီကို အသွားချင်ဆုံးပဲ။ သူက တံတားထိပ်မှာ တံတားတိုင်ကို လက်မှီရင်း ရပ်နေလိုက်တာ တစ်မနက်လုံးနီးပါး၊ သို့မဟုတ် တစ်ညနေလုံးနီးပါးပဲ။ ဘိုးဘိုးမျက်လုံးတွေဟာ တံတားတိုင်ပေါ်က ချိုင့် ခွက်အရာတွေဆီမှာပဲ ရပ်တန့်နေတာကို ကျွန်တော် တွေ့ခဲ့ရတယ်။ ဆန်ပြောင်းတွေ ကြီးထွားလာချိန်မှာ ဘိုးဘိုးက ကျွန်တော့်ကို ဆန်ပြောင်းတောထဲ ခေါ်သွားတယ်။ သူ သွားချင်တဲ့နေရာကလည်း မင်ရည်မြစ်ကူးတံတားကြီးနဲ့ သိပ်မဝေးလှဘူး။ ကျွန်တော် ထင်တယ်၊ အဲဒါ ဘွားဘွား ကောင်းကင်ဘုံဆီ ကြွမြန်းခဲ့ရာ နေရာပဲ ဖြစ်လိမ့်မယ်။ အဲဒီ ရိုးရှင်းလှတဲ့ မြေသားနက်ထဲမှာ ဘွားဘွားရဲ့သွေးတွေ စိမ့်ဝင်နေကယ်။ အဲဒီတုန်းက ကျွန်တော်တို့အိမ်ဟောင်းကြီးကို မဖျက်ရသေးဘူး။ တစ်နေ့မှာ ဘိုးဘိုးက ဝက်စာပင် အောက်က မြေကြီးကို တူးရွင်းတစ်လက်နဲ့ တူးဆွလေတယ်။ သူက ပုစဉ်းသားလောင်း တချို့ တူးမိလို့ ကျွန်တော့်ကို ပေးတယ်။ ကျွန်တော်က ခွေးဆီ ပြန်ပစ်ပေးလိုက်တယ်။ ခွေးက ပုစဉ်းသားလောင်းကို ကိုက်သတ်ပစ်တယ်၊ စားတော့ မစားဘူး။

"အဖေ၊ ဘာတွေ တူးနေတာလဲ"

စားရိပ်သာမှာ ထမင်း သွားချက်ဖို့ ထွက်လာတဲ့ ကျွန်တော့်အမေက မေးလိုက်တယ်။ ဘိုးဘိုးက ခေါင်းမော့ပြီး လောကကြီးနဲ့ ကင်းကွာသွားသလို အကြည့်နဲ့ အမေ့ကို ကြည့်တယ်။ အမေ ထွက်သွားတော့ ဘိုးဘိုးက မြေကြီး ဆက်တူးတယ်။ ဘိုးဘိုးက ကျင်းကြီးတစ်ကျင်း တူးတယ်။ အရွယ်မျိုးစုံ သစ်မြစ် ဆယ်ချောင်းလောက် ပြတ်သွားအောင် တူးပြီးသကာလ ကျောက်ဖျာတစ်ချပ်ကို ဖွင့်လိုက်ပြီး မှောင်နဲ့ မည်းမည်း မြေတိုက်ကလေးတစ်ခုထဲကနေ သံချေးတွေ ရစရာ မရှိအောင် တက်နေတဲ့ သံဘူး တစ်ဘူးကို ယူထုတ်လာခဲ့တယ်။ သံဘူးဟာ မြေကြီးပေါ်ကျတာနဲ့ တစ်စစီ

mgyoe.com

mgyoe.com
SAMPLE BOOK

ဖြစ်သွားတယ်။ အဝတ်စုတ်တစ်စထဲမှာ သံချေးတက်လိုက်တာ နီရဲတွတ်နေတဲ့၊ ကျွန်တော့် အရပ်ထက်တောင် ပိုရှည်တဲ့ သံချောင်းကြီးတစ်ချောင်း ထုပ်ထားတာ။ အဲဒါ ဘာကြီးလဲလို့ ဘိုးဘိုးကို ကျွန်တော် မေးလိုက်တော့ ဘိုးဘိုး ပြန်ဖြေလိုက်တာက။

"အော့… အော့… သေနတ်… သေနတ်"

ဘိုးဘိုးက သေနတ်ကို နေလှန်းထားတယ်။ သူက သေနတ်ရှေ့မှာ ထိုင်ပြီး တစ်အောင့်လောက် မျက်စိဖွင့်နေလိုက်၊ တစ်အောင့်လောက် မျက်စိမှိတ်နေလိုက် လုပ်တယ်။ ပြီးတော့ တစ်ဖန် တစ်အောင့်လောက် မျက်စိဖွင့်နေလိုက်၊ တစ်အောင့်လောက် မျက်စိမှိတ်နေလိုက် လုပ်နေပြန်တယ်။ နောက်ဆုံးမှ ဘိုးဘိုးက မတ်တတ် ထလာပြီးတော့ ထင်းခွဲတဲ့ ပုဆိန်ကြီးတစ်လက် သွားရှာလာပြီး သေနတ်ကို ပုဆိန်နဲ့ လှော်ကော်ပေါက်တယ်။ သေနတ်တစ်လက်လုံး သံစုပ်သံပဲ့ ဖြစ်သွားတော့မှ ဘိုးဘိုးက တစ်စချင်းစီ ကောက်ပြီး တစ်ဝင်းလုံးအနှံ့ လွှော်ကြဲပစ်လိုက်တယ်။

"အဖေ၊ အမေ သေသွားပြီလားဟင်"

အဖေက ဘိုးဘိုးကို မေးတယ်။

ဘိုးဘိုး ခေါင်းညိတ်တယ်။

"အဖေ"

အဖေ ခေါ်လိုက်တယ်။

ဘိုးဘိုးက အဖေ့ခေါင်းကို တစ်ချက်ပွတ်သပ်ပြီး နောက်ကျောကနေ ဓားမြှောင် တစ်လက်ထုတ်ကာ ဆန်ပြောင်းပင်တွေ ခုတ်လှဲပြီး ဘွားဘွားခန္ဓာကိုယ်ကို ဖုံးအုပ် ပေးလိုက်တယ်။

တာရိုးတောင်ဘက်ကနေ သေနတ်သံတွေ၊ ဗြသံတွေ၊ ပေါက်ကွဲသံတွေ ညံတက်လာတယ်။ ဘိုးဘိုးက အဖေ့ကို ဆွဲပြီး တံတားထိပ်ကို ပြေးတက်သွားတယ်။

တံတားတောင်ဘက်က ဆန်ပြောင်းတောထဲကနေ မီးခိုးရောင် ယူနီဖောင်းဝတ် တစ်ရာကျော် ထွက်လာတယ်။ ဂျပန်မိစ္ဆာဆယ်ကောင်ကျော်လောက် တာရိုးပေါ် ပြေးတက် ကြတယ်။ တချို့လည်း ပစ်သတ်ခံရ၊ တချို့လည်း လှံစွပ်နဲ့ ထိုးသတ်ခံရတယ်။ ခါးမှာ ခါးပတ်ထူထူကြီး ပတ်ထားပြီး ခါးပတ်မှာ ခြောက်လုံးပြူး ချိတ်ထားတဲ့ ဆွယ်မှူးလိန် တစ်ယောက် ထောင်ထောင်မောင်းမောင်း ကိုယ်ရံတော်တွေ ခြံရံလျက် မီးလောင်နေတဲ့ မော်တော်ကားကို ကွေ့ကျော်ပြီး တံတားမြောက်ဘက်ဆီကို လှော်ကလာတယ်။ ဆွယ်မှူးလိန်ကို မြင်တာနဲ့ ဘိုးဘိုးက ထူးထူးဆန်းဆန်း တစ်ချက်ရယ်ပြီး တံတားထိပ်မှာ သေနတ်စွဲလျက် ရပ်နေလိုက်တယ်။

ဆွယ်မှူးလိန် ဟိတ်ကြီးဟန်ကြီးနဲ့ လှော်ကလာတယ်။

"ကောင်းလိုက်တဲ့ ပစ်ချက်ဗျာ တပ်မှူးယွီ"

"ခွေးမသား"

mgyoe.com

mgyoe.com SAMPLE BOOK

ဘိုးဘိုး ဆဲတယ်။

"ကျုပ် ရောက်လာတာ နောက်ကျသွားတယ်ဗျာ"

"ခွေးမသား"

"ကျုပ်တို့သာ ရောက်မလာခဲ့ရင် ခင်ဗျား သေပြီနော်"

"ခွေးမသား"

ဘိုးဘိုး သေနတ်ပြောင်းဝက ဆွယ်မှူးလိန်ကို တည့်တည့်ချိန်ထားတယ်။ ဆွယ်မှူးလိန် မျက်ရိပ်တစ်ချက် ပြလိုက်တာနဲ့ ထောင်ထောင်မောင်းမောင်း ကိုယ်ရံတော်နှစ်ယောက်ဟာ ဘိုးဘိုးလက်ထဲက သေနတ်ကို ကျွမ်းကျင်ပိုင်နိုင်စွာ သိမ်းယူပစ်လိုက်တယ်။

အဖေက ဘိုးဘိုးကို လာတက်ဖမ်းတဲ့ ကိုယ်ရံတော်ရဲ့ ဖင်ကို ဘရောင်နင်ပစ္စတိုနဲ့ ပစ်ထည့်လိုက်တယ်။

ကိုယ်ရံတော်တစ်ယောက်က အဖေ့ကို ပက်လက်လန်အောင် ဆောင့်ကန်၊ အဖေ့လက်ကောက်ဝတ်ကို ဖနောင့်နဲ့ ပေါက်ပြီး ဘရောင်နင်ပစ္စတိုကို ကုန်းကောက်လိုက်တယ်။

ဘိုးဘိုးကိုရော အဖေ့ကိုပါ ကိုယ်ရံတော်တွေ ဖမ်းချုပ်လိုက်ကြပြီ။

"ကျောက်ပေါက်လိန်၊ နင့်ခွေးမျက်စိကို ဖွင့်ပြီး ငါ့လူတွေအဖြစ်ကို မြင်အောင်ကြည့်လိုက်ဦး"

ကားလမ်းနံဘေး တာရိုးထက်က ဆန်ပြောင်းတောထဲမှာ ကျဆုံးရဲဘော်တွေ၊ ဒဏ်ရာရ ရဲဘော်တွေ အတုံးအရုံး လဲနေကြတယ်။ နဲ့ဆရာလျူက နဲ့ကြီးကိုသာ ပြတ်တောင်းပြတ်တောင်း ဆက်မှုတ်နေတယ်။ သူ့နှုတ်ခမ်းထောင့်နဲ့ နှာခေါင်းပေါက်တွေဆီကနေ သွေးတွေ စီးကျလျက်။

ဆွယ်မှူးလိန်က စစ်ဦးထုပ်ကို ချွတ်ပြီး လမ်းအရှေ့ဘက်က ဆန်ပြောင်းတောဆီကို ဦးတစ်ချက် ညွတ်တယ်။ လမ်းအနောက်ဘက်က ဆန်ပြောင်းတောဆီကို ဦးတစ်ချက် ညွှတ်တယ်။

"တပ်မှူးယွီတို့သားအဖကို လွှတ်ပေးလိုက်စမ်းကွာ"

ဆွယ်မှူးလိန် ပြောတယ်။

ကိုယ်ရံတော်တွေလည်း ဘိုးဘိုးနဲ့ အဖေ့ကို ပြန်လွှတ်လိုက်တယ်။ သေနတ်မှန်ထားတဲ့ ကိုယ်ရံတော်က ကိုယ့်ဖင် ကိုယ့်လက်နဲ့ အုပ်ထားတယ်။ သွေးတွေဟာ သူ့လက်ကြားထဲကနေ တတောက်တောက် စီးကျနေတယ်။

ဆွယ်မှူးလိန်က ကိုယ်ရံတော်လက်ထဲကနေ သေနတ်တွေ လှမ်းယူပြီး ဘိုးဘိုးနဲ့ အဖေ့ကို ပြန်ပေးလိုက်တယ်။

ဆွယ်မှူးလိန်ရဲ့ တပည့်တပ်သားတွေ တံတားပေါ်က တသဲသဲ ဖြတ်သွားကြ

mgyoe.com

mgyoe.com SAMPLE BOOK
တယ်။ သူတို့က မော်တော်ကားနဲ့ မိစ္ဆာကောင်အလောင်းတွေဆီ ပြေးသွားကြတာ။ စက်သေနတ်တွေ၊ ရိုင်ဖယ်သေနတ်တွေ၊ ကျည်ဆန်တွေ၊ ကျည်အိမ်တွေ၊ လှံစွပ်တွေ၊ ဓားအိမ်တွေ၊ သားရေခါးပတ်တွေ၊ သားရေဘွတ်ဖိနပ်တွေ၊ ပိုက်ဆံအိတ်တွေ၊ မုတ်ဆိတ်ရိတ်ဓားတွေ တစ်ခုမကျန် အကုန်သိမ်းလိုက်ကြတယ်။ တပ်သားတချို့ မြစ်ထဲ ခုန်ဆင်းပြီး တံတားတိုင်အကွယ်မှာ ပုန်းနေတဲ့ မိစ္ဆာအရှင်တစ်ကောင်နဲ့အတူ မိစ္ဆာအသေတစ်ကောင်ကို ဖမ်းဆီးရမိလာခဲ့တယ်။

"ဆွယ်မှူး၊ ဗိုလ်ချုပ်တစ်ယောက်ပဲ"

ဗိုလ်ကလေးတစ်ယောက် ပြောတယ်။

ဆွယ်မှူးလိန်က ဝမ်းသာအားရ အနားကပ် ကြည့်ပြီး "ဒီကောင့် ယူနီဖောင်းကို ချွတ်ယူထားလိုက်ကွာ။ ပစ္စည်းတွေလည်း အကုန်ဖြုတ်သိမ်းလိုက်ဟေ့"လို့ ပြောလိုက်တယ်။

"နောက်မှ တွေ့မယ် တပ်မှူးယွို"

ဆွယ်မှူးလိန် နှုတ်ဆက်တယ်။

ကိုယ်ရံတော်တစ်သိုက် ဆွယ်မှူးလိန်ကို ဝန်းရံရင်း တံတားတောင်ဘက်ဆီကို လျှောက်သွားကြတယ်။

ဘိုးဘိုး တစ်ချက် အော်လိုက်တယ်။

"နေဦး ငလိန်"

ဆွယ်မှူးလိန်က နောက်ပြန်လှည့်ပြီး "တပ်မှူးယွို၊ ခင်ဗျား ကျုပ်ကို နောက်ကျောကနေတော့ မပစ်လောက်ပါဘူးနော်"လို့ ပြောတယ်။

ဘိုးဘိုး ပြောတယ်။

"ငါ မင်းကို ခွင့်မလွှတ်ဘူး"

ဆွယ်မှူးလိန် ပြောတယ်။

"ဝမ်ဟူရေ၊ တပ်မှူးယွိုအတွက် စက်သေနတ် တစ်လက် ထားပေးခဲ့လိုက်ပါကွယ်"

ဆွယ်မှူးလိန်ရဲ့တပည့်တပ်သားတချို့က စက်သေနတ်တစ်လက်ကို ဘိုးဘိုး ခြေထောက်ရှေ့ လာချပေးတယ်။

"ဒီကားတွေရော၊ ကားပေါ်က ဆန်တွေရော ခင်ဗျားဟာ ဖြစ်သွားပြီ"

ဆွယ်မှူးလိန်ရဲ့ တပ်ဖွဲ့ဟာလည်း တံတားဖြတ်ပြီးကြလို့ တာရိုးပေါ်မှာ တန်းဖြန့်စီပြီး တာရိုးတစ်လျှောက် အရှေ့ဘက်ကို ချီတက်သွားကြတယ်။

နေဝင်ပြီ။ ကားတွေလည်း မီးလောင်လို့ မည်းမည်းတူးတူး ကိုယ်ထည်တွေပဲ ကျန်တော့တယ်။ ရော်ဘာမီးလောင်လို့ ထွက်လာတဲ့အနံ့က လူကို အသက်ရှူ ကျပ်စေ
mgyoe.com

mgyoe.com SAMPLE BOOK

တယ်။ မီးမလောင်တဲ့ မော်တော်ကားနှစ်စီးက တံတားကြီးကို ရှေ့ဆင့် နောက်ဆင့် ပိတ်ထားတယ်။ မြစ်တစ်ခုလုံး သွေးသို့ မည်းနက်။ ယာတောတစ်ခွင် ဆန်ပြောင်းတွေ သွေးသို့ နီရဲ။

အဖေက တာရိုးပေါ်ကနေ မပဲ့မရွဲ့သေးတဲ့ ချာပျဉ်တစ်ချပ် ကောက်ပြီး ဘိုးဘိုးကို ပေးလိုက်တယ်။

''အဖေ၊ စားလိုက်ပါ၊ ဒါ အမေ လုပ်တဲ့ ချာပျဉ်ပဲ''

ဘိုးဘိုးက ''မင်း စားလိုက်ကွာ''လို့ ပြောတယ်။

အဖေက ချာပျဉ်ကို ဘိုးဘိုးလက်ထဲ အတင်းထိုးပေးလိုက်တယ်။

''ကျုပ် သွားထပ်ကောက်ပါ့မယ်''

အဖေက ချာပျဉ်နောက်တစ်ချပ် သွားထပ်ကောက်လာခဲ့ပြီး နာနာကြီး တစ်ကိုက် ကိုက်လိုက်တယ်။

✧

mgyoe.com

mgyoe.com SAMPLE BOOK

ဆန်

ပြောင်း

အခန်းနှစ်

အာ

ရက်

mgyoe.com

mgyoe.com SAMPLE BOOK

## ၁

ကောင်းမိတုန်းပေတိုက်နယ်ထွက် ဆန်ပြောင်းနီကနေ ရန့်ထုံသင်းတဲ့၊ သောက်ပြီးလို့ရှိရင် ပျားရည်လို အချိုဓာတ်မျိုး ကျန်ခဲ့တဲ့၊ မူးပြီးလို့ရှိရင်လည်း ဦးနှောက်ဆဲလ်တွေ မထိခိုက်တဲ့ ဆန်ပြောင်းအရက် ဘယ်လိုလုပ်ပြီး ဖြစ်လာတာလဲ။ အမေ ကျွန်တော့်ကို ပြောပြဖူးတယ်။ ဘိုးဘွားအမွေဖြစ်တဲ့ ဖော်စပ်နည်းကို ပေါက်ကြားစေလို့ မဖြစ်ကြောင်း အထပ်ထပ် မှာခဲ့တယ်။ ပေါက်ကြားသွားလို့ရှိရင် နံပါတ်တစ်- မိသားစု ဂုဏ်သတင်း ထိခိုက်မယ်၊ နံပါတ်နှစ်- နောင်တစ်ချိန် နောက်သားမျိုးဆက်တွေ အရက်ချက်လုပ်ငန်း ပြန်လုပ်လာတဲ့အခါ တစ်ဦးတည်းမူပိုင် အသာစီးရမှု မရှိတော့ဘဲ ဖြစ်သွားလိမ့်မယ်။ ကျွန်တော်တို့အရပ်က လက်မှုပညာသည်တွေဟာ ချွေးမကိုသာ ပညာအမွေပေးပြီး သမီးတွေကို ပေးလေ့ မရှိဘူး။ ဒီထုံးတမ်းစဉ်လာဟာ တချို့ တိုင်းပြည်တွေဆီက ဥပဒေတွေလို တင်းကျပ်လိုက်သမှ လွန်ရောပါပဲ။

အမေက ပြောတယ်၊ ကျွန်တော်တို့အရက်ဖိုဟာ ဆန့်သားအဖလက်ထက် တုန်းကတည်းကတင် အတော်ကလေး ဟန်ကျနေခဲ့ပြီတဲ့။ အဲဒီတုန်းက ဆန်ပြောင်း အရက်ရဲ့ အရသာဟာ မဆိုးလှဘူး ဆိုပေမယ့် နောက်ပိုင်းမှာလိုတော့ မမွှေးဘူးတဲ့၊ နောက်ပိုင်းမှာလိုလည်း ပျားရည်ပမာ အရသာချိုချို စွဲမကျန်ရစ်ဘူးတဲ့။ ကျွန်တော်တို့ရဲ့ ဆန်ပြောင်းအရက်ကို သူမတူတဲ့ အရသာ ရှိလာစေခဲ့ပြီး ကောင်းမိမြို့နယ်ထဲက အရက်ဖိုပေါင်း မြောက်မြားစွာအလယ်မှာ လက်မထောင်လာစေခဲ့တာက ဆန့်သားအဖကို ကျွန်တော့်ဘိုးဘိုး သတ်ပြီးနောက်ပိုင်း၊ ကျွန်တော့်ဘွားဘွား ခဏတာမျှ တွေဝေ ထိတ်လန့်ပြီးတဲ့ နောက်၊ လုပ်ငန်းကို ဆက်လက်ဦးစီးလာခဲ့တဲ့ နောက်မှာမှ ဖြစ်ပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

မဟာတီထွင်မှုကြီးတွေ အတော်များများဟာ မထင်မှတ်ဘဲ ဖြစ်လာကြ၊ ပျော်စေ ပြက်စေ သဘောကနေ ဖြစ်လာကြသလိုပဲ ကျွန်တော်တို့အိမ်က ဆန်ပြောင်းအရက်မှာ သူမတူတဲ့ အနံ့အရသာ ရှိနေရတာဟာလည်း အရက်ပုံးထဲ ကျွန်တော့်ဘိုးဘိုး သေးပန်းထည့်လိုက်လို့ ဖြစ်လာရတာပဲ။

သေးပန်းထည့်လိုက်တာနဲ့ သာမန်ဆန်ပြောင်းအရက် တစ်ပုံးကနေ အဆင့်မြင့် ဆန်ပြောင်းအရက်တစ်ပုံး ဘယ်လိုလုပ်ပြီး ဖြစ်လာခဲ့တာလဲ။ ဒါဟာ သိပ္ပံပညာဖြစ်လို့ ကျွန်တော်လည်း အရမ်းမပြောဝံ့ဘူး။ အရက်ချက်ပညာရှင်တွေ လေ့လာကြပါစေလေ။

နောက်တော့ ကျွန်တော့်ဘွားဘွားနဲ့ အဘလောဟန်တို့ တစ်ဆင့် တက်ပြီး စမ်းသပ်ကြည့်၊ အပြန်ပြန်အလှန်လှန် စူးစမ်းကြည့်ပြီးသကာလ သေးအစား သေးအိုးထဲမှာ ကပ်နေတဲ့ သေးချီးတွေကို အသုံးပြုလို့ရတဲ့ ပို၍ လွယ်ကူ၊ စေ့စပ်၊ တိကျတဲ့ ရောစပ်နည်းကို ရှာဖွေတွေ့ရှိခဲ့ကြတယ်။ ဒါဟာ ထိပ်တန်းလျှို့ဝှက်ချက်ပေမို့ အဲဒီတုန်းက ကျွန်တော့် ဘွားဘွားရယ်၊ ကျွန်တော့်ဘိုးဘိုးရယ်၊ အဘ လောဟန်ရယ်ပဲ သိခဲ့ကြတာ။ ရောစပ်တာ တောင် ညဥ့်နက်သန်းခေါင် လူခြေတိတ်တဲ့ အချိန်ကျမှ ရောစပ်ကြတာတဲ့။

ရောစပ်တဲ့အခါ ဘွားဘွားက ဝင်းထဲမှာ အမွှေးတိုင်ထွန်းတယ်၊ ရွှေစက္ကူ အရွက်သုံးရာ ရှို့တယ်။ ပြီးတော့မှ ခါးလောက်ရှိတဲ့ ဆေးဘူးတောင်းကြီးကို ပွေ့ပြီး အရက်အိုးထဲ ဆေးထည့်စပ်တယ်။ ရောစပ်တဲ့အခါ ဘွားဘွားက နတ်တစ္ဆေတွေပဲ ဝင်ပူးသလိုလို တမင်တကာ ဟန်ရေးပြတတ်တယ်။ ဒါမှလည်း ချောင်းကြည့်တဲ့ကောင်တွေ ကြက်သီးမွေးညင်းထလာကြပြီး ကျွန်တော်တို့အိမ်ဟာ နတ်တစ္ဆေတွေနဲ့ အဆက်အသွယ်ရှိလို့ ဒါဟာ နတ်တစ္ဆေတွေ အစောင့်အရှောက်ပေးနေတဲ့ စီးပွားပေပဲလို့ ယုံသွားကြမှာလေ။ ဒီလိုနဲ့ ကျွန်တော်တို့အိမ်က ဆန်ပြောင်းအရက်ဟာ အကောင်းတကာ့ထွတ်ခေါင် ဖြစ်လာပြီး ဈေးကွက်ကို လက်ဝါးကြီးအုပ်လာနိုင်ခဲ့တယ်။

✧

mgyoe.com

mgyoe.com SAMPLE BOOK

## ၂

အမေ့အိမ် ပြန်ရောက်ပြီး သုံးရက်ကြာတော့ ဘွားဘွားလည်း ယောက္ခမအိမ်ပြန်ရတော့မယ်။ ဒီသုံးရက်ထဲမှာ သူဟာ စားချင်သောက်ချင်စိတ် မရှိဘဲ ကြောင်တောင်တောင်ကြီး ဖြစ်နေခဲ့တယ်။ အဘေးမက ထမင်းကောင်း၊ ဟင်းကောင်းတွေ ချက်ကျွေးပြီး ပျားသကာလို စကားချိုတွေ ပြောနေပေမယ့် ဘွားဘွားက ပြန်မထူးဘဲ သစ်သားရုပ်ပမာ ရှိနေခဲ့တယ်။ ဒီသုံးရက်ထဲမှာ သိပ်မစားနိုင်ဘူးလို့သာဆိုပေမယ့် ဘွားဘွားမျက်နှာက အတော်ကလေး ကြည့်ကောင်းနေခဲ့တယ်။ ဖြူဖွေးတဲ့ နဖူး၊ နီမြန်းတဲ့ ပါးပြင်၊ နက်မှောင်တဲ့ မျက်ကွင်းထဲက မျက်လုံး။ မျက်လုံးဟာ တိမ်သလ္လာထဲက လဝန်းကြီးပမာ။ အဘေးမက "ကျေးဇူးရှင်လေးရေ၊ ညည်းက မစားမသောက်ဘဲ နေနိုင်တာ နတ်ပဲဖြစ်သွားလို့လား၊ ဘုရားပဲ ဖြစ်သွားလို့လားအေ၊ အမေ့ကို မနှိပ်စက်ချင်စမ်းပါနဲ့ကွယ်" လို့ တဖျစ်တောက်တောက် ပြောတယ်။ ကွမ်းရင်မယ်တော်ပမာ တည်ငြိမ်စွာ ထိုင်နေတဲ့ ဘွားဘွားရဲ့ မျက်အိမ်ထဲကနေ ဖွေးဖွေးဖြူ မျက်ရည်ကလေး နှစ်စက် တောက်ခနဲ ထွက်ကျလာတာကို အဘေးမ ထိုင်ကြည့်နေခဲ့ရတယ်။ ဘွားဘွားတစ်ယောက် သူ့အမေကို မျက်လွှာကြားက လွှတ်ထုတ်လိုက်တဲ့ မှုန်ရီဝေဝါး အလင်းရောင်နဲ့ ကြည့်နေပုံဟာ မြစ်ရေထဲ ဝပ်တွားနေတဲ့ မည်းပြောင်ပြောင် ငါးအိုတစ်ကောင်ကို တာရိုးမြင့်ကြီးပေါ်ကနေ ငုံ့ကြည့်နေတဲ့ ပုံစံမျိုးနဲ့ ခပ်ဆင်ဆင်။ ဘွားဘွား အိမ်ပြန်လာတဲ့ ဒုတိယနေ့ကျမှပဲ အဘေးလည်း အမူးပြေလို့ နိုးထလာခဲ့တယ်။ သူ မမေ့တဲ့ ပထမဆုံးတစ်ခုကတော့ သူ့ကို မျက်လုံး မျက်ဖန် တောက်ပြောင်တဲ့ လားနက်ကြီး တစ်ကောင် ပေးမယ်လို့ ဆန့်ထိန်ရှူ ပြောထားတဲ့ ကတိ စကားပဲ။ သူ့နှားထဲမှာ

mgyoe.com

mgyoe.com
SAMPLE BOOK

လားချာစုံပေါက်လို့ ချာနဲ့မြေကြီး ထိခတ်တဲ့ စည်းချက်ညီညာ လားချာသံကို ထပ်ကာတလဲ ကြားယောင်နေခဲ့တယ်။ လားကြီးကွာ၊ အရောင်က နက်ပြောင်၊ မီးအိမ်ပမာ မျက်လုံးအစုံနဲ့၊ ဖလားခွက်ပမာ ခွာလေးဖက်နဲ့ဗျ။ အဘေးမက စိုးရိမ်ပူပန်စွာ ပြောလိုက်တယ်။

"အတိုးကြီးရေ၊ တော့် သမီးက ထမင်းလည်း မစားဘူး၊ ဘယ့်နှယ်လုပ်မလဲတော်"

အဘေးက ရီဝေဝေ မျက်လုံးနဲ့ မျက်စောင်းထိုးတယ်

"သင်းရောဂါကလည်း မသေးဘူး၊ သင်းက ဘာအကွက်နင်းမလို့လဲ"

အဘေးက ကျွန်တော့်ဘွားဘွားရှေ့ လာပြီး ဒေါနဲ့မောနဲ့ ပြောတယ်။

"မယ်မင်းကြီးမ၊ ညည်းက ဘာဖြစ်ချင်တာလဲ။ နဖူးစာ ရှာလည်တယ်ဆိုတာ ကြားဖူးလား။ ရေးရေစက်ကံ မပါဘဲနဲ့ လင်မယားဆိုတာ မဖြစ်ဘူးကွ။ သျှောင်နောက် ဆံထုံးပါ ဆိုသလို ကြက်နဲ့ညား ကြက်နောက်လိုက်၊ ခွေးနဲ့ညား ခွေးနောက်လိုက်ပဲ။ ညည်းအဖေ ကျုပ်က အရာရှိမျိုး၊ သူကောင်းမျိုး မဟုတ်သလို ညည်းလည်းပဲ ဘာ ရွှေခက် မြရွက်မှ မဟုတ်ဘူးကွ။ ဒီလို သူဌေးမျိုးနဲ့တွေ့တာ ညည်းအတိတ်ကံကောင်းလို့မှတ်။ ညည်းအဖေ ကျုပ်ရဲ့အတိတ်ကံ ကောင်းလို့လည်း ပါသပေါ့လေ။ ညည်း ယောက္ခမက လာတာနဲ့ ငါ့ကို လားနက်ကြီးတစ်ကောင် လက်ဆောင်ပေးမှာတဲ့ကွ၊ အဲဒါသာ ကြည့်တော့…"

ဘွားဘွားက မတ်မတ်ထိုင်လျက် တုတ်တုတ်မလှုပ်၊ မျက်စိကိုပါ မှိတ်ထား လိုက်ပြီ။ သူ့ရဲ့ စိုစွတ်စွတ် မျက်တောင်မွေးမှာ ပုားရည်တစ်လွှာ သုတ်ထားတဲ့အလား သန်မာ ပြည့်ဖြိုး ညီညာလျက် ပျံလွှားမြီးပမာ ကော့ရှုန်းလို့နေတယ်။ အဘေးက ဘွားဘွားရဲ့ မျက်တောင်မွေးကို စိုက်ကြည့်ရင်း ရှူးရှူးရှားရှား ပြောပြန်တယ်။

"ညည်း ငါ့ကို မျက်တောင်ကလေး ပုတ်ခတ် ပုတ်ခတ်နဲ့ ဆွံ့သလိုလို အသလိုလို လုပ်မနေနဲ့၊ ညည်းတတ်နိုင်ရင် သေကြည့်လိုက်လေ၊ အေး… ညည်းက သေလည်း ဆန့်အိမ်က တစ္ဆေပဲဟေ့၊ တိုက်မျိုးနွယ် သင်္ချိုင်းမြေမှာ ညည်းအတွက် နေရာ မရှိဘူး"

ဘွားဘွား တခိခိ ရယ်တယ်။

အဘေးက ဘွားဘွားကို ပါးချလိုက်တယ်။

ဖြန်းခနဲ မြည်သံတစ်ချက်နဲ့အတူ ဘွားဘွားရဲ့ နီမြန်းတဲ့ ပါးပြင်ဟာ အရောင် မှိန်သွားပြီး မျက်နှာတစ်ပြင်လုံး ဖြူဖျော့လာတယ်။ အဲဒီ ဖြူဖျော့တဲ့မျက်နှာဟာ ခဏနေတော့ တစ်ဖန်ပြန်ပြီး နီမြန်းသာလို့ ရောင်နီထွန်းစ နေဝန်းပမာ ပြန်ဖြစ်လာတယ်။ တောက်ပတဲ့ မျက်ဝန်းအစုံနဲ့ ဘွားဘွားဟာ အံကို ကြိတ်ရင်း မထိတရီ တစ်ချက် ရယ်ကာ သူ့အဖေကို စက်ဆုပ်တဲ့အကြည့်နဲ့ တစ်ချက်ကြည့်ပြီး ပြောလိုက်တယ်။

"လားမွေးတစ်ချောင်းတောင် မြင်ရဖို့ စိတ်မကူးနဲ့"

ဘွားဘွားက ခေါင်းငုံ့ပြီး တူ ကောက်ကိုင်ကာ ခပ်နွေးနွေး ရှိနေသေးတဲ့ ထမင်း၊ ဟင်းတွေကို လေဆင်နှာမောင်းတိုက်သလို ဝါးမျိုပစ်လိုက်တယ်။ ပြီးတဲ့အခါ

mgyoe.com

ပန်းကန်လုံးတစ်လုံးကို လေထဲ ပစ်ပေါက်လိုက်တယ်။ ပန်းကန်လုံးဟာ လေထဲမှာ တစောင်းလည်သွားလို့ နောက်ကျိုကျို ကြွေရောင်တွေ တလက်လက် ဖြစ်လာတယ်။ ပန်းကန်လုံးဟာ ထုပ်တန်းနားက ဖြတ်ပျံသွားလို့ နှစ်ချို့ပင့်ကူမျှင်နှစ်မျှင် ကပ်ပါလျက် အောက်ကို ဖြည်းညင်းစွာ ကျလာပြီးတော့ တစ်ပတ်လိမ့်၊ တစ်ဝက်လည်ပြီး မှောက်သွားတယ်၊ ပန်းကန်လုံးဖင်က မိုးပေါ်ထောင်လျက်။ ဘွားဘွားက ပန်းကန်လုံး နောက်တစ်လုံးကို ပစ်ပေါက်လိုက်ပြန်တယ်။ အဲဒီ တစ်လုံးကတော့ နံရံကို သွားမှန်လို့ အောက်ကျတဲ့အခါ နှစ်ခြမ်းကွဲသွားတယ်။ အဘေးဆိုရင် ထိတ်လန့်လွန်းလို့ ပါးစပ် အဟောင်းသား ဖြစ်နေခဲ့တယ်။ အဘေးမကတော့ ''နောက်ဆုံးတော့ စားပြီပေါ့နော် သမီးရယ်''လို့ ပြောရှာတယ်။

ကျွန်တော့်ဘွားဘွားဟာ ပန်းကန်လုံးပစ်ပေါက်ပြီးတဲ့နောက်မှာ အကျယ်ကြီး အော်ငိုတယ်။ ငိုသံဟာ နွဲ့နှောင်းလွန်းလို့၊ ခံစားချက် ပြည့်ဝလွန်းလို့၊ ရေစာတ် ကြွယ်ဝလွန်းလို့ အိမ်ထဲမှာ မဆံ့တော့ဘဲ အိမ်ပြင် လျှံထွက်ကာ ယာတောထဲအထိ ပျံ့နှံ့သွားပြီးတော့ နွေနှောင်းချိန်ခါ ဝတ်မှုန်ကူးပြီးစ ဆန်ပြောင်းတွေရဲ့ ပွတ်ခတ်သံ တွေနဲ့ ရောပြွမ်းသွားတော့တယ်။ ရှည်လျားကြည်လင်တဲ့ ငိုသံနဲ့အတူ ဘွားဘွား အတွေးတွေဟာ ထောင်သောင်းမက။ မင်္ဂလာဝေါယာဉ်ပေါ်တက်ပြီး အိမ်ကထွက်လာ စဉ်ကနေ မြည်းစီးပြီး အိမ်ပြန်လာခဲ့တဲ့ ဒီသုံးရက်အတွင်း တွေ့ကြုံခဲ့ရတာတွေကို သူ အဖန်တလဲလဲ စဉ်းစားနေမိတယ်။ သုံးရက်ထဲမှာ ကြုံခဲ့ရတဲ့ ရူပါရုံတစ်ခုချင်း၊ သောတာရုံတစ်ခုချင်း၊ ဂန္ဓာရုံတစ်ခုချင်းဟာ သူ့ခေါင်းထဲမှာ ထပ်ကာတလဲ ပေါ်လာ နေတယ်။ နဲ့ကြီး၊ နဲ့ငယ်… သံစဉ်ငယ်ငယ်၊ အသံကျယ်ကျယ်… တီတီတားတား… မူမူဟားဟား… မာလီဝါးလား… ယီယီယားယား… ကျီလီကျားလား… မှုတ် လိုက်တာ ဆန်ပြောင်းစိမ်းတွေတောင် ဆန်ပြောင်းနီတွေ ဖြစ်ကုန်တယ်။ သာယာတဲ့ ကောင်းကင်ထက်မှာ မိုးလိုက်ကာကြီး ကျလာတယ်။ မိုးနှစ်ချက်ခြိမ်း၊ လျှပ်တစ်ချက် ပြက်လိုက်တာနဲ့ လျှော်ခင်ပမာ မိုးတွေ ဖယောက်ဖယက် ရွာကျလာလို့ ကယောက် ကယက် ဖြစ်နေတဲ့ နှလုံးသားဟာလည်း လျှော်ခင်ပမာ ရှုပ်ထွေးလာတယ်။ မိုးက သဲသဲမဲမဲ တစောင်းရွာလိုက်၊ တစ်အောင့်နေရင်း အပေါ်တည့်တည့် အောက်တည့်တည့် ရွာလိုက်… ဖားပြုပ်လျှိုမှာ လမ်းဓားပြနဲ့ တိုးခဲ့တုန်းက အဲဟို ဝေါထမ်းမောင်ရဲ့ ယောကျ်ားကောင်းပီသတဲ့ လုပ်ရပ်ကို ဘွားဘွား ပြန်သတိရလာတယ်။ သူဟာ ဝေါထမ်းသမားတွေထဲက ခေါင်းဆောင်ဖြစ်လို့ ခွေးအုပ်ထဲက ခွေးဘုရင်ပဲ။ သူ့အသက် အများဆုံးရှိလှ ၄စ်ဆယ့်လေးပေါ့။ ကျစ်လျစ်တင်းရင်းတဲ့ မျက်နှာပေါ်မှာ အရေတွန့် တစ်စက်မှ မရှိဘူး။ အဲဒီတုန်းက သူ့မျက်နှာနဲ့ အဲဒီလောက်ထိအောင် နီးနီးကပ်ကပ် ရှိနေခဲ့ပြီး ကမာခွံလို မာကျောလှတဲ့ သူ့နှုတ်ခမ်းအစုံနဲ့ မိမိနှုတ်ခမ်းလေးကို ဘယ်လို ကိုက်ညှပ်ခဲ့တာကို ဘွားဘွား ပြန်စဉ်းစားနေမိတယ်။ အဲဒီတုန်းက ဘွားဘွား

mgyoe.com

mgyoe.com SAMPLE BOOK

နှလုံးသားထဲက သွေးတွေဟာ ရုတ်တရက် သွေးခုန် တစ်ချက်ရပ်သွားပြီးတော့မှ တာကျိုးသလို လျှံထွက်လာလိုက်တာ ဆံခြည်ပြွန်သွေးကြောလေးတွေတောင် မသိမသာ တုန်ခါသွားသေးတယ်။ ဘွားဘွားရဲ့ ခြေချောင်းတွေ အကြောကပ်ကုန်တယ်၊ ဝမ်းဗိုက်ကြွက်သားတွေ တဆတ်ဆတ်တုန်လာတယ်။ အဲဒီတုန်းက သူတို့ရဲ့ တော်လှန်တဲ့ လုပ်ရပ်ကို အားပေးအားမြှောက် လုပ်ခဲ့တာဟာ အညွှန့်တလူလူ ဆန်ပြောင်းတွေပဲ။ ဆန်ပြောင်းတွေကနေ ကြဲလိုက်တဲ့၊ မျက်စိနဲ့ မမြင်နိုင်စွမ်းလောက်တဲ့ ဝတ်မှုန်တွေဟာ ဘွားဘွားနဲ့ ဝေါထမ်းသမားတို့ရဲ့ အထက်မှာ အုံ့ဆိုင်းနေခဲ့တယ်။ ဘွားဘွားဟာ အဲဒီ နှပ်ျခြင်းရဲ့ ချစ်သွေးတွေ ကြွခဲ့တဲ့ အခိုက်အတန့်ကို ဆုပ်ကိုင်ထားနိုင်ဖို့ အကြိမ်ပေါင်း ထောင်သောင်းမက ကြိုးစားခဲ့ပေမယ့် မအောင်မြင်ခဲ့ဘူး။ အမြဲလိုလို ဖျတ်ခနဲ ပေါ်လာ၊ ဖျတ်ခနဲ ပျောက်သွားခဲ့တာချည်းပဲ။ အဲဟို အထားလွန်လို့ ပုပ်လာတဲ့ မုန်လာဥပုပ်လို ယောကျ်ားမျက်နှာကသာ ထပ်ကာတလဲ ပေါ်ပေါ်လာနေခဲ့တယ်။ သူ့လက်ချောင်းတွေက ငှက်လက်သည်းလို ကောက်ကောက်ကြီးတွေ။ နောက်ပြီး ဟိုကျစ်ဆံမြီးလေးကျစ်ထားတဲ့ အဘိုးကြီးနဲ့ သူ့ခါးမှာ ချိတ်ထားတဲ့ ဝါထိန်ထိန် ကြေးသော့တွဲကြီးကလည်း ရှိသေးရဲ့။ ဘွားဘွား ငြိမ်ငြိမ်ကလေး ထိုင်နေမိတယ်။ ဟိုနဲ့ ဒီက မိုင်ပေါင်းများစွာ ဝေးတယ်ဆိုပေမယ့် အဲဟို ထုံသင်းတဲ့ ဆန်ပြောင်းအရက်နံ့နဲ့ ချဉ်စုတ်စုတ် ကစော်ဖတ်အနံ့တွေက နှုတ်ခမ်းနားမှာ ဝေ့လည်နေသယောင်။ မိန်းမကြီးဗာတ်ကောင်နေရာမှာ ဝင်ကခဲ့ရတဲ့ ဟိုယောကျ်ားကြီး နှစ်ယောက်ဆိုတာဟာလည်း အရက်ထဲ စိမ်ထားရာက ဆွဲထုတ်လာတဲ့ အရက်မူးငန်း နှစ်ကောင်လို မွေးညင်းပေါက် တစ်ပေါက်ချင်းစီကနေ အရက်တွေ စိမ့်ထွက်လို့နေ …။ သူက အသွားထက်မြတဲ့ ဓားမြှောင်နဲ့ ဆန်ပြောင်းအများကြီး ခုတ်ဖြတ်ပစ်ခဲ့တယ်။ ဆန်ပြောင်းတွေရဲ့ မြင်းခွာသဏ္ဌာန် လည်ပင်းပြတ်တွေကနေ စိမ့်ထွက်လာတဲ့ စိမ်းပုပ်ရောင် စေးကပ်ကပ်အရည်တွေဟာ ဆန်ပြောင်းသွေးတွေလိုပါပဲ။ သူ ပြောခဲ့တဲ့ စကားကို ဘွားဘွား ပြန်သတိရလာတယ်၊ နောက်သုံးရက်ကြာ နင် ဒီကိုသာ ပြန်လာခဲ့တဲ့။ ဒီစကားကို ပြောခဲ့စဉ်က သူ့ရဲ့ နက်မှောင်တဲ့ မျက်လုံးမှေးမှေးထဲကနေ ဓားသွားပမာ အလင်းတန်းတွေ ထုတ်လွှတ်နေခဲ့တာ ဘွားဘွား မှတ်မိနေသေးတယ်။ မိမိကို စောင့်ကြို နေတာဟာ သာမန်နဲ့မတူ တစ်မူထူးတဲ့ အပြောင်းအလဲကြီးတစ်ခုဆိုတာ ဘွားဘွား ကြိုတင် ရိပ်စားမိလိုက်ပါပြီလေ။

အဓိပ္ပာယ်တစ်မျိုးနဲ့ ပြောရရင် သူရဲကောင်းဆိုတာ မွေးရာပါဗီဇပဲ။ သူရဲကောင်း အရည်အသွေးဆိုတာ ငုပ်လျှိုးနေတဲ့ သတ္တိပုန်းတစ်ခုပဲ။ ပြင်ပက လှုံ့ဆော်မှုနဲ့ ထိတွေ့ လာတဲ့အခါကျမှ သူရဲကောင်းလုပ်ရပ်အဖြစ် ပြောင်းလဲလာတဲ့ဥစ္စာမျိုး။ အဲဒီတုန်းက ကျွန်တော့်ဘွားဘွားဟာ ဆယ့်ခြောက်နှစ်သမီးပဲ ရှိသေးတာ။ ငယ်ငယ်ကတည်းက ပန်းထိုးအပ်ချုပ်၊ ချည်ငင်ချည်ရက်ပညာတွေကို အပတ်တကုတ် လေ့လာခဲ့ရတာ။ ပန်းထိုးတဲ့ အပ်၊ အလှစက္ကူညှပ်တဲ့ ကတ်ကြေး၊ ခြေသေးထုပ်တဲ့ ပိတ်စရှည်၊ ခေါင်းဖြီးရာ

mgyoe.com

mgyoe.com SAMPLE BOOK

မှာလိမ်းတဲ့ ပန်းဆီမွှေးအစရှိတဲ့ မိန်းကလေးသုံးပစ္စည်းတွေနဲ့အတူ ကြီးပြင်းလာခဲ့တာ။ သူ တွေ့ထိဖူးတာဆိုလို့ ခေါင်းရင်းအိမ်က မမတို့၊ ခြေရင်းအိမ်က ညီမလေးတို့ပဲ ရှိခဲ့တာ။ ဒါနဲ့များ နောက်ပိုင်းမှာ ကြုံတွေ့လာရတဲ့ ထူးခြား ဖြစ်စဉ်ကြီးတွေကို ရင်ဆိုင်ဖြေရှင်းနိုင်တဲ့အစွမ်း သူ့မှာ ဘယ့်နှယ်လုပ်ပြီး ရှိလာခဲ့ရတာလဲ။ အန္တရာယ်ကြုံလို့ တုန်လှုပ်ခဲ့ပေမယ့် နောက်ဆုံးမှာ အံကြိတ်ပြီး ကျော်ဖြတ်လာနိုင်တဲ့အစွမ်း ဘူမှာ ဘယ့်နှယ်လုပ်ပြီး ရှိလာခဲ့ရတာလဲ။ ဒါတွေ အားလုံးဟာ ရှင်းပြရခက်တဲ့ ကိစ္စတွေပါပဲ။

ဘွားဘွားဟာ အကြာကြီး ငိုနေချိန်အတွင်းမှာ ရင်နာဖွယ်ရာ ခံစားမှုမျိုးများများစားစား မဖြစ်ခဲ့တဲ့အပြင် ရင်ထဲက မွန်းကျပ်မှုတွေ ဖောက်ထုတ်လိုက်ရသလို ကျေနပ်မှုမျိုးကိုတောင် ရရှိလိုက်သေးတယ်။ သူဟာ တစ်ဖက်မှာ ငိုနေရင်း တစ်ဖက်မှာ အတိတ်တုန်းက ပျော်ရွှင်ချမ်းမြေ့မှုနဲ့ နာကျင်ကြေကွဲမှုတို့ကို စားမြုံ့ပြန်နေမိခဲ့တယ်။ ငိုသံဟာ သူ့ပါးစပ်က ထွက်လာတာ မဟုတ်တော့ဘဲ အဝေးဆီက ရောက်လာတဲ့၊ သူ့ခေါင်းထဲ အထပ်ထပ်အခါခါ ပေါ်လာနေတဲ့ အလှတရားမြင်ကွင်းနဲ့ အကျည်းတန်မြင်ကွင်းတို့အတွက် တီးမှုတ်ပေးတဲ့ဂီတသံ ဖြစ်လာခဲ့တယ်။ နောက်ဆုံးမှာ ဘွားဘွား စဉ်းစားမိတယ်၊ လူ့ဘဝဆိုတာ တိုတိုကလေးရယ်၊ အသက်တစ်ချောင်း ရင်းရတာများ ဘာကြောက်စရာ ရှိရမှာလဲလို့။

"မယ်ကိုးရေ၊ သွားကြစို့ကွာ"

အဘေးက ဘွားဘွားငယ်နာမည်ကို အော်ခေါ်လိုက်တယ်။

သွား သွား သွား။

ဘွားဘွားက ရေတစ်ဇလုံတောင်းပြီး မျက်နှာသစ်တယ်။ ပေါင်ဒါရိုက်၊ ပါးနီဆိုးတယ်။ မှန်ရှေ့မှာ သူက ဆံထုံးကို ဖြေလိုက်တာ လျှောကျလာတဲ့ ဆံပင်ကြီးက ဘွားဘွားနောက်ကျောတစ်ခုလုံးကို ဖုံးအုပ်သွားတယ်။ ဘွားဘွားဟာ မီးလှုံ့ခုတင်ပေါ်တက်ရပ်ပြီး သူ့ရဲ့ ပိုးသားပမာ ဆံပင်ရှည်ကြီးကို ခါးအထိ ချလိုက်တယ်။ ညာဘက်လက်က သစ်တော်သားဘီးတစ်လက်ကိုင်၊ ဘယ်ဘက်လက်နဲ့ ဆံပင်ကို ပခုံးရှေ့ချပြီး တစ်လှာချင်း တစ်ထပ်ချင်း ဖြီးတယ်။ ဘွားဘွားဆံပင်တွေဟာ အံ့သြဖွယ်ကောင်းလောက်အောင် သန်လှတယ်။ နက်မှောင်လိုက်တာ ပိတုန်းရောင်၊ ဆံဖျားနားရောက်မှ ဝါဖျော့ဖျော့အရောင် နည်းနည်းသန်းတာ။ ဘွားဘွားဟာ ချောမွတ်အောင် ဖြီးပြီးသားဆံပင်တွေကို ရစ်ခွေပြီး ပိုးချည်နက်နဲ့ ရက်လုပ်ထားတဲ့ ဆံထုံးအိတ်ထဲ သွတ်ထည့်ကာ ငွေဆံထိုးလေးချောင်း ထိုးစိုက်လိုက်တယ်။ နဖူးပေါ်က ဆံမြိတ်တွေကို မျက်ခုံးအထက်နားအထိ ကတ်ကြေးနဲ့ ညီအောင် ညှပ်တယ်။ ခြေသေးကိုလည်း အသစ်တစ်ဖန် ပြန်ထုပ်ပြီး လည်ရှည်ခြေအိတ်ဖြူစွပ်၊ ဘောင်းဘီအောက်နားကို ကျပ်စည်းပြီးတော့ ပန်းထိုးဖိနပ်စီးလိုက်တဲ့အခါ ခြေသေးကလေးဟာ အထူးသဖြင့်ကို ထင်ရှားလာတော့တယ်။

ဆန့်ထိန်ရှုရဲ့မျက်စိကို ဘွားဘွား ပထမဆုံး ဖမ်းစားနိုင်ခဲ့တာဟာလည်း အဲဒီ

mgyoe.com

mgyoe.com
SAMPLE BOOK

ခြေသေးအစုံပဲလေ။ ဝေါထမ်းသမား ယွီကြံအောင်ရဲ့ ရင်ထဲက ချစ်စိတ်တွေကို ဘွားဘွား ပထမဆုံး နှိုးဆွနိုင်ခဲ့တာဟာလည်း အဲဒီ ခြေသေးကြောင့်ပဲလေ။ ဘွားဘွားဟာ ကိုယ့်ခြေထောက်ကိုယ် ဂုဏ်ယူနေမိတယ်။ ဒီခြေသေးကလေးတစ်စုံ ပိုင်ဆိုင်ထားသရွေ့ မျက်နှာမှာ ကျောက်ပေါက်မာတွေ အပြည့်ပေါက်နေပါစေ လင်မရမှာ မပူရဘူး။ ခြေကြီးတစ်စုံ ပိုင်ဆိုင်ထားလို့ကတော့ နတ်သမီးတမျှ လှပတဲ့ မျက်နှာကို ပိုင်ဆိုင်ထားလည်း ယူမယ့်လူရှိမှာ မဟုတ်ဘူး။ ဘွားဘွားဟာ ခြေထောက်ကလည်း သေး၊ မျက်နှာကလေးကလည်း ချောလှသမို့ အဲဒီခေတ်က မိန်းမချောတို့ရဲ့ စံပြပဲ။ ကျွန်တော် ထင်တယ်၊ အလွန်ရှည်လျားတဲ့ သမိုင်းကာလတစ်ခုအတွင်းမှာ မိန်းမတွေရဲ့ ခြေထောက်ဟာ လိင်အင်္ဂါတစ်ပိုင်းလို ဖြစ်နေခဲ့သမို့ သေးသေးသွယ်သွယ် ချစ်စရာကောင်းတဲ့ ခြေသေးချွန်ချွန်ကလေးဟာ အဲဒီ ခေတ်တုန်းက ယောကျ်ားတွေအဖို့တော့ လိင်စိတ်ကို နှိုးဆွပေးနိုင်စွမ်းတဲ့ အလှတရားတစ်ခု ဖြစ်ခဲ့မှာပါ။ ဘွားဘွားဟာ သပ်သပ်ရပ်ရပ် သိမ်းဆည်းပြီးတဲ့နောက်မှာ အိမ်ပြင်ကို ကယိမ်းကနွဲ့ ထွက်လာခဲ့တယ်။ အဘေးက မြည်းဆွဲလာတယ်။ မြည်းကျောပေါ်မှာ စောင်တစ်ထည် ထပ်လိုက်တယ်။ မြည်းကလေးရဲ့ အရည်လဲ့လဲ့ မျက်ဝန်းထဲမှာ ဘွားဘွားရဲ့ပုံရိပ်လှလှ ထင်ဟပ်နေတယ်။ မြည်းကလေး စိုက်ကြည့်နေတာ ဘွားဘွား တွေ့သွားတယ်။ ကြည်လင်တဲ့ မြည်းမျက်ဝန်းထဲမှာ လူ့သဘောကို နားလည်နိုင်စွမ်းတဲ့ အရောင်တစ်မျိုး ထင်ဟပ်နေတယ်။ ဘွားဘွား မြည်းပေါ် ခွတက်လိုက်တယ်။ မိန်းမတွေလို တင်ပါးလွှဲထိုင် စီးတာမျိုး မဟုတ်ဘူး။ မြည်းရဲ့ကျောရိုးကို ပေါင်နှစ်ဖက်ကြားထဲ ခွစီးတာ။ အဘေးမက ဘွားဘွားကို တင်ပါးလွှဲထိုင် စီးခိုင်းပေမယ့် ဘွားဘွားက နားမထောင်ဘဲ မြည်းဗိုက်ကို ဖနောင့်နဲ့ တစ်ချက် ပေါက်လိုက်တယ်။ မြည်းကလေးလည်း ခရီးစနှင်တော့တယ်။ ဘွားဘွားက ရှေ့တည့်တည့်ကို ကြည့်ရင်းရင်ကော့ ခေါင်းမော့ စီးလာခဲ့တယ်။

ဘွားဘွားက နောက်ကို လှည့်မကြည့်ဘူး။ အစပိုင်းမှာ မြည်းဇက်ကြိုးကို အဘေးက ဆွဲလာခဲ့တာ။ ရွာပြင်ရောက်တော့ ဘွားဘွားက ဇက်ကြိုးကို လှယူလိုက်တယ်။ အဘေးလည်း မြည်းနောက်ကနေ ကတိမ်းကယိမ်း လိုက်လာခဲ့တယ်။

သုံးရက်အတွင်းမှာ ထစ်ချုန်းမိုးတစ်ကြိမ် ရွာခဲ့သေးတယ်။ လမ်းညာဘက်ခြမ်းမှာ ကြိတ်ဆုံအရွယ်လောက် ရှိတဲ့ ဆန်ပြောင်းတစ်ပုံကို ဘွားဘွား တွေ့ခဲ့တယ်။ အရွက်ညိုးရော်နေလို့ အစိမ်းရင့်ရောင် တစ်ခွင်တစ်ပြင်ထဲမှာ ဖြူရော်ရော်တစ်ကွက်အဖြစ် ထင်းထင်းကြီး ရှိနေတာလေ။ အဲဒီနေရာကို မိုးကြိုးပစ်ခဲ့ကြောင်း ဘွားဘွား သိလိုက်ရတယ်။ မနှစ်တုန်းက မိုးကြိုးထိမှန်ပြီး သေသွားတဲ့ သူ့သူငယ်ချင်း မိချော အကြောင်းကို ဘွားဘွား သတိရလာမိတယ်။ ဆယ့်ခုနစ်သမီးပျိုတစ်ယောက်ခများ ဆံပင်တွေ တူးချစ်၊ အင်္ကျီတွေ စုတ်ပြဲ၊ ကျောပြင်မှာ ပန်းပြောက်တွေ ယှက်ဖြာ။ တချို့က အဲဒီ ပန်းပြောက်တွေဟာ ကောင်းကင်ပေါ်က ဖားလောင်းအက္ခရာတဲ့။

mgyoe.com SAMPLE BOOK

မိချောဟာ ဥစ္စာမက်လို့ ဒုက္ခကြက်ထွက်ခဲ့ရတာဆိုပဲ။ သူများကလေးကို ပျက်စီးအောင် လုပ်ခဲ့လို့လေ။ သူတို့ကိုယ်သူတို့တော့ ဟုတ်နေတာပဲဗျ။ ဘာတဲ့ မိချောဟာ ဈေးသွားရင်း လမ်းထိပ်မှာ ကလေးငိုသံကြားလို့ သွားကြည့်လိုက်တာ၊ ကလေးအနှီးတစ်ထုပ် တွေ့သတဲ့။ အနှီးကို ဖြေကြည့်လိုက်တော့ အထဲမှာ နီတာရဲလေး။ ယောကျ်ားလေးတဲ့။ စာတစ်စောင်လည်း ပါသေးတယ်။ ရေးထားတာက ဖအေဆယ့်ရှစ်၊ မအေဆယ့်ခွန်၊ ညဥ့်သန်းခေါင်ယံမှာ လမ်းပျော် အမည်ရတဲ့ ကလေး မွေးဖွား။ ဖအေက အနောက်ရွာက ခြေကြီးမ ကျွန်းမလတ်ကို ယူလိုက်ပြီ၊ မအေကလည်း အရှေ့ရွာက အမာရွတ်နဲ့ ယူတော့မှာမို့၊ ရင်နာနာနဲ့ ရင်သွေးကိုစွန့်၊ ဖအေက နှာရည်စက်လက်၊ မအေက မျက်ရည်မျက်ခွက်၊ လမ်းသွားလမ်းလာတွေ သိမှာစိုးလို့ ပါးစပ်အုပ်ကာ အော်မငိုဝံ့။ ငလမ်းပျော် လမ်းပျော် လမ်းမှာပေါ်၊ ကောက်ရတဲ့သူ သူ့သား တော်၊ ပိုးတစ်ကိုက်နဲ့ ထုပ်ကာရယ်၊ ဒင်္ဂါးနှစ်ဆယ် ထည့်ထားတယ်၊ လမ်းသွားလမ်းလာ သူတော်ကောင်း၊ အသက်တစ်ချောင်း ကယ်သင့်ပါကြောင်း။ လူတွေ ပြောတာက မချောဟာ ပိုးစကို ယူ၊ ဒင်္ဂါးကို သိမ်းပြီး ကလေးကိုတော့ ဆန်ပြောင်းတောထဲ သွားပစ်ခဲ့လို့ မိုးကြိုးပစ်ခံ ရတာတဲ့။ ဘွားဘွားနဲ့ မိချောဆိုတာ တစ်ယောက်အကြောင်း တစ်ယောက်သိတဲ့ သူငယ်ချင်း အရင်းခေါက်ခေါက်တွေမို့ ဒီကောလာဟလတွေကို ဘွားဘွားကတော့ ဘယ်ယုံလိမ့်မတုံး။ ဒါပေမဲ့ လူ့ဘဝမှာ ဘယ်နေ့ သေမယ်ဆိုတာ ခန့်မှန်းရခက်လို့ စိတ်ထဲမှာတော့ အနည်းနဲ့အများ ကြေကွဲထိတ်လန့် ဖြစ်ခဲ့တာပေါ့။

ထစ်ချုန်းမိုးကြောင့် လမ်းက စိုထိုင်းထိုင်း ဖြစ်နေသေးတယ်။ မိုးရေနဲ့ ဆေးကြောထားတဲ့အတွက် လမ်းမျက်နှာပြင်ဟာ သန့်ရှင်းနေပြီး ချိုင့်ခွက်တွေမှာသာ ရွံ့ပျော့ပျော့တစ်လွှာ အိုင်နေတာပါ။ မြည်းကလေးလည်း လမ်းပေါ်မှာ သူ့ခွာရာ ထင်းထင်းကြီးတွေကို နောက်ထပ်တစ်ဖန် ချန်ထားနိုင်ခဲ့ပြီ။ အဲဟို ပြောက်တိပြောက်ကျား ပြောင်းပန်းတွေ နည်းနည်းတောင် နွမ်းချင်နေပြီ။ ပန်းပွင့်ပေါ်မှာရော အရွက်ပေါ်မှာပါ မိုးစက်စဉ်လို့ ထလာတဲ့ ရွှံ့စက်တွေ ပေကျံနေတယ်။ ပုရစ်တွေဟာ မြက်ရိုးတံတွေပေါ်မှာ၊ ဆန်ပြောင်းရွက်တွေပေါ်မှာ ဝပ်နေပြီး ပိုးမျှင်ပမာ ဦးမှင်အစုံကို လှုပ်ခါလျက်၊ အလင်း ဖောက်တဲ့ ရေ့တောင်ပံကိုခတ်ကာ ကြေကွဲဖွယ်ကောင်းစွာ အော်မြည်နေကြတယ်။ နွေကုန်တော့မှာမို့ လေထုထဲမှာ တည်ကြည်တဲ့ ဆောင်းဦးအငွေ့အသက်တွေ လွှမ်းခြုံလာပြီ။ ဆောင်းဦးအငွေ့အသက်ကို ရတဲ့ ကျိုင်းကောင်တွေလည်း ဆန်ပြောင်းတောထဲကနေ အစာဝနေတဲ့ ဗိုက်ကြီးတွေကို သယ်ကာ မာကျောတဲ့ လမ်းမျက်နှာပြင်ပေါ်မှာ စုရုံးစ ပြုလာကြပြီ။ သူတို့က မာကျောတဲ့ လမ်းမျက်နှာပြင်ထဲကို ဖင်ထိုးစိုက်ပြီး ဥဥ ကြတော့မှာလေ။

အဘေးက ဆန်ပြောင်းရိုးတံတစ်ချောင်း ချိုးလာပြီး ခရီးပန်းနေတဲ့ မြည်းဖင် ကို တစ်ချက် ရိုက်လိုက်တယ်။ မြည်းလည်း အမြီးကို ပေါင်ကြားညှပ်ကာ သုံးရှေး

mgyoe.com

mgyoe.com SAMPLE BOOK

ငါးလှမ်းလောက် ခပ်သွက်သွက် လျှောက်ပြီးတော့ နဂိုအတိုင်းပဲ မနှေးမမြန် ခြေပြန်လှမ်းလာခဲ့တယ်။ အဘေးလည်း ကျေနပ်နေလို့ ထင်ပါရဲ့၊ မြည်းနောက်က လိုက်ရင်း ကောင်းမိတုန်းပေတိုက်နယ်မှာ ရေပန်းစားနေတဲ့ 'ဟိုင်မောက်ဇူအော်ပရာ'ကို အော်ဆိုလေတော့တယ်။ အဘေးဟာက ပေါက်ကရ ဖျက်ဆိုထားတာ။

"ဂူမောင်ကြီး ရင်နာလွန်းလို့ အဆိပ်သောက်… အူတွေ အဆုတ်တွေ ဖျပ်ဖျပ်ခါ အထက်နဲ့အောက် … ရုပ်ဆိုးမောင် မယားချောရတာ ငါးပါးမှောက်… အား… ယဲ… ယဲ… ဂူမောင်ကြီး ကျုပ်ဗိုက်နာလို့ သေတော့မနော်… ညီမောင်လတ် တာဝန်ကျေပါစေနော်… အိမ်ပြန်လာပြီး အစ်ကိုကြီးသွေးကြွေး ဆပ်ပေးလှည့်ပါနော်…"

အဘေး ပေါက်ကရ လျှောက်ဆိုတာ ကြားရတော့ ဘွားဘွား ရုတ်တရက် ရင်ဖိုသည်းထိတ်လာခဲ့တယ်။ လွန်ခဲ့တဲ့ သုံးရက်က ဟိုလူငယ်ရဲ့ ဓားမြှောင်ဇော့ယမ်း၊ မျက်မှောင်ကြုတ်နေတဲ့ပုံရိပ် ဘွားခနဲ ပေါ်လာတယ်။ သူက ဘယ်သူလဲ။ ဘာလုပ်မလို့လဲ။ ဘွားဘွား စဉ်းစားတယ်၊ မိမိဟာ ဒီကျားကျားလျားလျား ယောကျ်ားမောင်နဲ့ မသိကျွမ်းပေမယ့် ဘဝချင်းကတော့ ငါးနဲ့ရေပမာ ဖြစ်ခဲ့ပြီ၊ တစ်ခဏ ကြုံဆုံမှုဟာ ဖျတ်ခနဲ ပေါ်လာ၊ ဖျတ်ခနဲ ပျောက်သွားတာမို့ အိပ်မက်လား၊ တကယ်လား၊ ဝေခွဲရခက်လို့ အာရုံရှုပ်ထွေးကာ တစ္ဆေနဲ့ပဲ တွေ့ခဲ့ရသလိုလို။ ကံစီမံရာအတိုင်းပေါ့လေ၊ ဘွားဘွားလည်း စဉ်းစားရင်း သက်ပြင်းရှည်ကြီး ချလိုက်မိတယ်။

ဘွားဘွားဟာ မြည်းဇက်ကြိုးကို ဒီအတိုင်း လွှတ်ထားကာ သူ့အဖေ ပေါက်ကရ ဖျက်ဆိုနေတဲ့ ဂူမောင်ကြီးတစ်ကိုယ်တော်ငိုချင်းကို နားထောင်ရင်း လေတစ်ချို၊ မီးတစ်ငွေ့နဲ့ ဖားပြုပ်လျှိုကို ရောက်မှန်းမသိ ရောက်လာခဲ့တယ်။ မြည်းကလေးက ခေါင်းငုံ့လိုက်၊ ခေါင်းထောင်လိုက်နဲ့ နှာခေါင်းပေါက်ကို စေ့နေအောင် ပိတ်ကာ ချွာစုံရပ်လို့ ရှေ့ဆက်မတက်ဘဲ ပေကတ်နေတယ်။ အဘေးက ဆန်ပြောင်းရိုးတံနဲ့ မြည်းဖင်ကို ရိုက်တယ်၊ မြည်းနောက်ခြေကို ရိုက်တယ်။

"ဟော့ကောင်၊ သွားလေကွာ၊ သွားလေကွာ၊ မြည်းမသားရဲ့"

ဖင်ကို ဆန်ပြောင်းရိုးတံနဲ့ တရွှမ်းရွှမ်း အရိုက်ခံရတာတောင် မြည်းက ရှေ့မတိုးတဲ့အပြင် နောက်တောင် ပြန်ဆုတ်လာခဲ့တယ်။ အဲဒီ အခိုက်မှာ ဟိုရင်ထိတ်သည်းဖို အပုပ်နံ့ကြီးကို ဘွားဘွား ရလာတယ်။ ဘွားဘွားလည်း မြည်းပေါ်က ခုန်ဆင်း၊ အင်္ကျီလက်နဲ့ နှာခေါင်းအုပ်ကာ မြည်းဇက်ကြိုးကို ဆွဲလျက် ခရီးဆက်တယ်။ မြည်းက ခေါင်းမော့၊ ပါးစပ်ဖြဲလျက် မျက်ဝန်းထဲမှာ မျက်ရည်အပြည့်။ ဘွားဘွားက "မြည်းရေ၊ အံကြိတ်ပြီး သွားလိုက်စမ်းပါကွာ၊ တက်မရတဲ့တောင်၊ ဖြတ်မရတဲ့မြစ် မရှိပါဘူးကွဲ့"လို့ ပြောတယ်။ ကျွန်တော့်ဘွားဘွားစကားကြောင့် မြည်းလည်း တစ်ချက်ဟီပြီး ခေါင်းမော့ကာ ရှေ့ဆက်ပြေးသွားလိုက်တာ နောက်က တရွတ်ပါလာတဲ့ ဘွားဘွားခမျာ ခြေထောက် မြေမထိ၊ အင်္ကျီတွေဆိုတာ တိမ်နီတွေ လေထဲ လွင့်ပျံတဲ့ပမာ။ လမ်းဓားပြအလောင်းနားက

mgyoe.com

mgyoe.com SAMPLE BOOK

ဖြတ်သွားချိန်မှာ ဘွားဘွား တစ်ချက် ငုံစောင်းကြည့်မိတယ်။ အနိဋ္ဌာရုံမြင်ကွင်းပဲ။ ဝဖြိုးနေတဲ့ လောက်ကောင်ပေါင်းတစ်သန်း ဝိုင်းဖြိုလိုက်လို့ အလောင်းဆိုတာ အရိုးပေါ်တင်နေတဲ့ အပုပ်အဆွေး အပိုင်းအစတွေသာ ကျန်တော့တယ်။

ဘွားဘွားဟာ မြည်းကို ဆွဲကာ ဖားပြုပ်လျှိုက လစ်ထွက်လာပြီး မြည်းပေါ် ပြန်တက်တယ်။ အရှေ့မြောက်လေ ဆောင်ကြဉ်းလာခဲ့တဲ့ ဆန်ပြောင်းအရက်နံ့ကို တဖြည်းဖြည်း ရလာတယ်။ ဘွားဘွားဟာ မိမိကိုယ်မိမိ အကြိမ်တစ်သောင်းမက ရဲစိတ်တင်ခဲ့တယ် ဆိုပေမယ့် ဇာတ်သိမ်းပိုင်း ရောက်ခါနီးမှာ စိတ်ထဲ အတော်ကလေး ထိတ်လန့်ခဲ့ပါတယ်။ အတော်မြင့်နေပြီဖြစ်တဲ့ နေလုံးကြီးဟာ တရဲရဲ တောက်လောင်နေလို့ မြေကြီးပေါ်မှာ အငွေ့ဖြူတွေ တလူလူ တက်လာနေတယ်။ ဘွားဘွားလည်း တဒင်္ဂအတွင်း ကျောထဲ စိမ့်ခနဲ ဖြစ်လာတယ်။ ဆန့်အိမ်ရှိရာ ရွာကို ခပ်လှမ်းလှမ်းက မြင်နေရပြီ။ သင်းထုံသထက် သင်းထုံလာတဲ့ ဆန်ပြောင်းအရက်မွှေးရနံ့ထဲမှာ ကျောရိုးထဲက ရိုးတွင်းခြင်ဆီတွေတောင် ခဲမျှားသွားပြီလားလို့ ဘွားဘွား အောက်မေ့မိတယ်။ လမ်းအနောက်ဘက် ဆန်ပြောင်းတော ထဲမှာ ယောကျ်ားမောင်တစ်ယောက် အသံဝါကြီးနဲ့ အော်ဆိုနေတယ်။

“နှမလေးရေ ရဲရဲချီ ရှေ့သို့ကို
သံလိုမာတဲ့ အံ
သံမဏိသွန်းတဲ့ အရိုး
ကောင်းကင်တက်လမ်း ကိုးထောင့်ကိုးရာကိုးဆယ့်ကိုး
နှမလေးရေ ရဲရဲချီ ရှေ့သို့ကို
ကညာဆောင်နိမြင့်ထက်က အပျို
ပန်းလုံးနီကြီးတစ်လုံး ပစ်ချသကို
လာမှန်ပေ့ါ မောင့်ရဲ့ ခေါင်းတည့်တည့်ကို
အတူသောက်မယ် ရဲရဲနီ ဆန်ပြောင်းအရက်တစ်အိုး”

“ဟေ့ ဇာတ်သမားအကောင်၊ ထွက်ခဲ့စမ်း၊ မောက်သံမပီ လျှိုသံမကျနဲ့ ဘာပေါက်ကရ လျှောက်ဆိုနေတာလဲ”

အဘေးက ဆန်ပြောင်းတောဘက် လှည့်အော်လိုက်တယ်။

✧

mgyoe.com

mgyoe.com SAMPLE BOOK

## ၃

ချာပျဉ်တစ်ချပ် စားပြီးနောက် ကျွန်တော့်အဖေဟာ နေညိုညိုမှာ သွေးသံစိုစို ဖြစ်နေတဲ့ ရော်မြက်တွေကို နင်းကာ တာရိုးအောက်ကို ဆင်းလာခဲ့တယ်။ ပြီးတစ်ဖန် ရေမြက်နုနု အပြည့်ပေါက်နေတဲ့ ပျော့အိအိ သောင်ပြင်ပေါ် တက်နင်းကာ မြစ်စပ်နား ကို သတိကြီးစွာ လျှောက်သွားပြီး ရပ်နေလိုက်တယ်။ မင်ရည်မြစ်ကူး ကျောက် တံ ဘားပေါ်က ကားလေးစီးအနက် ထိပ်ဆုံးတစ်စီးကတော့ ထွန်ခြစ်တွဲနဲ့ ညားလို့ ဘီးပေါက်ပြီး နေရာမှာတင် မလှုပ်မယှက် မှောက်နေပြီ။ ကားလက်ရန်းပေါ်မှာ၊ နောက်ပိတ်တံခါးပေါ်မှာ ပြာလဲ့လဲ့သွေးအိုင်တွေနဲ့ စိမ်းနုနုဦးနှောက်ဖတ်တွေ ပေကျံ နေတယ်။ ဂျပန်စစ်သားတစ်ယောက် ကားလက်ရန်းပေါ်မှာ ကိုယ်အထက်ပိုင်း မှောက်ရက် ရှိနေပြီး ခေါင်းပေါ်က သံခမောက်ကတော့ လည်ပင်းမှာ တွဲလောင်း ချိတ်နေတယ်။ သူ့နှာထိပ်ဖျားက သွေးမည်းမည်းတွေ သံခမောက်ထဲကို တတောက်တောက် စီးကျ နေတယ်။ မြစ်ရေက တရှုပ်ရှုပ်ရှိုက်ငိုလျက်။ ဆန်ပြောင်းကတော့ တရွတ်ရွတ်မှည့်လို့နေ။ လေးလံထိုင်းမှိုင်းတဲ့ နေရောင်ဟာ မြစ်ကြောင်းထက်က လှိုင်းဂယက်ငယ်လေးတွေ ကြောင့် တစ်စစီကြေကွဲ။ ရေမြက်ပင်ရင်းအောက်က စိုထိုင်းထိုင်းရွှံ့မြေထဲမှာ ပုရစ်တွေ မြည်တမ်း။ တတိယနဲ့ စတုတ္ထကားရဲ့ ပြာကျနေတဲ့ မည်းတူးတူး ကိုယ်ထည်တွေ တပျတ်ပျတ်ကွဲအက်။ အဲဒီ အသံဗလံတွေနဲ့ ရောင်စုံမြင်ကွင်းတွေကို နားစွင့်ငေးကြည့်ရင်း အဖေဟာ ဂျပန်စစ်သားနှာထိပ်ဖျားက သွေးစက်တွေ သံခမောက်ထဲ စီးကျလို့ ထလာတဲ့ ဝဲဂယက်နဲ့ ကျောက်ထုသံပမာ မြည်သံကြည်ကြည်တို့ကို မြင်ခဲ့ ကြားခဲ့ရတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

အဖေ့အသက် ဆယ့်လေးနှစ်ကျော်ပြီ။ ၁၉၃၉ ခုနှစ်၊ ရိုးရာပြက္ခဒိန် ရှစ်လ ကိုးရက်နေ့လုံးကြီးရဲ့ မိုးစာကုန် ဆီခန်းခါနီး အလင်းရောင်ဟာ ကောင်းကင်အောက်က အရာခပ်သိမ်းကို အနီရောင်ဆိုးထားတယ်။ တစ်နေကုန် တိုက်ပွဲပြင်းထန်ခဲ့ပြီးတဲ့နောက် သာလို့ပိန်ခြောက်လာတဲ့ အဖေ့မျက်နှာကလေးပေါ်မှာ နီညိုရောင် ရွှံ့တစ်ထပ် ပေကျံနေတယ်။ အဖေဟာ ဝမ်ဝင်းအိမ်နီးမ အလောင်းရှိရာရဲ့ မြစ်ညာပိုင်းမှာ ဆောင့်ကြောင့် ထိုင်ပြီးလက်ခုပ်နှစ်ဖက်နဲ့ ရေခပ်သောက်တယ်။ စေးကပ်တဲ့ ရေစက်တွေ သူ့လက်ချောင်းကြားကနေ စီးကျလာတာ ရေကျသံ မပြည်ဘူး။ ရေနဲ့ ထိထိချင်းမှာ အဖေ့ရဲ့ ခြောက်ကပ်ကွဲအက်နေတဲ့ နှုတ်ခမ်းတွေဟာ ဖျဉ်းခနဲ တစ်ချက်စပ်လာတယ်။ သွေးညှီနံ့တစ်မျိုးဟာ သွားကြားက တစ်ဆင့် လည်ချောင်းထဲအထိ တိုးဝင်လာတယ်။ တဒင်္ဂအတွင်း လည်ချောင်းက တောင့်တောင့်ကြီး ဖြစ်လာလို့ လေချဉ် သုံးလေးချက် တက်ပြီးတော့မှ ပုံမှန် ပြန်ဖြစ်လာတယ်။ နွေးထွေးတဲ့ မင်ရည်မြစ်ရေတွေ အဖေ့လည်ချောင်းထဲ ဝင်လာလို့ ခြောက်ကပ်မှုတွေ စိုစွတ်လာပြီး နာကျင်တဲ့ သာယာမှုတစ်မျိုး ဖြစ်ပေါ်လာတယ်။ သွေးညှီနံ့ကြောင့် အော်ဂလီဆန်ပေမယ့် အဖေက ရေတွေကို တရစပ် ခပ်သောက်ခဲ့တယ်။ ဗိုက်ထဲက ခြောက်ကပ်တွန့်ကြေနေတဲ့ ချာပျဉ်ကြီး မြစ်ရေတွေနဲ့ ပွလာတော့မှ သူလည်း ခါးပြန်ဆန့်ကာ သက်သာလာခဲ့တယ်။ မိုးချုပ်တော့မယ်။ နေဝန်းနီမှာ လေးကိုင်းသဏ္ဍာန် ခပ်ပါးပါးတစ်လွှာသာ ကျန်တော့တယ်။ ကျောက်တံတားကြီးပေါ်က တတိယနဲ့ စတုတ္ထကားတွေပေါ်ကနေ ပျံ့လွင့်လာတဲ့ တူးနံ့တွေလည်း ပျော့ပြယ်ပြယ် ဖြစ်ချင်လာပြီ။ ဒုန်းခနဲအကျယ်ကြီးတစ်ချက်မြည်လာလို့ အဖေ လန့်ဖျပ်ပြီး မော့ကြည့်လိုက်တယ်။ ပေါက်ကွဲပြီးတစ်စစီဖြစ်သွားတဲ့ ကားဘီးတာယာဟာ မြစ်ကြောင်းထက်မှာ လိပ်ပြာပမာ တဖွဲဖွဲကျလာနေတယ်။ တုန်ခါ လွင့်ပျံလာတဲ့ ဂျပန်ဆန်တွေလည်း မြစ်ပြင်ပေါ်ကို တဖွားဖွားရွာကျတယ်။ အဖေ လှည့်ကြည့်လိုက်တော့မှ မြစ်စပ်မှာ မှောက်နေပြီး မြစ်တစ်ပြင်လုံးကို သွေးနဲ့ အနီရောင်ဆိုးလိုက်တဲ့ ဝမ်ဝင်းအိမ်နီးမကို တွေ့ရတယ်။ အဖေလည်း တာရိုးပေါ်တက်ပြီး အကျယ်ကြီး အော်လိုက်တယ်။

"အဖေ"

ဘိုးဘိုးဟာ တာရိုးပေါ်မှာ မတ်မတ်ကြီး ရပ်နေတယ်။ တစ်ရက်အတွင်း မျက်နှာတစ်ခုလုံး ချောင်ကျသွားပြီး အရိုးကောက်ကြောင်းဟာ မည်းတူးချိပ် အရေပြားအောက်ကနေ ပြိုင်းပြိုင်းထနေတယ်။ မှောင်ရီရီ နေဝင်ဆည်းဆာမှာ ဘိုးဘိုးရဲ့ လက်နှစ်သစ်စာ ထိုးထိုးထောင်ထောင် ဆံပင်တွေ တတိတိနဲ့ သိသိသာသာ ဖြူသွားတာကို အဖေ မြင်လိုက်ရတယ်။ အဖေ့ရင်ထဲ ထိတ်လန့်ကြေကွဲမိလို့ မငိုမရဲ ရှေ့တိုးသွားပြီး ဘိုးဘိုးကို အသာအယာ တွန်းလှုပ်ကာ မေးလိုက်တယ်။

"အဖေ၊ အဖေ ဘာဖြစ်နေတာလဲ"

mgyoe.com

mgyoe.com SAMPLE BOOK

ဘိုးဘိုးမျက်နှာပေါ် မျက်ရည်နှစ်ကြောင်း စီးကျလာတယ်။ လည်ချောင်းထဲကလည်း ဂလု ဂလုမြည်နေတယ်။ ဆွယ်မှူးလိန် ပေးသနားစွန့်ကြဲခဲ့တဲ့ ဂျပန်စက်သေနတ်ဟာ ဘိုးဘိုးခြေရင်းမှာ ဝံပုလွေအိုတစ်ကောင်ပမာ ဝင်္ဂလျက်၊ ခရာဝ သဏ္ဌာန် သေနတ်ပြောင်းဝဟာ ပြူးပြဲနေကဲ့ ခွေးမျက်လုံးနဲ့ တူနေတယ်။

"အဖေ၊ စကားပြောဦးလေ၊ မုန့်စားဦးလေ၊ မုန့်စားပြီးရင် ရေနည်းနည်းသွားသောက်ဦး၊ အဖေ မစားမသောက်ဘဲနေရင် အစာငတ် ရေငတ်ပြီး သေသွားမှာပေါ့"

ဘိုးဘိုးရဲ့လည်ပင်း ရှေ့ကို ကျိုးကျလို့ ရင်ဘတ်ရှေ့ကို ခေါင်းငိုက်ကျလာတယ်။ သူ့ခန္ဓာကိုယ်ဟာ ဦးခေါင်းရဲ့အလေးချိန်ကို မနိုင်တော့လို့လား မသိ၊ ဖြည်းဖြည်းချင်း၊ ဖြည်းဖြည်းချင်း ပုပုလာတယ်။ ဘိုးဘိုးဟာ တာရိုးပေါ် ဆောင့်ကြောင့်ထိုင်ချ၊ လက်နှစ်ဖက်နဲ့ မျက်နှာအုပ်ကာ တစ်အောင့်လောက် ရှိုက်ငိုနေတယ်။ ပြီးတော့မှ ရုတ်တရက် ခေါင်းထောင်လာပြီး "တို့ကွမ်းရေ၊ ငါ့သားရေ၊ တို့သားအဖ ဒီလိုပဲ ဇာတ်သိမ်းရတော့မှာလားကွာ"လို့ ထအော်တယ်။

အဖေဟာ ဘိုးဘိုးကို ငေးကြောင်ကြည့်နေခဲ့တယ်။ အဖေ့မျက်လုံးတွေ ပြူးထားတယ်။ အဲဟို စိန်ပွင့်ပမာ သူငယ်အိမ်ထဲကနေ မူလက ကျွန်တော့်ဘွားဘွား ပိုင်ဆိုင်ခဲ့တဲ့ ကြောက်ခြင်းကင်းတဲ့၊ ထင်တိုင်းကြဲတတ်တဲ့ စိတ်ဓာတ်မျိုးကို ထုတ်လွှတ်လာလို့ အဲဟို အမှောင်နိုင်ငံတော်ထဲက မျှော်လင့်ခြင်း အလင်းရောင်နဲ့ ကျွန်တော့် ဘိုးဘိုးရင်ကို ထွန်းလင်းလာစေခဲ့တယ်။

"အဖေ၊ စိတ်မညစ်ပါနဲ့၊ ကျုပ်သေနတ်ပစ်ကျင့်ပါ့မယ်၊ ဟိုတုန်းက အဖေ ကွေ့ပတ်လည်မှာ ငါးလိုက်ပစ်တုန်းကလို ကျင့်မှာပါ၊ မေဟွားခုနစ်ချက်ပစ်ကွက် ပစ်နိုင်တဲ့အခါကျရင် ဟိုခွေးမသား အမျိုးယုတ် ကျောက်ပေါက်မာနဲ့ စာရင်းသွားရှင်းမယ်"

ဘိုးဘိုး ဖုတ်ခနဲ ခုန်ထလာပြီး ငိုသံလိုလို၊ ရယ်သံလိုလို သုံးချက် ကြုံးဝါးလိုက်တယ်။ သူ့နှုတ်ခမ်းအလယ်တည့်တည့်ကနေ သွေးညိုညိုတစ်မျှင် စီးကျလာတယ်။

"မင်းပြောတာ ဟုတ်တယ် သား၊ ဒီလိုပဲ ဖြစ်ရမှာ"

ဘိုးဘိုးက မြေသားနက်ပေါ်ကနေ ကျွန်တော့်ဘွားဘွားကိုယ်တိုင်လုပ်ထား ကဲ့ချာပျဉ်ကို ကောက်ယူပြီး အားရပါးရ ဝါးမျိုလိုက်တယ်။ ဝါကြွင့်ကြွင့် သွားငေ မုန့်အစတွေ၊ သွေးအမြှုပ်တွေ ကပ်နေတယ်။ ဘိုးဘိုး မုန့်နင်လို့ တအင့်အင့်ဖြစ်ေ အသံကို အဖေ ကြားရတယ်။ အထောင့်အမြောင့်ထင်ရှားတဲ့ မုန့်ခဲတွေ ဘိုးဘိုးလည်ချေ ား တစ်လျှောက် တအိအိလိုမ့်ဆင်းသွားတာ အဖေ မြင်ရတယ်။ အဖေ ပြောတယ်

"အဖေ၊ ဗိုက်ထဲက မုန့်တွေ ပွလာအောင် မြစ်ထဲဆင်းပြီး ရေနည်း ဦး ာက်လိုက်ပါလား"

mgyoe.com

mgyoe.com SAMPLE BOOK

ဘိုးဘိုး တာရိုးအောက်ကို ကတိမ်းကယိမ်း ဆင်းသွားတယ်။ ရေမြက်ပေါ် ဒူးထောက်ကာ လည်ပင်းဆန့်လျက် လား၊ မြင်းတွေ ရေသောက်သလို ရေငုံ့သောက်တယ်။ ရေသောက်ပြီးတော့ ဘိုးဘိုးဟာ လက်နှစ်ဖက်ကားဆန့်ကာ ခေါင်းတစ်ခုလုံးနဲ့ လည်ပင်းတစ်ဝက်လောက်ကို မြစ်ရေထဲ ထိုးစိုက်လိုက်တယ်။ အတားအဆီးနဲ့တွေ့လို့ မြစ်ရေထဲမှာ လှိုင်းဂယက်လေးတွေ ထလာတယ်။ ဘိုးဘိုး ရေထဲမှာ ခေါင်းထိုးစိမ်နေတာ ဆေးဆုံတစ်ဝက်စာလောက် ကြာသွားတယ်။ တာရိုးပေါ်ကနေ ကြေးဖားပြုပ်ပမာ သူ့အဖေကို ကြည့်ရင်း အဖေ့ရင်ထဲ တထင့်ထင့်ဖြစ်လာတယ်။ ဘိုးဘိုးဟာ ရေထဲနှစ်ထားတဲ့ ခေါင်းကို ဘွားခနဲ ပြန်မော့ပြီး တရှူးရှူးနဲ့ အသက်ပြင်းတွေရှူကာ ထလာပြီးတော့ တာရိုးပေါ်တက်၊ အဖေ့ရှေ့မှာ လာရပ်နေတယ်။ ဘိုးဘိုးခေါင်းပေါ်က ရေစက်တွေ စီးကျလာနေတာ အဖေ မြင်ရတယ်။ ဘိုးဘိုး ခေါင်းခါတယ်။ အရွယ်အစား မတူညီတဲ့ လေးဆယ့်ကိုးစက်သော ပုလဲလုံးပမာ ရေစက်တွေ လွင့်စဉ်ကုန်တယ်။

"တို့ကွမ်း"

ဘိုးဘိုး ပြောတယ်။

"အဖေနဲ့ လိုက်ခဲ့၊ ညီနောင်တွေကို သွားကြည့်ရအောင်ကွာ"

ဘိုးဘိုးဟာ လမ်းအနောက်ခြမ်းက ဆန်ပြောင်းတောထဲ ကတိမ်းကယိမ်း လျှောက်လာခဲ့တယ်။ အဖေက နောက်ကနေ ထက်ကြပ်မကွာ။ ကျိုးပဲ့ကောက်ကွေးနေတဲ့ ဆန်ပြောင်းနဲ့ အဝါရောင်ဖျော့ဖျော့ ဝင်းနေတဲ့ ကြေးကျည်ခွံတွေကို သူတို့ တက်နင်းလာခဲ့ကြတယ်။ မှောက်ရက်၊ ပက်လက် မရှုမလှ လဲနေလျက် မချိတင်ကဲ သွားဖြဲနေကြတဲ့ ရဲဘော်တွေကို မကြာခဏ ငုံ့ကြည့်မိတယ်။ သူတို့အားလုံး သေသွားပြီ။ အရှင်တစ်ယောက်တလေ တွေ့လိုတွေ့ငြား လှန်လှောကြည့်ကြပေမယ့် သူတို့ အားလုံး သေကုန်ပါပြီ။ အဖေနဲ့ဘိုးဘိုးတို့ရဲ့လက်မှာ စေးကပ်ကပ်သွေးတွေ ပေကျံသွားတယ်။ အဖေ မြင်ခဲ့တဲ့ အနောက်ဘက်ဆုံးက ရဲဘော်နှစ်ယောက်ဆိုရင် တစ်ယောက်က လုပ်သေနတ်ပြောင်းဝကို ငုံထားလျက် နောက်စေ့နေရာမှာ စုတ်ပြတ်နေတဲ့ ပျားအုံပမာ ဟပြဲကြီးဖြစ်နေတယ်။ နောက်တစ်ယောက်ကတော့ မြေကြီးပေါ်မှာ မှောက်ရက် ရင်ဝမှာ ဓားချွန်တစ်လက် စိုက်ဝင်နေတယ်။ ဘိုးဘိုးက သူတို့ကို လှန်လှောကြည့်တယ်။ သူတို့ရဲ့ ရိုက်ချိုးခံထားရတဲ့ ခြေထောက်တွေနဲ့ ထိုးဖောက်ခံထားရတဲ့ ဝမ်းဗိုက်တွေကို အဖေ တွေ့ရတယ်။ ဘိုးဘိုးက သက်ပြင်းတစ်ချက်ချပြီး ပြောင်းငုံထားတဲ့ ရဲဘော်ပါးစပ်ထဲက လုပ်သေနတ်ကို ပြန်ထုတ်၊ ဓားထိုးခံထားရတဲ့ ရဲဘော်ရင်ဝက ဓားချွန်ကို ပြန်နုတ်လိုက်တယ်။

ကောင်းကင်ရဲ့အုံ့မှိုင်းမှုကြောင့် လင်းထိန်လာတဲ့ ကားလမ်းမကြီးကို ဘိုးဘိုးနဲ့အတူ အဖေ ဖြတ်လျှောက်လာခဲ့ပြီး လမ်းအရှေ့ဘက်က အလားတူ စင်္ပြတ်သတ်အောင်

mgyoe.com

mgyoe.com
SAMPLE BOOK

ပစ်ခတ်ခံထားရတဲ့ ဆန်ပြောင်းတောထဲမှာ တောင်တစ်ယောက် မြောက်တစ်ယောက် ပြန့်ကျဲနေတဲ့ ညီနောင်တွေကို လိုက်ကြည့်ခဲ့ကြတယ်။ နဲ့ဆရာလျှ အဲဒီမှာ ဒူးထောက်လျက်။ လက်အစုံနဲ့ နဲ့ကြီးကိုင်ကာ နဲ့မှုတ်တဲ့ကိုယ်ဟန်အနေအထားကို ထိန်းထားတယ်။

"နဲ့ဆရာလျှ"ဆိုပြီး ဘိုးဘိုး အားရဝမ်းသာ အော်ခေါ်လိုက်တယ်။ နဲ့ဆရာလျှ ပြန်မထူး။ အဖေက အနားသွားပြီး"ဦးကြီး"လို့ တစ်ချက်တွန်းကာ အော်ခေါ်လိုက်တော့မှ နဲ့ကြီးဟာ ပြုတ်ကျလာတယ်။ နဲ့မှုတ်သူရဲ့မျက်နှာကတော့ ကျောက်တုံးပမာ မာတောင့်လို့ နေပြီ။

တာရိုးနဲ့ မလှမ်းမကမ်းက အပျက်အစီး သိပ်မဆိုးရှားတဲ့ ဆန်ပြောင်းတောထဲမှာ ဘိုးဘိုးနဲ့ အဖေဟာ သေနတ်မှန်လို့ အူတွေထွက်ကျနေတဲ့ ဖန်းချီးရယ်၊ 'တီဘီလေး' လို့ ခေါ်တဲ့ (သူက မွေးချင်းထဲမှာ နံပါတ်လေး၊ ငယ်ငယ်တုန်းက တီတီရောဂါ ဖြစ်ဖူးတယ်) ရဲဘော်တစ်ယောက်ရယ်ကို ရှာတွေ့ခဲ့တယ်။ 'တီဘီလေး'ပေါင်မှာ သေနတ်တစ်ချက် မှန်ထားတယ်။ ဒဏ်ရာ သွေးထွက်လွန်လို့ မေ့မြောနေပြီ။ ဘိုးဘိုးက သွေးအလူးလူး ပေနေတဲ့ လက်ကို 'တီဘီလေး'နှုတ်ခမ်းနား တေ့ကြည့်တာ နှာခေါင်းပေါက်ထဲက ခြောက်ကပ်ကပ် အငွေ့အသက်တွေ မှုတ်ထုတ်နေသေးတယ်။ ဖန်းချီးရဲ့ အူတွေကို ဗိုက်ထဲ ပြန်သွတ်လိုက်ပြီး ဒဏ်ရာအဝကို ဆန်ပြောင်းရွက်တစ်ဆုပ်နဲ့ သိပ်ထားတယ်။ ဖန်းချီးကတော့ သတိရှိသေးတယ်။ ဘိုးဘိုးနဲ့အဖေ့ကို မြင်တော့ နှုတ်ခမ်းတုန်တုန် ပြောရှာတယ်။

"တပ်မှူး… ကျုပ် မရတော့ဘူး… ကျုပ်မိန်းမကို တွေ့ရင်… ငွေစနည်းနည်း ပေးလိုက်ပါ… နောက်လင် မယူပါစေနဲ့… ကျုပ်အစ်ကိုမှာ သားသမီး မရှိဘူး… သူသာ နောက်လင်ယူသွားရင်… ဖန်းမျိုးရိုးပြုတ်ရပြီပေါ့…"

ဖန်းချီးမှာ တစ်နှစ်ကျော်အရွယ် သားတစ်ယောက်ရှိမှန်း အဖေ သိတယ်။ ဖန်းချီးမိန်းမမှာ ဘူးသီးလောက်ရှိတဲ့ ရင်နှစ်မြွာ ပိုင်ဆိုင်တယ်။ နို့ထွက်အား ကောင်းလွန်းလို့ သူ့သားလေးဟာ ဝဖြိုးနုထွတ်။

ဘိုးဘိုး ပြောတယ်။

"ငါ့ညီ၊ မင်းကို ငါ ကုန်းပိုးပြီး ပြန်ပို့ပေးမယ်"

ဘိုးဘိုး ဆောင့်ကြောင့်ထိုင်ချတယ်။ ဖန်းချီးလက်မောင်းကို ကျောပေါ် ဆွဲတင်လိုက်ချိန်မှာ ဖန်းချီး မချိတင်ကဲ ထအော်တယ်။ ဖန်းချီးဒဏ်ရာဝမှာ သိပ်ထားတဲ့ ဆန်ပြောင်းရွက်တွေ ပြုတ်ထွက်သွားပြီ။ ဒဏ်ရာအဝကနေ ပူနွေးနွေး ညှီပုပ်နံ့နဲ့ အတူ ဖြူဖွေးဖွေး အူတစ်ခွေ တိုးထွက်လာတယ်။ ဘိုးဘိုးလည်း ဖန်းချီးကို အောက်ပြန်ချ လိုက်တယ်။ ဖန်းချီး တညည်းညူညူ ပြောရှာတယ်။

"အစ်ကိုကြီး… တောင်းပန်ပါတယ်ဗျာ… ကျုပ် မခံစားပါရစေနဲ့တော့…

mgyoe.com